# မသဒ္ဒါမောင်

လျှပ် ကို မှ ရေ ဝင်



### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

17/R.68

# ပြည်ရိပ်မွန်
# မှ
# တံလျှပ်ကိုမှ လွှမ်းပါ

## ရေထင်

မမသဒ္ဒါမောင်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၄၄၁၂၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၂၈၀၁၈၈
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၈၊ မတ်
ထုတ်ဝေသူ - ဦးအေးလွင်(ဝ၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုစွန်တောင်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (ဝ၈၂၁၀)
အတွင်းပုံနှိပ်သူ - ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၁/၃၃၊ ၅၃ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
တန်ဖိုး - ၉၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်



ကျွန်တော်က ဘဝကို စနစ်တကျနဲ့ တည်ဆောက်ခဲ့တာပါ။ အချစ်ဆိုတာ ကျွန်တော့်အတွက် အလေးထားရမယ့် အရာတစ်ခု မဟုတ်ခဲ့ပါဘူး။ အိမ်ထောင်တစ်ခုကို ထူထောင်တဲ့နေရာမှာ ဂုဏ်သိက္ခာ၊ ကိုယ်ကျင့်တရား၊ ပညာ၊ မျိုးရိုးမြင့်မြတ်မှုစတဲ့ အရည်အချင်းတွေကိုသာ ဦးစားပေးရွေးချယ်ဖို့ ကျွန်တော့်ဦးနှောက်က ထိန်းချုပ်စီမံပေးခဲ့တာပါ။ ကျွန်တော် မျှော်လင့်ထားတဲ့ အိမ်ထောင်ရေးမှာ အချစ်ဆိုတာ ပုံရိပ်ပါးပါးလေးတောင် ထည့်သွင်း မစဉ်းစားမိခဲ့ပါဘူး။ ဒါပေမဲ့ မထင်မှတ်တဲ့အချိန်၊ ထင်မှတ်မထားတဲ့နေရာမှာ ကျွန်တော့်နှလုံးသားကို အလဲထိုးနိုင်ခဲ့တဲ့အရာတစ်ခုကို ကျွန်တော် ဘအံ့တဩနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အဲဒါကတော့ . . .

မင်းနေလရောင်

ကျွန်တော် ဝါလေးကို ချစ်တယ်။ စဉ်းစားကြည့်ပါ။ ကျွန်တော် စတွေ့ခါစက အသက် (၁၃)နှစ်သာရှိသေးတဲ့ မြီးကောင်ပေါက်မလေးကို ချစ်စနိုးရှိလာခဲ့ရာက ကျွန်တော့်ရင်ထဲမှာ အချစ်က သူ့အလိုလို ပေါက်ဖွားရှင်သန်ခဲ့တာလေ။ မပြည့်စုံတဲ့ဘဝထဲမှာ ကျင်လည်နေခဲ့တဲ့ ဝါလေးကို မြှင့်တင်ပေးချင်တဲ့ ဆန္ဒတွေရှိလာတာ ကျွန်တော် မမှားပါဘူး။ ကိုယ်ပျိုးတဲ့ ပန်းတစ်ပွင့်ရဲ့အလှကို အရိပ်တကြည့်ကြည့်နဲ့ ပီတိဖြစ်နေရတဲ့ ဥယျာဉ်မှူးတစ်ယောက်ရဲ့ ခံစားချက်မျိုးနဲ့ ဝါလေးကို တစိမ့်စိမ့် ချစ်နေခဲ့တာတွေကို ဝါလေးလည်း သိမှာပါ။ ကျွန်တော် မျှော်လင့်ထားတဲ့ အနာဂတ်မှာ ဝါလေးနဲ့ ကျွန်တော့်ကြားမှာ ဘယ်လို အနှောင့်အယှက်မျိုးမှ ရှိမနေခဲ့ပါဘူး။ ဒါပေမဲ့ . . .

ကျော်ဇင်လတ်

အချစ်ဆိုတာ အင်မတန်မှ လျှို့ဝှက်နက်နဲတဲ့ အရာတစ်ခုပါ။ ကျွန်မဘဝမှာ အဲဒီအချစ်ဆိုတာကို ဦးစားပေးဖို့ ဘယ်တုန်းကမှ အခွင့်မသာခဲ့။ ဘဝကို လက်တွေ့ကျကျ ဖြတ်သန်းလျှောက်လှမ်းနေခိုက်မှာ ကျွန်မ အမှတ်မထင် ခလုတ်တိုက်မိရင်း အချစ်ကို ရှာတွေ့ခဲ့တော့ အရမ်းကို တုန်လှုပ်သွားခဲ့ရပါတယ်။ ကြည့်ပါဦး . . . အချစ်ဆိုတာ ဘဝအတွက် အရေးတယူ ဂရုစိုက်ရမယ့်အရာမဟုတ်ဘူးလို့ ကျွန်မ ယူဆထားခဲ့တာလေ။ ဒါပေမဲ့ အဲဒီအရာဟာ ဘယ်လိုမှ မထင်မှတ်တဲ့ဖြစ်ရပ်တွေကို လျှပ်တစ်ပြက် ပြုလုပ်နိုင်စွမ်းရှိတဲ့ မှော်အတတ်ပညာတစ်ခု ဖြစ်နေခဲ့တယ်။ ကဲ . . . မဆန်းကြယ်ဘူးလား . . .

စကားဝါ

“ ”

အဝ

"Yaung Chi Oo Hotel"

အဝေးမှ လှမ်းမြင်နေရသည့် ဟိုတယ်ဆိုင်းဘုတ်ကြီးကို မျှော်ကြည့်လိုက်ရင်း ကားလမ်းကို ဖြတ်ကူးလိုက်ပါ၏။ ကိုကို ကျော်မှာထားသည့်အတိုင်း ဝင်းတံခါးမှဝင်ကာ ဟိုတယ်ဘေးပေါက်ရှိရာဆီ ခပ်မှန်မှန်လျှောက်လာခဲ့သည်။ ဘေးပေါက်ရှိ ဂိတ်စောင့်ကို ကိုကိုကျော့်နာမည်ပြောလိုက်တော့ တံခါးကို အသာဖွင့်ပေးလိုက်၏။ အေးစိမ့်နေသည့် Aircon ခန်းမအတွင်း ဝင်လိုက်စဉ် လွယ်ထားသည့် လွယ်အိတ်ဖြူလေးကို ရင်ခွင်မှာ အလိုလိုပိုက်ပြီးသား ဖြစ်သွားရသည်။ Reception မှ ဝန်ထမ်းတစ်ဦးက သူမထံ လှမ်းလာ၏။

"ဘာကိစ္စရှိလို့ပါလဲခင်ဗျာ"

"ဟိုလေ . . . ကိုကိုကျော် . . . အဲ . . . ဦးကျော်ဇင်လတ်က ဒီမနက် (၁၀) နာရီအရောက်လာခဲ့ပါလို့ မှာထားလို့ပါရှင်"

"ဪ . . . MD မှာထားတဲ့သူကိုး။ ကျွန်တော်နဲ့ လိုက်ခဲ့ပါခင်ဗျာ"

ထိုသူက ဧည့်ခန်းမကြီးကို ဖြတ်၍ အခန်းတစ်ခုဆီသို့ ဦးတည်လျှောက်လှမ်းသွားသဖြင့် သူမ အနောက်မှ ခပ်သုတ်သုတ် လိုက်လာခဲ့ရ၏။ တံခါးကို နှစ်ချက်ဆင့်ခေါက်၍ တံခါးဖွင့်ကာ သူမကို အခန်းတွင်းသို့ ဝင်စေပါသည်။ သူမ အခန်းထဲကို ဝင်လိုက်တော့ ကိုကိုကျော်က ဖုန်းပြောနေရာမှ သူမကို လက်ယပ်ခေါ်လျက် ထိုင်ခုံမှာ ထိုင်ခိုင်းလိုက်ပါသည်။

"ဝါလေး အချိန်မှန်သားပဲ။ စာရွက်တွေ အစုံပါရဲ့လား"

"ဟုတ်ကဲ့ . . . ပါပါတယ် ကိုကိုကျော် . . . အဲ . . ."

"ဘာဖြစ်လို့လဲ ဝါလေး"

"ဟိုလေ . . . အလုပ်မှာဆိုတော့ ကိုကိုကျော့်ကို ဒီလိုခေါ်လို့မဖြစ်ဘူးထင်လို့ပါ"

"ဟင်းဟင်း . . . ကိုယ့်ကို ဝါလေး ဒီလိုခေါ်လာတာပဲ ဘယ်လောက်ကြာနေပြီလဲ။ ကိစ္စမရှိပါဘူး။ ခေါ်နေကျအတိုင်းပဲ



ဆက်ခေါ်ပါ။ ဘာမှမဖြစ်ဘူး။ ကဲ . . . စာရွက်တွေပေးပါဦး"

သူမက လွယ်အိတ်ထဲမှ ဖိုင်အပြာလေးကို ထုတ်၍ ကိုကိုကျော့်ထံ လှမ်းပေးလိုက်ပါသည်။ ကိုကိုကျော်က စာရွက်တတမ်းတို့ကို စေ့စပ်စွာ လှန်လှောဖတ်ကြည့်ရင်း ခေါင်းညိတ်လိုက်၏။

"လိုအပ်လို့သာ မှာလိုက်ရတာပါ။ အလုပ်က ဒီလကုန်ပြီး တစ်ရက်နေ့ စဆင်းရမယ်။ အလုပ်ချိန်က ပုံမှန်မဟုတ်ဘူးနော် ဝါလေး။ ည မိုးချုပ်ရင် ချုပ်မယ်။ OT ဆင်းသင့်ရင် ဆင်းရမယ်။ ပင်ပန်းမယ်နော်။ ဝါလေး စဆင်းရမယ့်အချိန်ကို ကိုယ်စတိုးဆိုင်ကဖုန်းကို ဆက်လိုက်မယ်"

"ဟုတ်ကဲ့ပါ ကိုကိုကျော်။ ဝါလေး ကျေးဇူးအများကြီးတင်ပါတယ်ရှင်"

"မလိုပါဘူး ဝါလေးရယ်။ ကိုယ်တို့ကြားမှာ ဒီစကား ပြောစရာ မလိုအပ်တာ ဝါလေး သိရဲ့သားနဲ့။ ဒေါ်လေးရော ကျန်းမာရဲ့လား"

"ဟုတ်ကဲ့"

"ဒါဆို ဝါလေးပြန်လို့ရပါပြီ။ ကားလမ်းကြည့်ကူးနော်။

ဒီလမ်းက ကားသိပ်ရှုပ်တယ်"

"ဟုတ်ကဲ့ပါ။ ဝါလေး ပြန်တော့မယ်နော်"

သူမ ဟိုတယ်အပြင်သို့ထွက်လာခဲ့သည်။ ဓမေမေ သူမကို စိတ်ပူပန်ပေမယ့် သူမမှ အလုပ်ထွက်မလုပ်လို့ မဖြစ်တော့တာလေ။ ကိုကိုသာရှိရင် သူမကို ဒီလိုအလုပ်မျိုး ပေးလုပ်မည်မဟုတ်။ ခြော် . . . ကိုကိုရယ် ညီမလေးကို စိတ်မချဘူးဆိုပြီးတော့ တဖွဖွပြောခဲ့ပေမယ့် အခုတော့ ကိုကို စိတ်ချလက်ချဖြင့် ညီမလေးတို့ သားအမိကို ထားရစ်ခဲ့လေပြီ။ အသက် (၂၄)နှစ်ဆိုတာ အင်မတန် ငယ်လွန်းလှတဲ့ အရွယ်လေးပါ။ အမေကို သိပ်ချစ်တဲ့၊ ညီမလေးကို အရမ်းချစ်တဲ့ သားလိမ္မာလေးကို ကံကြမ္မာက လူ့ဘဝက စောစီးစွာ ဖယ်ထုတ်ခဲ့ပြီးလေပြီ။ မျက်ဝန်းမှ မျက်ရည်စတို့ကို လက်ဖြင့် ပွတ်သုတ်လိုက်စဉ် မျက်စိရှေ့မှာ ဘွားခနဲ ပေါ်လာသည့် ကားတစ်စီးကြောင့် သူမ ရုတ်တရက် လန့်အော်လျက် လဲကျသွားရတော့သည်။

"အား . . ."

ကားဘရိတ်ကို သူ အချိန်မီနင်းလိုက်ပါ၏။ ဟိုတယ် အဝင်ဝကွေ့ကို ခပ်ဖြည်းဖြည်း ကွေ့လိုက်ချိန်မို့ အရှိန်သိပ်မများ



လှ။ ဟွန်းသံပေး၍ကွေ့လိုက်ပါသော်လည်း ကားရှေ့တည့်တည့် တိုးလာသည့် မိန်းကလေးကြောင့် သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားရင်း ကားတံခါးကို ဖွင့်ဆင်းလိုက်ပါ၏။

ကားရှေ့မှာ ပုံလျက်သား လဲကျနေသည့် ကောင်မလေးကို ပွေ့ထူလိုက်၏။ ခပ်စိုပ်စိုပ် မျက်တောင်များကြားမှ မျက်ရည်ပေါက်များကို မြင်လိုက်ရ၍ သူ တအံ့တသြဖြစ်သွားရသည်။ သူ့ဟိုတယ်မှ ငိုပြီး ထွက်လာသည့်အတွက် ဇဝေဇဝါဖြစ်သွားရ၏။

သေးသွယ်ပါးလျသည့် ကိုယ်ခန္ဓာကျစ်ကျစ်လေးက သူ့လက်ထဲမှာ ရင်ဘတ်ပေါ်ခွေကျနေသည့် ကျစ်ဆံမြီးရှည်ကြီးက တင်ပါးဖကျှော်အထိ ရှိနေ၏။ နုငယ်ပျိုမြစ်သည့် မျက်နှာလေးက သူမ၏အသက်ကို ခန့်မှန်းရလွယ်ကူစေပါသည်။ ကြည့်ပါဦး . . . အလွန်ဆုံးရှိလှမှ သူမအသက် (၁၈)နှစ် (၁၉)နှစ်ပေါ့။ ဖေးဖေ့ လုံးလုံးလေးကို ကိုင်လှုပ်၍ သူ ခေါ်လိုက်မိ၏။

"ဟိတ် . . . ချာတိတ် . . . ချာတိတ် သတိရလား . . . ကျွတ်"

လန့်ပြီး သတိလစ်သွားပုံရသဖြင့် ဟိုတယ်ဆေးခန်းသို့ ပို့ပေးရန် သူမကိုယ်လေးကို ဖွေ့ခနဲ ပွေ့ချီလိုက်စဉ် နက်မှောင်နေ

သည့် မျက်တောင်ကော့လေးများ ဖျတ်ခနဲ ပွင့်သွားလေသည်။ အို . . . ကြည့်စမ်း ဘယ်လောက်လှပလိုက်တဲ့ မျက်ဝန်းနက်လေး တွေပါလဲ။ သူ့ရင်ထဲ ဒိန်းခနဲ မြည်သံဖြင့် ကောင်မလေးကို ငုံ့ကြည့် နေမိတော့သည်။

"ဟင် . . . ဟင့်အင်း . . . ဟင့်အင်း . . . ဝါလေး ဘာမှ မဖြစ်ပါဘူး။ အောက်ကို ပြန်ချပေးပါ"

"သေချာရဲ့လား . . . ခေါင်းထဲမှာ ကြည်ရဲ့လား။ ခြေ လက်တွေ ခါးတွေရောနာနေလား။ သေချာပြန်စစ်ကြည့်လိုက်ပါဦး"

သူက သူမကို အောက်သို့ပြန်ချပေးလိုက်ရင်း မေးလိုက် တော့ သူမ မျက်နှာထက်မှာ ဖြန်းခနဲ ပန်းရောင်သန်းသွားလျက် ခေါင်းကို ခပ်သွက်သွက် ခါယမ်းပြလိုက်ပါသည်။ ခြေရင်းမှာ ပုံလျက်သားကျနေသည့် လွယ်အိတ်ဖြူလေးကို ကောက်လွယ် ရင်း သူ့ရှေ့မှ လျင်မြန်စွာ ထွက်ခွာသွားသည့် ပုံရိပ်လေးကို အမှတ် ကမဲ့ ငေးကြည့်နေခဲ့မိ၏။ နှာခေါင်းဝမှ စံပယ်ပန်းရနံ့ကြောင့် သူ ငုံ့ကြည့်စဉ် အိတ်ကပ်ထဲရှိ ဘောပင်မှာ ချိတ်နေသည့် စံပယ်ကုံး လေးကို တွေ့လိုက်ရလေသည်။ သူ စံပယ်ကုံးလေးကို အသာ ဖြုတ်လိုက်ရင်း တွေးနေမိ၏။ မင်း . . . ဘယ်သူလဲ၊ ဘယ်ကလဲ၊



ဘာကိစ္စနဲ့ ဒီလိုလာခဲ့တာလဲ မိန်းကလေးရယ်။

အတွေးတို့ကို ရပ်လျက် ကားပေါ် ပြန်တက်ကာ ဟိုကယ်ဝင်းထဲသို့ မောင်းဝင်လာခဲ့တော့သည်။ သူ့ရုံးခန်းထဲ ဝင်ထိုင်စဉ် သူငယ်ချင်းဖြစ်သူ ကျော်ဇင်လတ် ဝင်လာ၏။

"နေလ . . . ငါ Setp အသစ်တစ်ယောက် ထပ်ခန့်လိုက် တယ်နော်။ ဒီလကုန်စဝင်လိမ့်မယ်"

"မိန်းကလေးလား . . . အလတ်"

"အေး . . ."

"မင်းအသိလား"

"ဆိုပါတော့။ ငါ့ညီလို ရင်းနှီးရတဲ့ချာတိတ်လေးရဲ့ ညီမ လေးပါ။ အဲဒီကောင်လေးက အူအတက် ပေါက်ပြီး ကျန်ခဲ့တဲ့လ ကပဲ ဆုံးသွားတယ်။ အခု သူ့အမေနဲ့ ညီမလေးပဲ ကျန်တာ။ တော်တော်နွမ်းပါးကြလို့ အဆင်ပြေအောင် ငါ ကူညီလိုက်တာပါ။ မင်း ကျေနပ်ရဲ့လား"

"ဒါ ငါ့ကိုတိုင်ပင်ဖို့မလိုပါဘူး အလတ်ရာ။ မင်းကို ငါ တာဝန်လွှဲထားတာပဲ"

"ဒါတော့ဒါပေါ့ နေလရာ။ တကယ်ဆို ယောက်ျားလေးပဲ

ခန့်ရမှာ။ သူ့မှာလည်း မလုပ်ရင်မဖြစ်တဲ့ အခြေအနေဖြစ်လာလို့ ပါ။ ကောင်မလေးက ငယ်သေးတော့ ပင်ပန်းတဲ့ဒဏ် တော်တော် ခံရမှာပဲ"

"အသက် ဘယ်လောက်ရှိသေးလို့လဲ"

"(၁၈) တောင် မပြည့်သေးဘူး။ နှစ်လလိုသေးတယ်"

"ဟာ . . . အလတ်ရာ"

"မလုပ်မဖြစ်လို့လို့ ငါ ကြိုပြောထားပြီးပြီလေ။ ဒီအတိုင်း ကူညီတာလည်း ချာတိတ်မက လက်မခံဘူးကွ။ မာနကတော့ အကြီးသားပဲ"

"နာမည်ကရော . . ."

"စကားဝါတဲ့ . . ."

"စကားဝါ"

တီးတိုးရေရွတ်လိုက်မိတော့ အာရုံမှာ ကျစ်ဆံမြီး အရှည်ကြီးနှင့် ကောင်မလေးက ဖျတ်ခနဲ ပေါ်လာ၏။ ဒုက္ခပါပဲ။ သူ ဘာတွေတွေးနေမိဘာလဲ။ ပပသအ သိသွားရင် သူ့ကို ဝေဖန် [illegible]မသိနိုင်။ သက်ပြင်းတစ်ချက်ကိုသာ ခပ်လေးလေး ချလိုက် မိတော့သည်။



အိမ်ခန်းလေးသို့ လှမ်းတက် စဉ် မေမေက စက်ချုပ် နေရာမှ သူမကို လှမ်းမေးလိုက်ပါ၏။

"အဆင်ပြေရဲ့လား သမီးလေး"

"ဟုတ်ကဲ့ . . . ပြေပါတယ် မေမေ။ လာကုန်ပြီး တစ်ရက် နေ့ စဆင်းရမယ်လို့ ကိုကိုကျော် ပြောလိုက်ပါတယ်။ အချိန်ကို စက်းဆိုင်က ဖုန်းနဲ့ လှမ်းမှာမယ်တဲ့"

"အလုပ်ချိန်က ပုံမှန်မဟုတ်ဘူးလား သမီးရယ်"

"မဟုတ်ဘူး မေမေ။ A, B, C ဆိုပြီး သုံးဆိုင်းခွဲထားတာ။ A က မနက် ၈နာရီကနေ ညနေ ၄ နာရီအထိ။ Bက မနက် ၉နာရီ ကနေ ညနေ ၅ နာရီအထိ၊ C က နေ့လယ် ၁၁ နာရီကနေ ည ၇ နာရီအထိတဲ့"

"ဟယ် . . . မိုးချုပ်ကြီးလည်း ပါတယ်"

"ဟုတ်တယ် မမေ။ ပြီးတော့ အလုပ်များရင် အချိန်ပို OT ဆင်းပေးရတယ်"

"ဟင် . . . နေ့တိုင်း မိုးချုပ်နေရင်တော့ သမီးအတွက် မေမေ ရင်ပူနေရတော့မှာပဲ"

"မပူပါနဲ့ မေမေရယ်။ အပြန်မှာ အဖော်တွေလည်းရှိမှာပါ။ ည ၇နာရီဆိုတာ သိပ်မမှောင်ပါဘူး။ ပြီးတော့ ဒီအလုပ်က ထမင်းလည်း ကျွေးတာဆိုတော့ ထမင်းဘူး ယူစရာမလိုဘူး မေမေရဲ့။ လစာလည်း ကောင်းလို့ သမီးလုပ်ဖို့ ဆုံးဖြတ်လိုက်တာပါ"

"သားကြီးသာရှိရင်တော့ သူ့ညီမလေးကို နိုင်းစားတယ် ဆိုပြီး မေမေ့ကို အပြစ်တင်မှာ သေချာတယ်"

"သြော် . . . ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ မေမေရယ်။ သမီးတို့မှာ ဒီသားအမိပဲရှိတာ။ ကိုကို့မရှိတော့ အိမ်ရဲ့တာဝန်ကို သမီး ပခုံးလွှဲယူရမှာပေါ့"

"မေမေက သမီးအလုပ်တစ်ဖက်၊ ကျောင်းတစ်ဖက်နဲ့ ပင်ပန်းမှာစိုးလို့ပါ"



"ရပါတယ် မေမေရယ်။ ကျောင်းကလည်း အဝေးသင် တက်တာပဲ။ အနီးကပ်ဆယ်ရက်နဲ့ စာမေးပွဲဖြေတဲ့ရက်တွေ လောက်ပဲ သမီး ပင်ပန်းမှာပါ။ ကိုကိုကျော်က သမီးကို ကျောင်း တက်ခွင့်ပေးတာပဲ ကျေးဇူးတင်လှပါပြီ"

"အင်း . . . ဟုတ်ပါတယ်လေ။ မောင်ကျော်ဇင်ရဲ့ ကျေးဇူး တွေက မေမေတို့အပေါ်မှာ များလှပါပြီ။ ဒီသူငယ်လေး သိပ်ကို စိတ်ရင်းစေတနာ ကောင်းလွန်းပါကယ်။ ကျန်းမာချမ်းသာပါစေ တော်"

သူမ မေမေ့စကားကို ပြုံးလျက် ခေါင်းညိတ်ထောက်ခံ လိုက်သည်။ အိပ်ခန်းလေးထဲမှာ အဝတ်အစားလဲလိုက်ပြီး မီးဖိုခန်းထဲ ဝင်ခဲ့၏။ ထမင်းချက်ပြီးသားမို့ ဟင်းချက်ရန် အိုးလုပ်ကြည့် လိုက်စဉ် ကင်ပွန်းချဉ်ဟင်းရိုးနှင့် ငါးပိလေးအိုးကပ်တို့ကို ချက်ပြီး နေပြီဖြစ်သဖြင့် အိမ်ရှေ့သို့ ပြန်ထွက်လာခဲ့သည်။ မေမေ ချုပ်ပြီး သွားသည့် အပ်ထည်အင်္ကျီဖတ်တို့ကို ကြယ်သီးတပ်၍ လက်ချုပ်ပိုင်း လိုက်ပေးနေရင်း ကိုကို့ကို တမ်းတမ်းတတ သတိရနေမိ၏။ သြော် ဘာလိုလို့နဲ့ ကိုကို သူမတို့ကို ခွဲသွားတာ တစ်လတောင် ကျော်ခဲ့ ပြီ။

စားဝတ်နေရေးအတွက် အားကိုးဖော်လိုအပ်လာချိန်မှာ ကိုကို့ကိုယ်စား ဝင်၍ အကူအညီပေးလာသည့် ကိုကိုကျော့်ကို ကျေးဇူးဘွေ အရမ်းကို တင်လှပါပြီ။ ကိုကိုကျော်ဆိုတာ သူမအိမ်ကို မှတ်မှတ်ရရ သူမ ၈ တန်းတက်စဉ် ရောက်လာသည့် သူတစ်ဦး မဟုတ်ပါလား။

အဲဒီနေ့က ခြံစင်းထဲရှိ မြေကွက်လပ်လေးမှာ ဖိုးတာတို့ မိအေးတို့နှင့်အတူ ကုလားမစည်းနင်းတိုင်း ဆော့နေချိန်ဖြစ်၏။ ခြံရှေ့မှာ ကားလှလှလေးတစ်စီး ရပ်သွားသဖြင့် သူမတို့ ကစားခြင်းကို ခဏရပ်ရင်း ကားဆီသို့ အကြည့်ရောက်သွားရသည်။ ကိုကိုက ကားပေါ်မှ ဆင်းလာပြီး သူမကို လှမ်းခေါ်လိုက်ပါ၏။

"ညီမလေး . . . ဒီမှာ လာ ကူသယ်ပေးပါဦး"

သူမ ဂါဝန်ဖားဖားလေးကို မ၍ ဖိနပ်မပါဘဲ ကိုကို့ကို အပြေးကြိုလိုက်ပါသည်။ ကိုကိုက သူမလက်ထဲသို့ ဝယ်လာသည့်အိတ်ကို ထည့်ပေးလိုက်လေ၏။

"ဟာ . . . မာလကာသီးတွေရော၊ လိမ္မော်သီးတွေရော အများကြီးပဲ။ ပွတာပဲဟေ့ . . ."

သူမ အော်လိုက်သဖြင့် ဖိုးတာနှင့် မိအေးပါ အနားသို့



ပြေးလာကြသည်။

"မမဝါ . . . မိအေးတို့ကိုလည်း ကျွေးရမယ်နော်"

"ကျွေးမှာပေါ့ဟဲ့။ နေဦး . . . မမဝါ ဘုရားဆွမ်းတော်ကပ်ဖို့ အရင်ဖယ်လိုက်ဦးမယ်နော်။ ဒီမှာ ခဏစောင့် . . ."

သူမက အိတ်ကိုသယ်ရင်း အိမ်ပေါ်တက်စဉ် လှေကားရင်းရှိ စဉ့်အိုးလေးထဲမှ ရေဖြင့် ခြေထောက်ကို သေချာဆေးကြောလိုက်ပါ၏။ သူမ နောက်မှ ကိုကိုနှင့် လူကြီးတစ်ယောက် အိမ်ပေါ်သို့ လိုက်တက်လာပါသည်။ ကိုကိုက ခေါင်းရင်းရှိ ဖျာချောလေးကို ချခင်းလိုက်၏။ သူမက အိတ်ကို မီးဖိုခန်းလေးထဲ အရင် သွားထားကာ မေမေထည့်ပေးသည့် ရေနွေးဗန်းလေးကို ယူလျက် အိမ်ရှေ့သို့ ပြန်ထွက်လာခဲ့သည်။ မေမေက သူမနောက်မှ ကော်ဖီခွက်သယ်လာရင်း လိုက်လာပါ၏။

"ဒါ . . . ကျွန်တော့်အမေနဲ့ ညီမလေးပါ အစ်ကို"

"ဪ . . . ဟုတ်ကဲ့"

"မေမေ . . . ဒါ ကျွန်တော့်အလုပ်ရှင်ပါ။ နာမည်က ဦးကျော်ဇင်လတ်တဲ့။ ညီမလေးလည်း မှတ်ထားနော်"

"ဟုတ်ကဲ့ . . . အဟင်း"

“အမယ် . . . ညီမလေးက ဘာကို သဘောကျပြီး ပြုံးတာလဲ”

“ကျောင်းရောက်ရင် ကေသွယ့်ကို ကြွားလို့ရပြီမို့ပါ”

“ဘာကြွားမလို့လဲ”

“ကေသွယ်က ကျောင်းမှာ သူ့အစ်ကိုနဲ့အစ်မ ချောကြောင်း သိပ်ကြွားတာပဲ ကိုကိုရဲ့။ အခု ညီမလေးမှာ အစ်ကိုချောချော တစ်ယောက်ထပ်ရတော့ ပြန်ကြွားလို့ရတာပေါ့။ နော်. . . ကိုကိုကျော်။ ကိုကိုကျော်လို့ပဲ ဝါလေး ခေါ်မှာနော်”

“ကြော် . . . ဟုတ်ပါပြီ။ ခေါ်ပါဗျာ . . . ခေါ်ပါ . . . ဟင်းဟင်း”

လူကြီးတွေက သဘောတကျနှင့်ရယ်လိုက်ကြ၏။ သူမက စကားပြောနေရာမှ အိမ်ရှေ့သို့ လှမ်းမျှော်ကြည့်လိုက်ပါသည်။

“ကစားတာ တော်သင့်ပြီလေ ညီမလေးရဲ့။ ရေချိုးတော့။ ကြည့်ပါဦး . . . တစ်ကိုယ်လုံးလည်း ချွေးတွေထွက်လို့”

“ချိုးမှာပါ ကိုကိုရဲ့။ ဟိုမှာ ဖိုးတာတို့ကို မာလကာသီး ကျွေးချင်လို့ပါ”

“ကျွေးချင်လည်း သွားကျွေးလိုက်ပေါ့ ညီမလေးရယ်”

“ဒါဆို ဆွမ်းတော်ကပ်ဖို့ အရင်ဖယ်ပြီး တစ်ယောက်



တစ်လုံးစီ သွားပေးလိုက်မယ်နော် မေမေ”

သူမ မီးဖိုခန်းထဲမှ အသီးလှလှများကို ဖယ်၍ အနေတော်မာလကာသီး နှစ်လုံးကို ရေစင်စင်ဆေးပြီး ဖိုးတာနှင့် မိအေးထံ သွားပေးလိုက်ပါ၏။ ထို့နောက် အိမ်ခန်းအနောက်ဘက်၌ ရေချိုးကာ သနပ်ခါးတွေ ဖွေးနေအောင် လိမ်း၍ ဆံပင်ရှည်ကို ကျစ်ဆံမြီးနှစ်ဖက် ကျစ်လျက် အိမ်ရှေ့သို့ ပြန်ထွက်လာခဲ့သည်။ လူကြီးများ စကားဝိုင်းနံဘေးမှာ အသာဝင်ထိုင်တော့ ကိုကိုကျော်က သူမကို ပြုံး၍ကြည့်လိုက်ပါသည်။

“တော်သေးတာပေါ့ . . . ကိုယ်က ဝါလေးကို ကြောင်ချေးရုပ်လေးလိုပဲ နေတတ်တယ် ထင်နေတာ”

“ဟင် . . . အဲလိုမျိုး မနေတတ်ပါဘူးနော်။ ကစားနေတုန်းမို့ ညစ်ပတ်နေတာပါ ကိုကိုကျော်ရဲ့”

“ကျောင်းမှာ စာလိုက်နိုင်ရဲ့လား”

“ညီမလေးက အင်္ဂလိပ်ရော သင်္ချာပါ ညံ့တယ် အစ်ကိုရဲ့”

“မင်း မပြပေးဘူးလား အောင်နိုင်”

“တတ်သလောက်တော့ ပြပေးတာပဲ အစ်ကိုရာ။

ကျွန်တော်ကိုယ်တိုင်ကလည်း ၉ တန်းလောက်ပဲ တတ်တော့ ဘယ်ကျွမ်းကျင်မှာလဲ"

"ဒါဆိုလည်း ကျူရှင်ထားပေါ့ ညီရယ်"

"အဲဒါ အမေ့ကို ပြော အစ်ကိုရေ။ အမေက ညီမလေးကို စိတ်မချလို့ ဘယ်ကိုမှ မလွှတ်ဘူး။ ရိုးရိုးကျူရှင်လောက်တော့ ကျွန်တော် သူ့ကို ထားပေးနိုင်ပါတယ်"

"ဒီနှစ်ဘာသာတော့ ထားဖြစ်အောင် ထားပါ ဒေါ်လေးရယ်။ တော်ကြာ ကလေးပညာရေး နစ်နာမှာစိုးလို့ပါ"

"သမီး တက်ချင်လား"

"တက်ချင်တာပေါ့ မေမေရယ်။ ဒါပေမဲ့ . . ."

"ဘာဒါပေမဲ့လဲ ဝါလေးရယ်။ နေဦး . . . ခုန ဝါလေး သူငယ်ချင်းနာမည် ဘယ်သူ"

"ကေသွယ်ပါ ကိုကိုကျော်"

"သူက ဘယ်မှာ ကျူရှင်ယူတာလဲ"

"အိမ်မှာ ဆရာမခေါ်သင်တာ ကိုကိုကျော်ရဲ့"

"ဒါဖြင့် သူ့အိမ်မှာပဲ ဘာသာစုံဝိုင်းသွားတက်လိုက်။ ကိုယ် ထားပေးမယ်။ ပညာဒါနပေါ့။ ပြီးတော့ သူငယ်ချင်းနဲ့ဆို



တော့ အဖော်ရတာပေါ့"

"ဟင် . . . နေပါစေ။ အားနာစရာကြီး"

"ဟုတ်ပါတယ် သားရယ်"

"ကျွန်တော်ပြောတာ သဘောကျပါတယ် ဒေါ်လေးရယ်။ အောင်နိုင် ပညာမတတ်လို့ ပင်ပင်ပန်းပန်း လုပ်နေရတာ ဒေါ်လေး အမြင်ပဲ။ ဒီအငယ်လေးကိုတော့ ပညာတတ်ဖြစ်အောင် ပံ့ပိုးသင့်တာပေါ့။ ၁၀ တန်းအထိ ကျူရှင်စရိတ်ကို ကျွန်တော် ဒါန ပြုပါရစေ။ မငြင်းပါနဲ့။ ကျွန်တော်က တစ်ကောင်ကြွက်မို့ မောင်နှမလည်း ရှိတာမဟုတ်ဘူး။ အောင်နိုင်နဲ့ စခင်ကတည်းက ညီလေးတစ်ယောက်လို သဘောထားတာ။ အောင်နိုင့်ညီမလေး က ကျွန်တော့်ညီမလေးပါပဲ ဒေါ်လေးရယ်"

"အဒေါ်က အားနာလွန်းလို့ပါ"

"အားနာဖို့မလိုပါဘူးဗျာ။ ဝါလေးက မနက်ဖြန် ကျောင်း တက်တော့ ကေသွယ့်ကို သေချာမေး။ ပြီးရင် ကိုယ်ပဲ လိုက်အပ် ပေးမယ်။ မှောင်တောင်နေပြီ။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး။ ညီရေ သဘက်ခါ ဆန်နီပစ်ကပ်လေး အပြီးပြင်ပေးရမှာနော်။ နည်းနည်း ဂရုစိုက်လိုက်ဦး။ ညီ့ကို ဆရာဦးဖော်ကြီး သဘောကျတယ်။ သူ

သင်ရင် ညီ မတ္တင်းနစ်ကောင်းကောင်းဖြစ်ပြီ"

"ဟုတ်ကဲ့ပါ အစ်ကို။ ကျေးဇူးတင်ပါကယ်ဗျာ"

ကိုကိုကျော် ပြန်သွားတော့ သူမတို့မိသားစု ထမင်းစားရင်း ကိုကိုကျော့်အကြောင်းတွေ ပြော၍မကုန်နိုင်ခဲ့။ အဲဒီနေ့က ကိုကိုကျော့်ကို သူမ စမြင်ဖူးသည့်နေ့ဖြစ်ခဲ့ပါ၏။

× × ×



အလုပ်စဝင်သည့်ရက်မို့ ခပ်စောစော ရောက်အောင်လာခဲ့၏။ PA (Public Area) ဌာနမှာ ယူနီဖောင်းနီညိုရောင် အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ရသည်။ စတိုဆောင်ဘေးရှိ နံရံနှင့်ကြမ်းခင်းကို ရေဆေး၍ သံဘရက်ရှ်ဖြင့် ညစ်ပေနေသည်တို့ကို ပြောင်းလက်နေအောင် တိုက်ချွတ်၏။ အချောသတ်အနေဖြင့် ဆပ်ပြာမြှုပ်တိုက်ပြီး ရေဆေးချလိုက်ပါသည်။

ကားရပ်နေရာကို ခုနအတိုင်း ဆေးလိုက်ပြန်၏။ စက်ဆီများဖြင့် မည်းညစ်နေသည့် ချောင်ကို ချွတ်ဆေးဖြန်းကာ အားစိုက်၍ ကုန်းတိုက်ရသဖြင့် နဖူးမှ ချွေးတို့ စို့တက်လာသည်။ ယောက်ျားလေးများသာ လုပ်ရသည့်အလုပ်မို့ သူမ ဂရုတစိုက် ပြုလုပ်နေရ၏။ တော်ကြာ အလုပ်ရှင်မကြိုက်လျှင် သူမ အလုပ်

မြှုတ်လို့ မဖြစ်ပေ။

မည်းမည်းရေတို့ကို ဆေးရန် ရေပိုက်ကို ပြန်ဖွင့်လျက် ထိုးချလိုက်တော့ ခပ်လှမ်းလှမ်းမှာ ကားရပ်၍ဆင်းလာသည့် လူ၏ ဘောင်းဘီကို စင်သွားတော့၏။ ဘုရားရေ . . . သူမ ဟော့ ရာဇဝတ် အိုးကိုမှ တုတ်နဲ့ထိုးမိပါရောလား။ ဟိုတစ်နေ့ကတည်းက သူမ ထိပ်တိုက်တိုးခဲ့ရသည့် ဟိုတယ်ပိုင်ရှင်ကိုမှ ရေညစ်တို့ စိုစေလေ ပြီ။

"နမော်နမဲ့ နိုင်လှချည်လား"

"ကန်တော့ . . . ကန်တော့ . . . မတော်တဆမို့ပါရှင်"

မျက်နှာရဲရဲဖြင့် အထိတ်တလန့် သူမ တောင်းပန်လိုက် တော့ သူက စိတ်ပျက်စွာဖြင့် တစ်ချက်ကြည့်လိုက်ပြီး ဟိုတယ် ထဲ လှမ်းဝင်သွားတော့သည်။ ဘာမှဆက်မပြောသဖြင့် သူမ သက်ပြင်းကို မသိမသာလေးချလိုက်မိ၏။ တော်ပါသေးရဲ့။

နေ့လယ် (၁၂)နာရီထိုးသွားတော့ ထမင်းစား ခဏနား ချိန်မို့ သူမ လက်ကို တံတောင်နေရာမှ ရေဆေးချလိုက်ပြီး ဆပ်ပြာဖြင့် သေသေချာချာ ဆေးကြောလိုက်သည်။ ထမင်းစား ဆောင်ထဲမှာ လူတော်တော်များများ ရှိနေ၏။ တန်းစီ၍ ရပ်နေ



ချက်က လူသစ်မို့ထင်၏။ လူအချို့က သူမကို ကျော်တက်၍ ထမင်းပန်းကန်တို့ကို အသီးသီး ယူသွားကြလေသည်။

ခပ်လှမ်းလှမ်းက ကြည့်နေကတည်းက သူမ ပုံစံလေး က အများထဲမှာ ထင်းနေ၏။ နီညိုရောင်ဝတ်စုံကြောင့် ဖြူဝင်း သည့်အသားရောင်ကို ပို၍ပေါ်လွင်စေသည်။ အုံကောင်းလှသည့် ဆံကျန်းရောင်ဆံနွယ်များကဲ့ ကျစ်ဆံမြီးကျစ်လျက် ခွေ၍တင် ထားသဖြင့် မျက်နှာလေးက ရှင်းလင်းနေ၏။ ဝန်ထမ်းအသစ်မို့ ဘာမှမပြောရဲဘဲ မျက်နှာငယ်လေးဖြင့် ထိုနေရာမှာ ရပ်နေတာ တော်တော်ကြာနေလေပြီ။ သူ မနေနိုင်တော့ဘဲ သူမရှိရာဆီ လှမ်းလာခဲ့၏။ စတီးပုံစံခွက်တစ်ချပ်ကို ယူ၍ ထမင်းခပ်ထည့် လိုက်သည်။

"လာ . . . ဝါလေး . . . ဟာဟင်းနဲ့စားချင်လဲ"

"ဟို . . . ကိုကိုရှော် . . . အဲ"

"ခေါ်ပါ။ ရဲရဲသာခေါ်။ ကြောက်မနေနဲ့"

သူက ကြက်သားဟင်းနှစ်တုံး၊ ဝက်သားဟင်း နှစ်တုံး၊ ငါးကြော်နှပ်တစ်ကောင် ခပ်ထည့်လိုက်ပြီး ချဉ်ပေါင်နှင့်မျှစ် ရော ကြော်ထားသည်ကို တစ်ဇွန်းထည့်လိုက်ပါသည်။ ပဲနှင့် ကြာဆံ

ရောချက်ထားသည့် ဟင်းချိုကို ဇောက်နက်သည့် ခွက်ထဲ ထည့်၍ ဇွန်းနှင့်ခက်ရင်းတစ်စုံ ယူလိုက်၏။ ထို့နောက် သူမကို လူရှင်းသည့် စားပွဲမှာ ထိုင်စားစေပါသည်။

"ကိုကိုကျော် . . . စားပြီးပြီလားဟင်"

"ကိုယ်က GM နဲ့ ၁နာရီမှ အတူတူစားနေကျ ဝါလေးရဲ့ ကဲ . . . စား. . . တော်တော်ပင်ပန်းနေပြီလား"

ရပါတယ်။ ဒီလောက်တော့ ဝါလေးလုပ်နိုင်ပါတယ် ကိုကိုကျော်"

"ကြိုးစားလုပ်ပါ ဝါလေး။ ကိုယ်က ဝပ်ရှော့ပဲရှိတော့ ဝါလေးကို အလုပ်ပေးလို့မရဘူး။ အခု သူငယ်ချင်းရဲ့ဟိုတယ်မှာ ခန့်ပေးတာ အဆင်ပြေအောင်လုပ်ပါ"

"ဟုတ်ကဲ့ပါ ကိုကိုကျော်"

သူ . . . ဝါလေးစားပွဲမှ ထထွက်ကာ ထမင်းချက်ခေါင်းဆောင် ဒေါ်အမာထံသို့ လျှောက်လာခဲ့၏။

"ဒေါ်အမာ . . . နောက်ဒါမျိုးထပ်မဖြစ်ပါစေနဲ့။ သူဝန်ထမ်းအသစ်ပါ။ အသက်အငယ်ဆုံး အလုပ်ဝင်လာတဲ့ကလေးကို ရင်းနှီးနွေးထွေးစွာ ဆက်ဆံပါ။ ကျွန်တော် ဒီလောက်အထိ



ပို့က်မပြောချင်ဘူး"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ပါ . . . MD"

သူ GM ရုံးခန်းထဲ ဝင်လာတော့ နေလက ကွန်ပျူတာနှိပ်နေရာမှ ရပ်လိုက်သည်။

"ထမင်းစားဆောင်ကို ဘာသွားလုပ်တာလဲ အလတ်"

"ကျွတ် . . . ဒေါ်အမာပေါ့။ ဟိုရှာတိတ်မကို ထမင်းထည့်မပေးတာ ကြာနေလို့ သွားထည့်ပေးလိုက်တာ"

"မင်း ဒီအထိ လိုက်လုပ်ပေးဖို့ မသင့်ဘူးနော်။ ကြည့်လုပ် . . . ကိုယ့်ရာထူးဂုဏ်ကို ကိုယ် ထိန်းဦး"

"ဒီလောက်နဲ့တော့ ဘယ်သူမှ ငါ့ကို မပြောရဲပါဘူးနေလရာ။ တစ်ခါပါပဲ"

"PA မှာ သူ့ကို ဘယ်အဆင့်ခိုင်းမှာလဲ"

"ထုံးစံအတိုင်းဆို တစ်လ နှစ်လပေါ့"

"မလုပ်နဲ့ . . . မနက်ဖြန်ပဲ တခြားနေရာ ရွှေ့လိုက်ပါ"

"ဘာလဲ . . . မင်းကို ရေနွေးပက်မိလို့ မကြည့်တာလား"

"ဟာ . . . မဟုတ်ပါဘူး။ အဲဒီနေရာ သူ့ကို မလုပ်စေချင်တာပါ။ ကြာရင် ကောင်မလေးလက်ဝါးတွေ ပေါက်မှာကို ကြို

မြင်လို့ တားတာဟေ့"

"တော်သေးတာပေါ့"

စားပွဲပေါ်မှ GSM ဖုန်းမြည်လာ၍ နေလ ကောက်ကိုင်လိုက်ပါသည်။ သူက စားပွဲခုံဘေးရှိ ခုံမှာ အသာဝင်ထိုင်လိုက်၏။

"ပပလား . . . ပြော . . ."

"အင်း . . . ရပါတယ်"

"ဒီကောင်ရှိနေတယ်၊ ပြောချင်လား"

"ဒါဖြင့် . . . ဒါပဲနော်"

သူက နေလကို ပေးဆက်မျှမေးလိုက်၏။ နေလက ဖုန်းကို ပိတ်ပြီး ပြုံးလိုက်သည်။

"ပပက ငါနဲ့မင်းကို Dinner ကျွေးချင်လို့ ဘဲ့"

"မင်းတို့နှစ်ယောက်ပဲ သွားပါကွာ။ ကြားထဲမှာ ငါ အနေခက်ပါတယ်"

"အံမာ . . . ငါတို့ မရိုးမသား ဘာများလုပ်မိ ပြောမိဖူးလို့လဲ အလတ်ရဲ့"

"လူဆိုတာ အလိုက်သိတတ်ရတယ် နေလရ။ သူငယ်ချင်းက သူငယ်ချင်းပဲ။ ဒူးနေရာ ဒူး တော်နေရာတော် သိရမှာပေါ့"



"လုပ်မနေစမ်းပါနဲ့ကွာ။ ငါက စကားသိပ်ပြောတတ်တာမဟုတ်ဘူး။ မင်းနဲ့ပပက ပိုခင်တာ"

"မင်းဟာက မဟုတ်သေးပါဘူး နေလရာ။ မနက်ဖြန်သဘက်ပဲ စေ့စပ်တော့မယ့်မိန်းကလေးကို အလျဉ်းသင့် မပြောတတ်တာတော့ မင်း လွန်တာပေါ့ကွ"

"မင်း . . . မသိပါဘူးကွာ။ ငါ့စိတ်ထဲ တစ်မျိုးကြီးဖြစ်နေလို့ပါ"

"ဘာလဲ . . . ရင်ထဲမှာ ဘာညာဘာညာ ဝင်လာပြီလား။ အဲဒီလိုလေးလည်း လုပ်ဦးမှပေါ့။ ဘယ့်နှယ် စက်ရုပ်တွေအတိုင်း မိဘ ယူဆိုတာနဲ့ အင်းဆို ခေါင်းညိတ်လက်ထပ်ရတာတော့ မမိုက်ပါဘူး။ ဖိုပပကလည်း သူ့ဆေးကျောင်းက စာတွေနဲ့ နပမ်းလုံးနေပြီး၊ ဆရာဝန်လည်းဖြစ်ရော အိမ်က ပေးစားတဲ့သူငယ်ချင်းကို လက်ခံလိုက်တာပဲ . . . ကောင်းရော"

"ငါလည်း အဲဒါပဲ တွေးနေတာ။ ပပက အစစအရာရာ ဘက်စုံတော်ပြီးသား၊ ပြည့်စုံပြီးသားမို့ ငါ မငြင်းခဲ့တာပေါ့"

"ဒါဆို အိုကေနေပြီပေါ့။ ဘာကို တွေးနေတာလဲ။ တစ်ခုတော့ရှိတာပေါ့။ ပပဟာ အိမ်မှုကိစ္စကိုတော့ မနိုင်ဘူးနော်။ သူ့ကို

ချက်နိုင်ရင်တော့ မင်း နေ့တိုင်း ကြက်ဥ ဘဲဥကို နည်းမျိုးစုံနဲ့ နှစ်ပါးသွားရလိမ့်မယ်"

"မင်းကရော . . . ဘယ်လိုမိန်းကလေး ရွေးမှာလဲ"

သူ ခေါင်းမော့ပြီး ရယ်လိုက်တော့ နေလက မချင့်မရဲဖြင့် ဆံလည်ထိုင်ခုံကို ရွှေ့ပြီး သူ့လက်မောင်းကို ခပ်သာသာလေး လှမ်းထိုးလိုက်၏။

"ဟောကောင် . . . မလှိုကြေးနော်"

"ငါ့အတွက် ပူမနေစမ်းပါနဲ့ နေလရာ။ ငါက မင်းလို အိမ်ထောင်တစ်ခုကို ပေတံနဲ့တိုင်းထွာပြီး ရွေးမှာမှ မဟုတ်ဘဲ"

"ဒါဖြင့် ဘာနဲ့ရွေးမှာလဲ"

"ရင်ထဲက နှလုံးသားနဲ့"

"ခွေးနာ . . . ကဗျာက ဆန်ချင်ပြန်ပြီ"

"ငါက ရှင်းတယ် နေလရဲ့၊ တစ်ကောင်ကြွက်ဆိုတော့ ဘယ်သူ့ကိုမှ ထည့်တွက်နေစရာမလိုဘူး။ ကိုယ်ကြိုက်တာ ကောက်ယူလိုက်ရုံပဲ။ အဓိကက သူ ငါ့ကို ပြန်ချစ်ဖို့ပဲ"

"ဘယ်သူလဲ"

"စောပါသေးတယ်ကွာ"



"ဟာ . . . မင်းကလည်း စိတ်ကသိကအောက် ဖြစ်အောင် လုပ်ပြန်ပြီ"

"မှတ်ထား . . . အဲဒါ ပညာလို့ခေါ်တယ်"

"အေးပါ . . . ပြောအားရှိတုန်း ပြောထားပေါ့"

"ဒါပေါ့ . . . ငါက မင်းလိုနံပါတ်မှ မချိတ်ရသေးတာကိုး"

နှစ်ယောက်သား ရယ်လိုက်မိကြ၏။ ညနေ အပြန်မှာ ပြောင်လက်တောက်ပနေသည့် သူ့ကားကိုကြည့်၍ တံခါးစောင့်ကို မေးကြည့်တော့ စကားဝါတိုက်ပေးမှန်း သိခဲ့ရသည်။ မင်းနဲ့ မဆိုင်တဲ့ အလုပ်ကို ဘာဖြစ်လို့လုပ်ရတာလဲ စကားဝါ။ နေလ ရင်ထဲ မကျေမနပ်ထပ်ဖြစ်ရပြန်သည်။

x x x

နောက်တစ်ရက် သူမ အလုပ်ဆင်းတော့ မနေ့က နေရာ မနေ့က ယူနီဖောင်းကို ပဝတ်ရတော့ပေ။ Laundry ဌာနမှာ ကာကီရောင်ဘောင်းဘီနှင့် စပို့ရှပ်အဖြူရောင်ကို ဝတ်ရ၏။ အနည်းငယ်ပူပါသော်လည်း PA လောက် မပင်ပန်း။ ဌာနမှာ သူ့ဟာနှင့်သူ တာဝန်ကိုယ်စီ ယူထားသည်မို့ အနည်းငယ် သက်သာပါ၏။ ဆယ်တန်းအောင်သည်နှင့် ကိုကိုကျော် ထားပေးသော English Speaking Class ကို တက်ဖြစ်ခဲ့သည်မို့ ဟိုတယ်အလုပ်မှာ သူမ အံဝင်ခွင်ကျဖြစ်သွားပါသည်။

တစ်ဌာနတည်းမှာ ယောကျ်ားလေးနှစ်ယောက် မိန်းကလေး ငါးယောက်မို့ ရင်းရင်းနှီးနှီး ရှိကြ၏။ သူမကို အသစ်ဆိုပြီး နှိမ်ချင်ကြသူမရှိ။ အငယ်ဆုံးမို့ ချစ်ခင်ကြပြီး၊ မတတ်တာ မှန်

သမျှ ကိုယ်စီသင်ပေးကြပါသည်။ အဝတ်လျှော်စက်မောင်းတာ၊ အစွန်းချွတ်တာ၊ မီးပူတိုက်တာ စသည်ဖြင့် တစ်နေရာစီကို တစ်မျိုး သင်ရလေ၏။

"စကားရေ . . . Third Floor Room No. (101) မှာ လျှော်ဖို့ဟာတွေ သွားတက်ယူပါ။ အဲဒီမှာ ဇော်မျိုးနိုင် အခန်းရှင်း နေလို့ ဒီကို လာမပို့အားဘူး။ သွားရင် ရိုးရိုးလှေကားကပဲ တက်။ ထရော်လီနဲ့ ဓာတ်လှေကားက ပြန်ဆင်းနော် . . . သွားတတ်ရဲ့လား"

"ဟုတ်ကဲ့ မမနွယ်"

Room No. (101) ရှေ့ရောက်တော့ ကိုဇော်မျိုးနိုင်က ထရော်လီကို သူမလက်ထဲ တွန်းပို့ပေးလိုက်ပြီး နောက်တစ်ခန်းထဲ ဝင်သွား၏။ တော်တော်လေးနေသည့် ထရော်လီကို အားစိုက်တွန်း၍ ဓာတ်လှေကားရှိရာဆီ လာခဲ့သည်။ နစ်ခုယှဉ်နေသည့် ဓာတ်လှေကားမှာ ဘယ်ဘက်က ဆင်းရမည်မှန်းမသိဘဲ သူမ ရောက်သည်နှင့် အဆင်သင့်ပွင့်သွားသည့် အပေါက်ထဲ ထရော်လီကို ဦးတည်၍ ထည့်လိုက်ပါ၏။ တွန်းလက်စ လှည်းက အပေါက်ဝမှာ တစ်လျက်ရပ်လိုက်မိသည်။ ဘုရားရေ . . . GM



စီးလာသည့် Lift ထဲကိုမှ သူမ ဝင်မိပါရောလား။

"လုပ်ချလိုက်ပြန်ပြီ။ ဒါ ဧည့်သည်စီးတဲ့ Lift လေ"

"ဟို . . . ဝါလေး"

"ကျွတ် . . . ကဲကဲ . . . မထူးတော့ပါဘူး။ မြန်မြန်ဝင်၊ မြန်မြန်ဆင်းလိုက်"

သူ lift ထဲမှ ထွက်လိုက်တော့ သူမက ထရော်လီကို အထဲတွန်းထည့်ရာ သူပါ ဝိုင်းကူ၍တွန်းပေးလိုက်ပါ၏။ Lift တံခါး ပိတ်ခါနီးမှာ သူမကို စိုက်ကြည့်လိုက်သည့် အေးစက်စက် မျက်ဝန်းများကြောင့် သူမ ကျောချမ်းသွားရသည်။ အမလေး . . . GM အကြည့်တွေက သူမရင်ထဲထိအောင် မြင်နေရသလို စူးရှလှချည်လား။

Laundry ပြန်ရောက်တော့ အထည်စာရင်းကို list ပြုစုပြီး အင်္ကျီဘောင်းဘီတို့ကို သက်သက်စီ ခွဲလျှော်ရန် ထည့်ပေးလိုက်ပါ၏။ သူမ Colour ခွဲတာ အထည်မှတ်တာကို ကိုကျော်မြင့်ဦးက ဖတ်၍ သူမခေါင်းကို ထုလိုက်ပါသည်။

"အရောင်အနုအရင့်ကို Light နဲ့ Bright ခွဲရေးပါ စကား။ နှစ်မျိုးရောမရေးနဲ့။ ခုန တီရှပ်က အနုဆိုတော့ ဘေးမှာ ကွင်းနဲ့

light လို့ထည့်ရေးပါ"

"ဟုတ်ကဲ့ပါ အစ်ကို"

"ဟယ် . . . ဖိုးကျော်ရယ့်။ ကလေးကို သင်လည်း ကောင်းကောင်းသင်ပါ။ နင့်အားကြီးနဲ့ ခေါင်းကို မထုနဲ့လေ။ တော်ကြာ MD သိသွားရင် နင် ပြုတ်စော်နံနေဦးမယ်"

"ဟာ . . . မနွယ်ကလည်း ကျွန်တော်က စကားကို ညီမလေးလို သဘောထားပြီး ရင်းရင်းနှီးနှီး ဆက်ဆံမိတာပါ။ MD ကို သူ မတိုင်လောက်ပါဘူး . . . နော် . . . စကား"

"ရပါတယ် မမနွယ်ရဲ့။ ဝါလေးက အစုလို အကုန်လုံးနဲ့ တရင်းတနှီးရှိတာပဲ ဝမ်းသာလှပါပြီ။ PA တုန်းကဆို တစ်ယောက်တည်း ကြောင်စီစီကြီးဖြစ်နေတာ"

"ကဲ . . . ထမင်းစားချိန် နားမယ်။ မမနွယ်ရယ်၊ ဖိုးကျော်ရယ်၊ စကားရယ် အရင်စားမယ်။ ကျန်တဲ့လေးယောက်က နောက်တစ်သုတ်ပေါ့ . . . နော် . . . လာ . . . စကားရေ သွားစို့"

ဒီတစ်ခါတော့ မမနွယ်တို့နှင့် တစ်ဝိုင်းတည်း ထိုင်၍ သူမ ထမင်းစားရ၏။ အစ်ကိုဖိုးကျော်က သူမ ပန်းကန်ထဲသို့ သူ ပုစွန်ထုပ်အစ်ကောင် ထည့်ပေးသည်။ မမနွယ်ကလည်း အားကျ



မခံ ငါးမြင်းဟင်း တစ်တုံးထည့်ပေးပြန်၏။

"ဟင် . . . ဝါလေး ဟင်းအများကြီးနဲ့ မစားတတ်ဘူး မမနွယ်ရဲ့။ ဝါလေးဆီက ကြက်သားဟင်းတွေ ယူစားပါနော်"

"စားပါ စကားရယ်။ အစ်ကိုတွေ အစ်မတွေက ချစ်လို့ ကျွေးတာ မငြင်းရဘူး . . . စား . "

ထမင်းစားအပြီး အချိုပွဲ အသီးစားရာ၌ ကိုဖိုးကျော်က သူမကို ဖရဲသီးစိပ် ယူပေးသည်။

"ဟင့်အင်း . . . ဝါလေး ဖရဲသီး မကြိုက်ဘူး အစ်ကို"

"ဒါဖြင့် သဘော်သီးရော"

"အဲဒါလည်း မကြိုက်ဘူး"

"ဟောဗျာ . . . ဒါဆို နာနတ်သီး"

"ဟင့်အင်း . . . ချိုလို့ မကြိုက်ဘူး"

မမနွယ်က ရယ်လိုက်၏။ အစ်ကိုဖိုးကျော်က ခေါင်းကုတ်လိုက်ပြီး သူမကို မျက်စိပြူး၍ ကြည့်လိုက်သည်။

"ညည်း တော်တော်ဂျီးများတာပဲ။ ဒါဖြင့် ဘာစားမှာလဲ"

"ငှက်ပျောသီး"

"ဟင်း . . . တော်သေးတာပေါ့"

အစ်ကိုဖိုးကျော်က ဖီးကြမ်း ငှက်ပျောသီးနှစ်လုံးကို သူမအတွက် ယူပေးစဉ် တစ်ဘက်စားပွဲဝိုင်းမှ အုပ်စုက သူမတို့ကို စိုက်ကြည့်နေ၏။

"မြန်မြန်စားပြီး သွားစို့ဖိုးကျော်။ စတိုက မိန်းမတွေ ငါတို့ကို ဝိုင်းရှုံ့နေကြပြီ"

"ဂရုစိုက်စရာလား မနွယ်ရာ"

"ဟဲ့ . . . အဲဒီမှာ နင့်ကို ခိုက်နေတဲ့မိန်းမရှိတယ်လေ"

"သွားစမ်းပါဗျာ။ ခင်သန္တာသက်ချိုပြုံးကို စိတ်ကူးထဲမထည့်ပါဘူး"

"နာမည်လေးက လှလိုက်တာနော်"

"ဟာ . . . ညည်းကတစ်မျိုး။ ငါ လုပ်လိုက်ရ နာဦးမယ်"

"ဟင်...အစ်ကိုဖိုးကျော်ပဲ။ ခုန ခင်သန္တာသက်ချိုပြုံးဆို"

"အဲဒါ ဆင်ခန္ဓာဝက်ကိုယ်လုံးလို့ ပြောတာဟဲ့ တော်းမလေးရဲ့"

"ခြော် . . . ဒီလိုလား . . . ဟီဟိ . . . သိပါဘူး"

သူမတို့ ရယ်လိုက်ကြသည်။ Laundry ထဲ ပြန်ရောက်တော့ လျှော်ပြီးသား အဝတ်တို့ကို လေးထပ်မြောက် အခန်းနံပါတ်



(163) သို့ ပို့ခိုင်းသဖြင့် အဝတ်ထပ်အထုပ်လေးကို ခပ်ဖွဖွ ပိုက်လျက် ဓာတ်လှေကားဖြင့် သူမ တက်လာခဲ့၏။ အခန်းတံခါးကို အသာခေါက်လိုက်စဉ် တံခါးက ခပ်ဟဟလေးပွင့်သွားပြီး ဗိုလ်မကြီးတစ်ယောက် ခေါင်းပြူကြည့်လာ၏။ သူမ ခပ်သွက်သွက်လေး (အင်္ဂလိပ်လို) ပြောလိုက်ပါသည်။

"မင်္ဂလာပါရှင် . . . ကျွန်မ ဒီအခန်းက လျှော်ပြီးသားအဝတ်တွေ လာပြန်ပို့တာပါ"

"အို . . . ကျေးဇူးအရမ်းတင်ပါတယ်ကွယ်။ အခန်းထဲ ခဏလောက် ဝင်ပါဦး"

သူမ အခန်းထဲဝင်လိုက်တော့ ဗိုလ်မကြီးက အမေရိကန်ဒေါ်လာ (၁၀) Tip Money ပေးပါ၏။ သူမ ငြင်းဆိုပါသော်လည်း လက်ကိုဆွဲ၍ ထည့်ပေးလိုက်သဖြင့် ယူလိုက်ရပါသည်။ ရင်ဘတ်မှာ တပ်ထားသည့်ကတ်မှ နာမည်ကို ပေါင်းဖက်၍ အသံမထွက်တတ်သဖြင့် သူမက အင်္ဂလိပ်လိုပဲ ခေါ်ခိုင်းလိုက်ပါ၏။

"ကျွန်မနာမည် မတ်ဂ်နိုလီယာ (magnolia) ပါရှင်"

"အို . . . နာမည်နဲ့လူနဲ့ လိုက်ဖက်ပြီး ချစ်စရာကောင်းလိုက်တာကွယ်"

"ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မမှာ လုပ်စရာတွေ ရှိသေးလို့ ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီကွယ်"

သူမအခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ မမနွယ်က သူမကို မုန့်ဖိုးဘယ်လောက်ရသလဲ မေးသဖြင့် သူမ ထုတ်ပြလိုက်ပါ၏။

"ဟယ် . . . (၁၀) တောင် ရလာတယ်တဲ့။ စကားလေးက Lucky ကောင်းလိုက်တာနော်"

"ဝါလေး . . . မမနွယ်တို့ကို ခွဲပေးပါရစေ"

"မလုပ်ပါနဲ့ စကားရယ်။ ကိုယ့်လာဘ်နဲ့ကိုယ် ရတာ စုထား။ လကုန်တော့ လစာထုတ်ရင် လဲလို့ရတယ်။ စာမေးပွဲဖြေရင် အကုန်အကျများမှာ။ ဘယ့်နှယ် . . . ကလေးဆီက မုန့်ပြန်တောင်းစားလို့ ဘယ်ဖြစ်ပါ့မလဲ။ ကျွေးစရာရှိ မမနွယ်ပဲ ကျွေးရမှာလေ"

"ဝါလေးလည်း မမနွယ်တို့ကို တစ်လုညလောက်တော့ ပြန်ကျွေးခွင့်ရချင်တာပေါ့"

"မလုပ်ပါနဲ့ စကားရယ်။ ပြောရုံ သိတတ်ရုံလေးနဲ့တင် ကျေနပ်လှပါပြီ"



အဲဒီနေ့ အလုပ်ပြန်တော့ ကားဂိတ်မှာ မမနွယ်တို့က အရင်ပါသွားပြီး သူမနှင့် အစ်ကိုဖိုးကျော်သာ ကျန်နေခဲ့ပါ၏။ ဂိတ်ရှေ့မှ GM. ကား ဖြတ်သွားပြီးမှ သူမတို့စီးရမည့်ကား ရောက်လာသဖြင့် တက်စီးခဲ့လေသည်။ ဪ . . . ဒီနေ့လည်း တစ်ရက်ပြီးသွားပြန်လေပြီ။

* * *

ထရော်လီထဲမှ အဝတ်အစားများကို List မှတ်၍ ခွဲလိုက်သည်။ အလုပ်ဝင်တာ တစ်လကျော်နေပြီမို့ စက်တွေကို ကျွမ်းကျင်စွာ ကိုင်တွယ်တတ်နေပေပြီ။ အကျီအဖြူများ တစ်သုတ်လျှော်အပြီးမှာ ဘောင်းဘီများ လျှော်ရန် ရေတွက်၍ ထည့်ည် မီးခိုးရောင် ဘောင်းဘီရှည်အိတ်ထဲမှ ဒေါ်လာ ရာတန် (၁၅) ရွက်ကို တွေ့လိုက်ရ၏။ လုပ်လက်စအလုပ်ကို ခေတ္တရပ်လိုက်ပြီး Supervisor ထံ ခပ်မြန်မြန်သွား၍ ငွေကို အပ်လိုက်ပါသည်။

"ဘောင်းဘီက ဘယ်အခန်းကလဲဆိုတာ မှတ်မိလား ကောင်းဝါ"

"ဟုတ်ကဲ့ရှင့်။ Second Floor Room No. (56) ကပါ"

"ဪ . . . ဒါဆို မစ္စတာချာချီရဲ့ဘောင်းဘီပဲ။ ထားခဲ့ပါ။

စာရင်းမှတ်ပြီး အပ်လိုက်မယ်"

သူမလုပ်လက်စအလုပ်ကို ဆက်လုပ်နေစဉ် မမနွယ်က မီးပူတိုက်တာ သင်ပေးမည်ဟုဆိုသဖြင့် မမျိုးနှင့် လူလဲလိုက်ရ၏။

"အောင်မော်ရေ . . . အဲဒီမှာ စကားကို Ironing သင်ပေး လိုက်ဦး။ သူတတ်ဖို့ ဒါတစ်ခုပဲ ကျန်တော့တာ။ သေချာသင်နော်"

"လာ . . . စကားပါ။ ဒီမှာ သေချာကြည့်။ ဒီအလုပ်က စိတ်လွှင့်လို့မရဘူးနော်။ တစ်ခါတည်း ဒုက္ခတွေ့သွားမယ်"

"ဟုတ်ကဲ့ပါ အစ်ကို"

သူမ ကိုအောင်မော်သင်ပြသည်ကို သေချာမှတ်သား၏။ သူမကို လုပ်ခိုင်းတော့ ဂရုတစိုက်လေး လုပ်ပြရပါသည်။

"ဟုတ်ပြီ . . . စကားက အတတ်မြန်သားပဲ။ ဒီဆယ်ထည်ပြီးအောင်တိုက်ထားနော်နော်။ အစ်ကို Toilet ခဏ ဝင်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

သူမ ကျန်အင်္ကျီများကို ဆက်၍တိုက်နေပါ၏။ ကိုးထည်



မြောက်အင်္ကျီကို တင်လိုက်စဉ် လက်ဖဝါးလေး ခေါက်သွားသည်ကို ဆွဲဆန့်လိုက်မိပြီး လက်ကို ရေနွေးငွေ့ဟပ်သွားသဖြင့် အတော်ပူသွားရသည်။

"အ. . ."

"ဟယ် . . . စကား . . . လက်အပူလောင်သွားတာလား"

"လက်ဖိမိသွားတာလား"

အစ်ကိုဖိုးကျော်က သူမအနားသို့ အမြန်ရောက်လာပြီး သူမ၏ လက်ကလေးကို မ၍ကြည့်လိုက်ပါ၏။

"ဟာ . . . အပူဟပ်သွားတာကိုး။ အသားဖြူတော့ နီရဲနေတာပဲ။ ဟိုကောင် အောင်မော် ဘယ်ရောက်သွားတာလဲ။ ကလေးကို တစ်ယောက်တည်း လွှတ်ထားခဲ့တယ်"

"ကျွန်တော် Toilet ခဏဝင်နေတာပါ ကိုဖိုးကျော်"

"ကျွတ် . . . မင်းကွာ။ လာ . . . စကား ဆေးခန်းမှာ ဆေးသွားလိမ်းရမယ် . . . လိုက်ခဲ့"

အခန်းထဲမှထွက်၍ မြေညီထပ်ရှိ ဆေးခန်းမှာ ဆေးသွား၍ ထည့်ရပါသည်။ လူးပေးလိုက်သည့် ဆေးကြောင့် အပူတော်တော် သက်သာသွားရ၏။ ဆေးခန်းမှ ပြန်ထွက်လာစဉ် ကိုကို

ကျော်က သူမရှိရာဆီ ရောက်လာတော့သည်။

"ဝါလေး . . . ဘာဖြစ်လဲ"

"လက်အပူနည်းနည်းလောင်သွားတာပါ ကိုကိုကျော်"

"ကျွတ် . . . ဒါ နည်းနည်းလား။ ကြည့်စမ်း . . . နီရဲနေတာပဲ။ Ironing Duty ဘယ်သူလဲ ကျော်မြင့်ဦး"

"အော်မော်ပါ MD"

"ငါ့ရုံးခန်းထဲ လွှတ်လိုက်၊ လာ ဝါလေး။ ကိုယ်နဲ့လိုက်ခဲ့"

"ကိုအောင်မော့်ကို မဆူပါနဲ့ ကိုကိုကျော်။ အရဟာက ဝါလေး နမော်နမဲ့နိုင်လို့ ဖြစ်သွားရတာပါ"

"ကိုယ် သိပါတယ် . . . လာ . . . လိုက်သာလိုက်ခဲ့ပါ"

ကိုကိုကျော့်ရုံးခန်းထဲ ရောက်တော့ GM ကိုပါ တွေ့ရလေ၏။ GM က မျက်နှာပင့်၍ မေးလိုက်ပါသည်။

"ဘာဖြစ်ပြန်ကာလဲ"

"လက်အပူလောင်သွားတာ"

"လုပ်ပြန်ပြီ။ ကိုယ့်အန္တရာယ်ကို ကိုယ်ကြည့်ရှောင်ပေါ့တာ ငါ ... ကော်သေးတာပေါ့၊ အပူလောင်ရုံပဲ။ လက်ပေါ် မိကျ



ရင်တော့ မလွယ်ဘူး"

"သူ့ မကျွမ်းကျင်တဲ့အလုပ်ကို တစ်ယောက်တည်း လွှတ်ထားတာကိုး"

အောင်မော် MD ရုံးခန်းထဲသို့ အပြေးဝင်လာ၏။ သူမ မျက်နှာပူစွာဖြင့် ကိုကိုကျော့်ကို တောင်းပန်ကြည့်ဖြင့်သာ ကြည့်နေမိတော့သည်။

"အောင်မော် . . . မင်းအပြစ်မင်းသိတယ်နော်။ ဒါ နောက်ဆုံးဖြစ်ပါစေ။ နောက်ထပ် ဒီလိုပြဿနာမျိုး ငါ မကြားချင်ဘူး"

"ဟုတ်ကဲ့ပါ MD"

"သူ့ကို ironing မခိုင်းနဲ့ အောင်မော်။ Laundry ထဲက လူတွေအားလုံးကို ပြောထားပါ။ Laundry Supervisor က ဒီအခန်းကို ရောက်နေလို့ ဘာမှသိလိုက်မှာ မဟုတ်ဘူး။ ကဲ . . . သွားတော့"

"ဟုတ်ကဲ့ပါ GM"

အောင်မော်ထွက်သွားတော့ အလတ်က သူမ၏ လက်ကလေးကို ကိုင်၍ကြည့်နေပါသည်။ နေလ သူငယ်ချင်းဖြစ်သူကို တအံ့တသြဖြင့် ငေးကြည့်နေမိ၏။ ကြည့်စမ်း . . . အလတ်က ဒီကောင်မလေးကို စိတ်ဝင်စားနေတာကိုး။

"တော်တော်ပူနေသေးလား ဝါလေး"

"နည်းနည်းပဲ ပူပါတော့တယ် ကိုကိုကျော်"

ဗုဒ္ဓေါ . . . ကိုကိုကျော်တဲ့။ စကားဝါက အလတ်ကို ဒီလို ခေါ်နေပါလား။ ပပကဖြင့် သူ့ကို ဒီလိုမျိုး တစ်ခါမှ မခေါ်ဘူးနဲ့။ နေလလို့ခေါ်ခဲ့ရာမှ ကိုနေလို့ပြောင်းခေါ်တာတောင် မခေါ်ချင့် ခေါ်ခင်။ နင်တစ်လုံး ငါတစ်လုံး ပြောမနာ ဆိုမနာ သူငယ်ချင်းတွေမို့ မိဘသဘောတူ၍ လက်ထပ်ရန် ခေါင်းညိတ်ခဲ့ပါသော်လည်း အခုထိ သူငယ်ချင်းအဆင့်က မကျော်နိုင်သေး။

"မစွတာချာချီက မင်းကို ကျေးဇူးတင်လို့ တွေ့ခွင့်တောင်းထားတယ် စကားဝါ"

"ရှင်"

"မင်း သူ့ငွေတွေ အပ်ပေးထားတဲ့အတွက်ပေါ့"

"ဒါမျိုးက ဘယ်သူမဆို တွေ့ရင် ပြန်အပ်မယ့်ကိစ္စပါ။ ဒီလောက်အထိ ကျေးဇူးတင်ဖို့ မလိုပါဘူး။ ဝါလေး . . . မတွေ့ပါရစေနဲ့ ဦးမင်းနေလရှင်"

သူ တွန့်ခနဲဖြစ်သွားရသည်။ ကြည့်ပါဦး ခေါ်ပုံက။ ဦးမင်းနေလတဲ့။ စိမ်းသက်လိုက်တာ။ အလတ်ကိုကျ တရင်းတနှီးခေါ်



ပြီး သူ့ကိုကျ ဒီလိုခေါ်ရသတဲ့လား။

"ကိုကိုကျော် . . . ဝါလေး အလုပ်တွေရှိသေးလို့ သွားတော့မယ်နော်။ ခွင့်ပြုပါဦးရှင်"

သူ့ကိုပါ တစ်ဆက်တည်း ခွင့်ပန်လိုက်သဖြင့် သူ ခေါင်းညိတ်ပြလိုက်ရ၏။ သူမ တံခါးဖွင့်စဉ် အလတ်က လှမ်းမှာလိုက်ပါသည်။

"ဝါလေး . . . ညနေအိမ်ပြန်ရင် ကိုယ်လိုက်ပို့ပေးမယ်။ ကော်ကြာ ဝါလေး ဒဏ်ရာကို ဒေါ်လေး စိတ်ပူနေမှာစိုးလို့ပါ"

"ဟုတ်ကဲ့ပါ ကိုကိုကျော်"

သူမ ထွက်သွားတော့ အလတ်က သက်ပြင်းချရင်း ထိုင်ခုံမှာ ကျောမှီထိုင်လိုက်၏။ နေလ ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပြီး အလတ်ကို မေးလိုက်ပါသည်။

"မင်း . . . သူနဲ့ခင်မင်တာ ဘယ်လောက်ကြာပြီလဲ အလတ်"

"၅ နှစ်"

"၅နှစ်တောင်"

"ဟုတ်တယ်။ သူ (၁၃)နှစ်အရွယ်ကတည်းက သူ့အိမ်

ကို ငါ ဝင်ထွက်ခဲ့တာ”

“ငါ တစ်ခုပြောမယ် အလတ်။ မင်းပညာ၊ မင်းအဆင့်အတန်းနဲ့ သူ့ထက်သာတဲ့ မိန်းကလေးမျိုး ရွေးနိုင်ပါတယ်ကွာ”

“မင်း ဘာကိုဆိုလိုတာလဲ နေလ။ ရှင်းရှင်းပြောကွာ”

“ငါဆိုလိုဟာ သူ့ကိုရွေးရင် မင်းဘက်က နစ်နာနေမှာကို ကြိုမြင်လို့ပါ”

“မင်းက ဘယ်လိုပေတံမျိုးနဲ့ တိုင်းလိုက်တာလဲ။ ငါ ပြောပြမယ်။ ငါက မင်းလိုမျက်စိတဆုံး ကြည့်ပြီး အတွေးတွေ မဖြန့်ဘူး နေလ။ ရိုးရိုးရှင်းရှင်းပဲ မြင်တတ်တယ်။ မင်းရဲ့ပပနဲ့တော့ မယှဉ်သာဘူးပေါ့ကွာ။ ပပက ပညာတတ်တယ်၊ ဥစ္စာရှိတယ်၊ ဉာဏ်ရည် ဉာဏ်သွေးမြင့်မားတယ်၊ မျိုးရိုးကောင်းတယ်။ အေး . . . ဝါလေးက မျိုးရိုးလည်း အသင့်အတင့်၊ ပညာလည်း အသင့်အတင့်၊ ဥစ္စာနတ္ထိ၊ ဉာဏ်ရည်လည်း တော်သင့်ရုံပဲ။ ပပက ထက်မြက်တယ်၊ ဝါလေးက နူးညံ့တယ်။ ပပထက်သာတာ ဆိုလို့ ဝါလေးမှာ လူတစ်ဖက်သားကိုငဲ့ညှာတဲ့စိတ်ဓာတ်နဲ့ အိမ်ထောင်မှု နိုင်နင်းတာလေးပဲ ရှိတာပါ။ သေချာဘာတစ်ခုကတော့ သူ့အိမ်ထောင်ရှင်ကို တရကာသေ အလေးအမြတ်ထားတဲ့စိတ်မျိုး ဝါလေးမှာ ရှိ



တယ်။ ပပမှာတော့ ရှိလိမ့်မယ် မထင်နဲ့”

သူ တွေခနဲဖြစ်သွားရ၏။ သေချာတာပေါ့။ သူ့ကို ရှိသေဖို့ နေနေသာသာ သူ့ငယ်ချင်းအဆင့်ထက် ပိုသာတဲ့ အပြောအဆိုအပြုအမူမျိုး ယနေ့ထိ ပပထံမှာ သူ ရှာမတွေ့ခဲ့ပေ။

“ငါ သူ့ကို အချစ်တစ်ခုတည်းနဲ့ ရွေးချယ်မှာ နေလ။ ငါလိုချင်တာ သူ့ရင်ထဲက ငါ့ကို နှစ်နှစ်ကာကာ ပြန်ချစ်မယ့် ချစ်ခြင်းတစ်ခုတည်းပါ။ အားနာမှု၊ ကျေးဇူးတရားတွေ ထောက်ထားမှုနဲ့ ငါ့ကို သူ ခေါင်းညိတ်လိုက်မှာကို ငါ လက်မခံနိုင်ဘူး။ ဒါကြောင့် ငါ အရမ်းစဉ်းစားပြီး တွေဝေနေရတာ။ သူ့အပေါ် အနိုင်ယူပြီး သိမ်းပိုက်လိုက်တဲ့အဖြစ်မျိုး ငါ အဖြစ်မခံနိုင်ဘူး။ အဲဒါ အမှန်ပဲ”

“စိတ်ကူးတွေ သိပ်မယဉ်ပါနဲ့လား အလတ်ရာ။ ငါ မင်းအတွက် ပြောနေတာပါ”

“ကျေးဇူးတင်ပါတယ် နေလ။ နိမ့်ပါးတဲ့ သူ့ဘဝလေးကို မြှင့်တင်ပေးချင်တဲ့ ငါ့စိတ်က အဖြူရောင်သက်သက်ပါ။ ကြာလာတာနဲ့အမျှ ငါ သူ့ကို တဖြည်းဖြည်း ချစ်လာမိတာကွ။ ဥယျာဉ်မှူးတစ်ယောက်ဟာ သူစိုက်တဲ့ ပန်းပွင့်လေးကို တစိမ့်စိမ့်ကြည့်ရင်း ပီတိခံစားနေရသလို ငါ ခံစားနေရတာပါ။ သူများခူးသွားမှာလည်း

စိုး၊ ကိုယ်တိုင်လည်း မခြွေရက်နဲ့။ ငါ့ရင်ထဲမှာ ဖြစ်နေတာတွေ မင်းသိမှာ မြင်မှာ မဟုတ်ပါဘူး နေလရာ"

သက်ပြင်းကိုယ်စီချလျက် ငြိမ်သက်တိတ်ဆိတ်သွားတော့၏။ ညနေ အိမ်အပြန်မှာ အလတ်ကားပေါ် ပါသွားသည့် သူမကို လှမ်းမြင်လိုက်ရပြီး သူ့ ခေါင်းကိုခါ၍ အိမ်ပြန်ခဲ့လေသည်၊ ဩော် . . . အလတ်တော့ အချစ်ကို ဦးစားပေးလေပြီကော။

× × ×



ကိုကိုကျော် နှုတ်ဆက်၍ပြန်သွားတော့ သူမ အိမ်တံခါးကို ပိတ်လိုက်ပါသည်။ ဘုရားရှိခိုး၍ မေမေ့ကို ကန်တော့ကာ အိပ်ခန်းလေးထဲ ဝင်ခဲ့၏။ လက်မှ အနာကိုကြည့်နေရင်း ကိုကို့ကို သတိရလာသည်။ ကိုကိုသာရှိနေရင် သူမကို ဒီလိုမျိုးအဖြစ်ခံမည် မဟုတ်။ နေ့ရောညပါ အလုပ်တွေ ပင်ပန်းရင်း ဗိုက်အောင့်တတ်သည်ကို ဂရုမစိုက်ဘဲနေခဲ့ရာမှ ညသန်းခေါင်ကြီး ဗိုက်ထအောင့်သဖြင့် ဆေးရုံပို့ရန် စီစဉ်စဉ်မှာပင် အချိန်က နှောင်းခဲ့လေပြီ။ အူအတက်ပေါက်ကာသေဆုံးခဲ့ရသည့် ကိုကို့မျက်နှာကို မြင်ယောင်ရင်း သူမ မျက်ရည်ကျလာ၏။

ဝေဒနာတွေ ခံစားနေလျက်က ညီမလေးကို စိတ်မချနိုင်ဘဲ ကိုကိုကျော့်စကားကို တသွေမတိမ်းနာခံရန် တဖွဖွ မှာ

ကြားပြီး ငြိမ်သက်သွားသည့် ကိုကို့ကို ဖက်ငိုရင်း သူမ သတိလစ်ခဲ့ ရလေသည်။ သတိပြန်လည်လာတော့ သူမလက်ဖဝါးလေးကို ဆုပ်ကိုင်ထားသည့် ကိုကိုကျော့ရင်ခွင်ထဲမှာ အားကိုးတကြီး ငိုခဲ့ ရသည်က ရင်ကွဲလုမတတ်။

အသုဘချစဉ်မှာရော ရက်လည်ဆွမ်းသွပ်ချိန်မှာပါ အနီးဆုံးမှာ ဖေးမကူညီခဲ့သည့် ကိုကိုကျော့ကျေးဇူးတွေက သူမ အပေါ်မှာ များစွာ စုပုံနေလေပြီ။ တရားပြည့်ဝနေသည့် မေမေက တော့ သူမလောက် ဖြေမဆည်နိုင်မဖြစ်လေခဲ့။ သူမမှာတော့ ၆ နှစ်ကြီးသည့် အစ်ကိုနှင့် တိုးတိုးဖော်၊ ချွဲနွဲ့ဖော်၊ တစ်ယောက်ကို တစ်ယောက် အချစ်ကြီးချစ်ခဲ့ကြရသည့် ကိုကို့ကို ယခုတိုင် သတိ ရနေဆဲ။

ရပ်ကွက်ထဲရှိ အသုတ်ဆိုင်မှ မသီတာနှင့် ကိုကိုတို့ ကြိုက်နေသည့် သတင်းသံသဲ့သဲ့ကြားရုံမျှဖြင့် ထမင်းမစားဘဲ အိပ်ရာထဲမှာ ငိုယိုစိတ်ကောက်ဆန္ဒပြခဲ့စဉ် စိတ်ပြေအောင် မရ မက ချော့မော့၍ ရည်းစားကို ဖြတ်ပစ်ခဲ့သည့် ကိုကို့ချစ်ခြင်းတွေ ကို သူမ မမေ့နိုင်ခဲ့။ ကိုကိုဆုံးသွားတော့ အိမ်ထဲမှာ ကျိတ်ငိုနေခဲ့ သည့် မသီတာကို ကိုယ်ချင်းစာနာစိတ် သူမ မထားတတ်ခဲ့။ ချစ်



လှစွာသော ကိုကို့ကို ဘယ်သူစိမ်းလက်ထဲကိုမှ ထည့်မပေးချင် တဲ့ အတ္တတို့က ဝိညာဉ်ကင်းမဲ့သွားပြီဖြစ်တဲ့ ကိုကို့ကို မျက်တောင် မခတ် စိုက်ကြည့်နေခဲ့မိစဉ် တရိရိ အရည်ပျော်ကျခဲ့လေပြီ။

ဘဝမှာ ဒီလိုမျိုး ကိုကိုနဲ့ ရုတ်တရက်ကြီးခွဲခွာရလိမ့်မယ် လို့ သူမ အိပ်မက်တောင် မက်ခဲ့ဖူးတာမှ မဟုတ်ဘဲ။ ကိုကိုရှိစဉ် တုန်းက မွေးထားခဲ့သည့် ကလေးစိတ်တို့ကို အခုချိန်မှာ ဖျောက် ဖျက်ပစ်ခဲ့ရပြီ။ စက်ချုပ်၍ ပင်ပင်ပန်းပန်း ပိုက်ဆရှာနေရသည့် မေမေ့ကို အနားယူစေချင်၏။ ချုပ်ရိုးသေသပ်၍ လက်ရာကြိုက် ကြသည်မို့ မျက်နှာနာ ရင်းနှီးလွန်းသည့် အပ်ထည်တို့ကိုသာ မလွဲ မရှောင်သာ ချုပ်ရန် လက်ခံနေသည်မို့ ဘာမှမပြောသာခဲ့။

မနက်တိုင်း အလုပ်သွားစဉ် အသုတ်ဆိုင်ရှေ့မှ မျက်နှာ ပူစွာ ခေါင်းငုံ့၍ ဖြတ်လျှောက်တိုင်း သူမကို ငေးကြည့်နေသည့် မသီတာကို အားနာရုက်ရှုံ့မှုဖြစ်ရတာ နေ့စဉ်ပါ။ နောင်တဆိုတာ နောင်မှ "တ"ကြစမြဲတဲ့။ ခွင့်လွှတ်ပေးပါ မသီတာ။ ကိုကိုနဲ့ မသီတာကို ငယ်ရွယ်စိတ်တစ်ခုတည်းနဲ့ ကွဲစေခဲ့တာဟာ ထာဝရ လို့ မရည်ရွယ်ခဲ့တာ အမှန်ပါ။ ခုချိန်မှာ ကိုကိုသာ သက်ရှိထင်ရှား ရှိနေခဲ့ပါလျှင် မသီတာနှင့် သူမ သဘောတူပေးမိမည်မှာ အသေ

အချာ။ ဩော် . . . နှောင်းခဲ့ပြီပဲလေ။

သူမ မွေးနေ့တိုင်း မိသားစုဘုရားတက်ကြ၊ ပန်းရေချမ်း ဆီမီး သက်စေ့ ကပ်လှူပူဇော်ပြီး ဘုရားပေါ်က အဆင်းမှာ ငှက်ကလေးတွေ သက်စေ့လွှတ်ပေးခဲ့တဲ့ ပျော်ရွှင်မှုမျိုးကို အခုချိန်မှာ ဘယ်မှာရနိုင်မှာတဲ့လဲ။ ညီမလေး မွေးဖနေ့တိုင်းမှာ ကိတ်မုန့်သေးသေးလေးပေါ် ဖယောင်းတိုင်သေးသေးလေး သုံးတိုင်ထွန်းပြီး မွေးနေ့ပွဲလေး ပြုလုပ်ပေးခဲ့တာ။ အခု (၁၈) နှစ်မြောက်မွေးနေ့မှာ ဒီလိုမျိုး ဘယ်သူက လုပ်ပေးတော့မှာလဲ။

ခေါင်းရင်းဘက် ပြတင်းပေါက်ဘောင်ပေါ် လက်တစ်ဖက်တင်၍ ကောင်းကင်ကို ငေးကြည့်နေရင်း မျက်ရည်တို့က တပေါက်ပေါက်ကျနေ၏။ ရှိုက်သံမထွက်မိစေရန် သတိထားနေရင်း အိမ်ရှေ့ခန်းမှ ဒေါ်မေအိပ်နေသည်ကို အနှောင့်အယှက် မဖြစ်စေချင်ပါ။ မည်းညို့နေသည့် ကောင်းကင်မှ မိုးစက်လေးတွေ တပေါက်ပေါက် ကျလာတော့ မိုးရေထဲမှာ ထီးတစ်ချောင်းဟည်းနှင့် သူမ ဆောင်းချင်သည်ကို အလိုလိုက်၍ လိုက်ဆောင်းပေးခဲ့သည့် ကိုကို့ကို သတိရ လွမ်းဆွတ်တမ်းတမှုက အမြင့်ဆုံးပင်။

လေနှင့်အတူ လွင့်စင်လာသည့် မိုးမှုန်တို့က သူမ



မျက်နှာကို ရိုက်ခတ်ထိတွေ့လာ၏။ ခပ်ဖွဲဖွဲကျနေသည့် မိုးစက်များကြားမှ မှုန်မှုန်လေးသာနေသည့် လကို ငေးကြည့်နေမိသည်။ ငယ်စဉ်က မေမေ ပြောဖူးသည့် ဆန်ဖွပ်သည့်အဘိုးအို ပုံပြင်လေးအကြောင်း ကိုကိုပြန်ပြောပြတော့ သူမလည်း လကမ္ဘာကြီးထဲ သွားချင်ကြောင်း ပူဆာမိခဲ့၏။ ကိုကိုက ဆန်ဖွပ်သည့်အဘိုးအိုဆိုရင် သူမက ကိုကိုနံဘေးမှာ ယုန်ကလေးအဖြစ် အတူတူနေရန် စိတ်ကူးကြောင်းပြောမိတော့ ကိုကိုက သူမကို ပွေ့ဖက်ရင်း နစ်သိမ့်ပေးခဲ့တာတွေဟာ အိပ်မက်တစ်ခုမဟုတ်ခဲ့ပါ။

ကိုကိုမရှိတော့တဲ့နောက်မှာ ကိုကိုကျော်က အလိုက်တသိနဲ့ သူမကို ကူညီဖေးမပေးပေမယ့် သူစိမ်းဟာ သူစိမ်းပါပဲ။ အချိန်တန် ကိုကိုကျော် အိမ်ထောင်ပြုသွားပါက ကိုကိုကျော့်ထံမှ ဒီလိုကြင်နာခြင်းမျိုးကို သူမ ဆက်လက်ရလိမ့်မည်မဟုတ်။ ကိုကို့တုန်းကလို အိမ်ထောင်ပြုမှာ စိုးရိမ်စိတ်ဖြင့် စိတ်ဘောက်ခြင်းကို ကိုကိုကျော့်ကို သူမ မလုပ်ပြဝံ့။

သူမထက် (၁၀)နှစ်ကြီးသည့် ကိုကိုကျော့်ကို ရှိသေလေးစားမိသည့်စိတ်က ငယ်စဉ်ကတည်းက အမြစ်တွယ်ခဲ့ပါ၏။ ကျူရှင်ထားပေးတာ၊ ကျောင်းစာအုပ်တွေ ဝယ်ပေးတာကလွဲ၍

တခြား ဘာပစ္စည်းကိုမှ သူမကို ကိုကိုကျော် ဝယ်မပေးဘူးခဲ့။ မှတ်မှတ်ရရ ဆယ်တန်းအောင်စဉ်က ဆုချပေးသည့် လက်ပတ်နာရီလေးတစ်လုံးသာ ယခုတိုင် သူမ လက်မှာ ပတ်ထားစဲ။

အဝေးသင် ပထမနှစ်စတက်ရန် ပြင်ဆင်ချိန်မှာ ကိုကိုနှင့် မေမေ့ရှေ့၌ ဆုံးမစကားပြောခဲ့သည့် ကိုကိုကျော့်ကို သူမ ချစ်ကြောက်ရိုသေတာ အမှန်ပင်။ ပညာရှာချိန်မှာ စိတ်ကို အလိုမလိုက်ဖို့ အလေးအနက်ဆိုဆုံးမခဲ့တဲ့ ကိုကိုကျော့်စကားသံတို့က ယခုတိုင် နားထဲမှာကြားယောင်နေဆဲ။ ကိုကိုကျော်သာ အိမ်ထောင်ပြုသွားလျှင် သူမကို ဒီလိုမျိုးဆုံးမသြဝါဒ ခြွေနိုင်ဦးမှာလား။

တကယ်တော့ ကိုကိုကျော်ဆိုတာ သူမနှင့်သက်ဆိုင်ပေမယ့် ပိုင်ဆိုင်တဲ့လူသားတစ်ဦးမှ မဟုတ်ပေဘဲ။ အခုဆိုရင် ဟိုတယ်မှာ ရာထူးကြီးကြီးနဲ့ နေရာရနေသည့် ကိုကိုကျော်ကို အရင်လို တရင်းတနှီး မဆက်ဆံဝံ့တော့ပြီ။ နောက်ဆုံးအဆင့် ဝန်ထမ်းတစ်ယောက်အနေဖြင့် အနေအထိုင် အပြောအဆိုကအစ ဆင်ခြင်နေရလျက် ဝေးကွာသွားသည့် အခြေအနေမှန်ကို သူမ လက်တွေ့ကြုံနေရပေပြီ။ သူမရင်ထဲက ရိုးသားဖြူစင်မှုတွေ



ကိုကိုကျော့်ထံမှာ ထာဝရရှိစေချင်တာ အမှန်ဆိုတာကို ကိုကိုကျော် နားလည်ပေးနိုင်ရင်ဖြင့် မည်မျှကောင်းနိုင်မလဲ။ ဒါပေမဲ့ . . ကြမ္မာကိုဖြင့် သူမ မယုံရဲတော့ပြီ။

× × ×

လေထဲမှာ တလူလူလွင့်မျောနေ၏။ ခြေဖဝါးအောက်မှ
ပ်မံဆိုင်တိမ်လိပ်များက နူးညံ့ညင်သာစွာ ပွတ်တိုက်သွားကြ
ည်။ ဝတ်ထားသည့် အဖြူရောင်ဝတ်စုံက တိမ်တို့နှင့်အပြိုင်
ဖွားဆွတ်နေလျက်။ တငြိမ့်ငြိမ့် လွင့်မျောနေရင်း ရင်ထဲမှာ
အားခနဲ ခံစားမှုနှင့်အတူ တိမ်များထက်မှာ သူ ရပ်တန့်လိုက်၏။
တ်မှ တစ်စုံတစ်ခုကို ရေရွတ်လိုက်မိသော်လည်း မသဲမကွဲ။
ကိုဒီလှည့်လည်၍ တစ်စုံတစ်ရာကို လိုက်လံရှာဖွေနေမိ၏။
ပ်မ်းလက်စ ခြေလှမ်းတို့က တိုက်တန်းအဆုံးတွင် ချေချော်အကျ
ည့်သော လက်တစ်ဖက်က သူ့ကို လှမ်းဆွဲခေါ်ယူလိုက်၏။ လှပ်
နဲ အေးသွားသည့် ခံစားမှုဖြင့် သူ့ကိုဆွဲယူလိုက်သည့် လက်ပိုင်
င်ကို ကြည့်လိုက်စဉ် အနက်ရောင်ဆံပင်ရှည်တို့က လေထဲတွင်

လွှင့်မျောနေရင်း သူ့ကို ပြုံးပြနေသည့် မျက်နှာပိုင်ရှင်ကို တေ
လိုက်ရလေသည်။

"ကိုကြီး . . ."

တီးတိုးခေါ်သံအဆုံးမှာ စံပယ်ပန်းရနံ့ကို့က မွှေးကြိုင်
နှံ့ သွားသည်။ ရုတ်တရက် အိပ်နေရာမှ သူ ကျုံးထလိုက်၏။ ဘုရာ
ရေ . . . သူ ဘာတွေအိပ်မက်နေတာလဲ၊ အိပ်မက်ထဲမှာ တွေ့လိုက်
ရတာ စကားဝါပါလား။ ကြည့်စမ်း . . . အလတ်ကို တားဆီးလိုစိတ်
ပြင်းထန်မှုတို့ကြောင့် စိတ်စွဲ၍ အိပ်မက်မက်နေခဲ့တာကိုး။ စိတ်
တိုင်းမကျမှုတို့ဖြင့် တက်တစ်ချက်ကို သူ ခပ်ပြင်းပြင်းခေါက်လိုက်
မိ၏။

"တောက်"

နာရီကို ကြည့်လိုက်တော့ မနက် (၄)နာရီ (၁၀)မိနစ်
ရေခဲသေတ္တာထဲမှ ရေပုလင်းကို ထုတ်သောက်လိုက်စဉ် ရေ
မအေးဘဲ လည်ချောင်းထဲမှာ ပူဆင်းသွားရသည်။ ကျွတ် . .
အဆင်မပြေလိုက်တာ။ Night wear ခါးစည်းကြိုးစကို ဖြေလျှော့
လိုက်ပြီး ခုတင်ထက်ပြန်ထိုင်ချလိုက်၏။ အလင်းမှုန်ပြပြမှာ လက်
သာနေတုန်း။ အခန်းအပြင်ဘက်ကို ထွက်၍ လသာဆောင်မှာ ရ



နေမိသည်။ မိုးနံ့နှင့်အတူ အေးစိမ့်သည့်လေတို့က သူ့ကိုယ်ခန္ဓာ
ကို ဖြတ်တိုက်သွား၏။ ညက တစ်ညလုံး ကောင်းကောင်းအိပ်
မပျော်။ (၁)နာရီလောက်မှ မှေးခနဲအိပ်ပျော်သွားမိတာ အိပ်မက်
ကြောင့် သူ နိုးထခဲ့ရပြီ။ ခေါင်းထဲမှာ နောက်ကျိကိုက်ခဲနေသည်။

အလတ် စစ်ပြီးသွားသည့် နှစ်ချုပ်စာရင်းတို့ကို ညစဉ်
ထိုင်စစ်ခဲ့တာမို့ သူ အိပ်ရေးပျက်နေခဲ့တာ ကြာပြီ။ ပပက အနား
ယူနိုင်းသော်လည်း ဖေဖေ့ကို ပြန်အပ်ရမည့် စာရင်းတွေမို့ သူ ဂရု
တစိုက်လုပ်တတ်တာ အခုမှမဟုတ်ဘဲ။ လက်မှ နာရီအချက်ပေး
သံ ငါးချက်ပေါ်ထွက်လာ၏။ ဒီမနက်မှ Night Duty ထွက်မည့်
ပပကို သွားကြိုလိုက်တာပဲ ကောင်းမည်။ ရေချိုးအဝတ်အစားလဲ
၍ ကားမောင်းထွက်လာတော့ (၆)နာရီကျော်နေပြီ။ ကားမောင်း
ရင်း ခေါင်းထဲမှာ ရိပ်ခနဲ ဖြစ်သွားတာ ခဏ ခဏ။ ကားဆက်မောင်း
လို့ ဖြစ်ပါ့မလား။ ခြေထောက်က ဘရိတ်ကို သေချာတင်ထားပြီး
သတိထား ဆက်မောင်းခဲ့၏။ လမ်းပေါ်မှာ ဘာကားမှမရှိ။ ကတ္တရာ
လမ်းမည်းမည်းကြီးက သူ့အမြင်မှာ ရှေ့မှ ပြေးဝင်လာစဉ် လက်
ကိုင်ဘီးကို လမ်းဘေးဆွဲချ၍ ဘရိတ်ကို ဆောင့်နင်းလိုက်တာကို
သာ နောက်ဆုံး သိလိုက်သည်။

ကိုကို့အတွက် ရည်စူး၍ ဘုရားမှာ ပန်းရေချမ်း ဆီမီး ပူဇော်ကန်တော့ပြီး အလုပ်ပြန်ဝင်ရန် ခပ်ဖြည်းဖြည်းဆင်းလာခဲ့၏။ ကားစီးပါက အချိန်စောရောက်သွားမည်မို့ လမ်းလျှောက်သွားရန် ဆုံးဖြတ်ပြီး လျှောက်လာခဲ့၏။ ကားရှင်းသည့် လမ်းပေါ်မှာ ခပ်အေးအေးလျှောက်နေစဉ် ရှေ့မလှမ်းမကမ်းမှာ ပလက်ဖောင်းပေါ် ဘီးတစ်ဖက်တင်၍ ရပ်နေသည့်ကားကို မြင်ဖူးသဖြင့် သူမ ကြည့်လိုက်မိသည်။ ဘုရား . . . ဒါ GM ရဲ့ကားပဲ။ သူမ ခပ်သွက်သွက် လျှောက်သွားပြီး ကြည့်လိုက်တော့ လက်ကိုင်ဘီးပေါ် မှောက်လဲနေသည့် GM ကို တွေ့လိုက်ရလေ၏။

"ဟယ် . . . ဒုက္ခပါပဲ"

ဟိုဟိုဒီဒီ လှမ်းကြည့်စဉ် Taxi တစ်စီးကို မြင်လိုက်၍ ရပ်နိုင်းကာ အခြေအနေကို ပြောပြပြီး အကူအညီတောင်းရ၏။ Taxi ဒရိုင်ဘာ၏ အကူအညီဖြင့် GM ကို Taxi ပေါ်တင်ကာ သူမပါ အနီးဆုံးဆေးခန်းကြီးသို့ လိုက်ခဲ့ရလေသည်။ ဒရစ်ပ်ပုလင်းချိတ်၊ ဆေးထိုးဖြင့် အလုပ်ရှုပ်နေကြသည့် ဆရာဝန်နှင့်နာ့စ်တွေကို ငေးကြည့်နေရင်း သူမ အပေါက်ဝမှာ ရပ်နေမိ၏။

"ဒါ . . . ဒေါက်တာပပဘိုရဲ့ Boy Friend ပဲ။ အခုလေး



င်ပဲ ဒေါက်တာပပနဲ့ ကျွန်တော် duty ချိန်းသွားတာ။ ဒါနဲ့ သူ့ မ်ဖုန်းနံပါတ် သိပါသလား"

"ဟင့်အင်း . . . ခဏလေးပါ ဒေါက်တာ။ ကျွန်မ သူ့ ငယ်ချင်းကတစ်ဆင့် အကြောင်းကြားပေးပါ့မယ်"

သူမ ဆေးခန်းထဲရှိဖုန်းမှပင် ကိုကိုကျော့်ကို ခေါ်လိုက်ပါ၏။ ကိုကိုကျော် ရောက်လာတော့မှ အကျိုးအကြောင်း ပြောပြကာ ဟိုတယ်သို့ ထွက်လာခဲ့တော့သည်။ အလုပ်သမား တစ်ယောက်မို့ အလုပ်ပျက်လို့မဖြစ်တာ ဦးမင်းနေလ နားလည်နိုင်ပါစေ။

ကျော်ဇင်လတ် သူ့Hand Phone ဖြင့် အန်ကယ်ဦးနေရောင်ကို လှမ်းမှာလျက် နေလ၏ ခုတင်ဘေးမှာ ထိုင်စောင့်နေ၏။ တော်သေးတာပေါ့ နေလရယ်။ ဝါလေး ဘုရားတက်တဲ့ရက်နဲ့ ဆုံခဲ့လို့ မင်း ဒုက္ခမရောက်တာ။ ဝါလေးက ဘာမှမပြောနိုင်းလို့သာ။ မင်း သိပ်အထင်သေးတဲ့ ချာတိတ်မလေးမှာ အင်မတန်မွန်မြတ်တဲ့ စိတ်လေးရှိနေတာကို မင်း တစ်နေ့သိလာမှာပါကွာ။

အန်ကယ် ဦးနေရောင်ရောက်လာတော့ ဇနေလကို သူ ဆေးခန်းပို့ပေးသည်ထင်၍ ကျေးဇူးတွေ တင်နေ၏။ သူ့ အလိုက်

သင့်ပြောရင်း နေလိုက်ရသည်။ ဆရာဝန် Round လှည့်တုန်းမို့ နာ့စ်တစ်ယောက်သာ အနီးမှာရှိနေ၏။ သူ အန်ကယ်ဦးနေရောင်ကို ထိုင်ခုံမှာ နေရာပေးလိုက်ပြီး တစ်ဘက်မှာ သွားရပ်စောင့်ကြည့်နေပါသည်။

လေးပင်သည့် မျက်ခွံတို့ကို အားယူ၍ဖွင့်ကြည့်လိုက်စဉ် စိုးရိမ်တကြီးကြည့်နေသည့် ဖေဖေ့မျက်နှာကို တွေ့လိုက်ရလေ၏။

"သား . . . နေရတာ သက်သာရဲ့လား။ ကံသီပေလို့ပေါ့။ သားသူငယ်ချင်းကို ကျေးဇူးတင်။ သူ အချိန်မီ ဒီဆေးခန်းကို ပို့ပေးလို့ သား ဒုက္ခမဖြစ်တာ"

"ကျေးဇူးတင်တယ် အလတ်"

"ရပါတယ် . . . မင်းနေသာသလိုနေပါ"

"ဟိုတယ်ကို ဒီအတိုင်းထားလို့မဖြစ်ဘူး"

"ငါ သိပါတယ်။ မင်း အခြေအနေကောင်းရင် ငါ သွားမှာပါ"

"ရတယ်။ ဖေဖေရှိနေကာပဲ။ မင်း သွားပါ အလတ်"

"အိုကေလေ။ အန်ကယ် . . . ကျွန်တော့်ကို ခွင့်ပြုပါဦး"



သူ ဟိုတယ်ကို ထွက်လာခဲ့၏။ ရုံးခန်းထဲ ထိုင်နေရင်း စိတ်ထဲ တစ်မျိုးကြီးဖြစ်နေသဖြင့် Laundry ဘက် ထွက်လာခဲ့သည်။ Washing-machine မောင်းနေသည့် သူမကို နောက်ကျောမှမြင်ရ၏။ အနားသို့ ရောက်သွားစဉ် ဖျတ်ခနဲ မျက်ရည်သုတ်လိုက်သည့် မြင်ကွင်းကို သူ တွေ့လိုက်ပါသည်။

"ဝါလေး . . . အောင်နိုင့်ကို သတိရနေလား"

"ဟင်"

မျက်ရည်စို့လျက် မော့ကြည့်လိုက်သည့် မျက်ဝန်းတို့က သူ့ရင်ကို မွန်းကျပ်သွားစေသည်။

"နားလိုက်ပါလား ဝါလေး။ တော်ကြာ အလုပ်ထဲမှာ တစ်ခုခု ထပ်ဖြစ်နေရင် မကောင်းဘူး"

"ရပါတယ် ကိုကိုကျော်"

လျှော်ပြီးသား အဝတ်တွေကို စက်ထဲမှထုတ်ပြီး စဥ္စူပုံးထဲထည့်ကာ မီးပူတိုက်ရမည့်နေရာကို သူမ သွားပို့စဉ် အနားသို့ မယာဉ်ယဉ်နွယ် ရောက်လာ၏။

"စကား . . . ဒီမနက် ၈ နာရီခွဲမှရောက်တာ ဒေါ်တင်မာချိုက Report တင်ရမယ်ပြောလို့ သူ ဝမ်းနည်းနေပါတာ MD"

"ကျွတ် . . . သူ မရှင်းပြဘူးလား"

"ရှင်းပြဖို့ ကြိုးစားပါတယ်။ ဒါပေမဲ့ ဒေါ်တင်မာချိုက သူ့ကို ဝန်ထမ်းအသစ်မို့ ဖိဟောက်တာပေါ့"

သူ သူမရှိရာဆီသွား၍ လက်ဆွဲခေါ်လာခဲ့၏။ Laudry Supervisor က သူနှင့်သူမကို မြင်လိုက်ရ၍ မတ်တတ်ထရပ်လိုက်ပါသည်။

"MD"

"ဒေါ်တင်မာချို။ လုပ်ရိုးလုပ်စဉ်မို့ ခင်ဗျားတာဝန်ကို ကျေပွန်အောင် လုပ်တာ ချီးကျူးပါတယ်။ ဒါပေမဲ့ ဝန်ထမ်းရဲ့ အကြောင်းပြချက် တင်ပြတာကိုတော့ နားထောင်သင့်တာပေါ့။ သူ ဒီနေ့နောက်ကျတဲ့ နာရီဝက်ကို Cancel လုပ်လိုက်ပါ"

"ဒီလိုရှိပါတယ် MD။ ဂိတ်စောင့်ရဲ့ List ထဲမှာ သူ့ရဲ့ Remark ဝင်သွားတာမို့"

"ကျွန်တော်ပြောတဲ့အတိုင်းသာ လုပ်လိုက်ပါ ဒေါ်တင်မာချို။ ခင်ဗျားရဲ့တာဝန်သိတတ်မှုကို လေးစားပါတယ်။ အခုကိစ္စက သူ့ personal ကိစ္စကြောင့် နောက်ကျရတာ မဟုတ်ပါဘူး။ GM Accident ဖြစ်တာကို ဆေးခန်းလိုက်ပို့ပေးရင်း နောက်ကျသွားရတာပါ"



"ရှင်"

သူ သူမလက်ကိုဆွဲလျက် သူ့ရုံးခန်းဘေး နားနေခန်းသို့ ခေါ်လာခဲ့၏။ နစ်ယောက်ထိုင် ဆိုဖာပေါ်မှာ ထိုင်ခိုင်းထားလိုက်ပြီး Canteen မှ သံပုရာရည်တစ်ခွက် လာပို့ရန် ဖုန်းဖြင့် လှမ်းမှာလိုက်ပါသည်။

"ဝါလေးက ဒီအကြောင်းကို ဦးမင်းနေလကို မသိစေချင်လို့ပါ"

"ဘာဖြစ်လို့လဲ။ ဒါ ဖုံးထားရမယ့်ကိစ္စမှ မဟုတ်တာ"

"အဲဒါတော့ ဝါလေး မသိဘူး ကိုကိုကျော်။ ဝါလေးကြောင့် ဘယ်သူ့ကိုမှ စိတ်အနှောင့်အယှက်မဖြစ်စေချင်လို့ပါ"

"နေလလည်း တစ်ချိန်ချိန် သိသွားမှာပဲ။ ထားလိုက်ပါ။ ဝါလေး နားလိုက်ဦး။ နေ့လယ် ထမင်းစားချိန်ပြီးမှ ပြန်ဝင် . . . ကြားလား"

"ဟုတ်ကဲ့ပါ"

ကိုကိုကျော် အခန်းပြင်သို့ ပြန်ထွက်သွားတော့ ဖီးညို ရောင် မှန်ချပ်များကာထားသည့် Aircon ခန်းထဲမှာ သူမ တစ်

ယောက်တည်းသာ ကျန်နေခဲ့တော့၏။ ကိုကို့တုန်းကလို ဆေးရုံကို အချိန်မီမရောက်မှာကို စိုးရိမ်နေသည့်သူမ၏စိတ်ကို ဦးမင်းနေလ မသိစေချင်ပါ။

× × ×



ခုတင်ခေါင်းရင်းဘက်မှာ ကျောမှီထိုင်လိုက်ပြီး နွားနို့က်ကို တစ်ငုံသောက်လိုက်၏။ လျှာပေါ်မှာ အရသာမရှိသည်မို့က်ကို စင်ပေါ် ပြန်တင်လိုက်သည်။

"နေမကောင်းဖြစ်နေပေမယ့် ပပ မအောင့်နိုင်လို့ ကိုနေ့ို တစ်ခုလောက် မေးချင်တယ်။ ရမလား"

"ဘာများလဲ ပပရဲ့။ မေးပါ . . . ရပါတယ်"

"ဒီလိုမေးလို့ ကိုနေ ပပကို စိတ်မဆိုးရဘူးနော်။ ပပတို့ငယ်ချင်းတွေလို ပွင့်ပွင့်လင်းလင်းရှိကြေးပေါ့"

"ဟုတ်ပါပြီ။ မေးမှာသာ မေးပါ ပပရာ"

"ကိုနေ့မှာ ပပထက်ပိုရင်းနှီးရမယ့် မိန်းကလေးမိတ်ဆွေစ်ယောက်ယောက်များ ရှိနေပြီလား ဟင်"

"ဘယ်လို . . . ကိုယ်နားမလည်ဘူးပပရဲ့။ ရှင်းရှင်းပြောပါ"

"ကိုနေ Accident ဖြစ်တဲ့မနေ့ကပေါ့။ ကိုနေ့ကားပေါ်မှာ စံပယ်ပန်းကုံးလေးတစ်ကုံး တွေ့တယ်လို့ အန်ကယ်က ပြောတယ်။ ကိုနေက ကားပေါ်မှာ ပန်းတွေဘာတွေ ချိတ်လေ့မရှိတာ။ ပြီးတော့ ပန်းကလည်း တစ်ကုံးတည်းဆိုတော့"

"စံပယ်ပန်း . . . ဟုတ်လား"

"ဟုတ်တယ်"

သူ မျက်မှောင်ကျုံ့၍ စဉ်းစားကြည့်လိုက်တော့လည်း ဘာတစ်ခုမှ စဉ်းစား၍ မရ။ ဗုဒ္ဓေါ . . . အိပ်မက်ထဲက စံပယ်ပန်းက အပြင်မှာတော့ မရှိလောက်ပါဘူး။ သူ ဦးနှောက်တွေ ခြောက်လာရ၏။

"ကိုယ် မသိဘူး ပပ။ အဲဒါ အမှန်ပဲ"

"ပပက ကိုနေ့ကို သံသယနဲ့ မေးတာမဟုတ်ပါဘူးနော်။ သိချင်ရုံသက်သက်ပါပဲ။ ကိုနေ စဉ်းစားလို့မရရင်လည်း နေပါစေတော့"

"ကိုယ် တကယ် မသိတာပါ ပပရယ်"



သူ စိတ်အိုက်နေစဉ် အခန်းတံခါးဖွင့်၍ အလတ်ဝင်လာ၏။ လက်ထဲမှာ သစ်သီးထုပ်နှင့်အတူ ချိုင့်တစ်ခုကိုပါ သယ်လာသည်။

"ဩော် . . . ပပရှိနေတာကိုး။ ဘယ်လိုလဲ လူမမာ အခြေအနေ ကောင်းရဲ့လား"

"မြင်တဲ့အတိုင်းပဲ အလတ်ရေ"

ပပက မသိမသာ သက်ပြင်းချရင်း နားကျပ်ကို ကောက်ကိုင်၍ ထရပ်လိုက်၏။

"ဟော . . . ငါလာမှ ထထွက်ပုံထောက်ရင် နင်တို့ နှစ်ယောက် ဘာညာဘာညာတွေ ပြောနေတာပဲဖြစ်မယ်"

"ဟယ် . . .ပေါက်တတ်ကရ။ နင်တော့နော်။ တွေ့လိုက်ရင် ဒါမျိုးပဲ စ.နေ။ နင့်အလှည့်ကျမှ ဝဋ်လည်လိမ့်မယ်"

"အမလေး . . . အဲဒီဝဋ်ကြီးများ လည်ချင်လွန်းလို့။ အခါတစ်ရာလောက် လည်စမ်းပါစေနော်"

"သွားမဆွနဲ့ ပပရေ။ ဒီကောင့်ရင်ထဲမှာ ချာတိတ်မလေးတစ်ယောက် ရှိနေပြီ"

"ဟယ် . . . အဟုတ်"

"ဟာ . . . နေလ။ မင်း လျှောက်မဖွနဲ့လေ။ ငါတို့ ခုချိန်ထိ ရိုးရိုးသားသားပါကွ"

"မင်းဘက်က မရိုးသားပါဘူးကွာ။ လုပ်မနေနဲ့"

"ဟော့ကောင် . . . ပြောနေရင်းက . . ."

"ဟယ် . . .အတည်ပြောနေကြတာပဲ။ အလတ်ရေ . . . ဒါဖြင့် လာမယ့် Sunday မှာ ငါ Dinner ကျွေးမယ်။ နင့်ဟာလေး ခေါ်လာခဲ့"

အလတ် နှာခေါင်းရှုံ့ပြရင်း ခေါင်းခါလိုက်ပါသည်။ နေလက ခုတင်ပေါ်မှ ယဲ့ယဲ့ပြုံးနေ၏။

"မဖြစ်သေးပါဘူး ပပရာ"

"အမယ် . . . ဘာမဖြစ်ရမှာလဲ။ သူ ပါမလာရင် နင့်ကို ငါ သူငယ်ချင်းစာရင်းက ပယ်မှာနော်။ ဟင်း . . . တစ်ခါတလေလေး အားလို့ ဆုံရမယ်မှတ်နေတာ။ သင်း ဒါကြောင့်မို့ ကိုနေနဲ့ အတူ ပါမလာတာကိုး။ အခုမှပဲ ပေါ်တော့တယ်"

"ဟာ . . . ငါက နင်တို့နှစ်ယောက်ကို ရှောင်ပေးတာပါဟ"

"အပိုတွေလုပ်မနေနဲ့။ ငါ ပြောတဲ့အတိုင်း ဒါဆိုဒါပဲ။



ကိုနေ ပပ duty ဝင်ရမယ်။ သွားပြီနော်။ အလတ် ငါ အတည် ပြောတာနော်"

"ပပကတော့ လုပ်ချလိုက်ပြန်ပြီ"

ပပက သဘောတကျရယ်လိုက်ရင်း အခန်းထဲမှ ထွက်သွားတော့သည်။ သူက သစ်သီးထုပ်ကို စင်ပေါ်တင်လိုက်ပြီး သုံးဆင့်ချိုင့်ကို ဖြုတ်လိုက်၏။

"ဘာတွေဝယ်လာတာလဲ"

"မင်းစားဖို့ ကြက်ဥပွတင်းရယ်၊ ကြက်သားဆန်ပြုတ်နဲ့ ...းကြော်"

"ဟင် . . . လူမမာစာတွေ"

"မင်းပဲ ခံတွင်းပျက်လို့ဆို။ စားကြည့်ပါဦး‌ကွာ။ အရသာ ...တွေမှာပါ။ ကဲ . . . ဆန်ပြုတ်အရင်သောက်။ ပြီးမှ ပွတင်းစား"

ကြက်သွန်ဖြူဆီသပ်၍ ကြက်သွန်မြိတ်နှင့် ငရုတ်...ကောင်းမှုန့် ဖြူးထားသည်မို့ ဆန်ပြုတ်အနံ့က စားချင်အောင် ဆွဲ...ဆောင်နေပါ၏။ သူ ယူစားလိုက်တော့ တော်တော်အရသာရှိနေ...သည်။ ကုန်သွားတော့ အလတ်က သူ့လက်ထဲသို့ ရေနွေးတစ်...က် ထည့်ပေးပြီး သောက်ခိုင်း၏။ ပြီးမှ ပွတင်းချိုင့်ကို ကမ်းပေး

လိုက်သည်။ သိပ်မရှိုဘဲ ခပ်လေးလေးဖြင့် အရသာကောင်းမွန်သည့် ဒီလိုပူတင်းမျိုး သူ တစ်ခါမှ မစားခဲ့ဘူးချေ။

"ကောင်းလိုက်တာကွာ။ ဘယ်ဆိုင်က ဝယ်လာတာလဲ"

"နတ်သုဒ္ဓါ"

"ဒီနာမည် တစ်ခါမှ မကြားဖူးပါဘူး"

"အခုကြားဖူးပြီ မဟုတ်လား"

"ငါ နေကောင်းတော့ တစ်ရက်လိုက်ပို့ကွာ။ ထမင်းသွားစားကြတာပေါ့"

အလတ်က သူ့စကားကို နှစ်ခြိုက်စွာ ရယ်နေ၏။ သူ့မျက်မှောင်ကျုံ့ပြလိုက်မှ အရယ်ရပ်သွားစပါသည်။

"အလတ် . . . ငါ့ကို ဆေးရုံပို့ပေးတာ မင်းဟုတ်လို့လား"

"မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"ငါ ဘယ်သိမှာလဲ"

"မင်း မသိဘဲနေမှာမဟုတ်ပါဘူး။ သိကို သိရမယ်။ ငါ့ကို မညာနဲ့။ နောက်ပြီး ပပကလည်း ငါ့ကို မေးနေတယ်။ ငါ့ကားထဲမှာ စံပယ်ပန်းတစ်ကုံး တွေ့ရလို့တဲ့"



"ဟုတ်လား . . . စံပယ်ပန်းပန်တယ်ဆိုတော့ မေခလာနတ်သမီး ကယ်တာပဲနေမှာပေါ့"

"မနောက်ပါနဲ့ အလတ်ရာ။ ငါ့မှာ အိပ်မက်ထဲ စံပယ်ပန်းနဲ့ တွေ့ရလို့ လန့်နိုးခဲ့ရတာ။ အပြင်မှာပါ စံပယ်ပန်းကို တွေ့တာတော့ တိုက်ဆိုင်မှုဖြစ်နိုင်ပါတော့မ ဘား။ ငါ ဦးနှောက်တွေခြောက်နေပြီ"

ကျော်ဇင်လတ် စိတ်ထဲမှာ ဘုရားတလိုက်ရ၏။ နေလက အိပ်မက်ထဲမှာ စံပယ်နဲ့တွေ့ရတယ်ဆိုပါလား။ ဝါလေးများ နေလရဲ့ အိပ်မက်နတ်သမီးဖြစ်နေပြီလား။ ဖွ . . . လွဲပါစေ . . . ဝေးပါစေ . . . သူ့ သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်ရတော့၏။

× × ×

အလုပ်မှ ပြန်ရောက်တော့ ရေမိုးချိုး သနပ်ခါးလူးကာ ကိုကိုကျော့်ကို အသင့်စောင့်နေလိုက်သည်။ မေမေက အပ်ထည်တွေ လိုက်ပို့ပြီး အိမ်ပေါ် ပြန်တက်လာ၏။

"သမီး ဘယ်သူ့ကို စောင့်နေတာလဲ"

"ကိုကိုကျော့်ကိုပါ မေမေ။ ညစာစားပွဲတက်ရမယ် ဆိုလို့ပါ"

"အပြန် မှောင်မယ်ထင်တယ်"

"မှောင်လည်း မပူပါနဲ့ မေမေရယ်။ ကိုကိုကျော် အိမ်အရောက်ပြန်ပို့ပေးမှာပါ"

"မေမေ သိပါတယ် သမီးရယ်။ သူနဲ့ဆို မေမေ စိတ်ချထားပြီးသားပါ"

ကိုကိုကျော့်ကားလေး ခြံရှေ့မှာ ရပ်သွား၏။ လက်ထဲမှာ အထုပ်နှစ်ထုပ်ဖြင့် ကိုကိုကျော် အိမ်ပေါ်တက်လာသည်။

"ဒေါ်လေး . . . နေကောင်းရဲ့လား။ မတွေ့ဘာတောင် ကြာပြီ"

"ကောင်းပါတယ် သားရယ်"

"ဒါ ဒေါ်လေးအတွက်ပါ။ လက်ခံပါနော်"

"ဘာတွေလဲ သားရယ်။ အားနာစရာတွေ မလုပ်ပါနဲ့"

"ဒေါ်လေး ဥပုသ်စောင့်ရင်ဝတ်ဖို့ ယောရီဝတ်စုံ ပိတ်စပါ။ ကျွန်တော် တတ်နိုင်သလောက်လေး ပေးတာပါဗျာ။ တန်ဖိုးမကြီးပါဘူး။ အားမနာပါနဲ့။ ဝါလေးက ဒီထဲက ဝတ်စုံကို သွားလဲဝတ်ပါ"

"ဟင် . . . ဒီပုံစံနဲ့လိုက်လို့မရဘူးလား ကိုကိုကျော်ရဲ့"

"မဖြစ်ဘူး . . . ဧည့်သည်တွေနဲ့ တွေ့ရမှာ။ သွားလဲချေ"

သူမ အိပ်ခန်းထဲဝင်၍ ဝတ်စုံကို ထုတ်ကြည့်လိုက်တော့ အဝါနုရောင် ဂါဝန်နှင့် ကြိုးသိုင်းဖိနပ်အဖြူရောင်ကို တွေ့လိုက်ရ၏။ ဂါဝန်လေးက လည်ပင်းသိမ်မကျယ်ဘဲ လက်ဖောင်းလေး ဖြစ်နေ၍ ကလေးဆန်နေသည်။ သူမ လဲဝတ်လိုက်ပြီး ကျစ်ဆံမြီး နှစ်



ဖက်ကို အဝါရောင်ဖဲကြိုးလေး နှစ်ဖက်ဖြင့် ချည်နှောင်လိုက်၏။ ဖိနပ်ကို ကိုင်၍ အိမ်ရှေ့ထွက်လာတော့ ကိုကိုကျော်က သူမကို ပြုံးကြည့်လိုက်ပါသည်။

"အင်း . . . အခုမှ (၁၃)နှစ်သမီးလေး ပြတ်ဖြစ်သွားတာ"

"ဝတ်စုံလေးက သမီးနဲ့ လှလိုက်တာကွယ်"

"ကျွန်တော် ဝါလေးကို ညစာစားပွဲခေါ်သွားမယ်နော် ဒေါ်လေး။ ည ၉ နာရီကျော်ကျော်လောက် ကျွန်တော် လာပြန်ပို့ပါ့မယ်။ စိတ်မပူပါနဲ့"

"ရပါတယ် သားရယ်။ သားနမပဲဟာ။ ခေါ်သာသွားပါ"

သူမက အိမ်ရှေ့ဖိနပ်ချွတ်မှာ ဖိနပ်ကို ဝတ်လိုကတော့ အတော်ပင်ဖြစ်နေသဖြင့် အံ့ဩနေမိသည်။ ကိုကိုဂျော် သူမ ကိုယ်အတိုင်းနှင့် ဖိနပ်နံပါတ်တို့ကို ဘယ်လိုသိနေပါလိမ့်။

"လာ . . . သွားစို့"

"ဟာ . . . မမဝါ အရမ်းလှနေတယ်ပော့။ မိအေးရေ . . . လာကြည့်စမ်း"

"ဖိုးတာ . . . လျှောက်အော်မနေနဲ့လေ။ စာကျက်ထားနော်။ ရှေ့တစ်ပတ်စာမေးပွဲ ရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့ . . . စာတွေရနေပါပြီ မမဝါရဲ့။ ညကျရင် ကျွန်တော်ရော မိအေးပါ မမဝါဆီ စာလာဆိုပြမှာပါ"

"အေးအေး . . . ဒါဖြင့် မမဝါသွားပြီနော်"

"ဟုတ်ကဲ့"

ကားပေါ်တက် မောင်းထွက်ခဲ့တော့ ည ၇ နာရီခန့်ရှိနေလေပြီ။ ဖွင့်ထားသည့် ကားပြတင်းပေါက်မှ လေတိုးသဖြင့် ဝါလေးထံမှ ရှင်မတောင်သနပ်ခါးနံ့ သင်းသင်းလေးကို ရှူရှိုက်လိုက်ရ၏။ လေအတိုက်မှာ လွင့်ပျံ့နေသည့် ဆံနွယ်တို့က ကဗျာဆန်ဆန်။ ဩော် . . . ဝါလေးရယ် ကိုယ်ဖွင့်ပြောလိုက်ရင် မင်း ကိုယ့်ကို ပြန်မချစ်မှာ တစ်ခုကိုပဲ စိုးရိမ်နေမိတာပါ။ နဂိုကတည်းက ချစ်ကြောက်ရှိသေတဲ့ အစ်ကိုတစ်ယောက်ကို တလေးတစား အားကိုးစေချင်ပေမယ့် ကိုယ်လိုချင်တာ မင်းရင်ထဲက နှစ်နှစ်ကာကာ ပြန်ချစ်မယ့် ချစ်ခြင်းတွေကိုပါကွာ။

Restaurant တစ်ခုရှေ့၌ ကားကို ရပ်လိုက်ပါ၏။ ကားပေါ်မှ ဆင်း၍ ဝါလေးဘက်တံခါးကို ဖွင့်ပေးလိုက်သည်။ ဂါဝန်စလေးကို မ၍ဆင်းလိုက်တော့ ဖြူဖွေးလှပသည့် ခြေသလုံးသွယ်သွယ်တို့က အနည်းငယ်ပေါ်လွင်သွား၏။ ကြိုးသိုင်းဖိနပ် ဖြူလေးက ဝင်း



ပသည့် အသားရောင်နှင့် လိုက်ဖက်နေသည်။ ကွန်ကရစ်အခင်းပေါ် ခြေချအပြီးမှာ သူမ မော့ကြည့်လာ၏။ မျက်ဆံနက်နက်ကလေးများက ဘာမှ မသိသေးသည့်အကြည့်တို့ဖြင့် အဓိပ္ပာယ် ပြည့်နက်နေသည်။

"လာ . . .အထဲဝင်ကြစို့"

ရှေ့မှဦးဆောင်၍ ခြေကို လှမ်းစဉ် ဝါလေးက မငံ့မရဲဖြင့် တွန့်ဆုတ်စွာ အနောက်မှာ ကျန်နေခဲ့သည်။

"ဝါလေး . . . ဘာဖြစ်လဲ"

"ကိုကိုကျော် . . . ဝါလေးကို ဘယ်သူနဲ့တွေ့ပေးမှာလဲ ဟင်"

"အမျိုးသမီးတစ်ယောက်နဲ့ . . ."

"ရှင် . . ."

သူမ မျက်ဝန်းမှာ ချက်ချင်း မျက်ရည်တို့ဝေ့တက်လာတော့သည်။ ဘုရားရေ . . . ကိုကိုကျော်က သူ့အမျိုးသမီးနှင့် သူမကို မိတ်ဆက်ပေးတော့မှာပါလား။ တွေဝေတုံ့ဆိုင်းမှုဖြင့် ခေါင်းကို ငုံ့ချလိုက်စဉ် ကိုကိုကျော် သူမ၏ ညာလက်ဖဝါးလေးကို ဆုပ်ကိုင်၍ ဆွဲခေါ်ခဲ့တော့၏။

အနည်းငယ် မှောင်ရိပ်ကျနေသည့် ခန်းမဆောင်ထဲမှာ ထင်းခနဲ လင်းလက်သလိုဖြစ်သွားသည်။ အဝင်ဝမှ မျက်နှာအောက်ငုံ့၍ လှေကားထစ်များကို တစ်ထစ်ချင်း လှမ်းတက်လာသည့် ခြေထောက်အစုံ။ ဝင်းဝါသည့် အသားရောင်နှင့်လိုက်ဖက်လွန်းပါသည့် အဝါနုရောင်ဂါဝန်၊ အဲဒီဂါဝန်ပေါ်မှာ ကန့်လန့်ကလျ တင်ရှိနေသည့် ပိတုန်းရောင် ကျစ်ဆံမြီးနှစ်ဖက်။ ကိုယ်စီ တွဲယှက်ချိတ်ဆက်ထားသည့် လက်တစ်စုံကို ငေးကြည့်နေမိရင်း နေလရင်ထဲ တစ်မျိုးကြီးဖြစ်သွား၏။ ဘာဖြစ်တာလဲ။ မနာလိုခြင်းလေလား။

နံဘေးမှာထိုင်နေသည့် ပပက အပြာရောင်ဝတ်စုံ S.ep ဆံပင်ပုံစံနှင့် မာန်တစ်မျိုးဖြင့် ကျက်သရေရှိနေပါ၏။ သို့သော် ငယ်သွေးကြွယ်၍ တင့်တယ်လွန်းသည့် သူမက တမူထူးခြားနေပါသည်။

"ထိုင်"

စားပွဲဝိုင်းမှာရှိနေသည့် GM နှင့် မမချောချောလေးကို ကြည့်၍ သူမ ကြောင်နေမိတော့ ကိုကိုကျော်က သူမ၏ပခုံးလေးကို အသာဖိ၍ ထိုင်ချခိုင်းလိုက်ပါသည်။



"ပပ . . . ဒါ ငါပြောဖူးတဲ့ မိန်းကလေးပဲ။ စကားဝါတဲ့။ ဝါလေး . . . ဒါ GM ရဲ့ ဇနီးလောင်း ဒေါက်တာပပဘိုတဲ့။ မှတ်ထားနော်"

"မှတ်ကဲ့ပါရှင်"

"ဒါတို့ သူငယ်ချင်းတွေဆိုပြီး မိတ်ဆက်ပေးလည်း ဖြစ်ပါတယ် အလတ်ရယ်။ နင့်အကျင့်က ဘယ်တော့ပျောက်မှာလဲ"

"ငါပြောတာ အမှန်တရားပဲလေ ပပရဲ့။ မှတ်တယ်မှုပ်လား နေလ။ မင်း ကန့်ကွက်ချင်သေးလား"

နေလက ပခုံးနှစ်ဖက်ကို တွန့်၍ မဲ့ပြုံးတစ်ခုကို ပြုံးလိုက်မိသည်။ ပပက ဘေးခုံမှာထိုင်နေသည့် သူမကို တစ်ချက်ဝေ့ကြည့်ရင်း ပြုံးလိုက်ပါ၏။

"နင် တော်တယ် အလတ်။ နင် ဒီလောက် တော်မှန်း ငါမသိဘူး"

"ရော် . . . ဘာလိုင်းကြီးချီးမွမ်းနေပါလား။ ဒီဝိုင်းကို ငါ ရှင်းပေးပါ့မယ်"

"ဟဲ့ . . . ငါကျွေးမယ်ဆိုပြီး ဖိတ်ထားတာနော်။ အပိုတွေလျှောက်လုပ်မနေနဲ့။ လူလည်း စုံပြီ၊ မှာထားတာတွေ ပြင်ခိုင်း

လိုက်တော့မယ်နော်"

ပပက ခပ်လှမ်းလှမ်းမှာ ရပ်နေသည့် စိတ်တာလေးနှစ်ဦးကို ပြင်ဆင်ပေးရန် ပြောလိုက်ပါသည်။ သူမ ယခုတိုင် GM မျက်နှာကို မော့မကြည့်မိသေး။ မတူညီတဲ့ အထက်တန်းလွှာထဲမှာ သူမ ဝင်မဆံ့တာကို သိရဲ့သားနဲ့ ဒီလိုမျိုး ဘာဖြစ်လို့ ကိုကိုကျော်လုပ်ခဲ့ရတာလဲ။ ဝေ့ဝဲလာသည့် မျက်ရည်စတို့ကို မျက်တောင်များဖြင့် ပုတ်ခတ်သိမ်းဆည်းလိုက်ရသည်။ တစ်ခုပြီးတစ်ခု ပြင်ဆင်ချပေးသွားသည့် ဟင်းလျာများက အမျိုးအမည် စုံလင်လှ၏။ စိတ်တာလေးနှစ်ဦးက ထမင်းအုပ်ဖွင့်၍ ထမင်းပန်းကန်တွေထဲ ထည့်ပေးတော့ သူမထံ ထည့်ပေးမည့် တစ်ယောက်ကို ကိုကိုကျော် တားလိုက်ပါသည်။

"ရပါတယ် . . . နေပါစေ။ ကိုယ်ပဲ ထည့်ပေးလိုက်ပါ့မယ်"

စိတ်တာလေးက ဦးညွှတ်ပြလိုက်ပြီး အနောက်နားမှာ သွားရပ်နေလိုက်၏။ ကိုကိုကျော်က ထမင်းအုပ်ကိုဖွင့်၍ သူမ ရှေ့ပန်းကန်ထဲသို့ တစ်ဇွန်းသာသာ ထည့်ပေးပါသည်။ ဒေါက်တာပပက GM ပန်းကန်ထဲသို့ ဟင်းတွေ တစ်မျိုးပြီး တစ်မျိုး ဦးဖယ်



ည့်ပေးနေ၏။

ယခုတိုင် လက်အစုံထောက်၍ ရှေ့တည့်တည့်မှာ ထိုင်
နသည့် ကောင်မလေးကို နေလ တစိုက်မတ်မတ်ကြည့်နေစဲ။
ားငယ်ရိပ်သန်းနေသည့် ပန်းနုရောင် မျက်နှာလေးက အပြစ်
င်းစင်လွန်းလှသည်။ ဝင်လာကတည်းက သူ့ကို တစ်ချက်မျှပင်
ော့မကြည့်ဘဲ အရုပ်လေးတစ်ရုပ်လို ငြိမ်သက်စွာ ထိုင်နေဟန်
လေးက ကရုဏာသက်ချင်စရာ။

အာလတ်က ကြက်သားဟင်းတစ်တုံး၊ ဝက်သားဟင်း
တစ်တုံး၊ ပုစွန်ထုပ်တစ်ကောင်၊ ငါးကြော်နပ်တစ်တုံး၊ အစိမ်း
ကြော်တစ်ဇွန်းကို သူမ ပန်းကန်ထဲသို့ ထည့်ပေးနေ၏။ ဇွန်းနှင့်
ခက်ရင်းကို ပိတ်ဖြူဖြင့် သုတ်လိုက်ပြီး သူမ ထမင်းပန်းကန်မှာ
တပ်ပေးလိုက်သည်။

"စား . . . ဝါလေး . . . လိုတာရှိရင် ပြောနော်"

သူမ ခေါင်းကို အသာညိတ်ပြလိုက်ပါသည်။ ပပက
သူမကို ငေးကြည့်နေသည့် ကိုနေ့ကို တအံ့တဩဖြစ်သွားပါ၏။
မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေပုံက အသက်တောင် မရှူ
တော့သည့်နှယ်။ ကိုနေ့လက်မောင်းကို ဖတ်ခနဲ ရိုက်၍ အသိပေး

လိုက်ရသည်။

"ကိုနေ . . ."

ဆတ်ခနဲ သတိပြန်ဝင်သွားရင်း ဏှာခေါင်းရှုံ့လိုက်ရ၏။ ဒုက္ခပါပဲ။ ပပရှေ့မှာမှ ရုပ်ပျက်ဆင်းပျက် ဖြစ်ရတယ်လို့။ သူတော့ မဟုတ်တော့ပါဘူး။ ဒါဖြစ်သင့်တဲ့ ကိစ္စမျိုးမှ မဟုတ်ဘဲ။ ဟိုတယ် ပိုင်ရှင်တစ်ဦးနဲ့ ဝန်ထမ်းအသစ်လေးဆိုတာ ဘယ်လိုမှ မအပ်စပ် နိုင်တဲ့ မိုးနဲ့မြေ ဘဝပါ။ သူ ဘာဖြစ်လို့ အတွေးတွေ ယောက်ယက် ခတ်နေမိပါလိမ့်။

"ဆောရီး . . . ပပ။ ကိုယ် အတွေးလွန်သွားတယ်"

"စားတော့လေ"

သူ ဇွန်းခက်ရင်းကို ကိုင်လိုက်တော့မှ သူမက ထမင်းကို တစ်ဇွန်း စစားသည်။ နေလ လျှာပေါ်မှာ ဘာမှအရသာမတွေ့။ ဆေးခန်းတက်နေစဉ်က အလတ် ဝယ်ပေးသည့် ဆန်ပြုတ်ကို သာ တမ်းတနေမိ၏။ သူမပန်းကန်ထဲမှ ဟင်းတစ်မျိုး လျော့သွား တိုင်း အလတ်က မတူသည့် ဟင်းတစ်မျိုးစီ ဂရုတစိုက် ထပ်ထည့် ပေးသည်။ ဇွန်းခက်ရင်းကို ကျွမ်းကျင်စွာဖြင့် မဖိတ်စင်အောင် သတိထားစားတတ်သည့် သူမကို စိတ်ထဲမှ ချီးမွမ်းလိုက်မိ၏။



ထမင်းပန်းကန် တစ်ဝက်ကုန်စဉ်မှာ စားသောက်ခြင်းကို သူ ရပ် လိုက်တော့သည်။

"တော်ပြီလား . . . ကိုနေ"

"အင်း"

"နည်းလိုက်တာ။ နေကောင်းကာစ အာဟာရဖြစ် အောင် စားမှပေါ့။ ကိုနေ တော်တော်ကျသွားတာ။ စားလို့ မကောင်းဘူးလား"

"ဟုတ်တယ် . . . ကိုယ် ခံတွင်းမတွေ့ဘူး"

"ဒါဆို ဘာစားချင်လဲ ကိုနေ"

"ကိုယ်စားချင်တာ အလတ်သိတယ်"

"ဘာလဲ အလတ်"

အလတ်က သူ့ကိုကြည့်လိုက်ပြီး မျက်စိပြူးပြ၏။ ပပက သူတို့နှစ်ယောက်ကို တစ်လှည့်စီ လှည့်ကြည့်လိုက်ပြီး ရင်တွေ လာတော့သည်။

"ဟယ် . . . အလတ် . . . နင်တို့ မရိုးမသား ဘာတွေကြံ ထားလဲ"

"ဟာ . . . ဘယ်ကသာ။ ဘာမှမရှိဘူး။ နေလ ငါ့ကို

ချောက်မချနဲ့နော်။ မင်း . . . မရှင်းမရှင်း မလုပ်နဲ့"

"ငါပြောဖူးတာ မင်းမှတ်မိမှာပါ။ မင်းက ငါ့ထက် မှတ်ဉာဏ်ကောင်းတဲ့ကောင်ပဲ။ မေ့ချင်ယောင်ဆောင်မနေနဲ့"

"ကဲ . . . ဘာလဲပြော။ နင် ငါ့အကြောင်း သိတယ်နော် အလတ်။ သူ့ရှေ့ဆိုပြီး ငါ မလုပ်ဘူးမထင်နဲ့ပ။ မမ အလတ်ကို ရိုက်ရင် ညီမလေး ကြိုက်ပါ့မလား"

သူမ မျက်လုံးဝိုင်းလေးဖြင့် ဒေါက်တာပပကို မော့ကြည့်လိုက်မိသည်။ ကြည့်စမ်း . . . ဘယ်လောက်လှလိုက်တဲ့ မျက်ဝန်းလေးတွေလဲ။ တစ်ခုခုကို ဖွင့်ပြောချလိုက်တော့မလို အဓိပ္ပာယ်ပြည့်လျှံနေသည့် မျက်ဝန်းတို့ကို နေလ စိုက်ကြည့်နေမိပြန်၏။

"အလတ်"

"ကျွတ် . . . ဘာမှ မဟုတ်ပါဘူးဟာ"

"ဟုတ်ပါတယ်။ သူ မေ့ချင်ယောင်ဆောင်နေတာ ပပ"

"ကဲ . . . ကိုနေက ခိုင်လုံစွာပြောနေတာနော်။ နင် ဆက်ညာဖို့ မကြိုးစားနဲ့ အလတ်"

"နေလ . . . မင်း မညစ်နဲ့ကွ"

နေလ ဟက်ခနဲရယ်ချလိုက်၏။ အလတ်မျက်နှာက



ပျက်ချင်ချင်။ နံဘေးမှာ ထိုင်နေသည့် ဝါလေးကို ငုံ့ကြည့်ရင်း သူ စိတ်အိုက်လာသည်။ ထမင်းစားပြီးသွားသဖြင့် ကုတ်ဘူးကို ဖောက်၍ ဖန်ခွက်ထဲ ထည့်ကာ ဝါလေးကို သောက်စေလိုက်၏။

"ကိုယ် နေမကောင်းဖြစ်နေတုန်းက သူ ဝယ်လာပေးတဲ့ နတ်သုဒ္ဓါကို စားပြီး နောက်ထပ် ဘာကိုမျှ လျှာက အရသာ မတွေ့တော့တာ ပပရဲ့"

"နတ်သုဒ္ဓါ . . . ထူးထူးဆန်းဆန်း ဘာတွေများလဲ"

"၉ နာရီထိုးတော့မယ် ပပ။ ငါ ဝါလေးကို ၉ နာရီ အရောက် ပြန်ပို့မယ်လို့ သူ့အိမ်မှာ မှာထားခဲ့တာ။ ငါတို့ ပြန်တော့မယ်။ ဒီည Dinner အတွက် ကျေးဇူးပဲ။ နောက်တစ်ခါ ငါကျွေးမယ့်အလှည့်ပေါ့။ နင် Off တစ်ရက် ငါ့ကို ဖုန်းဆက်လိုက်နော်။ သွားပြီ နေလ"

သူ သူမလက်ကလေးကို ဆွဲ၍ ထရပ်စဉ် နေလထံမှ ကြည်လင်ပြတ်သားသည့် စကားသံ ထပ်ထွက်လာသည်၊

"ငါ စားချင်တာ နတ်သုဒ္ဓါပဲ အလတ်။ အဲဒါကလွဲရင် ဘာကိုမှ မစားချင်ဘူး။ မင်း သိပါတယ်"

"ဘာတွေလဲဟယ်။ နင်တို့နှစ်ယောက် ငါ့ကို ပဟေဠိ

ဝှက်နေကြတာလား”

“ဒါ တစ်နေ့ ပပ သိလာမှာပါ။ ခုဟာက ဒီကောင် လျှို့ထားတာ။ ကိုယ်သိတယ်”

“ဟော . . . တွေ့လား”

“နောက်မှ . . . နောက်မှကွာ။ ငါတို့သွားပြီ”

ကိုကိုကျော် ဆွဲခေါ်လာသည့် နောက်သို့ ခပ်သုတ်သုတ် လိုက်လာခဲ့ရ၏။ ကားတံခါးကို ဖွင့်ပေးကာ ကားပေါ် တက်နိုင်းပြီး တံခါးကို ပိတ်ပေးသည်။ မောင်းရမည့်နေရာမှာ ဝင်ထိုင်၍ စက်နှိုးကာ မောင်းထွက်လာခဲ့၏။ ညလုံးပေါက်ထွန်းထားသည့် မီးရောင်များအောက်မှာ ကားလေးက တရိပ်ရိပ်ပြေးနေသည်၊ အာတစ်ခုမှ မေးမြန်းခြင်းမရှိဘဲ၊ အရုပ်လေးတစ်ရုပ်လို ထိုင်လိုက်လာသည့် ဝါလေးကို ဖျတ်ခနဲ လှမ်းအကဲခတ်ရင်း သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်မိ၏။

“ဝါလေး”

“ရှင် . . . ကိုကိုကျော်”

“ဒီလကုန်ပတ် Off, တစ်ရက်မှာ ဝါလေး ကိုယ့်တိုက်ခန်းကို လိုက်လည်နိုင်မလား။ ကိုယ် ဒေါ်လေးကို ခွင့်လာတောင်းမှာ



ပါ”

“ဘာကိစ္စရှိလို့လဲ ကိုကိုကျော်။ လိုက်တာက ဝါလေး လိုက်ရဲပါတယ်။ ကိုကိုကျော်က ဝါလေးရဲ့အစ်ကိုပဲဟာ။ မလိုက်ရဲစရာ အကြောင်းမရှိပါဘူး”

“ဒါဆိုရင် ရပါပြီ။ အဲဒီနေ့ ဝါလေးကို ကိုယ်လာခေါ်မယ်။ ဟုတ်ပြီလား”

“ဟုတ်ကဲ့”

ခြံရှေ့မှာ ကားရပ်ပေးလိုက်တော့ သူမ ကားပေါ်မှ ဆင်းလိုက်၏။ လက်ပြနှုတ်ဆက်၍ မောင်းထွက်သွားသည့် ကိုကိုကျော့်ကားနောက် မီးနီလေးကို မျက်စိတဆုံး ငေးကြည့်နေပြီးမှ အိမ်ပေါ်သို့ တက်ခဲ့တော့သည်။

“ ”

အလယ်

You were to me something apart from common life a thing. Pure, noble, honest, without tain. The world seemed to me finer because you are in it, and goodness more real because you lived.

မင်းဟာ စင်ကြယ်တယ်၊ မြင့်မြတ်တယ်၊ ရိုးသားတယ်၊ အစွန်းအထင်း မရှိဘူး။ ကိုယ့်အဖို့ မင်းဟာ သာမန်ဘ၀ထက် ထူးခြားပါတယ်။ မင်း' ရှိနေတဲ့အတွက် ကိုယ့်အဖို့ ဒီကမ္ဘာဟာ ပိုပြီး လှလာတယ်။ ပြီးတော့ . . . မင်းအသက်ရှင်နေတဲ့အတွက် ဘ၀ရဲ့ အနှစ်သာရလည်း ပိုပြီး ယုတ္တိရှိလာပါတယ်။

Housekeeping ဌာနခွဲများဖြစ်တဲ့ PA (Public Area) နဲ့ Laundry မှတစ်ဆင့် ဒီနေ့မှာတော့ Room attendent ကို သူမ ရောက်ခဲ့ရ၏။ Tip money အများဆုံးရမည့်နေရာမို့ မမနွယ်နှင့် အစ်ကိုဖိုးကျော်က သူမကို အားပေး၍ လွှတ်လိုက်ကြသည်။ နေရာသစ်မှာ လူသစ်တွေနဲ့ ထပ်မံဆက်ဆံရမည်မို့ အားငယ်မိသော်လည်း ကျရာနေရာမှာ တာဝန်ကျေပွန်အောင် လုပ်ရမှာမို့ သူမအားကို တင်းထားလိုက်ရပါ၏။

Bedclothes ခင်းတာ၊ သိမ်းတာ၊ pillow-slip လဲပုံ၊ Room Cleaning လုပ်ပုံစနစ်၊ Bath Room ဆေးကြောပုံတို့ပါ မကျန် တစ်ခုချင်း သင်ပေးနေသည့် ကိုဇော်မျိုးနိုင်စကားကို သူမ ခေါင်းညိတ်၍ သင်ယူနေမိသည်။

"Room Cleaning က Laundry လောက်တော့ အန္တရာယ်မရှိဘူး စကားရဲ့။ ဒါပေမဲ့ . . . လာတည်းတဲ့ဧည့်သည်တွေ စည်းကမ်းမရှိရင်တော့ ပင်ပန်းမှာပဲ။ လောလောဆယ် သင်ခါစမို့ စကား လုပ်ကိုင်တာ နှေးလိမ့်မယ်။ နောက် ကျွမ်းကျင်သွားတော့ မြန်လာမှာပေါ့ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ အစ်ကို။ ဒီမှာ အဲဒီလိုပဲ နေရာအစုံ လုပ်ရတာလားဟင်"

"နေမကောင်းဖြစ်ကြလို့ ခွင့်ယူတတ်တဲ့အခါ ဧည့်သည် အရမ်းကျလာတဲ့အခါမျိုးမှာ လူလဲပြီး သုံးလို့ရအောင် သင်ထားကြရတာပေါ့ စကားရဲ့။ Laundry က ဗိုးကျော်ရော၊ အောင်ဖေမော်ရော၊ မယဉ်နွယ်ပါ ဒီအလုပ်ကျွမ်းကျင်တယ်။ Room က ပိုက်ဆံပိုရပေမယ့် အရမ်းပင်ပန်းတယ်။ ပြန်ရင်လည်း မိုးချုပ်တော့ သူတို့ မလုပ်ချင်ကြဘူး။ ပြီးတော့ Laundry မှာက သူတို့ ပိုကျွမ်းကျင်ကြတယ်လေ"

ကိုဇော်မျိုးနိုင်က စားပွဲခုံပေါ်ရှိ ဖန်ခွက်များ၊ ပုလင်းများကို သေချာဖုန်သုတ်၍ နေရာတကျ ပြန်ထားလိုက်ပါသည်။ Refrigerator ထဲမှာ ရေသန့်ဘူး အလုံးရေ ပြည့်မပြည့်နှင့် သစ်သီး



ဝလံများကို စစ်ဆေး၏။ Coffeemix အထုပ်ကို ရေတွက်ထည့်ထားလိုက်ပြီး အားလုံးသေချာ လုပ်ပြီးတော့မှ နောက်တစ်ခန်းသို့ ကူးလာခဲ့၏။

"ကဲ . . . အစ်ကို သင်ပေးခဲ့အတိုင်း လုပ်ကြည့်ပါဦး"

"ဟုတ်ကဲ့ပါ အစ်ကို"

သူမ ကိုဇော်မျိုးနိုင် သင်ပေးသည့်အတိုင်း တစ်ခုပြီး တစ်ခု တစ်ဆင့်ချင်း တစ်ဆင့် လုပ်ကိုင်လိုက်ပါသည်။ ကိုဇော်မျိုးနိုင်က ခေါင်းညိတ်၏။

"စကား တော်တယ်။ အတတ်မြန်တယ်။ Bedcloth လဲရင်တော့ မွေ့ရာထူထူမ ရမှာမို့ သတိထားပေါ့။ ကဲ . . . ဒီဂနေ့ သုံးခန်းကို ဒီမနက်ပြီးအောင် လုပ်ထားလိုက်နော်။ အစ်ကို လေးခန်းမြောက်ပဲ ဆက်ရှင်းမယ်"

"ဟုတ်ကဲ့ . . . အစ်ကို"

ဧည့်သည်တွေ Slept Out ထွက်သွားပြီမို့ အခန်းကို တစ်ယောက်တည်း စိတ်ကြိုက်လွတ်လပ်စွာ ရှင်းခွင့်ရပါ၏။ အနံ့မကောင်းသည့် Toilet ကို သေချာစင်ကြယ်အောင် ဆေးကြော၍ Spray ဖြန်းလိုက်သည်။

အခန်းတိုင်း၏ ခုတင်ပေါ် (သို့မဟုတ်) စားပွဲပေါ်မှာ တ
ထားပေးခဲ့သည့် မြန်မာငွေနှင့် ဒေါ်လာ Tip Money များကို သိမ်း
ဆည်း၍ ဒီအလုပ်မှာလုပ်ရတာ ပိုမိုပျော်ရွှင်လာမိ၏။ GM ဦးမင်း
နေလကို မြင်စကတည်းက အသက်ရှူမှန်းကျပ်ရသည့် ဝေဒနာ
ကလွဲရင် ကိုကိုကျော်နှင့် တစ်မိုးတည်းအောက်မှာ အတူရှိနေရ
တာကို သူမ ကျေနပ်ပါသည်။

ရရှိလာသည့် ငွေကြေးများကို Locker ထဲထည့် သော့
ခတ်၍ ထမင်းစားဆောင်ရှိရာဘက် လှမ်းထွက်လာခဲ့သည်။
Room Attendent ယူနီဖောင်း စပို့ရှပ်ဆင်စွယ်ရောင်နှင့် ဘောင်း
ဘီနက်ပြာဝတ်ထားသည့် ဝန်ထမ်းများ၏ စားပွဲဝိုင်းများသို့မသွား
ဘဲ Laundry ဝန်ထမ်းများရှိရာဆီ လှမ်းလိုက်တော့ ကိုဇော်မျိုး
နိုင်ပါ သူမ အနောက်မှလိုက်လာ၏။

"လာ . . . စကား . . . ထိုင်။ ဘယ်လိုလဲ ဇော်မျိုးနိုင်။ မင်း
ငါ့ညီမကို ကောင်းကောင်းသင်ပေးရဲ့လား"

"စကားက အတတ်မြန်ပါတယ် ဖိုးကျော်ရ။ သူ့ကို ဂျပန်
နှစ်ခန်းနဲ့ ကိုရီးယားနှစ်ခန်းရှင်းခိုင်းတာ ထောသွားပြီ"

"ဟုတ်လား . . . ပြောစမ်း။ ငါ့ညီမ ဘယ်လောက် ထော



ားလဲ"

အစ်ကိုဖိုးကျော်က သူမနားကပ်၍ တီးတိုးမေးလိုက်
တော့ သူမ တစ်ချက် ရယ်လိုက်ပါ၏။ မမနွယ်က ခပ်ပြုံးပြုံးဖြင့်
ကြည့်နေသည်။

"ဟင်းဟင်း . . . ၁၅ ကျပ်နဲ့ သုံးထောင်"

"ဟာ . . . ပွတာပဲ။ ဒီလ လစာထုတ်ရင် အစ်ကိုတို့ကို
မုန့်ဝယ်ကျွေးရမယ်"

"ဟဲ့ . . . ဖိုးကျော်။ ကလေးကို အနိုင်မကျင့်နဲ့လေ"

"ကျွေးပါတယ် အစ်ကိုရဲ့။ ဝါလေးမှာ ပြေးကြည့်မှ
ဒီအစ်ကိုတွေ အစ်မတွေပဲရှိတာ။ ကျွေးချင်လွန်းလို့ပါနော်"

"အမလေး . . . အပြောလေးနဲ့တင် ဗိုက်ကားပါပြီဟာ"

"မမနွယ်တို့ ဒီနေ့ A လား၊ B လားဟင်"

"A စကားရဲ့"

"ဟင် . . . ဝါလေးပြန်ရင် အဖော်မရှိတော့ဘူးပေါ့"

"ဇော်မျိုးနိုင်ရှိတာပဲ"

"ကျွန်တော် OT ဆင်းရမှာ မနွယ်ရဲ့။ စကားက သင်
ကာစမို့ B ပဲ ဆင်းခိုင်းတာ"

"ဂုနာရီက အစောကြီးပါ စကားရယ်။ ပြန်ရဲအောင် ကျင့်ထားပေါ့။ နောက်ဆို OT တွေ ဘာတွေဆင်းရင် တစ်ယောက်တည်း ပြန်ရမှာ"

"ဟုတ်ကဲ့ပါ မမနွယ်"

သူမတို့အုပ်စု ထမင်းစားအပြီး အစ်ကိုဇော်မျိုးနိုင်က သူမလက်ထဲကို လိမ္မော်သီး နှစ်လုံး ထည့်ပေးလိုက်ပါ၏။

"ကြိုက်လား"

"ဟုတ်ကဲ့"

"ဟော . . . ညည်းက ငါကျွေးတုန်းကတော့ ဂဂျိဂျောင် များပြီး၊ ဖိုးဇော်ကျွေးတော့ တစ်ခါတည်း ခေါင်းညိတ်လိုက်တာပဲ။ အတော်ချစ်ဖို့ကောင်းတဲ့ ညီမ . . . ကဲ . . ."

အစ်ကိုဖိုးကျော်က သူမခေါင်းကို မနာအောင် ထုလိုက်သော်လည်း ကိုဇော်မျိုးနိုင်က အစ်ကိုဖိုးကျော် လက်မောင်းကို ခပ်ဖွဖွ ထိုးလိုက်ပါ၏။

"ဟေ့ကောင် . . . စကားက ငါ့ညီမဖြစ်နေပြီ။ မင်း မနိုင်စားနဲ့"

"အောင်မာ . . . ငါ့ညီမအရင်ဖြစ်တာ"



"မရဘူး . . . အခု ငါ့ညီမ"

"ဟဲ့ . . . တော်ကြတော့။ MD ရုံးခန်းက လိုက်ကာ လှပ်သွားပြယ်နော်။ နင်တို့နဲ့တော့ ခက်ပါတယ်"

မမနွယ် အော်လိုက်သဖြင့် နှစ်ယောက်သား ငြိမ်ကုပ်သွား၏။ သူမက အစ်ကိုဇော်မျိုးနိုင်နှင့်အတူ ပိုတယ်ထဲ ပြန်ဝင်လာတော့ ကိုကိုကျော်က ရုံးခန်းဝမှာ လက်ပိုက်၍ ရပ်ကြည့်နေသည်။

"ဝါလေး . . . ညနေ ကိုယ်နဲ့ အတူပြန်ရမယ်။ ရုံးခန်းကိုပဲလာခဲ့ . . ကြားလား"

"ဟုတ်ကဲ့ပါ ကိုကိုကျော်"

"ငါတို့ကြောင့် နင့် အဓာခံရတော့မယ်ထင်တယ် စကား"

"မဆူပါဘူး။ ကိုကိုကျော်က ဝါလေးကို သိပ်ချစ်တာ"

"ဟင် . . . နင့်စကားက ဘာကြီးတုံး"

"ဟာ . . . အစ်ကိုကလည်း။ ဝါလေးကို ကိုကိုကျော်က ညီမလေးလို ချစ်တာကို ပြောတာပါနော်"

"မသိပါဘူး။ ငါက တစ်မျိုးထင်သွားလို့ . . . ဆောရီး"

တိုးတိုး တိုးတိုးဖြင့် တွတ်ထိုး၍ လှေကားမှ တက်သွားသည့် ဇော်မျိုးနိုင်နှင့် ဝါလေးကို အနောက်မှကြည့်နေမိသည်။ ဝါလေးပုံစံလေးက မြင်သူတကာ ချစ်ချင်စဖွယ်လေးမို့ သူ ရင်မှ နေရ၏။ နေလ အမြင်မကြည့်တုန်းကလည်း တစ်မျိုး။ အခု နေလက ဝါလေးလက်ရာကို စွဲသွားပြန်တော့လည်း တစ်မျိုး။ သူမှာ ဒုက္ခဖြစ်နေပေပြီ။ ဩော် . . . ဝါလေးရယ်။ ကိုယ် မင်းကို အရစ်တကြည့်ကြည့် ချစ်နေတာတွေကို မင်း အလိုလိုသိတတ်ရင် သိပ်ကောင်းမှာပဲ"

နေလ တစ်ပတ်အနားယူနေသည်မို့ သူမှာ တာဝန်တွေပိုယူနေရရင်း ဝါလေးနှင့်ပတ်သက်ပြန်တော့လည်း စိတ်မော လူမောဖြစ်နေရပြန်၏။ ညနေအလုပ်ဆင်းတော့ ဘလောက်စ်အပြာ လုံချည် အနက်လေးဖြင့် သူ့ရုံးခန်းတွင်းသို့ သူမ ဝင်လာခဲ့သည်။ သူ ဖိုင်များကို ဘီရိုထဲထည့် သော့ခတ်သိမ်းလိုက်ပြီး သူမနှင့်အတူ ကားမောင်း၍ ထွက်ခဲ့သည်။ ကော်ဖီဆိုင်တစ်ခုမှာ ကားရပ်လိုက်ပြီး သူမကို ဆိုင်ထဲခေါ်လာ၏။

"ထိုင် . . . ကိုယ် ဝါလေးကို ပြောစရာတွေရှိလို့ ဒီကိုခေါ်လာတာ"



သူမ ထိုင်ခုံမှာ ထိုင်လိုက်တော့ ကိုကိုကျော်က ကော်ဖီနှစ်ခွက်နှင့် မုန့်မှာလိုက်ပါ၏။

"ကျော်မြင့်ဦးတို့ ဇော်မျိုးနိုင်တို့နဲ့ သိပ်မရောစေချင်ဘူး။ ဒါ ဝါလေးအတွက် ကိုယ် သတိပေးတာပါ။ အန္တရာယ်ဆိုတာ ကိုယ့်ဘက်က ကြိုမမြင်နိုင်ပေမယ့် ကြိုရှောင်ထားတာက ပိုပြီးသင့်တော်တယ်"

"ဝါလေးကို သူတို့က ညီမလေးလိုပဲ သဘောထားကြတာပါ ကိုကိုကျော်"

"ကိုယ် သိပါတယ်။ ဘာပဲဖြစ်ဖြစ် အရမ်းရင်းနှီးလွန်းရင် ယောကျ်ားလေးတွေက ရောင့်တက်လာတတ်ကြတယ် ဝါလေး ရဲ့ ကိုယ့်စေတနာကို နားလည်မှုပေါ့"

"ဟုတ်ကဲ့ပါ ကိုကိုကျော်"

"ကိုယ် ဝါလေးကို ဆူနေတာမဟုတ်ဘူးနော်။ ဒါကို နားလည်ပါ။ နောက်ကြီး ကိုယ်ပြောဖို့ ကျန်နေသေးတယ်"

ကော်ဖီနှင့်မုန့် ရောက်လာတော့ ကိုကိုကျော်က သူမအတွက် ကော်ဖီခွက်ကို ဇွန်းဖြင့် မွှေ၍ အေးစေပြီးမှ သူမရှေ့သို့ ပေးလိုက်၏။

"အောင်နိုင်မရှိတော့တဲ့နောက် အောင်နိုင့်ကိုယ်စ
ဝါလေးကို ကိုယ် စောင့်ရှောက်နေတာပါ။ ဝါလေးနဲ့ပတ်သက်
လာရင် ဝါလေး ခြေတစ်လှမ်းမှားသွားမှာကိုတောင် ကိုယ် လက်
သင့်မခံနိုင်ဘူး။ အခြေအနေအရ ကိုယ့်သူငယ်ချင်းကို အကူအည
ပေးရင်း ဒီအလုပ်မှာ ဝါလေးကို အလုပ်သွင်းပေးထားတာ ယာယီ
ပဲ။ နောက် ဝါလေးအတွက်သီးသန့်အလုပ်တစ်ခု ကိုယ် လုပ်ပေး
မယ်။ အဲဒါကို သိထားပါ"

သူမလက်ထဲသို့ ကီတ်တစ်ခုကို ပလက်စတစ်ဖွင့်၍
ထည့်ပေးပြန်၏။

"စား . . . ကော်ဖီ နွေးတုန်းသောက် ဝါလေး"

သူမ မုန့်ကို တစ်ကိုက်မျှ ကိုက်ရင်း ကော်ဖီကို တစ်ငုံ
သောက်လိုက်ပါသည်။

"အလုရှိရာ လိပ်ပြာခဲတာကို ကိုယ်သိပါတယ်။ ဒါ
သဘာဝပဲ။ ဒါပေမဲ့ . . . ကိုယ်က ဝါလေးဘဝကို မြှင့်တင်ပေးချင်
စိတ်ရှိတာ။ ဒီလိုမျိုး အပျော့သဘောနဲ့ စိတ်အလုံလိုက်သွားမှာကို
အစိုးရိမ်ဆုံးပဲ။ ကိုယ်ပြောတာ သဘောပေါက်လား"

"ဟုတ်ကဲ့"



"မနက်ဖြန်ကစပြီး ကိုယ့်ရုံးခန်းထဲမှာ ထမင်းစားရမယ်။
အပြန်လည်း ကိုယ်နဲ့အတူ ပြန်ရမယ်။ ဝါလေး Second Year ဖြေ
ပြီးရင် ဒီအလုပ်က ပြောင်းရမယ်။ ကိုယ် အစီအစဉ်တွေ အားလုံး
ဆွဲထားပြီးသား။ ပြီးတော့ လာမယ့် Sunday မှာ ဝါလေး Off ရမှာ။
ကိုယ့်တိုက်ခန်းမှာ ဧည့်သည်ကို Lunch ကျွေးဖို့ စီစဉ်ပေးရမယ်။
မနက်ကတည်းက ပြင်ဆင်ချက်ပြုတ်ဖို့ ဝယ်ခြမ်းဖို့ ကိုယ်လာ
ခေါ်မယ်။ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ခေါင်းငုံ့၍ ဟုတ်ကဲ့ချည်းဖြေနေသော ဝါလေးမျက်နှာ
ကို သူ စိုက်ကြည့်နေမိ၏။ ကိုယ့်ကို ကြောက်လန့်လို့ ဒီလို
ထောက်ခံနေတာလား ဝါလေးရယ်။

"ဒီဟုတ်ကဲ့ဘစ်မျိုးပဲ ပြောတတ်တော့တာလား"

မျက်လုံးဝိုင်းလေးများ ပုတ်ခတ်၍ မော့ကြည့်လိုက်
တော့ သူ့ရင်ထဲ နွေးခနဲ ဖြစ်သွားရသည်။ ဝါလေးရယ် ဒီလိုမျက်
ဝန်းမျိုးတွေနဲ့ ကိုယ်ကလွဲလို့ ဘယ်သူ့ကိုမှ မကြည့်ပါနဲ့။ အထူး
သဖြင့် နေလကို မကြည့်မိပါစေနဲ့ကွယ်။ မင်းအတွက် စိုးရိမ်စိတ်
တွေနဲ့ ကိုယ့်ရင်ထဲ ပူလောင်နေတာကို ရင်ခွဲပြလိုက်ချင်ပါရဲ့။

မနက် ခပ်စောစော လာခေါ်၍ သူမ ကိုကိုကျော်နှင့် အဟူ လိုက်လာခဲ့၏၊ ဈေးမှာဝင်၍ လိုအပ်သည့်ပစ္စည်းများနှင့် တားစရာများကို ဝယ်ကြသည်။ တိုက်ခန်းကို ရောက်တော့ ပစ္စည်းများကို မီးဖိုထဲ အရင်ပင်ထားလိုက်ပြီး၊ အမဲနှပ်အိုးကို အရင်ပြင်၍ တည်သည်။ ထို့နောက် အိမ်ရှေ့ဧည့်ခန်းမှစ၍ ကိုကိုကျော့်အိပ်ခန်း၊ ထမင်းစားခန်းနှင့် မီးဖိုခန်းကိုပါ တိုက်ချွတ်ဆေးကြောသန့်ရှင်းရေး လုပ်ပါသည်။ မေမေ ချုပ်ပေးလိုက်သည့် လိုက်ကာများကို ပြတင်းပေါက်များနှင့် ကိုကိုကျော့် အခန်းဝ၊ ထမင်းစားခန်းဝနှင့် မီးဖိုခန်းဝမှာ အကုန်လိုက်တပ်လိုက်၏။

အမဲနှပ်အိုး ကျက်သွားတော့ ဝက်သားဆီပြန်အိုး ဆက်တည်၏။ ငါးဖယ်ဟို ငါးဆုပ်လုံးလေးများ ကြော်၍ ခရမ်းချဉ်သီး

နှင့် ပြန်ချက်ကာ နံနံပင် အုပ်လိုက်၏။ ဂေါ်ရခါးသီးကို အချောင်းရှည်ရှည့်လေး လှီးလျက် ခရမ်းချဉ်သီးအကွင်းလေးများ၊ ဝက်အူချောင်းဖြင့် ရောကြော်လိုက်သည်။ ဘူးသီးကို ငါးဖယ်နှင့် ပဒတ်စာ အုပ်၍ ဟင်းချိုချက်၏။ မြင်းခွာရွက်ကို ရေစင်စင်ဆေးလျက် ပါးပါးလေးလှီးကာ ကြက်သွန်နီဆီချက်ချက်ထားပြီး၊ ကြက်သွန်နီပါးပါးလှီးကာ နမ်း၊ မြေပဲဆံထောင်း၊ ပုစွန်ခြောက်ထောင်းတို့ဖြင့် သုပ်ရန် အသင့်ပြင်ဆင်ထားလိုက်သည်။ နောက်ဆုံးမှ ထမင်းအိုးတည်၏။ ဧည့်ခန်းဆောင်ရှိ ဘုရားစင်မှာ ဘုရားပန်းအိုးများ ဆေးကြော၍ ဝယ်လာသည့် နှင်းဆီပန်းတို့ကို ဝေနေအောင် ကပ်လှူပြီး ဆွမ်းတော်ကပ်ပါ၏။

ရေဇလုံထဲ ထည့်ထောင်ထားသည့် ကျန် နှင်းဆီတို့ကို ထမင်းစားစားပွဲမှာ တစ်အိုးထိုး၍ အိမ်ရှေ့ဧည့်ခန်းရှိ စားပွဲမှာ ပန်းအိုးလှလှလေးထိုးလျက် စားပွဲခင်းပေါ်မှာ အဆင်ပြေပြေလေး တင်နေစဉ် အပြင်တစ်ခေါက် ပြန်ထွက်သွားသည့် ကိုကိုကျော် ပြန်ရောက်လာသည်။

"ကြည့်စမ်း . . . ဒီလိုဆိုတော့ ကိုယ့်တိုက်ခန်းလေးက နေချင်စရာလေး လှပါနေပါရောလား"



"မေမေက မိုးပြာရောင်ကြိုက်လို့ လိုက်ကာတွေကို မိုးပြာရောင်ပဲ ချုပ်ပေးလိုက်တာ။ ကိုကိုကျော် ကြိုက်ရဲ့လားဟင်"

"ကိုယ်လည်း မိုးပြာရောင် ကြိုက်တာပဲ ဝါလေးရဲ့။ မျက်စိအေးတာပေါ့။ (၁၁) နာရီတောင် ထိုးနေပြီ။ အားလုံးကျက်ပြီလား"

"ဟုတ်ကဲ့ . . . စားခါနီး မြင်းခွာရွက်သုပ်ပြီးရင် ပြီးပြီ"

"ဒါဖြင့် ဝါလေးရေချိုးတော့။ ရော့ . . . ဒီမှာ အဝတ်အစား"

"ဟင် . . . ဝါလေးက ရေချိုးပြီးရင် သနပ်ခါးလိမ်းရမှ နေတတ်တာ ကိုကိုကျော်ရဲ့"

"သနပ်ခါးတုံးရော ကျောက်ပျဉ်ရော ကိုယ်ဝယ်ထားပါတယ်။ ကိုယ့်အခန်းထဲက ခုတင်ဘေးစားပွဲနောက်ဆုံးအံဆွဲထဲမှာ ရှိတယ် . . . သွား"

"အဲဒါတွေ ကိုကိုကျော် ဘယ်တုံးက ဝယ်ထားတာလဲ။ မိန်းကလေးသုံးတဲ့ ပစ္စည်းတွေကို"

"မိန်းမ ယူမလို့ ကြိုဝယ်ထားတာလေ"

"ဟင် . . . တကယ်လား"

"ဟား . . . ဟား . . . ဟား . . . ဟား . . . အလကား ပြော

တာ။ သွား . . . မြန်မြန်လုပ်။ တော်ကြာ ညည့်သည်လာတော့မယ်"

သူမ မျက်နှာလေးညှိုးသွားရာမှ ပြန်လန်းဆန်းသွားပြီး ကိုကိုကျော့အခန်းထဲ အမြန်ဝင်ခဲ့ပါ၏။ ရေချိုး သနပ်ခါးလူးပြီး အင်္ကျီဝတ်ရန် အထုပ်ကို ဖွင့်စဉ် ဂါဝန်အပြာလေးကို တွေ့လိုက်ရသည်။ ဆံပင်ကို ကျစ်ဆံမြီးမကျစ်တော့ဘဲ ခေါင်းထိပ်မှာ ခပ်မြင့်မြင့်လေး စည်းကာ ဘီးဖြင့် သေချာဖြီးသင်လိုက်၏။ သူမ ပြန်ထွက်လာတော့မှ ကိုကိုကျော်က ရေချိုးရန် အခန်းထဲဝင်သွားသည်။ သူမ မီးဖိုခန်းထဲမှ စားသောက်ဖွယ်ရာတို့ကို ထမင်းစားခန်း စားပွဲပေါ်မှာ အဆင်သင့်ပြင်ဆင်လိုက်၏။ မြင်းခွာရွက်သုပ်နှင့် ဟင်းချိုပူပူကို နောက်ဆုံးမှ ပြင်ရန်ထားလိုက်ပြီး ဟင်းပွဲပြင်သားသည်ကို အုပ်ဆောင်းဖြင့် အုပ်ထားလိုက်သည်။

အချိုပွဲအတွက် ရေခဲသေတ္တာထဲမှ ပန်းသီး၊ လိမ္မော်သီး၊ သစ်တော်သီး၊ စပျစ်သီးနှင့် ကီလိုမာလကာသီးတို့ကို ရေစင်စင်ဆေးကာ ပန်းကန်ပြားကြီးကြီးထဲ၌ ပန်းသီးနှင့် မာလကာသီးကို အစိပ်လေးများ စိပ်ကာ စီတန်းလိုက်သည်။ သစ်တော်သီးကို အခွံနွှာ၍ စဝိပ်ပြီး အပေါ်မှ စီတင်၏။ လိမ္မော်သီးကို အခွံနှင့် အမျှင်လေးများပါမကျန် နွှာလျက် အသာလေး ထပ်စီတင်သည်။



အလယ်အပေါ်ဆုံးမှာ စပျစ်ခိုင်ကို ခပ်ဖွဖွလေး ထောင်၍တင်ကာ ရေခဲသေတ္တာထဲ ပြန်ထည့်ထားလိုက်ပါ၏။

"ဝါလေးရေ . . . ညည့်သည်ရောက်နေပြီ။ ထမင်းခူးလိုက်တော့နော်"

"ဟုတ်ကဲ့ပါ ကိုကိုကျော်"

သူမ ထမင်းအုပ်ထဲ ထမင်းခူးထည့်၍ ထမင်းစားပွဲမှာ တင်ထားလိုက်ပြီး မြင်းခွာရွက်သုပ်ကို အနေတော်ပန်းကန်ပြားထဲ ထည့်ပြင်၏။ ဟင်းချိုပန်းကန်လုံးထဲသို့ ထည့်နေစဉ်ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရသည်။ ဘုရားရေ . . . ကိုကိုကျော့်ညည့်သည်ဆိုတာ မိန်းကလေးများလား။ ဒီလောက်အထိ တိုက်ခန်းတစ်ခုလုံး ပြင်ဆင်ခြယ်သခိုင်းသည်မို့ ဖြစ်နိုင်ချေ အများကြီးရှိတာပေါ့။ သူမ ဟင်းချိုပန်းကန်လုံးကို ပန်းကန်ပြားပေါ်တင်၍ ထမင်းစားခန်းဆီ တဖြည်းဖြည်း လျှောက်လာရင်း လက်တွေက သိသိသာသာ တုန်ရီလာတော့သည်။

"ထိုင် . . . မင်းသိပ်စားချင်နေတဲ့ နတ်သုဒ္ဓါဟင်းတွေကို ငါ ဖိတ်ကျွေးတာပဲ"

"ဘယ်တုံးကမှာလိုက်တာလဲ။ ငါက ဆိုင်မှာ သွားစား

မလို့ အလတ်ရဲ့"

"အိမ်မှာ လာချက်ပေးတာလေကွာ။ မင်းကလည်း . . ."

"ဟာ . . . တယ်ထူးဆန်းပါလား။ ထမင်းဆိုင်ကနေ အိမ်မှာ ဒီလိုဖွယ်ဖွယ်ရာရာ လိုက်ချက်ပေးတာ။ ဒီတစ်ခါပဲ ကြုံဖူးသေးတယ်"

"ဟင်းဟင်း . . . အခု ကြုံပြီ မဟုတ်လား"

သူမ အခန်းဝမှ လိုက်ကာကို ဖယ်၍ထွက်လာပြီး စားပွဲအလယ်မှာ ဟင်းချိုပန်းကန်လုံးကို အသာတင်လိုက်ပါ၏။

"စကားဝါ . . . မင်း"

"ဟုတ်တယ် . . . ဒါ ဝါလေးလက်ရာတွေချည်းပဲ"

"မင်းပြောတော့ ဒါစားတဲ့ဆန်ပြုတ်က ဆိုင်က ဝယ်လာတာဆို"

"ဟင်းဟင်း . . . အဲဒါ ဝါလေးကိုယ်တိုင် ပြုတ်ပေးတာပဲ"

နေလ တအံ့တသြဖြင့် သူမကို ကြည့်နေမိ၏။ ထင်မထားမိပါ။ ဒီလောက်ငယ်ရွယ်နုနယ်တဲ့ မိန်းကလေးဆီမှာ ဒီလိုအိမ်ထောင်နိုင်နင်းမှု အရည်အချင်းတွေ ရှိနေတာပါလား။



အလတ် တိုက်ခန်းကို စဝင်ဝင်ချင်း သပ်ရပ်လှပနေသည့်အနေအထား၊ ဘုရားစင်မှာ ပန်း၊ ဆီမီးတို့ဖြင့် သပ္ပာယ်နေပုံ၊ အပြာရောင်ခန်းစည်းလိုက်ကာတို့၏ သစ်လွင်လှပနေမှု၊ ဧည့်ခန်းစားပွဲပေါ်မှာ ထိုးထားသည့် နှင်းဆီအလှပန်းအိုးတို့၏ ထူခြားမှုတွေကို သူ မြင်တွေ့နေပေမယ့် ဒီလို ချာတိတ်မလေး လုပ်ပေးထားသည်ဟု လုံးဝမတွေးမိခဲ့ပေ။ သူမက သူ့ပန်းကန်ထဲသို့ ဒေမင်းနှုးထည့်ပေးပြီးမှ အလတ်ပန်းကန်ထဲသို့ ထည့်ပေးလိုက်ပါသည်။

"ဝါလေး . . . တစ်ခါတည်း ဝင်စားလေ"

"ဟင့်အင်း . . . ဝါလေး မဆာသေးလို့ နောက်မှပဲ စားပါ့မယ် ကိုကိုကျော်"

"မဟုတ်တာ ဝါလေးကလည်း။ ကိုယ်တိုင် မမောမပန်းချက်ထားတာကို ကိုယ်တို့နဲ့ လက်ဆုံစားရမှာပေါ့"

"ဟုတ်တယ် . . . ဝင်စားလိုက်ပါ စကားဝါ"

သူမ မျက်လွှာအသာချလျက် ထိုင်ခုံမှာ ဝင်ထိုင်လိုက်တော့ ကိုကိုကျော်က သူမပန်းကန်ထဲသို့ ထမင်းခပ်ထည့်ပေး၏။

"စားပါ နေလ။ ခံတွင်းပျက်နေတဲ့ရောဂါ အမြန်ပျောက်စေလိုတဲ့ စေတနာနဲ့ ဒါ ကျွေးတာပါ။ ဟိုတယ်မှာလိုတော့ မစုံဘူး

ပေါ့ကွာ။ အချိန်မီအောင် မနည်းချက်လိုက်ရတာ။ မင်းစားလို့ အဆင်ပြေမှာပါ"

နေလ ခေါင်းညိတ်ပြလိုက်ပြီး ငါးဆုပ်ဟင်းတစ်တုံးကို ခပ်၍ သူမပန်းကန်ထဲသို့ ထည့်ပေးလိုက်ပါ၏။ ကျော်ဇင်လတ် ကွက်ခနဲ မျက်နှာပျက်သွားရသည်။ ထမင်းဝိုင်းမှာ တိတ်ဆိတ်စွာ စားသောက်နေကြ၏။ တစ်ခဏဖြင့် နေလ ထမင်းကုန်၍ သူမက အနီးရှိ ထမင်းအုပ်ထဲမှ ထမင်းကို ခူးထည့်ပေးလိုက်ပါသည်။

"ငါတော့ ဒီလိုသာ နေ့တိုင်းစားရရင် Weight တက်လာမှာ သေချာတယ်။ ဟုတ်တယ် မှတ်လား အလတ်"

"အေး"

"ကျေးဇူးတင်ပါတယ် စကားဝါ။ တကယ်ပါ။ ကိုယ် စားဖူးခဲ့သမျှ ဟင်းလျာတွေမှာ ဒီလိုအဆင်ပြေပြေနဲ့ အရသာရှိတဲ့ အစားအစာမျိုး တစ်ခါမှ မစားဘူးတာ အမှန်ပဲ"

"ဟုတ်ကဲ့ . . . ဦးမင်းနေလ တကယ်ကျေးဇူးတင်ရမှာ ကိုကိုကျော့်ကိုပါ"

"ကိုယ်တို့ကြားမှာ ဒီလိုမျိုး ပြောစရာမလိုဘူး ဝါလေးရဲ့"

"ကိုယ့်စိတ်ထဲရှိတာကို ပြောရရင် ကိုယ် စားရသလိုမျိုး



ကိုယ့်ဖေဖေကိုလည်း စားစေချင်ပါတယ် စကားဝါ"

သူမ ဘာမှပြန်မပြောဘဲ ကိုကိုကျော့်မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်၏။ နီရဲသွားသည့်မျက်နှာဖြင့် ကိုကိုကျော်က ထမင်းကိုသာ ငုံ့စားနေပါသည်။

"မင်း အလတ်ကို ခင်သလိုမျိုး ကိုယ့်အပေါ် သဘောထားရင် ကိုယ့်အိမ်မှာ တစ်ရက်လောက် လာချက်ကျွေးနိုင်မလား။ ဖေဖေ့ကို စားစေချင်တဲ့ဆန္ဒကြောင့်ပါ။ ကိုယ် ဒီလိုပြောလို့ စိတ်မဆိုးစေချင်ပါဘူး စကားဝါ"

သူမ ခေါင်းထဲနောက်ကျိလာ၏။ ကိုကိုကျော် ကြိုက်ပုံမရတာ မသိဘူးလား ဦးမင်းနေလရယ်။ ဝါလေးက ကိုကိုကျော် မကြိုက်တာမှန်သမျှ ဘာမှလုပ်ခဲ့ဖူးတာ မဟုတ်ဘူး။

"အလတ် ခွင့်မပြုမှာ စိုးလို့လား"

"ဟာ . . . ဘာဆိုင်လဲ။ ဒါ ကာယကံရှင် သဘောတူရင် ပြီးတဲ့ကိစ္စပါ နေလရဲ့။ ငါနဲ့မဆိုင်ပါဘူး"

"ကိုယ့်ကို တစ်ခုခုပြန်ပြောပါလား စကားဝါ"

သူမ အသံမတုန်အောင် သတိထား၍ ဦးမင်းနေလ၊ မျက်နှာကို မော့ကြည့်လျက် ပြောလိုက်ပါ၏။

"ဟုတ်ကဲ့ . . . အဆင်ပြေတဲ့ တစ်ရက်ရက်ပေါ့ ဦးမင်း နေလ"

"နောက်တစ်ခု ကိုယ်တောင်းဆိုပါရစေ။ ကိုယ့်နာမည်ကို မင်းခေါ်ရတာ မရှည်လွန်းဘူးလား။ မင်း ကိုယ်တို့ထက် အသက်အရမ်းငယ်လွန်းတာ ကိုယ် သိပါတယ်။ ဥပမာ ကိုနေလ လို့ ပြောင်းခေါ်ပေးနိုင်မလား"

ကျော်ဇင်လတ် ဇွန်းနှင့်ခက်ရင်းကို ပန်းကန်ထဲ ထည့်လိုက်ပါ၏။ ရေခဲသေတ္တာထဲမှ ရေဘူးကို ယူ၍ ဖန်ခွက်ထဲ ထည့်သောက်လိုက်စဉ် သည်းသွားရသည်။ စားပွဲကို ကျော်ခိုင်းထားသော်လည်း ဝါလေး ပြန်ပြောမည့်စကားကို နားစွင့်ထားမိ၏။

"ဟုတ်ကဲ့ . . . ဝါလေး ကြိုးစားပါ့မယ်"

"ကျေးဇူးပါတယ် စကားဝါ"

"စားလို့ပြီးရင် ဧည့်ခန်းမှာ ကိုကိုကျော်နဲ့ ခဏထိုင်ပါဦးနော်။ ဝါလေး အချိုပွဲကျွေးချင်လို့ပါ"

"ကောင်းပါပြီ"

ပါးစပ်ကို သုတ်၍ ထိုင်ရာမှထကာ နေလ အရင်ဆုံး ဧည့်ခန်းထဲသို့ လျှောက်သွား၏။ ရေခဲသေတ္တာကို ဖွင့်၍ ငိုင်နေ



သည့် ကိုကိုကျော့်ကို နောက်ကျောဘက်မှ ဝါလေး ကြည့်နေမိသည်။

"ဧည့်ခန်းမှာ သွားဧည့်ခံပါလား ကိုကိုကျော်။ ဝါလေး ပိမ့်မွှာရည်ဖျော်ပြီး လာပို့ပေးပါ့မယ်"

သူ သူမဘက် လှည့်လိုက်၏။ ရင်ထဲမှာ နွမ်းလျနေသည်။ အို . . . သူ . . . ဝါလေးကို အငုံးရှုံးမခံနိုင်ပါဘူး။ ဒါ အဖေသချာပဲ။ ဖျတ်ခနဲ ဝါလေးလက်တစ်ဖက်ကို ကိုင်လိုက်မိ၏။ လေး မရုန်းဖယ်ပါချေ။

"ဝါလေး"

"ရှင်"

"ဘာမှ မဟုတ်တော့ပါဘူး"

သူ သက်ပြင်းချရင်း ဧည့်ခန်းကို ထွက်လာခဲ့သည်။ သူမ ပိမ့်မွှာရည် နှစ်ခွက်ဖျော်ကာ လင်ဗန်းထဲထည့်၍ သစ်သီးပန်းကန်ကိုပါ တင်လျက် ဧည့်ခန်းကို လိုက်လာ၏။ စားပွဲပေါ်မှာ ကိုကျော့်ရှေ့ တစ်ခွက် ဦးမင်းနေလရှေ့ တစ်ခွက် ထားလိုက်ပြီး စ်သီးပန်းကန်ကို အလယ်မှာ တင်ကာ အနောက်ဘက် ပြန်ဝင်သည်။

“မင်းနဲ့ငါ တစ်ရက်လောက် အလုပ်ကိစ္စ ဆွေးနွေးရဦးမယ်

အလဝ်။ မင်း ဝပ်ရှော့ကို ပစ်ထားပြီး ငါ့ကို ကူညီပေးနေတာ

ကျေးဇူးတင်ပါတယ်ကွာ”

“ရပါတယ် နေလရာ။ ငါတို့ သူငယ်ချင်းတွေပဲ၊

လောက်ထိ ပြောစရာမလိုပါဘူး”

“ဒါဆို ငါ ပြန်တော့မယ် အလဝ်။ ဖေဖေ့ကို နှစ်ချ

စာရင်းတွေ ငါ ဒီညနေတင်ရမှာမို့ပါ”

“အေးပါ . . . နောက်မှ တစ်ရက်လောက် ပပနဲ့ ငါ

ဆုံကြတာပေါ့”

“အိုကေ . . . ငါသွားပြီ”

နေလ ထွက်သွားသည်နှင့် သူ နောက်ဖေးဘက်

လာခဲ့၏။ ဝါလေးက ဆေးပြီးသားပန်းကန်များကို ရေစစ်၍ သေ

သုတ်ကာ ပန်းကန်စင်မှာ တင်နေသည်။

“ဝါလေး”

“ရှင်”

“မွေးနေ့မှာ ဘာလိုချင်လဲ။ တစ်ခုခုတောင်းပါလား”

“အင်း . . . ဒါဆို . . . မေမေရယ်၊ ဝါ့ေ သးရယ်၊ ကို



ကျော်ရယ် အဲဒီနေ့ ဘုရားတက်ဖူးမယ်။ ပြီးရင် ငှက်ကလေးတွေ လွှတ်ကြမယ်လေ . . . နော်”

သူ သူမခေါင်းလေးကို ထုရန်ပြင်လိုက်ပြီးမှ လက်ကို ပြန်ရုပ်လိုက်ပါသည်။ သူ့ကြောင့် သူမကို မနာကျင်စေလိုပါ။ ဩော် ဝါလေးရယ်။ ကလေးဘဝကတည်းက ဖြူစင်တဲ့ကောင်မလေး တစ်ယောက်ကို ရင်ထဲမှာ တနင့်တပိုး ချစ်မြတ်နိုးနေတာကို ကိုယ် တစ်နေ့နေ့ တစ်ချိန်ချိန် ဖွင့်ပြောမိရင် မင်း ငြင်းပယ်မှာလား။ ကိုယ် ပျိုးတဲ့ပန်းကလေးကို သူတစ်ပါး ခူးသွားမှာ စိုးရိမ်နေတာကို မင်း သိရင် သိပ်ကောင်းမှာပါပဲ”

× × ×

Room No. (77) သို့ ဝင်လိုက်စဉ် တစ်ခန်းလုံးရှုပ်ပွနေသည်ကို မြင်လိုက်ရ၍ သူမ နှာခေါင်းရှုံ့လိုက်မိ၏။ ကြည့်ပါဦး တစ်သျှူးတွေက ခြင်းထဲမရောက် ပြန့်ကျဲလို့။ စားပွဲပေါ်ရှိ ကော်ဖီခွက်ကလည်း ဖိတ်စင်ကာ ဗိုင်ဘာခွက်က လဲကျနေသည်။ ခုတင်ထက်ရှိ Bedclothe ပေါ်မှာ စီးကရက်ပြာတွေက အနံ့။ ခေါင်းအုံး တစ်လုံးက ခြေရင်းဘက်ရောက်နေပြီး စောင်က ခုတင်ပေါ် တစ်ဝက် ကြမ်းပေါ်တစ်ဝက် ပုံကျနေသည်။ ဘယ်လိုအဆင့်အတန်း မရှိတဲ့ ဧည့်သည်မျိုး လာတည်းတာပါလိမ့်။

အရင်ဆုံး လျှော်စရာတွေ စုသိမ်းလိုက်ပြီး ခေါင်းအုံးစွပ်နှင့် အိပ်ရာဖုံးကို လဲပေးလိုက်၏။ စားပွဲပေါ်မှ ငွက်ကို ရေချိုးခန်းထဲမှာပဲ ဆပ်ပြာဆီဖြင့် သေချာဆေးကြောလျက် နေရာတကျ ပြန်

ထားလိုက်သည်။ အိပ်ခန်းကို အရင်တိုက်ချွတ်ပြီးမှ ရေချိုးခန်းနှင့် အိမ်သာကို သန့်စင်ပါ၏။ ရေခဲသေတ္တာကို ဖွင့်ကြည့်လိုက်တော့ ထင်သည့်အတိုင်းပင် ကိုက်လက်စသစ်သီးများနှင့် ရှပ်ပွပေရေနေ၏။ သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်ပြီး လုပ်စရာအလုပ်ကို ခပ်မြန်မြန်ပြီးစီးအောင် လုပ်၍ အခန်းထဲမှအထွက် အပြင်ထွက်သွားသည့် ဧည့်သည်က အခန်းဝမှာ ပေါ်လာတော့သည်။

"ဟား . . . အခန်းလေးက တယ်သန့်သွားပါလား။ ကြည့်စမ်း . . . အခန်းရှင်းပေးတဲ့ ဝန်ထမ်းလေးကလည်း သန့်ပြန့်နေတာကိုး။ သင့်ခ်ယူ"

နှာခေါင်းဝမှာ အရက်နံ့ထောင်းခနဲ ရလိုက်၍ နှာခေါင်းကို ပိတ်လိုက်ရသည်။ ကိုဇော်မျိုးနိုင်ပြောတဲ့ ဟိုမရောက် ဒီမရောက် ဧည့်သည်ဆိုတာ ထင်ပါရဲ့။

"လမ်းဖယ်ပေးပါရှင်။ ကျွန်မ နောက်တစ်ခန်း ကူးရမှာမို့ပါ"

"နေပါဦး Tip Money ပေးချင်လို့ ယူသွားပါ"

"နေပါစေရှင်။ ရပါတယ်"



သူမ သူ့ဘေးမှ ကိုယ်ကိုယို့၍ထွက်လိုက်စဉ် သူက သူမလက်တစ်ဖက်ကို ဆွဲထားလိုက်ပါ၏။

"Wait the minute ခဏလေးစောင့်ပါဦးကွာ"

"ကျွန်မလက်ကို လွှတ်ပါ"

"ဟား . . . အစွာလေးပဲ။ ကိုယ်ကလည်း ဒါမျိုးမှ တွေ့ချင်နေတာ"

"ရှင် လွှတ်နော်"

ထိုသူက သူမ လက်ကိုဆွဲယူ၍ ရုတ်တရက် နမ်းရှိုက်လိုက်လေသည်။

"ရှင် မိုက်ရိုင်းလှချည်လား . . . ကဲ"

"ဖြန်း"

"ဟာ . . . မင်း ငါ့ကို ရိုက်တယ်"

သူမ လက်ကိုဆောင့်ရုန်း၍ ထွက်ခဲ့တော့ သူမနောက်မှ ထိုလူက ထပ်ကြပ်မကွာ လိုက်လာ၏။ ကြောက်လန့်တကြားဖြင့် ဓာတ်လှေကားထဲဝင်လိုက်စဉ် GM နှင့် ထိပ်တိုက်တိုးလေတော့သည်။

"ဘာဖြစ်လာတာလဲ စကားဝါ"

"ခင်ဗျားတို့ဝန်ထမ်းတွေ ဒီလောက်မိုက်ရိုင်းရသလား။
ကျုပ် Tip Money ပေးတာကို ပါးပြန်ရိုက်တဲ့ကိစ္စ ရှင်းပေးစမ်းပါ။
ကျုပ် လုံးဝ မကျေနပ်ဘူး"

"မဟုတ်ဘူး"

"ခဏ . . . ခဏလေး။ ရုံးခန်းကို လိုက်ခဲ့ပါ။ ကျွန်တော်
ပြေလည်အောင် ရှင်းပေးပါ့မယ်"

သူမ အောက်နှုတ်ခမ်းကို ဖိကိုက်ရင်း ငိုချင်စိတ်ကို
ထိန်းနေရ၏။ အောက်ဆုံးထပ်ကို ရောက်တော့ ကိုကိုကျော့် ရုံး
ခန်းထဲသို့ ဝင်လာခဲ့ရလေသည်။

"အလတ်ရေ . . . ဒီမှာ ညွှန့်သည်ကို စကားဝါ ပါးရိုက်
လိုက်လို့တဲ့ . . . ရှင်းဦး . . ."

"ဟာ . . . ဘယ်လိုဖြစ်တာလဲ"

"ကျုပ် Tip Money ပေးတာကို မယူဘူးငြင်းလို့ လက်
ထဲ ထည့်ပေးမိပါတယ်။ ကျုပ်ပါးကို သူ ရိုက်ထည့်လိုက်တယ်ဗျ"

"ဟုတ်လား ဝါလေး"

"ဟင့်အင်း"

"မငြင်းနဲ့လေ စကားဝါ။ သူ့ပါးမှာ လက်ဝါးရာကြီး ထင်



နေတာ မင်း ညာလို့မရဘူး"

"ညွှန့်သည်နဲ့ လက်ဆွဲနှုတ်ဆက်ရတာတွေ ဘာတွေ
တောင် ရှိတာပဲ ဝါလေးရယ်။ ဒီလောက်အထိ မလုပ်သင့်ဘူးလေ"

သူမ ရှိုက်ကြီးတငင် ငိုချလိုက်ပါ၏။ ဘယ်လိုအကြောင်း
ပြချက်မျိုးဖြင့် သူမ ရှင်းပြရမှာလဲ။ ရှက်လိုက်တာ။ ရုံးခန်းထဲမှာ
လူစင်စစ်ကနေ အငွေ့ပျံပြီး ပျောက်သွားချင်တော့တာပါပဲ။

ကျော်ဇင်လတ် ခုံမှ ထလိုက်စော့ ညွှန့်သည်ထံမှ
အရက်နံ့ရလိုက်၏။ တစ်ခုခု ထူးပြီးမှန်း သိလိုက်ပါသည်။

"ညွှန့်သည်ကို ဒီလိုဆက်ဆံတာ မင်းကို အလုပ်ပြုတ်
တဲ့အထိ အပြစ်ပေးလို့ရတာ နားလည်လား စကားဝါ"

"ခဏလေး နေလ။ ငါ ဝါလေးကို သေချာမေးပါ့မယ်။
ကဲ . . . ပြော ဝါလေး။ အကျိုးအကြောင်း အမှန်သိမှ ကိုယ် ရှင်း
ပေးလို့ရမှာ။ အခုကိစ္စက ကိုယ်တို့ ဝန်ထမ်းတွေဘက်က ကိုယ့်ထိ
လက်ရောက် စော်ကားမှုဖြစ်နေပြီ . . . ပြော . . ."

သူမ ခေါင်းကို တွင်တွင်ခါယမ်းနေပါ၏။ သူ့ ချွေးစီးတွေ
တောင် ပျံလာ၏။ ဝါလေးကြောင့် နေလဟိုတယ်ကို နာမည်မပျက်
စေချင်ပါ။ ဝန်ထမ်းအားလုံးကိုလည်း မထိခိုက်စေလိုပါ။

"ဝါလေး . . . ညည့်သည်ကို ပြန်တောင်းပန်လိုက်ပါ"

"ဟင့်အင်း . . . ဟင့်အင်း . . . မတောင်းပန်နိုင်ဘူး"

"ဒါဆို ဖြစ်ပျက်တဲ့ကိစ္စကို ပြောပြမှပေါ့"

လေသံမာမာဖြင့် ပြောလိုက်သည့် ကိုကိုကျော့်ကို သူမ မော့ကြည့်လိုက်ပါသည်။ စိတ်ရှုပ်ထွေးမှုကြောင့် ညှိုးမည်းနေသည့် ကိုကိုကျော့်မျက်နှာကို ကြည့်ရင်း အမြင်တွေ ဝေဝါးလာ၏။

"MD ကျွန်မ တစ်ခုပြောပါရစေ"

"ပြောပါ မကာသီ။ ဘာကိစ္စလဲ"

"စကားဝါဖြစ်တဲ့ကိစ္စကို ကျွန်မ မြင်လိုက်ပါတယ်"

"ဘာဖြစ်တာလဲ"

"ဒီလူ အရက်မူးပြီး အခန်းပြန်လာကတည်းက ကျွန်မက ရေ့တစ်ခန်း ရှင်းပြီးနေပါပြီ။ နောက်တစ်ခန်းကို အကူးမှာ သူ စကားဝါ့လက်ကို နမ်းလိုက်တာ ကျွန်မ တွေ့လိုက်ပါတယ်"

"ဟာ . . . ခင်ဗျား"

"အလတ် . . . မလုပ်နဲ့"

အကျီကော်လံကို ဆွဲယူ၍ ထိုးရန်ရွယ်စဉ် နေလာက သူ့လက်ကိုဆွဲလိုက်သဖြင့် ဘယ်လက်ဖြင့်သာ ထိုသူကို ပိတ်တွန်း



လိုက်ပါသည်။ နေလာက Intercon မှတစ်ဆင့် Reception Manager ကို ခေါ်လိုက်ပါသည်။

"ကျေးဇူးပဲ ကောသီ။ မင်းအလုပ် မင်း ဆက်လုပ်ပါ"

"ဟုတ်ကဲ့ပါ GM"

ကောသီထွက်သွားပြီး မရှေးမနှောင်းမှာ ကိုမျိုးမင်းဦး ဝင်လာပါ၏။

"ဒီလူ ဘယ်နှစ်ရက်တည်းဖို့ ငွေသွင်းထားလဲ ကိုမျိုးမင်းဦး"

"တစ်ပတ်ပါ GM"

"အခု ဘယ်နှစ်ရက်ရှိပြီလဲ"

"ငါးရက်ပါ"

"နောက်နှစ်ရက်စာ ငွေပြန်အမ်းပြီး သူ့ကို Taxi ခေါ်တင်ပေးလိုက်ပါ"

"ဟုတ်ကဲ့ပါ GM"

"ကဲ . . . ခင်ဗျားအပြစ် ခင်ဗျားသိရင် အခုချက်ချင်း ဒီဟိုတယ်က ထွက်သွားပေးပါ။ မဟုတ်တရုတ် သတင်းတွေ ဖြန့်ဖို့တော့ မကြိုးစားပါနဲ့။ ကျွန်တော်တို့ဘက်က တရားပြန်စွဲလို့ရတာ

ကို သိထားပါ"

"တောက်"

ထိုလူက ရုံးခန်းထဲမှ တက်ခေါက်ပြီး ထွက်သွားတော့သည်။ သူမ ငိုရှိုက်နေရာမှ အခန်းထဲမှ လှည့်ထွက်လိုက်ပါ၏။

"ဝါလေး"

လက်ကို လှမ်းဆွဲထားသည်ကို သူမ ရုန်းထွက်လိုက်သည်။ အလတ်က သူမရှေ့မှ ပိတ်ရပ်လိုက်စဉ် သူမ ရုတ်တရက် ပျော့ခွေကျသွားတော့၏။

"ဝါလေး . . . ဝါလေး"

"စကားဝါ . . . ဆေးခန်း . . . ဆေးခန်းကို ခေါ်သွား အလတ်"

သူ စွေ့ခနဲ ပွေ့ချီ၍ ဆေးခန်းသို့လျှောက်လာခဲ့၏။ ဒေါက်တာ မေမီက ဆေးကာစ်လုံးထိုးပေးပြီး အနားယူစေသည်။

"ဘာမှမဖြစ်ပါဘူး။ စိတ်လှုပ်ရှားတာ များပြီး Shock ဖြစ်သွားတာပါ"

သူ သူမလက်ကလေးကို ကိုင်ထားရင်း ရင်ထဲမှာ နင့်နေအောင် ခံစားနေရ၏။ ဘောက် . . . တော်တော်ယုတ်မာတဲ့ကောင်။



သူ့ အရိပ်တကြည့်ကြည့်နဲ့ မြတ်နိုးနေတဲ့ ပန်းကလေး။ မထိရက် မတို့ရက် မချွေဘဲ အလှကြည့်နေတဲ့ မိန်းကလေးကိုမှ လုပ်ရက်လေခြင်း။ အို . . . ဝါလေးရယ် . . . ဝါလေးမွေးနေ့မှာ ကိုယ်ဖွင့်ပြောလိုက်ဖို့ ဆုံးဖြတ်ချက် ရဲရဲကြီး ချလိုက်ပါပြီ။ ကိုယ် သိပ်ချစ်ရတဲ့ မိန်းကလေးကို ကိုယ့်ရင်ခွင်ထဲမှာပဲ အပြီးတိုင် ထွေးပွေ့ထားပါရစေတော့ . . . နော် . . .။

× × ×

The feeling called love bloomed in my heart puisating with life and shimmering like a rainbow.

အချစ်ကည်းဟူသည့် ခံစားမှု ကိုယ့်နှလုံးသားအတွင်း ပွင့်လန်းလာသည်နှင့် အသက်ဝင်လှုပ်ရှားလာသည် . . . သက်တံ့သဖွယ် အရောင်အသွေး တောက်ပလာလေ၏။

မနက်စောစော ရွှေတိဂုံစေတီပေါ်တက်ခဲ့ရင်း ပန်း၊ ရေ
မွှမ်း၊ ဆီမီး သက်စေ့ ပူဇော်ကာ ဘုရားရှိခိုးပါ၏။ ဘုရားကုန်းတော်
ပါမှ အဆင်း၌ ငှက်ကလေးများကို (၁၈)ကောင်တိတိ လွှတ်
ပေး၍ ကုသိုလ်ယူသည်။ တရုတ်စားသောက်ဆိုင်မှာ ဆီချက်
ခေါက်ဆွဲ ဝယ်ကျွေးပြီးမှ သူမတို့ကို အိမ်ပြန်ပို့ပေးပါသည်။ အိမ်
ပါသို့ မေမေ အရင်တက်သွားပြီး သူမက ကားပြတင်းပေါက်နား
ရပ်၍ ကိုကိုကျော့ကို နှုတ်ဆက်ကာ ကျေးဇူးတင်စကား ပြော
ိုက်၏။

"ကျေးဇူးအများကြီးတင်ပါတယ် ကိုကိုကျော်။ ကိုကို မရှိ
တော့ပေမယ့် ကိုကို့နေရာကနေပြီး အခုလို ဝါလေးဆန္ဒကို ဖြည့်
းတဲ့အတွက် ကိုကိုကျော့်စေတနာတွေကို ဝါလေး အမြဲ အမှတ်

ရနေမှာပါ"

"ရပါတယ် ဝါလေး . . . မလိုပါဘူး။ ညနေ ကိုယ် တစ်ခေါက် လာခေါ်မယ်နော်။ ဝါလေး အဆင်သင့်ပြင်ထားပါ"

"ဟင် . . . ဧည့်သည်နဲ့ တွေ့ရဦးမှာလား"

"မဟုတ်ပါဘူး . . . ကိုယ် ဝါလေးနဲ့ သီးသန့်ပြောစရာ ရှိနေလို့ပါ"

"ဟုတ်ကဲ့ပါ ကိုကိုကျော်"

"ကဲ . . . ကိုယ်ပေးတဲ့ လက်ဆောင်ဘူးကို အိမ်ထဲရောက်မှ ဖွင့်ကြည့်နော်။ ကိုယ်သွားပြီ . . . ညနေမှ တွေ့ကြတာပေါ့"

"ဟုတ်ကဲ့"

ကားကို မှောင်ရိပ်ကျသည့် နေရာမှာ ရပ်လိုက်သည်၊ ည မီးရောင်မှိန်မှိန်လေး ထွန်းထားသည့် ကော်ဖီဆိုင်ထဲသို့ သု ဝင်လာခဲ့၏။ ထောင့်ကျကျ စားပွဲမှာ သူ ဝင်ထိုင်လိုက်သည်။ စားပွဲ ပေါ်မှာ ဖယောင်းကိုင်အကြီးကြီးတစ်တိုင်ကို မီးထွန်းထားပါ၏။ ကော်ဖီတစ်ခွက်နှင့် ကိတ်တစ်ပွဲမှာလိုက်ပြီး ဝန်းကျင်ကို လှည့် ကြည့်နေမိသည်။ ခုံအသီးသီးတွင် ထိုင်နေကြသည့် စုံတွဲကိုယ်စီ ကြောင့် သူ ပြုံးလိုက်မိ၏။ ဆိုင်အမည်ကို Dreams လို့ မပေးဘဲ



Lover's Palace လို့ ပေးရမှာ။

စတိတ်ပေါ်သို့ စုံတွဲတစ်တွဲ တက်သွားပြီး ကာရာအိုကေ သီချင်းတစ်ပုဒ်ကို သီဆိုနေ၏။ မိုက်ခ်ကို အသံ ညှိထားသဖြင့် တစ်ဆိုင်လုံးအသံက ဆူညံ၍ ထွက်မနေပေ။ ခပ်တိုးတိုး ငြိမ့်ငြိမ့် လေးသာ ထွက်နေ၏။ ဝိတ်တာ လာချပေးသည့် ကော်ဖီကို တစ်ငုံ မျှ သောက်လိုက်စဉ် သူ့မြင်ကွင်းထဲသို့ အဖြူရောင်ပုံရိပ်နှစ်ခု ဝင် လာ၏။

ရှပ်အဖြူ ဘောင်းဘီအဖြူနှင့်အလတ်က ဂါဝန်အဖြူ လေး ဝတ်ထားသည့် သူမ လက်ကိုကိုင်၍ ဆိုင်ထဲ ဝင်လာသည်။ မီးရောင်မှိန်မှိန်ကြောင့် သူထိုင်နေသည်ကို အလတ်တို့ မမြင်ချေ။ ဆိုဖာခုံအမြင့်များချထားသည့် သူ့ရှေ့ခုံမှာ ကျောပေးလျက် အလတ် ဝင်ထိုင်လိုက်၏။ သူ ဖျတ်ခနဲထ၍ အလတ် နောက် ကျောခုံမှ ကျောချင်းကပ် ပြောင်းထိုင်လိုက်ပါသည်။

"ထိုင် . . ဝါလေး . . . ကော်ဖီနဲ့မုန့်စားရမယ်။ ပြီးရင် ကိုယ်တို့ သီချင်းဆိုမယ်။ ဓာတ်ပုံတစ်ပုံ ရိုက်မယ်။ ပြီးမှ အိမ်ပြန် ကြမယ် . . . ဟုတ်ပြီလား"

"ကိုကိုကျော် ဝါလေးကို ပြောစရာရှိသေးတယ်ဆို"

"ပြောမှာပါ . . . ဖြည်းဖြည်းပေါ့ ဝါလေးရဲ့"

ဝိတ်တာလေး လာချပေးသည့် ကော်ဖီခွက်ကို ဇွန်းဖြင့် မွှေ၍ နွေးစေပြီးမှ ဝါလေးရှေ့ကို ချပေးလိုက်သည်။ အစိမ့်ကြိုက်သည့် ဝါလေးထံ မုန့်ပန်းကန်ထဲမှ ဂဏန်းပုံမုန့်ကို ယူပေးလိုက်ပါ၏။

"စား . . . ကော်ဖီလည်း သောက်"

"ကော်ဖီကစိမ့်နေတာပဲနော် ကိုကိုကျော်။ ဒီလိုအရသာမျိုး ဝါလေး တစ်ခါမှ မသောက်ဖူးဘူး"

"ဒါ . . . ဘရာဇီးကော်ဖီမှုန့်နဲ့ ဖျော်ထားတာကိုး ဝါလေးရဲ့"

"ဟင် . . . ဒါဆို ဈေးကြီးမှာပေါ့"

"ဟင်းဟင်း . . . သိပ်မကြီးပါဘူး ဝါလေးရဲ့"

"ဒီမှာ ဓာတ်ပုံရိုက်ပေးလို့လားဟင်"

"ရိုက်ပေးတယ်။ လာတဲ့ဧည့်သည်တွေကို လက်ဆောင်အဖြစ် ရိုက်ပေးတာပေါ့။ ကာရာအိုကေလည်း အလကားဆိုရတာပဲ"

ပျော်စရာကြီးနော် . . . ပိုင်ရှင်က သိပ်စိတ်ကူးကောင်းတာပဲ။ ဆိုင်ဆောက်ထားတဲ့ ပုံစံလေးရော၊ ခင်းကျင်းထားတာတွေ



ရော ဘာမှ ပြောစရာမရှိဘူး"

"ဒီဆိုင် အပိုင်မလိုချင်ဘူးလား ဝါလေးရဲ့"

"ဟင် . . . ကိုကိုကျော်ကလည်း ဒီလိုဆိုင်မျိုး ဝါလေးဖြင့် အိပ်မက်ထဲတောင် ထည့်မမက်ဝံ့ပါဘူး"

"ဪ . . . တကယ်ပြောနေတာ။ လက်ဆောင်ပေးမယ်ဆိုရင် မလိုချင်ဘူးလား"

"ပေါက်တတ်ကရတွေ . . ."

ရယ်သံတွေ တီးတိုးထွက်သွားသည်။ သူမ မုန့်စားပြီး ကော်ဖီကို ငုံ့သောက်လိုက်ပါ၏။ ရှေ့မှာ ထိုင်နေသည့် ဝါလေးကို တစိမ်စိမ့်ကြည့်နေရင်း ရင်ထဲမှာ တသိမ့်သိမ့်ခုန်နေမိသည်။ သူ ကော်ဖီကို ငုံ့သောက်ရင်း အရှိန်ယူလိုက်၏။ ကိုယ်ဖွင့်ပြောလိုက်ရင် မင်း မငြင်းလိုက်ပါနဲ့ ဝါလေးရယ်။ မင်းအသက် သိပ်ငယ်သေးပေမယ့် မင်းကို သူများတွေ ဦးသွားမှာစိုးလို့ပါ။ မောင်နမတွေလို တရင်းတနှီး နေလာရက အခွင့်အရေးယူတယ်လို့ မယူဆစေချင်ပါဘူး။ ၅ နှစ်တာ မျိုသိပ်နေခဲ့ရတဲ့ ကိုယ့်ရင်ထဲက ချစ်ခြင်းတွေကို မင်း . . . စာနာပေးနိုင်ပါစေကွယ်။

"ဝါလေး"

"ရှင်"

"ကိုယ် . . . ဝါလေးကို သိပ်ချစ်တယ်"

သူမမျက်နှာထက်မှာ အဖြူစင် ဂုံး အပြုံးတစ်ပွင့် ပေါ် လာ၏။ ဗုဒ္ဓေါ . . . သူ မျှော်လင့်ထားတာ ရှက်သွေးဖြာသွားမည့် သူမ မျက်နှာလေးကိုပါ . . . ခုတော့ . . .

"ဝါလေးလည်း ကိုကိုကျော့်ကို သိပ်ချစ်ပါတယ်။ ကိုကို မရှိတော့တဲ့နောက်မှာ ကိုကိုကျော့်ကို နှစ်ယောက်စာပေါင်းပြီး ဝါလေး ပိုချစ်ခဲ့တာပေါ့။ ကိုကိုကျော်ဟာ ဝါလေးရဲ့ အစ်ကိုပါပဲ။ ဝါလေးအပေါ်မှာ ဖြူစင်တယ်၊ ကြင်နာယုယတယ်၊ အလိုလိုက် တယ်။ ညီမတစ်ယောက်ကို လိမ္မာ စေချင်တဲ့ စေတနာနဲ့ ဆိုဆုံးမ ခဲ့တယ်။ ဒါကြောင့်လည်း ဝါလေးက ကိုကိုကျော့်စကားကို အမြဲ နားထောင်ခဲ့တာပေါ့။ ကိုကိုကျော် မကြိုက်တာမှန်သမျှ ဘာမှ မလုပ်မိအောင် ဝါလေး ဆင်ခြင်နေထိုင်ခဲ့တာ အစ်ကို တစ် ယောက်ရဲ့ စကားကို နာခံတဲ့ ညီမလေးအနေနဲ့ပါ"

သူ သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်ရင်း ထိုင် ခုံမှာ မှီထိုင်လှဲလိုက်၏။ သူ့ဘက်က ဖြူစင်မှုတွေ ညစ်စွန်းနေတာကို သူ့လိပ်ပြာ သူ ရှက်ရပေပြီ။ သြော် . . . ဝါလေးရယ်။ ၅၂၈ ထက်



နည်းနည်းတောင် မပိုပေးနိုင်ဘူးလား။

အနောက်ဘက်မှ စကားသံတို့ကြောင့် နေလ မဲ့ပြုံးပြုံး လိုက်မိ၏။ စိတ်ထဲမှ ထပြန်ချင်သော်လည်း အလတ်တို့နှစ် ယောက် သူ့ကိုမမြင်တွေ့စေချင်ပါ။ အချစ်ကိုကိုးကွယ်ချင်ပါတယ် ဆိုတဲ့ အလတ်မျက်နှာကို သူ မြင်ချင်သေးသည်။ မင်းအဆင့် အတန်းနဲ့ ဒီထက်သာတဲ့ မိန်းကလေးမျိုး ရှာတွေ့နိုင်ပါတယ် အလတ်ရာ . . .။

"ကိုကိုကျော် . . . သီချင်းဆိုမယ်ဆို"

"အင်း . . . ဘာသီချင်းဆိုချင်လဲ"

"ရှင်သန်ခြင်း"

"ကဲ . . . လာ . . . သီချင်းဆိုပြီးရင် သူတို့ဓာတ်ပုံရိုက်ပေး လိမ့်မယ် . . . ထ . . ."

စတိတ်ပေါ်သို့ သူတို့တက်လာခဲ့၏။ ကာရာအိုကေ စက် ဖွင့်ပေးသည့် တာဝန်ခံက သူတို့ပြောသည့် CD ကို ထည့်ပေး လိုက်ပါသည်။ Intro စဝင်ပြီးသည်နှင့် နှစ်ယောက်သား ပြိုင်တူ ...င် စဆိုလိုက်ပါ၏။

"မလှပခဲ့တဲ့ နေ့တွေလည်း ရှိ × × × မခွဲဘဲ တို့နှစ်

ယောက် သွားမယ်နော် × × ×

အချိုးကွေ့များတဲ့ နေ့တွေလည်း ရှိ × × × အတူတူ ကူ

ဖြတ်လို့ သွားမယ်နော် × × ×

စမ်းသပ်လို့မရ အလွမ်းနေ့များလည်း ရှိ × × × လက်တွဲ

ထိုးဖောက်လို့ သွားမယ်နော် × × ×

ပန်းခင်းထားတဲ့နေ့တို့လည်း ရှိ × × × အတူတူ ရှေ့ဆက်

လို့ သွားမယ်နော် × × ×

မျှော်လင့်ချက်မဲ့တဲ့နေ့တို့လည်း ရှိ × × × အားများတော့

ရှိမှဖြစ်လိမ့်မယ် × × ×

ငွေကြေးများခင်းတဲ့နေ့တို့လည်း ရှိ × × × အတူတူ ခရီး

ဆက်သွားမယ်နော် × × ×

အိပ်မက်သစ်များပေးမယ့် နေ့တွေအရောက် × × × တို့

နှစ်ယောက် ကြိုးစားလို့သွားမယ်နော် × × ×

သီချင်းသစ်များနဲ့ တို့ရဲ့နေ့တွေအရောက် × × × အတူ

တူ ကူးဖြတ်လို့သွားမယ်နော် × × ×

အားလုံးအတွက် လှပတဲ့မနက်ဖြန် × × × တို့နှစ်

ယောက် ကြိုးစားပေးမယ်နော် × × ×



အဆွေးများ အလွမ်းများဝေးတဲ့မနက်ဖြန် × × × ဝေ

ကာပေးဖို့ သွားမယ်နော် × × ×

အတူတူမင်းလေးနဲ့ သွားမယ်နော် × × ×

အတူတူ ကူးဖြတ်လို့ သွားမယ်နော် × × ×

သီချင်းဆုံးသွားတော့ နှစ်ယောက်သား မတ်တတ်ရပ်

လိုက်စဉ် Camera man က ဓာတ်ပုံရိုက်ရန် ရှေ့မှာလာရပ်သဖြင့်

ဖားလျားကျနေသည့် သူမ၏ဆံနွယ်တို့ကို အနောက်ဘက် သူ ပို့

ပေးလိုက်ပြီး သူမလက်ဖဝါးလေးကို ဆုပ်ကိုင်ထားလိုက်ပါ၏။

သူမက သူ့လက်မောင်းကို မှီလိုက်သဖြင့် သူမကို သူ ငုံ့ကြည့်စဉ်

ဝယ် ဓာတ်ပုံ ဖျတ်ခနဲ ရိုက်လိုက်ပါသည်။ စက္ကူအိတ်လေးထဲ

ထည့်၍ ကမ်းပေးလိုက်သည့်ဓာတ်ပုံကို သူ ယူကြည့်လိုက်တော့

တလက်လက် တောက်ပနေသည့် မျက်ဝန်းလေးများဖြင့် ပြုံးနေ

သည့် ဝါလေးနှင့် ရီဝေစွာ ငေးကြည့်နေသည့် သူ့မျက်ဝန်းများကို

မြင်လိုက်ရ၏။

"ဒီပုံ ကိုယ်ပဲ သိမ်းထားလိုက်မယ်နော်"

"ဟင် . . . ဝါလေးကို မပေးဘူးလား"

"ကိုယ်ပဲ ယူပါရစေဝါလေးရယ် . . . ကဲ . . . ပြန်ကြရ

အောင်"

ခြံရှေ့ရပ်ပေးသည့် ကားပေါ်မှ သူမ ဆင်းလိုက်ပြီး ကိုကို့

ကျော့်ကို လက်ပြနှုတ်ဆက်လိုက်ပါ၏။ ကိုကိုကျော့်ကား ထွက်

သွားတော့မှ အိမ်ပေါ်သို့တက်ခဲ့သည်။ စေ့ထားသည့်တံခါးကို

တွန်းဖွင့်၍ ဝင်လိုက်စဉ် ဧည့်ခန်းရှိ ဆက်တီစားပွဲလေးပေါ်မှာ

ဖယောင်းတိုင်ထွန်းထားသည့် ကိတ်မုန့်ကြီးကို မြင်လိုက်ရလေ

၏။

"Happy Birthday

Magnolia"

ကိတ်ပေါ်မှ စာတမ်းကို ဖတ်နေစဉ် မေမေက ဧည့်ခန်း

သို့ထွက်လာ၏။

"ဒါ . . . ဘယ်သူလာပို့သွားတာလဲ မေမေ"

"လူငယ်လေးတစ်ယောက်ပဲ သမီး။ နောက်ပြီး ပါဆယ်

တစ်ဘူးလည်း ပါတယ်။ စားပွဲအံဆွဲထဲ မေမထည့်ထားတယ်။

ထုတ်ကြည့်လိုက်။ မေမေ ပုတီးစိပ်တော့မယ် သမီး။ တံခါးတွေ

သေချာပိတ်ပါ"

"ဟုတ်ကဲ့ပါ မေမေ"



သူမ အံဆွဲထဲမှ ဘူးကိုယူ၍ စက္ကူကို ဖြည်လိုက်ပါ၏။

ဘူးပေါ်မှာ စာအိတ်လေးဖြင့် ပိတ်ထားသည့် ကတ်မှာမာလေးကို

အရင်ဖောက်ဖတ်လိုက်ပါသည်။

"This world is full of wondorous things; but they

wouldn't have much mening without you"

[ဒီကမ္ဘာကြီးဟာ အံ့ဩဖွယ်ရာများနှင့် ပြည့်စုံနေပေ

မယ့် . . . မင်းသာမရှိရင် အဓိပ္ပာယ်သိပ်ရှိမှာ မဟုတ်ပါဘူး]

ဘူးလေးကို ဖွင့်လိုက်စဉ် ဝင်းခနဲ လက်သွားသည့် စိန်

လော့ကတ်ကလေးက ရွှေဆွဲကြိုးမျှင်မျှင်မှာ ချိတ်ထားလျက်

သား။ ဘယ်သူပေးသွားတာပါလိမ့်။ ကိုကိုကျော်တော့ မဟုတ်

နိုင်ပါဘူး။ သူမ စဉ်းစား၍ မရနိုင်တော့ချေ။

ကိတ်ဘန်းကို ကြောင်အိမ်ထဲထည့်ကာ ဘူးလေးကို

ခုတင်ဘေးရှိ စားပွဲပေါ်မှာ တင်ထားလိုက်၏။ အဝတ်အစားလဲ၍

အိပ်ရာထဲလှဲချလိုက်သည်။

"ကိုယ် . . . ဝါလေးကို သိပ်ချစ်တယ်"

ဘုရားရေ . . . ဒီည ကိုကိုကျော် သူမကို ပြောလိုက်သည့်

စကားကို အခုမှ ပြန်စဉ်းစားမိသွား၏။ ဒုက္ခပါပဲ . . . ကိုကိုကျော်

ပြောတုန်းက သူမက ရင်ထဲမှာရှိတဲ့အတိုင်း ဖွင့်ပြောချမိလိုက်တာ။ ကိုကိုကျော့်ရင်ထဲ ဘာတွေဖြစ်သွားမလဲ။ ဝါလေး . . .ဝါလေးကြောင့် ကိုကိုကျော် အရမ်းခံစားသွားရရင် ဝါလေးကို ခွင့်လွှတ်ပါ။

အဲဒီညအိပ်ပျော်စဉ်ခိုက်မှာ လှပဆွတ်ပျံ့ဖွယ်ရာ အိပ်မက်တစ်ခုကို သူမ မက်ခဲ့ပါ၏။ မြင်ခင်းစိမ်းစိမ်း ကွင်းပြင်ကျယ်ကြီးမှာ သူမ ပြေးလွှားနေခဲ့သည်။ ပြေးရင်း မောလာ၍ မြက်ခင်းပြင်မှာ ဒူးထောက်ထိုင်ချ၍ မျက်စိမှိတ်အမောဖြေနေစဉ်အခိုက် သူမလည်တိုင်မှာ အေးစက်သည့်အသိကြောင့် ငုံ့ကြည့်လိုက်တော့ စိန်လော့ကတ်လေးပါသည့် ရွှေဆွဲကြိုးလေးက ဆွဲထားလျက်သား။ ရှေ့တည့်တည့်မှာ ရှိနေသည့် ဆွဲကြိုးဆွဲပေးသူကို မော့ကြည့်မိလိုက်တော့ . . .

"အား . . ."

သူမ အိပ်ရာထဲမှ ဆတ်ခနဲ ကျုံ့ထလိုက်၏။ စားပွဲပေါ်တင်ထားသည့် ဘူးကို ကြောက်လန့်တကြား ကြည့်ရင်း အံဆွဲထဲ မြန်မြန်ထည့်လိုက်ပါသည်။ အိုက်စပ်စပ် ဖြစ်လာပြီး ချွေးစီးတွေ ပျံ့လာသဖြင့် ခေါင်းရင်းပြတင်းပေါက်ကို ထဖွင့်လိုက်ပါ၏။ သူမထံ အပြင်မှ လေတဖြူးဖြူးတိုက်ခတ်လာသည်။



ကိုကိုကျော် ဆုချပေးခဲ့သည့် နာရီမှ သံုးချက်တီးသံ မြည်လာ၏။ ပါးပြင်ထက်မှ ပူနွေးလာမှုကြောင့် လက်ဖြင့် သုတ်လိုက်စဉ် မျက်ရည်ပေါက်ဖြစ်နေတော့သည်။ သူမ ဘာတွေဖြစ်ခဲ့တာလဲ။ ချစ်ခွင့်ပန်ခဲ့သည့် ကိုကိုကျော့်ကို ရှက်ရွံ့အားနာနေမိချိန်မှာ ကိုကိုကျော်မဟုတ်တဲ့ လူတစ်ယောက်ကို သူမက အိပ်မက်ထဲမှာ တွေ့ရသတဲ့။ မဖြစ်သင့်ပါဘူး။ သူမကို အထင်သေးနှိမ်ချသည့် အကြည့်တို့ဖြင့် အမြဲစိုက်ကြည့်နေခဲ့သည့် မျက်လုံးတစ်စုံကို မြင်ယောင်မိလိုက်စဉ် သူမ မျက်ဝန်းမှ မျက်ရည်တို့ တပေါက်ပေါက် ကျလာလေတော့သည်။ အို . . . ကံကြမ္မာရယ် ဝါလေးကို ဘယ်လိုအိပ်မက်မျိုး ဖန်ဆင်းပေးလိုက်ရတာလဲ။

× × ×

# အိပ်မက်

**မြန်းခနဲ**

ညှို့ငှက်တစ်ကောင် ထပျံသွားစဉ်က

နီးထခြင်း အလျဉ်းမရှိခဲ့တာ အမှန်

**ဗျတ်ခနဲ**

ညာဘက်ပါးပြင်ထက်

နက်ရှိုင်းခြင်းရနံ့ ထင်ကျန်စဉ်ခဏ

လန့်နိုးခဲ့ရ . . .

**ဗျတ်ခနဲဆိုမှ**

တကာယ့်ကို တဒင်္ဂ ဖျတ်ခနဲပါပဲ

နုးညံ့သိမ်မွေ့ ခြင်းအတိနဲ့

ဝင်သက်နွေးနွေးလေးကိုပေါ့ . . .

အိပ်ရာထက်မှ ထကာ ခုတင်ပေါ်ထိုင်လျက် ခြေထောက်ကို ချထားရင်း မျက်နှာကို လက်ဝါးဖြင့် အုပ်ထားမိသည်။ ဒါ . . . တိုက်ဆိုင်မှု သက်သက် မဟုတ်တော့ပေ။ သူမနှင့်ပတ်သက်လာတိုင်း မကြာခဏ မက်နေခဲ့သည့် အိပ်မက်တို့က သူ့ကို အိပ်ရေး ခဏ ခဏ ပျက်စေခဲ့ကာကြာပြီ။

သေချာပြီလား . . . အချစ်ဆိုတာ ဘာလဲ။ သူ မျှော်လင့်ထားသည့်အရာက ဒါမှမဟုတ်ဘဲ။ ဘာမဟုတ်တဲ့ ကောင်မလေးတစ်ယောက်ကို သူ ဒူးထောက် အရှုံးပေးလိုက်ရမှာတဲ့လား။ လုံးဝ မဖြစ်နိုင်တာ။

သူ မျှော်မှန်းထားတဲ့ ဖူးစာရှင်ဟာ . . . ပညာတော်ရမယ်၊ ဉာဏ်ရည်ထက်မြက်ရမယ်၊ မျိုးရိုးမြင့်မြတ်ရမယ်၊ ဂုဏ်သိက္ခာနဲ့

ပြည့်စုံတဲ့သူ ဖြစ်ရမယ်၊ သူ ကျင်လည်နေတဲ့ အလွှာထဲမှာ ဝင်ဆံ့နိုင်တဲ့ တော်ဝင်သူ ဖြစ်ရမယ်။

သူ သတ်မှတ်ထားတဲ့ စံနမူနာတွေနဲ့ ရာနှုန်းပြည့်မီတဲ့ သူကိုလည်း သူ့ဘဝမှာ တွေ့ပြီးခဲ့ပြီ။ သိပ်မကြာခင်ကာလမှာ စေ့စပ်ပွဲ ပြုလုပ်ဖို့ကိုတောင်း ပြင်ဆင်ပြီးနေပြီ။ ဘယ်လို လွဲချော်မှု မျိုးကိုမှ သူ အဖြစ်မခံနိုင်ပေ။

"တောက် . . ."

"ဒေါက် . . . ဒေါက်"

အခန်းတံခါး ခေါက်သံကြောင့် သူ တံခါးကို ထဖွင့်ပေး လိုက်တော့ ဖေဖေက သူ့အခန်းထဲ ဝင်လာ၏။ ဆံပင်ဘုတ်သိုက် နှင့် ညဝတ်အင်္ကျီ ဖရိုဖရဲဖြစ်နေသည့် သားဖြစ်သူကို ဦးနေရောင် တအံ့တသြဖြင့် ကြည့်လိုက်သည်။ စာကြည့်စားပွဲရှိ ထိုင်ခုံမှာ ဝင် ထိုင်ရင်း သားဖြစ်သူကို မေးလိုက်ပါ၏။

"ဘာတွေဖြစ်နေတာလဲ သား"

"ဘာမှ မဖြစ်ပါဘူး ဖေဖေ"

"ဘာမှမဖြစ်ဘဲနဲ့တော့ ဖေဖေ့သား ဒီလို ရုပ်ပျက်ဆင်း ပျက် ဖရိုဖရဲ မဖြစ်လောက်ပါဘူး"



သူ စုတင်ထက်မှာ ပြန်ထိုင်ရင်း ခေါင်းကို ငုံ့ထားလိုက် ပါ၏။

"သားရင်ထဲမှာ ဘာတွေရှိနေလဲ။ ဖေဖေတို့ ပွင့်ပွင့်လင်း လင်း ဆွေးနွေးကြတာပေါ့။ ပထမဦးဆုံး သား Accident ဖြစ်တဲ့ နေ့က ပြန်စမယ်။ အဲ့ဒီနေ့က သား လေးနာရီလောက် နိုးနေတာ ဖေဖေသိတယ်။ မနက် သမီးပပ Duty ထွက်မှာကိုလည်း ဖေဖေ သိတာပဲ။ သားထွက်သွားတာ သမီး ပပဆီကိုပဲထင်လို့ ဖေဖေ မတားနဲ့ဘူး။ ဒါပေမဲ့ . . . အဲဒီနေ့က သားရဲ့ကားပေါ်မှာ စံပယ်ပန်း တစ်ကုံးကို ဖေဖေတွေ့ခဲ့တယ်။ ဒီပန်းပိုင်ရှင်ဟာ သမီးပပ မဟုတ် ဘူး။ သူ ပန်းမကြိုက်တာ ဖေဖေသိတယ်။ အဲဒီမိန်းကလေးဟာ ဘယ်သူလဲ"

"ကျွန်တော် မသိဘူး ဖေဖေ"

ဦးနေရောင် ခေါင်းကို ခါယမ်းလိုက်ပါ၏။ သားဖြစ်သူ မျက်နှာကို ကြည့်လိုက်တော့ စိတ်ရှုပ်ထွေးစွာဖြင့် မှုန်ကုပ်နေ သည်။

"သား မညာတတ်တာ ဖေဖေယုံတယ်။ ဒါပေမဲ့ ဖေဖေ့ ဆန္ဒကိုပြောရရင် အဲဒီမိန်းကလေးကို ဖေဖေ တွေ့ချင်တယ်"

“ကျွန်တော့်ကားပေါ်မှာ ပပကလွဲလို့ ဘယ်သူစိမ်
မိန်းကလေးကိုမှ ခေါ်မတင်ခဲ့ဖူးပါဘူး ဖေဖေ”

“သေချာရဲ့လား သား”

“ဖေဖေ ကျွန်တော့်ကို သံသယမဝင်ပါနဲ့”

“ကားထဲမှာတော့ အဝင်မခံဘဲ ရင်ထဲကိုတော့ အဝင်
တယ်ဆိုပါတော့”

“ဟာ . . . ဖေဖေ”

“ဖေဖေလည်း ငယ်ရာကကြီးလာတာပါ သားရယ်။ သာ
စိတ်ထဲ ဘာတွေဖြစ်နေတယ်ဆိုတာ ဖအေတစ်ယောက်အနေ
ရပ်မိပါတယ်။ ဖေဖေ ဒီလောက် မညံ့ပါဘူးကွ”

“မဟုတ်ဘူး ဖေဖေ”

ဦးနေရောင် ခပ်တိုးတိုး ရယ်လိုက်ပြီး သားအေးနားမှာ
ဝင်ထိုင်၍ သား၏ ကျောကုန်းကို နှစ်ချက်မျှ ပုတ်လိုက်ပါသည်။

“အချစ်ဟာ အိပ်ရေးလည်း မကြာခဏ ပျက်စေတယ်
သားရဲ”

“ဟာဗျာ . . . ဖေဖေကလည်း”

“ဝန်မခံချင်သေးဘူးလား သား။ အဲဒီရက် နောက်ပိုင်းမှာ



သား မနက်တိုင်း လေးနာရီဆို နိုးနေပြီ။ ဒီမနက်က သုံးနာရီဆို
တော့ ပိုဆိုးမလာဘူးလား။ နိုးလာတိုင်းလည်း ဂနာမငြိမ်ဘဲ ဟိုဒီ
လျှောက်၊ တက်တွေ ခေါက်၊ သက်ပြင်းတွေချနဲ့ မောရချည်ရဲ့
သားရာ”

“ခက်တယ် ဖေဖေ . . . ကျွန်တော့်က ဒီလတ်ကို တား
ဆီးရင်း တားဆီးရင်းနဲ့ ကျွန်တော့်အိပ်မက်တွေထဲ သူ ရောက်လာ
တာပဲ။ ပထမတော့ စိတ်စွဲပြီးမက်တာလို့ ယူဆပြီး မေ့မေ့ပျောက်
ပျောက် နေခဲ့တာပဲ။ ဒါပေမဲ့ . . . အခုက ပိုဆိုးလာပြီ”

“သူ . . . သားနဲ့ တော်တော်လေးရင်းနှီးသလား”

“ဟင့်အင်း . . . ဖေဖေ။ အလတ်နဲ့ ပိုရင်းနှီးတာပါ”

“အသက်ကရော”

“၁၈ နှစ်ပါ ဖေဖေ”

“အို . . . ငယ်ငယ်လေးပါလား”

“ကျွန်တော့်ကိုယ် ကျွန်တော် သိပ်ရှက်တယ် ဖေဖေ။
ကောင်မလေးက ကျောင်းလည်း မပြီးသေးဘူး။ သူ့မှာ ပိုင်ဆိုင်တာ
ဆိုလို့ ရုပ်ရည်လေးရှိတာကလွဲရင် ဘာဆိုဘာမှ ပြည့်စုံတာ
မဟုတ်ဘူး။ အဲဒီလိုမိန်းကလေးကိုမှ ကျွန်တော် စိတ်ဝင်စားမိတာ

ကျွန်တော် ဝန်မခံချင်ဘူး ဖေဖေ။ သူဟာ ပပန္နဲ့ ဘာမှမဆိုင်အောင် ကွာခြားလွန်းတာကို သိရဲ့သားနဲ့ ကျွန်တော် မမိုက်မဲချင်ဘူး။ ဒါပေမဲ့ . . . ကျွန်တော့်စိတ်ကိုလည်း ကျွန်တော် မနိုင်ဘူး"

"သားကျော်ဇင်နဲ့ သူနဲ့က ဘာလဲသား"

"အလတ်က ဖွင့်ပြောပြီးပြီ။ ကောင်မလေးက လက်မခံဘူး"

"အင်း . . . သိပ်တော့မဆိုးရွားပါဘူး။ သာမန်မိန်းကလေးတစ်ယောက်ဆိုရင် သား ကျော်ဇင်ကို လက်ခံလိုက်မှာ အမှန်ပဲ။ သူ စဉ်းစားတတ်သားပဲ သားရဲ့"

"ကျွန်တော် ဘာလုပ်ရမလဲ ဖေဖေ"

"ဟင်းဟင်း . . . အလုပ်ကိစ္စနဲ့ပတ်သက်ပြီးတော့ သား ဖေဖေ့ကို တစ်ခါမှ အကြံဉာဏ် မတောင်းခဲ့ပါဘူးနော်။ အခုမှ ဘယ်လိုဖြစ်ရတာလဲ"

သူ မချိပြုံးပြုံးလိုက်မိ၏။ ဆံပင်တွေကို ထိုးဖွလိုက်ရင်း စိတ်အိုက်နေမိတော့သည်။

"သားဘဝမှာ အစစအရာရာ ပြည့်စုံပြီးသားပါ။ အတတ်နိုင်ဆုံးတော့ သားစိတ်ကို သားထိန်းပေါ့။ အိမ်ထောင်ရေးကို Cal-



culator နဲ့ တွက်ထုတ်လို့မရသလို၊ အချစ်တစ်ခုကိုပဲ ဦးစားပေးရင်လည်း မရဘူး။ ဖေဖေ သားကို တားလည်း မတားချင်ဘူး။ မြောက်လည်း မပေးချင်ဘူး။ ဒေါက်တာဖေယျာဘိုနဲ့လည်း မျက်နှာမပျက်ချင်ဘူး။ ဒီတော့ သားကိစ္စကို သားဟာသား ဆုံးဖြတ်ပါ . . . ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ကဲ . . . ဖေဖေလည်း Golf ရိုက်ဖို့ချိန်းထားတာ သွားရဦးမယ်။ ခဏလောက်တော့ မေးချိန်ရပါသေးတယ်။ ဖေဖေ သွားမယ် သား"

"ဟုတ်ကဲ့"

ဖေဖေ အခန်းထဲမှ ထွက်သွားတော့ ခုတင်ပေါ် ပက်လက်လှန်ချလိုက်ပြီး မျက်နှာကျက်ကို ငေးကြည့်နေမိ၏။ အချစ်က ပြုစားတတ်သလား၊ မင်းကို ငါ အရှုံးမပေးချင်ဘူး စကားဝီ။ မင်း အလတ်နဲ့လည်း မပတ်သက်ရဘူး။ ပြီးတော့ . . . ငါ့ကိုလည်း

× × ×

ဒီနေ့ Off ရက်မို့ ကျောင်းမှာ Assignment သွားတင်ခဲ့ပြီး လှည်းတန်းဘက်ထွက်လာခဲ့၏။ စာပေလောကမှာ ဖတ်ချင်သည့် စာအုပ်များကို ရှာဝယ်လိုက်ပြီး၊ ဈေးဘက် လျှောက်ခဲ့သည်။ မေမေမှာလိုက်သည့် သစ်သီးတို့ကို အလုံးလှလှ ရွေးဝယ်လျက် ကားစီးရန် ဂိတ်ဘက်ကို ပြန်လျှောက်လာခဲ့၏။ မီးပွိုင့်မျဉ်းကြားမှာ ကားအရှင်းကို စောင့်နေစဉ် ဆယ်နှစ်အရွယ် ကလေးတစ်ယောက်က သူမဘေးမှ ဖြတ်ပြေးသွားလေသည်။

"ဟယ် . . . မောင်လေး . . . မကူးနဲ့ဦးလေ။ ကားမရှင်းသေးဘူး"

ကောင်လေးက သူမပြောသည်ကို မကြားဘဲ အတင်းဖြတ်ပေးရန် ပလက်ဖောင်းပေါ်မှ ဆင်းလိုက်စဉ် သူမ စိုးရိမ်တကြီး

ဖြင့် ကလေး၏ကျောပိုးအိတ်လေးကို အနောက်မှ ပြေး၍ အမြန် ဆွဲလိုက်သည်။ အရှိန်ဖြင့် ဆွဲလိုက်သဖြင့် ကလေးက သူမ လက်ထဲပါလာသော်လည်း မျဉ်းကြားပေါ် မောင်းလာသည့် ကား တစ်စီးက သူမထံ ရိပ်ခနဲဝင်လာတော့၏။

"ကျွီ"

အချိန်မီ ဘရိတ်အုပ်လိုက်သော်လည်း ကားရှေ့Bumper ဖြင့် ကောင်မလေးကို ထိမိသွား၏။ လက်ထဲရှိ အိတ်ထဲမှ သစ်သီး များ လမ်းပေါ် ပြန့်ကြဲသွားသည်။ ကောင်လေးက သူမကို ကိုင် လှုပ်၍ ခေါ်နေ၏။

"မမ . . . မမ . . . အီး . . . ခေါ်လို့မရတော့ဘူး။ ခေါင်းမှာ လည်း သွေးတွေထွက်နေပြီ"

လမ်းပြပုလိပ်ရောက်လာစဉ် ဦးနေရောင် ကားပေါ်မှ အမြန်ဆင်းလိုက်ပါသည်။

"အန်ကယ် မတိုက်မိပါဘူး"

"ဟုတ်ကဲ့ . . . ကျွန်တော် တွေ့ပါတယ် အန်ကယ်။ လမ်း ကူးသူရဲ့အပြစ်ပါ"

"ကလေး . . . ဒါ သားရဲ့အစ်မလား"



"ဟင့်အင်း . . .မဟုတ်ပါဘူး။ သားက ကျူရှင်က ပြန် တာပါ"

"ကြော် . . . ဒါဖြင့် အန်ကယ် သူ့ကို ဆေးခန်းခေါ်သွား မယ်။ ကူညီပါဦး"

"ဟုတ်ကဲ့ပါ အန်ကယ်။ သား ခဏနေဦးနော်။ ဦးဦး လမ်း ကူးပေးပါ့မယ်"

ပုလိပ်၏အကူအညီဖြင့် ကားပေါ်သို့ တင်၍ ပပဘိုတို့ ဆေးခန်းကြီးကိုပင် ခေါ်လာခဲ့ပါ၏။ တာဝန်ကျနာ့စ်တွေက တွန်း လှည်းဖြင့်တင်ကာ ခေါ်သွားသဖြင့် ဦးနေရောင် အခန်းဝထိုင်ခုံမှာ ထိုင်ရင်း သားထံသို့ Handphone ဖြင့် ဆက်သွယ်လိုက်ပါသည်။

"ဟယ်လို . . . ဖေဖေလား"

"ဟုတ်တယ် သား။ သား ခဏလောက်အပြင်ထွက်လာ လို့ရမလား။ ဒီမှာ ဖေဖေ Accident ဖြစ်လို့ Healthy World Clinic ကို ရောက်နေတယ်"

"ဖေဖေ ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ဘူး။ တိုက်မိတဲ့ကလေးလည်း လန့်ပြီး သတိလစ်သွားတာပါ"

"ဟုတ်ကဲ့ ဖေဖေ။ ကျွန်တော် အခုပဲလာခဲ့ပါ့မယ်"

သူ အလတ်ကို အခန်းဝမှပဲ လှမ်းပြောလိုက်ပါ၏။

"အလတ်ရေ . . . ငါ ဖေဖေ့နောက် လိုက်သွားဦးမယ်။ ဖေဖေ Accident ဖြစ်လို့တဲ့။ ဆေးခန်းရောက်နေပြီ"

"ဟာ . . . ဘာဖြစ်သွားလဲ"

"ဖေဖေက ဘာမှမဖြစ်ဘူး။ တိုက်မိတဲ့ကလေး သတိလစ်သွားလို့တဲ့။ ငါ သွားပြီနော်"

"အေး . . .အေး"

သူ ကားမောင်း၍ ထွက်လာခဲ့၏။ ဆေးခန်းကို ရောက်တော့ ဖေဖေက အခန်းဝမှ သူ့ကို လက်လှမ်းပြလိုက်ပါသည်။

"လူနာအခြေအနေ ဘယ်လိုရှိလဲ ဖေဖေ"

"ဒရစ်ပ်ချိတ်ထားရတယ်။ ခေါင်းမှာ ဒဏ်ရာနည်းနည်းရသွားတယ်။ လက်လည်း ပွန်းသွားတယ်။ အမှုမလုပ်ပါစေနဲ့လို့ ဖေဖေလည်း ဆုတောင်းနေတာပဲ သားရယ်"

"ဖေဖေ့အလွန်မဟုတ်ရင် ကိစ္စမရှိပါဘူး ဖေဖေရယ်။ စိတ်မပူပါနဲ့။ ကျွန်တော်တို့ ဝင်ကြည့်ရအောင်"

သူတို့အခန်းထဲ ဝင်လာခဲ့တော့ ဒေါက်တာဝေယံက



ဒရစ်ပ်ပိုက်ကို ချိန်ပေးလိုက်ပြီး လှည့်ကြည့်လာ၏။

"ဟော . . . ကိုမင်းနေလ"

"သူ ဘယ်လိုနေ . . . ဟင် . . . စကားဝါ"

"သား . . . သိလို့လား"

"တိုက်ဆိုက်လိုက်တာဗျာ။ ကိုမင်းနေလကို ဆေးခန်းလာပို့ပေးတဲ့ မိန်းကလေးကိုမှ အန်ကယ့်ကားနဲ့ ပိုက်မိရတယ်လို့"

"ဗျာ"

"ဘယ်လို . . . သားကို ဒီဆေးခန်းလာပို့ပေးတာ ဒီကလေးမလေး . . . ဟုတ်လား"

"ဟုတ်တယ် အန်ကယ်။ အဲဒီတုန်းက ကိုမင်းနေလရဲ့ သူငယ်ချင်းကို သူ ဖုန်းဆက်ခေါ်လိုက်တာလေ"

"ဘုရား . . . ဘုရား . . . ဖြစ်မှဖြစ်ရလေ စကားဝါရယ်"

သူ သူမလက်ကလေးကို ဆုပ်ကိုင်လိုက်ပါ၏။ ဆေးရှိန်ဖြင့် အိပ်ပျော်နေသည့် ကောင်မလေးကို ငုံ့ကြည့်နေရင်း သူ့ရင်ထဲ ပူလောင်နေတော့သည်။

"ခဏနေ သတိရလာတော့မှာပါ။ အာရုံကြော သေချာ

စစ်ပြီးရင် ပေးဆင်းလိုက်မယ်။ သူ့ကို သုံးရက်လောက် အိမ်မှာ အနားယူခိုင်းပါ။ နှစ် စောင့်ကြည့်နေပါ။ ကျွန်တော် Round လှည့်ရဦးမှာမို့ ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ်"

သူ သူမနဖူးပေါ်ရှိ ပလာစတာ ကပ်ထားရာ အနီးတစ်ဝိုက်မှ ဆံနများကို အသာဖယ်ရှား၍ သပ်တင်ပေးလိုက်ပါ၏။ အပြစ်ကင်းစင်လွန်းလှသည့် မျက်နှာလေးကို တစိမ့်စိမ့်ကြည့်နေမိသည်။ စကားဝါ . . . မင်းဟာ ကိုယ့်နှလုံးသား တစ်ခုလုံးကို သိမ်းပိုက်နိုင်စွမ်းရှိတဲ့ မိန်းကလေးတစ်ယောက်ပါပဲလားကွယ်။

"သား . . ."

"ဖေဖေ . . ."

သူ ဖေဖေ့ကို မော့ကြည့်လိုက်ရင်း အံကိုတင်းတင်းကျိတ်ထားမိလိုက်သည်။ မထင်မှတ်တဲ့အချိန် ထင်မှတ်မထားတဲ့နေရာမှာ ကျွန်တော့်နှလုံးသားလေး နိုးထရှင်သန်ခဲ့ပါပြီ ဖေဖေရယ်။

"ကျွန်တော် ပြောတဲ့တစ်ယောက်ဟာ သူပဲ ဖေဖေ"

"ဩော် . . . ဒါဆို သားကျော်ဇင်ကို ဖုန်းဆက်သင့်တာ



ပေါ့"

သူ ခေါင်းကို ခါယမ်းလိုက်ပါ၏။ ဟိုတယ်မှာ သူ မရှိရင် အလတ်တော့ရှိမှ ဖြစ်မည်လေ။ အလတ်ကို သူမအတွက် စိတ်မပူပန်စေချင်ပါ။

"မဆက်ပါနဲ့ ဖေဖေ။ ကျွန်တော် ပြန်သွားမှ အကျိုးအကြောင်း ပြောပြလိုက်ပါ့မယ်။ တော်ကြာ အလတ် စိတ်ပူနေမှာစိုးလို့ပါ"

မျက်တောင်ကော့လေးများ ဖျတ်ခနဲ ပွင့်လာပြီး သူမရုတ်တရက် ထလိုက်၏။ ခေါင်းထဲ မိုက်ခနဲ ဖြစ်သွားချိန် လက်တစ်စုံက သူမ ပခုံးကို ကိုင်လိုက်ပြီး လက်တစ်ဖက်က သူမလက်ကို ထိန်းထားလိုက်ပါသည်။

"မထနဲ့ဦးလေ"

"သတိရပြီလား စကားဝါ။ မထနဲ့ဦး ပြန်လှဲနေပါ"

"ခဏနော် . . . ကျွန်မ ဆရာဝန် သွားခေါ်လိုက်ပါ့မယ်"

နှစ်မလေး အပြင်ထွက်သွားမှ သူမဘေးမှာရှိနေသည့်လူတွေကို ကြည့်လိုက်မိရင်း မျက်လုံးအစုံ ပြူးကျယ်သွားရတော့သည်။ ဘုရားရေ . . . ဦးမင်းနေလပါလား။

"ဦးနေလ"

"ဟုတ်ပါတယ် စကားဝါ။ မင်း ကိုယ့်ဖေဖေကားနဲ့ တိုက်
မိသွားတာပါ။ အမှုတွေ ဘာတွေ ဖွင့်ချင်သေးလ ား"

"ဟင့်အင်း . . . ဘဘ အမှားမှ မဟုတ်ဘဲ"

"ဒါပေမဲ့ မင်း အနာတရဖြစ်သွားတာလေ"

"ရပါတယ်။ ဝါလေး အိမ်ပြန်ချင်ပြီ။ မေမေ စိတ်ပူနေ
မှာ စိုးလို့ပါ"

"ခဏစောင့်ပါ။ ဆရာဝန် ခွင့်ပြုရင် ကိုယ် ပြန်ပို့ပေး
မယ်"

ခဏအကြာ ဒေါက်တာဝေယံနှင့်အတူ နာ့စ်မလေး ပြန်
ဝင်လာ၏။

"ခေါင်းထဲမှာ ဘယ်လိုနေလဲ"

"နည်းနည်းတော့ မူးနေတယ်"

"မျက်စိထဲမှာရော ကြည့်ရတာ ကြည်လင်ရဲ့လား"

"ဟုတ်ကဲ့ . . . ကြည်ပါတယ် ဆရာ"

"ဒါဆိုရင်တော့ ဆင်းလို့ဖြစ်ပါတယ်။ တကယ်လို့ ခေါင်း
ဆက်ကိုက်နေရင် ထပ်လာပြပါ။ အနည်းဆုံး သုံးရက်လောက်



အနားယူရမယ်နော်"

"ရှင် . . . ဟုတ်ကဲ့ပါ ဆရာ"

"ဆရာမ . . . ဒရစ်ပ်ဖြုတ်လိုက်ပါတော့။ ကုန်နေပြီ
မဟုတ်လား။ ကဲ . . . ခေါ်သွားလို့ရပါပြီ ကိုမင်းနေလ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ဆရာ့ကိုရော၊ ဆရာမကိုပါ ကျေးဇူးအများကြီး တင်ပါ
တယ်နော်"

"ရပါတယ်ရှင်"

ဦးနေရောင် နှစ်ခြိုက်စွာ ပြုံးကြိုက်မိပါ၏။ ဂါရဝါလ
တရားနှင့် ပြည့်စုံသည့် သူငယ်မလေးဟု စိတ်ထဲမှ ကျိတ်ချီးမွမ်း
မိသည်။

"ဖေဖေ ပြန်နှင့်နော်"

"သမီးလေး စာအုပ်ထုပ် ဖေဖေ့ကားပေါ်မှာ သား။
သစ်သီးတွေကတော့ သား ပြန်ဝယ်ရပါမယ်"

"နေပါစေ ဘဘရယ်။ သမီး နောက်မှပဲ ထပ်ဝယ်လိုက်
ပါ့မယ်။ သမီးကြောင့် ဘဘ စိတ်အနှောင့်အယှက် ဖြစ်သွားရတာ
တောင်းပန်ပါတယ်နော်"

"သမီးက အသက်အန္တရာယ်နဲ့ ကြုံရတာပါကွယ်။ နေ
ကောင်းသွားရင် ဘဘတို့အိမ်ကို တစ်ရက်လောက် အလည်လာ
ပါဦး"

"ဟုတ်ကဲ့ပါ ဘဘ"

"ကဲ . . . ဒါဖြင့် သွားကြစို့"

သူမ ခုတင်ပေါ်မှ ဆင်းစဉ် သူ ဖေးမကူညီလိုက်ပါ၏။
သူ့ကားပေါ်သို့ သူမကို အရင်တက်စေပြီးမှ ဖေဖေ့ကားပေါ်ရှိ
စာအုပ်ထုပ်ကို သွားယူလိုက်ပါသည်။ ဖေဖေ့ကား မောင်းထွက်
သွားပြီးမှ သူ့ကားကို မောင်းထွက်လာခဲ့ရင်း ဈေးဝရှိ သစ်သီးဆိုင်
မှ သစ်သီးများကို အိတ်ကိုယ်စီဖြင့် ဝယ်ထည့်ခဲ့သည်။ သူမ ခြံရှေ့
ရောက်တော့ သူမ၏ မေမေ ထွက်စောင့်နေလေ၏။

"ဟယ် . . . သမီးလေး . . . ဘာဖြစ်လာတာလဲ"

"ချော်လဲကျတာပါ မေမေ။ ဒါ သမီးရဲ့အလုပ်ရှင်ပါ။
ကိုကိုကျော့်သူငယ်ချင်းပေါ့။ ဦးမင်းနေလရောင်တဲ့။ ဦးနေလ . . .
ဒါ ဝါလေးရဲ့ မေမေပါ"

"ဟုတ်ကဲ့ပါ အန်တီ"

"အိမ်ပေါ် ခဏတက်ပါဦး သားရယ်"



"မေမေ . . . ဦးနေလက အားတာမဟုတ်ဘူး။ ပြီးတော့
လးတို့က အိမ်ငှားနေရတာမို့ အိမ်ပေါ်ခေါ်ရတာ အားနာလွန်း
ါ"

"ကိုယ် အိမ်ပေါ်ထိ တက်မှာပါ စကားဝါ"

မေမေက သူမကို တွဲ၍ အိမ်ပေါ် အရင်တက်တော့
က်မှ သူ လိုက်တက်လာ၏။ မေမေ့လက်ထဲသို့ အစ်သီးအိတ်
ကို ကမ်းပေးပြီးမှ ကုလားထိုင်မှာ သူ ဝင်ထိုင်လိုက်သည်။

အခန်းလေးကို လှည့်ပတ်ကြည့်လိုက်ပြီး စိတ်ထဲ တော်
တ် မကောင်းဖြစ်သွားရသည်။ ဒါကြောင့် အလတ်က သူမဘဝ
းကို မြှင့်တင်ပေးချင်တာကိုး။ သူမ မေမေက ကော်ဖီတစ်ခွက်
အတူ ပူတင်းပန်းကန်ဖြင့် သူ့ ကို ချည့်ခံပါ၏။

"သုံးဆောင်ပါဦးကွယ်။ မုန့်ကတော့ သမီးလုပ်ကဲ့
မ်ဖြစ်ပါပဲ။ အရသာ မကြိုက်ရင် စိတ်မရှပါနဲ့နော်"

"ကျွန်တော် ကြိုက်ပါတယ် အန်တီ။ စကားဝါ့ဂေါက်ရာ
ထမင်းဟင်းက အစ ကြိုက်တာပါ"

"ဩော် . . .သားလည်း သမီးလက်ရာကို စားဖူးတာကိုး"

"ဟုတ်ကဲ့ အန်တီ။ အလတ်တိုက်ခန်းမှာ စကားဝါ ချက်

ကျွေးဖူးတာပါ။ ကျွန်တော့်ဖေဖေကိုတောင် စားစေချင်တယ်
ပြောဖူးပါတယ်"

"သမီးအားတဲ့ တစ်ရက် သွားချက်ကျွေးလိုက်ပါကွ
အန်တဲ့သမီးလေးက အိမ်မှုကိစ္စ အကုန်ဝါသနာပါတယ် သာ
သူ့အစ်ကို မောင်ကျော်ဇင်ကို အမြဲချီးမွမ်းတာ"

"ဟုတ်ကဲ့ အန်တီ။ ကျွန်တော် အလုပ်တွေရှိသေး
ပြန်ခွင့်ပြုပါဦး။ ကိုယ် အလတ်ကို ပြောပြလိုက်ပါ့မယ်။ ခွင့်
ရက်ယူနော်။ အရေးအကြောင်းရှိရင် ကိုယ့်ကို ဖုန်းဆက်ခေါ်
ရော့. . . ဒီမှာ Handphone တစ်လုံး ထားပေးခဲ့မယ်"

"ဟင့်အင်း . . . နေပါစေ ဦးနေလ။ ဝါလေး မယူထား
စေနဲ့။ ပြန်ယူသွားပါရှင်"

"ယူထားလိုက်ပါ စကားဝါ။ အရေးကြီးရင် ဆက်သွ
လို့ ရအောင်ပါ။ ကဲ . . . ကိုယ်သွားမယ်"

ဦးနေလ ဆင်းသွားတော့ သူမ ဖုန်းလေးကို ငေးကြ
နေရင်း ငိုင်နေမိတော့သည်။ အိပ်မက်တွေ အမှန်တကယ် ဖြ
လာတော့မှာလား။ အို . . . မဖြစ်နိုင်ပါဘူး။ သူမစိတ်ထဲမှာ တမ်း
နေမိသည်က ကိုကိုကျော့်ကိုပါပဲ။



"ဝါလေး"

ဗျာပေါ်မှာထိုင်၍ လက်ချုပ်လိုက်နေရာမှ အိမ်ဝသို့ လှမ်း
ကြည့်မိစဉ် ကိုကိုကျော်က သူမအနီးသို့ ရောက်လာ၏။ ဗျာပေါ်
င်ချရင်း သူမနဖူးနှင့်လက်ဂုံမှ ဒဏ်ရာတို့ကို စမ်းကြည့်ရင်း
က်ရည်တို့ ဝဲလာသည်။

"တော်သေးတာပေါ့။ ဘာမှ ကြီးကြီးကျယ်ကျယ် ဖြစ်
သွားလို့။ နေလ ပြောပြတော့ ကိုယ့်စိတ်ထဲ အရမ်းပူသွားတာပဲ။"
ဝ်မှ ဖြစ်ရလေ ဝါလေးရယ်"

"ဝါလေး . . . သက်သာပါတယ် ကိုကိုကျော့်ရဲ့ အလုပ်
ည်း ဆင်းလို့ဖြစ်ပါတယ်။ ဦးနေလက ဆရာဝန်မှာတဲ့အတိုင်း
ံုးရက်နားဆိုလို့ အိမ်မှာပဲ နေနေတာပါ"

"ဒါ နားနေတဲ့လူလား။ ဘာလို့ မျက်စိအာရုံစိုက်

အလုပ်ကို လုပ်နေရတာလဲ"

"ဝါလေး အခုပဲ ကိုင်လိုက်မိတာပါ"

"မလုပ်နဲ့။ ချထားလိုက်"

"တူတူ . . . တူတူ"

စင်ပေါ်မှ ဖုန်းသံကြောင့် သူမ ထယူ၍ ကိုင်လိုက်

ကိုကိုကျော့် မျက်နှာ သိသိသာသာ ပျက်သွားတော့သည်။

"ဟယ်လို"

"စကားဝါလား . . . ကိုယ်ပါ"

"ဟုတ်ကဲ့ပါ ဦးနေလ"

"နေလို့ကောင်းရဲ့လား"

"ဟုတ်ကဲ့"

"ဆေးရော မှန်မှန်သောက်ရဲ့လား။ လိမ်းဆေးရော လ

ရဲ့လား"

"ဟုတ်ကဲ့"

"တစ်ခုခုဖြစ်ရင် ကိုယ့်ကို ဖုန်းဆက်ပြောနော်"

"ဟုတ်ကဲ့"



"ကိုယ် မနက်ဖြန် မအားလို့ စကားဝါ့ဆီကို မလာဖြစ်ဘူး။ အလုပ်ကိစ္စအရေးကြီးနေလို့ပါ။ ခေါင်းထဲမှာ မူးနေရင် မြို့မနေနဲ့နော်။ ဆေးခန်း ထပ်ပြရမယ်။ ကိုယ့်ကို ဖုန်းဆက်ဖို့ မမေ့ပါနဲ့"

"ဟုတ်ကဲ့"

"ဟင်းဟင်း . . . ဒီဟုတ်ကဲ့တစ်လုံးပဲ ပြောတတ်လား"

"ဟင် . . . ဟုတ်ပါဘူး"

"အလကား ပြောတာပါ။ ဒါဖြင့် ဒါပဲနော်။ ကိုယ် ဖုန်းပိတ်လိုက်တော့မယ်။ စကားဝါ မြန်မြန်သက်သာပါစေ"

သူမ ဖုန်းကိုပိတ်လိုက်ပြီး ကိုကိုကျော့်အနား ပြန်ထိုင်ချလိုက်၏။ မျက်နှာခပ်လွှဲလွှဲထားလိုက်သည့် ကိုကိုကျော့်ကို ကြည့်၍ သူမ ပြုံးလိုက်မိသည်။

"ကိုကိုကျော်"

"ဟင် . . . ဘာပြောမလို့လဲ ဝါလေး"

"ဒီဖုန်းကို ဦးနေလဆီ ပြန်ပေးပေးပါနော်"

သူမက ကိုကိုကျော့်လက်ထဲသို့ ဖုန်းကို ထည့်ပေးလိုက်ပါ၏။ ကိုကိုကျော်က သူမလက်ထဲသို့ ဖုန်းကို ပြန်ထည့်လိုက်ပါ

သည်။

“ဒါ . . . ကိုယ်နဲ့မဆိုင်ဘူး ဝါလေး။ နေလပေးတဲ့ ဖုန်းကို နေလကို ဝါလေးကိုယ်တိုင် ပြန်ပေးပါ”

“ဝါလေး မယူထားချင်ဘူး ကိုကိုကျော်။ ဦးနေလ အတင်းထားခဲ့လို့ ယူထားလိုက်ရတာ။ ဝါလေးနဲ့ မအပ်စပ်တဲ့အရာကို ဝါလေး မယူချင်ဘူး။ ပြန်ပေးပေးပါ”

“ကိုယ် ယူမသွားချင်ဘူး ဝါလေး။ ဝါလေးနဲ့နေလကြားမှာ ကိုယ် ဘာမှမပါချင်ဘူး။ ပါလို့လည်း မကောင်းဘူး”

“ဟင် . . . ကိုကိုကျော် ဘယ်လိုပြောလိုက်တာလဲ။ ဝါလေးနဲ့ ဦးနေလကြားမှာ ဘာပတ်သက်မှုမှ ရှိမနေဘူး။ ဒီလို မပြောပါနဲ့”

“ဒေါ်လေးရော”

“စကားလမ်းကြောင်း မလွှဲပါနဲ့ ကိုကိုကျော်။ မေမေ အပ်ထည်တွေ သွားပို့နေတယ်”

“ကိုယ် ပြန်တော့မယ်”

ကိုကိုကျော် ရုတ်တရက် ထရပ်၍ အိမ်ရှေ့သို့ထွက်ခဲ့တော့ သူမ ကိုကိုကျော့်ကျောပြင်ကို ကြည့်နေရင်း မျက်ရည်တွေ



ိုးဖိုးပေါက်ပေါက် ကျလာတော့သည်။

မျက်နှာခပ်ညှိုးညှိုးဖြင့် ဖိနပ်ကို ဝတ်စဉ် ရှိုက်သံသဲ့သဲ့ကို သူ ကြားလိုက်ရ၏။ သူ ဖျတ်ခနဲကြည့်လိုက်တော့ ခေါင်းငုံ့ကာ ိုရှိုက်နေသည့် ဝါလေးကို မြင်ရလေသည်။ ခက်နေပြီကော ါလေးရယ်။ ကိုယ် ဘယ်လိုအင်အားမျိုးနဲ့ မင်းရဲ့ ငိုရှိုက်သံတွေ ကို ဥပေက္ခာပြုထားရက်နိုင်မှာလဲ။ ဖိနပ်ကို ပြန်ချွတ်၍ အိမ်ထဲသို့ ြန်ဝင်လာရတော့၏။

“ဝါလေး”

“ပြန်တော့လေ။ ဘာလို့ပြန်ဝင်လာရတာလဲ။ ကိုကို ကျော် ဝါလေးအပေါ် သိပ်စိမ်းကားနေပြီ။ ဝါလေးကို အရင်လို ချစ်နိုင်တော့ဘူး မဟုတ်လား။ ကိုကိုကျော့်မှာ ချစ်သူရှိနေပြီဆို င်လည်း ဝါလေးကို ပွင့်ပွင့်လင်းလင်း ပြောပါ။ ဝါလေး ရှောင်ဆို ည်း ရှောင်ပါ့မယ်။ ဒီလို ဘုမသိဘမသိနဲ့ သစ်စိမ်းချိုးချိုးတာကို တော့ ဝါလေး မခံနိုင်ဘူး။ ဦးနေလနဲ့ အထင်လွဲတာ ဝါလေး ပိုနာ ယ်။ သွားပါတော့”

“မပြောပါနဲ့ . . . မပြောပါနဲ့ ဝါလေးရယ်။ ကိုယ့်ကို ရင်ကွဲ အောင် မလုပ်ပါနဲ့”

သူ ဝါလေးဘေးမှာ ဒူးထောက်ထိုင်ချလိုက်ပြီး ဝါလေး
လက်မောင်းလေးကို ဆုပ်ကိုင်လိုက်ပါသည်။ ဝါလေးက သူလက်
ထဲမှ ရုန်းထွက်၍ ထရပ်လိုက်၏။

“ဝါလေးက လူဆင်းရဲပေမယ့် မာနတော့ ချမ်းသာပါ
တယ် ကိုကိုကျော်။ ငွေမက်တဲ့ လူတန်းစားထဲမှာ ဝါလေးမပါဘူး။
ဒီအလုပ်မှာ ဝင်လုပ်နေရတာ ဝါလေး မပျော်ပေမယ့် ကိုကိုကျော်
နဲ့ တစ်မိုးတည်းအောက်မှာ အတူရှိနေလို့ ဂါလေးဘဝ နွေးထွေး
လုံခြုံတဲ့အသိနဲ့ ဆက်လုပ်နေတာပါ။ ကိုကိုကျော် ဝါလေးကို
သံယောဇဉ် ဖြတ်ရင် ဝါလေးအလုပ်ထွက်တော့မယ်။ ဒီအလုပ်မှာ
ဆက်မလုပ်တော့ဘူး။ အလုပ်ရှာမရလို့ လမ်းဘေးမှာပဲ ဈေး
ရောင်း ရပါစေ။ ဝါလေး မရှက်မကြောက် လုပ်ရဲတယ်။ ဒါဆို ကိုကို
ကျော် ကျေနပ်ပြီမဟုတ်လား။ ဝါလေး သိထားပါတယ်။ အချိန်
တန်ရင် လမ်းနံဘေးက ပန်းဟာ သူဟာသူ လမ်းဘေးမှာပဲ ရှိနေ
မှာပဲ။ ဘယ်သူမှ အလှကြည့်ဖို့ ပန်းအိုးထဲထည့်မှာ မဟုတ်ဘူး။
ကိုကိုကျော်နဲ့ ဝါလေးက မိုးနဲ့မြေတောင် မဟုတ်ဘူး။ ကမ္ဘာနဲ့
အဝေးဆုံးမှာရှိတဲ့ ဂြိုဟ်တစ်ခုလောက်အထိ ဝေးကွာလွန်းပါ
တယ်”



သူ ဝါလေးကို လွှတ်ထွက်မသွားအောင် တင်းကျပ်စွာ
ဖက်လိုက်မိတော့၏။ ကြည့်ပါဦး . . . စကားတွေ တတ်နေလိုက်
တာ။ ဘယ်တုန်းကတည်းက သိမ်းထားတဲ့စကားတွေလည်း မသိ
နိုင်တော့။ ဝါလေးက သူလက်ထဲမှ ရုန်းထွက်၏။ သူ လွှတ်မပေးမိ
ပါချေ။

“ဝါလေးဟာ . . . ကိုယ့်ရင်ထဲက ဘယ်တော့မှ မညှိုးနိုင်
တဲ့ ထာဝရလန်းဆန်းမွှေးမြနေမယ့် မေတ္တာပန်းပွင့်ကလေးပါ။ ဟိုး
လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကတည်းက ဂါဝန်စိမ်းပြာလေး ဝတ်ပြီး
ကစားနေခဲ့တဲ့ ချာတိတ်မလေးကို ချစ်လာခဲ့တဲ့ ကိုယ့်ရင်ထဲက
ချစ်ခြင်းတွေကို ဝါလေး ယုံကြည်အောင် ကိုယ် ဘယ်လိုပြောပြ
ရမလဲ။ ကိုယ့်ရင်ကိုသာ ခွဲကြည့်လိုက်ပါတော့ ဝါလေးရယ်”

သူမ ဘာမှထပ်မပြောဘဲ သူလက်ထဲမှသာ အတင်းရုန်း
ထွက်နေပါ၏။ သူ အနည်းငယ် ဖြေလျှော့ပေးလိုက်ပါသည်။

“ဝါလေး”

“ဘာမှန်းလဲ မသိဘူး။ လွှတ်တော့လေ။ မေမေ ပြန်လာ
လို့ တွေ့သွားရင် ဘယ်ကောင်းမှာလဲ”

“ကောင်းပါတယ်။ ဒါမှ ကျောင်းလည်းပြီးရော တစ်ခါ

တည်း လက်ထပ်ပေးရောပေါ့"

"ဘယ်သူက လက်ထပ်မယ် ပြောလို့လဲ"

"ကိုယ့်ရင်ထဲက ကောင်မလေး ပြောတာ"

"ဟွန်း . . . ဟုတ်ပါလိမ့်မယ် အားကြီးကြီး။ ကဲ . . . လွှတ်ပါဆိုနေမှ"

"ကိုယ်မေးတာ မဖြေသေးဘူးလေ"

"ဘာဖြေရမှာလဲ"

"ချစ်တယ်လို့"

"ဟင် . . . ချစ်ပါဘူး"

"ချစ်ပါတယ်ကွာ"

"အာ . . . သိဘူး-ဘာ"

"သိပါကွာ . . . လိမ္မာသားနဲ့"

"ကိုကိုကျော်နော် . . . ဝါလေး ငိုလိုက်မှာ"

"ငိုရင် ကိုယ်ချော့မှာပေါ့။ ကြိုက်သလောက် ငို"

ဝါလေးက သူ့ရင်ခွင်ထဲမှနေ၍ သူ့ကို မျက်စောင်းထိုးလိုက်ပါ၏။ သူ သဘောထကျ ရယ်မောလျက် ဝါလေး၏နဖူးပြင်လေးကို ခပ်ဖွဖွ နမ်းရှိုက်ပြီး လွှတ်ပေးလိုက်ပါသည်၊ လေ့ကားဆီ



မှ ခြေသံကို ခပ်တိုးတိုးလေး ကြားလိုက်ရ၏။ သူ ကျိတ်ပြုံးလိုက်ပြီး ဝါလေးကို ငုံ့ကြည့်လိုက်တော့ ဝါလေးက သူ့လက်မောင်းကို အသာဆွဲဆိတ်လိုက်ပါသည်။ အပြင်မှ လသာနေသလို သူ့ရင်ထဲမှာလည်း လတစ်စင်း သာနေတော့၏။ ဪ . . . ဝါလေးရယ်။

× × ×

Vhen one is in love one begins by deceiving oneself. And one ends by deceiving others. That is what the vorld called a romance.

ချစ်မိသောအခါတွင် မိမိကိုယ်ကို လှည့်စား၏။ ပြီးသော် . . . သူတစ်ပါးကို လှည့်စားခြင်းဖြင့် အဆုံးသတ်၏။ ဤသည်ကိုပင်လျှင် အချစ်ဇာတ်လမ်းဟု လောက၌ ခေါ်ဝေါ် ကြလေသည်။

"ချောင်းသာကို"

"အေး . . . အမှန်က ငါကိုယ်တိုင်သွားရမှာကွ။ ဒါပေမဲ့ …ဖေ့ကျန်းမာရေးက အခုတလော ချူချာနေလို့ မင်းကို လွှတ်ရ …တာ။ ဟိုမှာ ဟိုတယ်က ဆောက်ပြီးနေပြီ။ Decoration ဆင်တာ …ကို မင်းကြည့်လုပ်ပေးပါ။ နှစ်လလောက်တော့ ဝန်ထမ်းတွေ …အခြေကျအောင် ကြီးကြပ်ပေးပါကွာ။ ငွေ amount ကများတော့ …သူများကို မလွှဲချင်ဘူး။ မင်းကိုပဲ စိတ်ချယုံကြည်လို့ လွှတ်ရတာ။ …ဟိုတယ်လိုပဲ ငါ့ကို စနစ်တကျနဲ့ ကူညီပေးပါဦး။ ငါ တောင်းပန် …နေတာပါ အလတ်ရာ"

"သွားတာက ဖြစ်ပါတယ်။ နောက်နှစ်လဆို ဝါလေး …တမေးပွဲ ဖြေဖို့ ခွင့်လိုချင်တာပေးဖို့ မင်း စီစဉ်ပေးပါ"

"ရပါတယ်ကွာ . . . ဘယ်နှစ်ရက်ယူမှာလဲ"

"ရက် (၂၀) လောက်တော့ ရှိမယ်"

"ရတယ် . . . တစ်လပေးရလည်း ကိစ္စမရှိဘူး။ Unpai Leav- ပေးလည်း ဖြစ်တာပဲ။ စာမေးပွဲဖြေဖို့ သူ့ကို ငါ မုန့်ဖိုးသက် ထုတ်ပေးမှာပါ"

"ကျေးဇူးပဲ နေလေ။ ဒါဆို ငါ ဘယ်တော့ သွားရမှာလဲ"

"ဒီအပတ်ထဲပဲ သွားကွာ။ ဟိုမှာ ဆေးသုတ်တာက စလုပ်ရမှာ။ မင်းက ကွပ်ကဲရုံပဲ။ သိပ်မပင်ပန်းပါဘူး"

"အေးပါ . . . ငါ ခရီးထွက်ဖို့ ပြင်ဆင်ထားမယ်။ မှာစရ ရှိတာတွေ သွားခါနီး ထပ်မှာပေါ့။ ဒါပဲ မဟုတ်လား။ ငါ အပေါ်ထပ် တစ်ချက် Round ဦးမယ်"

"အေး"

သူ နေလရုံးခန်းမှထွက်ကာ ဓာတ်လှေကားဖြင့် လေ ထပ်မြောက်သို့တက်လာခဲ့သည်။ Room No. (198) ရောက်တော့ စေ့ထားသည့် တံခါးကို နှစ်ချက်ဆင့်ခေါက်၍ အသာဖွင့်လိုက် တော့ ကြမ်းပြင်ကို ဖုံသုတ်စက်ဖြင့် လှည်းနေရာမှ သူမ မော့ကြည့် လာသည်။



"ဝါလေး . . . ပင်ပန်းနေပြီလား"

"ဟင့်အင်း . . . မပင်ပန်းပါဘူး ကိုကိုကျော်ရဲ့။ ကိုဇော်မျိုး နိုင်က ဝါလေးကို ခြောက်ခန်းပဲ ရှင်းခိုင်းတာပါ"

"အင်း . . . ဇော်မျိုးနိုင်ကို လကုန်ရင် လက်ဆောင် ဝယ် ပေးရမယ်"

"ဟင် . . . ကိုကိုကျော်က မျက်နှာလိုက်တာပဲ။ ဝါလေး ကိုတော့ ဝယ်မပေးဘူး"

"ဝါလေးကို မနက်ဖြန် ဝယ်ပေးမှာပါ။ မနက်ဖြန် Off မဟုတ်လား။ ကိုယ်တို့ လျှောက်လည်ကြဟာပေါ့"

"တကယ်လား . . . လက်ဆောင်မလိုချင်ပါဘူး။ အလကား ပြောတာပါ"

"ယူပါဗျာ။ ကိုယ်က သိပ်ပေးချင်လွန်းလို့ပါ"

"တော်တော်ချမ်းသာနေတယ်ပေါ့လေ"

"ချမ်းသာတာပေါ့။ ရင်ထဲမှာ အချစ်တွေအပြည့်ပဲ"

"ရှူး . . . တိုးတိုးပြောလေ။ သူများတွေကြားကုန်တော့ မှာပဲ။ ရှက်စရာကြီး"

"အမယ် . . . ရည်းစားတော့ထားတတ်ပြီ။ ဒါလေး ပြော

တာကို ရှက်စရာလား"

"ကိုကိုကျော်နော် . . . တော်ပြီ . . . မခေါ်တော့ဘူး"

"မခေါ်ဘဲ မနေပါနဲ့ဗျာ။ မနေတတ်လို့ပါ။ ကဲ . . . မြန်မြန်

လုပ်။ ယမင်းစားရအောင်။ ကိုယ် အောက်မှာပဲ စောင့်နေမယ်နော်"

"ဟုတ်ကဲ့"

သူ ဝါလေး၏နဖူးလေးကို လက်သီးဆုပ်ဖြင့် ခပ်ဖွဖွ ထု

လိုက်ပြီး အခန်းပြင်သို့ ထွက်လာခဲ့၏။ ချောင်းသာမှာ နှစ်လလို့

ဆိုပေမယ့် သုံးလေးလ ကြာချင်ကြာသွားနိုင်သည်။ သူ ပြန်လာမှ

ပဲ နေလကို အကျိုးအကြောင်း ပြောပြ၍ ဝါလေးကို အလုပ်ထွက်

နိုင်းမည်။ ဝပ်ရှော့ကို မကြာခဏ သွားကြည့်ရန် လိုပြီ။ သူတို့နှစ်

ယောက် Dreams မှာသာ ဦးစီးထိုင်တော့မည်။ ဝါလေး ကျောင်း

ပြီးသည်အထိ သူ မစောင့်တော့။ Final ကို လက်ထပ်ပြီးမှ ဖြေ

လည်း ရသားပဲ။ သူတို့က်ခန်းမှာ လောလောဆယ် ပြောင်းနေနိုင်

မည်။ Dreams ဆိုင်မဖွင့်ခင်က သူ အိမ်နှင့်ခြံ ဝယ်ရန် စိတ်ကူး

ထားသော်လည်း ဝါလေးအတွက်ရည်စူး၍ ဆိုင်ကို အရင်ဦးစား

ပေး ဖွင့်လိုက်ရ၏။ အနေတော် ခြံကလေးမှာ ပေါင်မုန့်တိုက်လေး

ဆောက်ပြီး သူနှင့်ဝါလေး၏ အနာဂတ်ဗိမ္ဗာန်လေးကို ထူထော



မည်။

ဒေါ်လေးကိုလည်း ဘာအလုပ်မှ မလုပ်စေတော့ဘဲ

တရားအလုပ်ကိုသာ ဖောက်ချလုပ်စေမည်။ အောင်နိုင် မဆုံးစဉ်

ကတည်းက ဝါလေးကို သူ့လက်ထဲ အပ်သွားခဲ့တာမို့ ဒေါ်လေး

လည်း ကန့်ကွက်မည် မထင်ပါ။ အနေအေးလွန်းသည့် ဒေါ်လေး

နှင့် တစ်အိမ်တည်း အတူနေကြရင်း သာယာပြည့်စုံသည့် မိသား

စုလေးကို တည်ထောင်မည်။

လက်ထပ်သည့်နေ့ရောက်မှ သူ့ကို "ကို" ဟု ပြောင်းခေါ်

ရန် ဝါလေးကို ပြောရမည်။ သူ့အတွက် သားသားလေး တစ်

ယောက်နှင့် မီးမီးလေးတစ်ယောက် လက်ဆောင်ပေးရန် တောင်း

ဆိုရမည်။ ဒီစကားတွေကို သူ ပြန်ရောက်ပြီး Dreams မှာ ထိုင်

ကျက် ဝါလေးကို ပြောရမည်။

အတွေးတို့ဖြင့် သူတစ်ယောက်တည်း ကျိတ်ပြုံးနေမိ

စဉ် အခန်းတံခါးပွင့်သွားပြီး နေလ အထဲသို့ ဝင်လာသည်။ သူ့ထံ

သို့ File တစ်ခု လှမ်းပေးလိုက်၏။

"အလတ် . . . ဒါ အကြမ်းဆွဲထားတဲ့ Plan ပဲ။ ကုန်ကျ

စရိတ်က ဒီထက်ပိုမှာကို ငါသိတယ်။ တကယ်လို့ ငါပေးလိုက်တဲ့

ငွေ မလောက်ရင် ဘဏ်က ငွေလွှဲပြီး ထပ်ပို့မယ်။ ဟုတ်ပြီလား။ ၁၂နာရီတောင် ကျော်နေပြီ။ စကားဝါ မလာသေးဘူးလား"

"သူ (198) ရှင်းနေတာ ပြီးတော့မှာပါ။ ဆင်းလာမှာပေါ့"

Kitchen မှ ကောင်လေးနှစ်ယောက် ရုံးခန်းထဲရောက်လာပြီး သူ သီးသန့်ထားသည့်စားပွဲပေါ်မှာ ထမင်းဟင်းတို့ကို ပြင်ပေးသွားသည်။ သူ ရေခဲသေတ္တာထဲမှ ရေသန့်ဘူးနှစ်ဘူးနှင့် ဖန်ခွက်သုံးလုံးကို စားပွဲပေါ်တင်လိုက်၏။

"မင်း ပပနဲ့တွေ့သေးလား။ စေ့စပ်ပွဲ ဘယ်တော့လုပ်ဖြစ်မှာလဲ။ လုပ်ရင်လည်း ငါ ပြန်လာမှ လုပ်ပါကွာ။ ကိုယ့်သူငယ်ချင်းတွေ ပွဲကို နွှဲပါရစေ"

"ဖြည်းဖြည်းပေါ့"

"မဖြည်းနဲ့လေ နေလရ။ အခုပဲ (၂၈) ရှိနေပြီ။ သိပ်အသက်ကြီးသွားရင် မကောင်းဘူး။ ပပလည်း သားသမီး ယူဦးမှာပေါ့"

"ဟာ . . . လက်တောင်မထပ်ရသေးဘူး။ ဂိတ်ဆုံးအထိတွေးလိုက်တာပဲ"

"အဲဒါ မင်းအကျင့်လေကွာ။ ခုမှ ဘာထကြောင်တာလဲ"



"သိပ်တော့ မလွယ်ဘူးကွ။ ပပကလည်း အဖေတစ်ခု
မီးတစ်ခု။ ငါကလည်း အဖေတစ်ခု သားတစ်ခုမို့ ကိုယ့်အဖေနဲ့
ိုယ် ဘယ်ခွဲချင်မှာလဲ။ ပပအဖေက ပိုဆိုးတယ်။ သူ့သမီးကို ငယ်
ယ်ကတည်းက အလိုလိုက်ထားတာ။ သူ့သမီး မျက်နှာလေး ညှိုး
ာနဲ့ ပျာနေတာပဲ"

"မင်းတို့ကိစ္စကလည်း ဆင်ပြောင်ကြီး အမြီးကျမှ တစ်
ိုသလို ဖြစ်နေပြီ။ အစစ အဆင်ပြေနေရဲ့သားနဲ့ လက်ထပ်ပြီး
ာယ်နေရမှန်း မသိ။ ပပအဖေက ဆရာဝန်မို့ စိတ်ချရပါတယ်။
ရေးကြီးတာက မင်းအဖေပဲ။ အန်ကယ် အခုတလော သွေးပြန်
ိုးနေသေးလား"

"အေး . . . အိမ်က ထမင်းချက်တွေလည်း အငန်လျှော့
ျက်နိုင်းတာ လက်မမှန်ဘူးကွာ။ ငါလည်း အဲဒီဒုက္ခကို ဘယ်ရှိန်
ထိ ခံရမလဲ မသိဘူး။ စားရတာ လုံးဝအဆင်မပြေဘူး"

"ဟိုတယ်က မှာစားပေါ့"

"ဖေဖေက အိမ်ထမင်းဟင်းပဲ ကြိုက်တာကွ။ ခက်သား
ဲ"

"ဒေါက် . . . ဒေါက်"

တံခါးခေါက်သံနှင့်အတူ သူမ အခန်းထဲဝင်လာသည်။ နဖူးမှာ ချွေးတို့စို့နေပါသော်လည်း အပြုံးတို့က လန်းဆန်းလျက်။

"ဝါလေး နည်းနည်းနောက်ကျသွားတယ်။ စားနှင့်ကြ ရောပေါ့ ကိုကိုကျော်ရယ်"

"အတူစားဖို့ စောင့်နေတာပဲ ဝါလေးရယ်။ လာ . . . ထိုင်"

သူမ ထမင်းအုပ်ထဲမှ ထမင်းကို ပန်းကန်သုံးချပ်စလုံး ဖြည့်လိုက်ပြီးမှ ခုံမှာ ထိုင်ချလိုက်ပါ၏။ ဦးမင်းနေလ ပန်းကန်ထဲသို့ ကြက်သားဟင်း ဦးဖယ်ထည့်ပြီးမှ ကိုကိုကျော့်ထံ ထည့်ပေးလိုက်သည်။ ငါးကြော်တစ်ကောင်ကို ယူ၍ ဇွန်းခက်ရင်းဖြင့် အသားများ ဖဲ့လျက် ကိုကိုကျော့်ပန်းကန်ထဲသို့ ထည့်လိုက်ပါ၏။ ကိုကိုကျော်က ကြက်သားတုံးကို ဖဲ့လျက် သူမ ပန်းကန်ထဲ ပြန်ထည့်ပေးလေသည်။

နေလ မြင်ကွင်းလေးကို အငေးသားကြည့်နေမိ၏။ ကြည့်စမ်း . . . တစ်ဦးကို တစ်ဦး ကြင်နာနေလိုက်ကြပုံများ။ အလင်္ကာတို့နှစ်ယောက်၏ ကြည်နူးမှုက သူ့ထံသို့ပင် ကူးစက်လာသည့်နှယ်။

"စားလေ နေလ . . . ဘာတွေ တွေးနေတာလဲ"



"ဟင့်အင်း . . . ဘာမှမဟုတ်ပါဘူး"

"လောလောဆယ်တော့ သည်းခံပြီး စားပေါ့ နေလရာ။ ...င်း အိမ်ထောင်ကျပြီးရင်တော့ ပပက ကြည့်စီစဉ်ပေးမှာပါ"

"မထင်ပါဘူး အလင်္ကာ"

သူ မဲ့ပြုံးတစ်ချက်ကို ပြုံးဖြစ်၏။ ပပလို မိန်းကလေးမျိုး ...က အိမ်မှုကိစ္စထက် သူ့လူနာတွေကိုပဲ အချိန်ပြည့် ကြည့်နေချင် ...တာ။ တစ်ခါတစ်ရံ သူနှင့်ချိန်းထားပါလျက် အရေးတကြီးလူနာ ရှိ...၍ ဖျက်ပစ်တတ်တာ။ သူနဲ့ဆုံလိုက်တိုင်း ကုသပေးသည့် လူနာ ...တွေအကြောင်းကိုပဲ ပြောပြတတ်တာ။ လက်ထပ်ပြီးရင်လေ ဆို ...တဲ့ ခေါင်းစဉ်က သူနှင့်ပပကြားမှာ တစ်ခါမှ မရှိခဲ့။ အဖေနှစ်ဦးရဲ့ အစီအမံအတိုင်း အင်းဆိုပြီး ခေါင်းညိတ်လက်ခံပြီးပြီမို့ ရင်ခုန်သံ မှန်မှန် ...ခုန်မခုန်ကိုတောင် သတိမထားမိခဲ့။

ဦးနှောက်နဲ့ ရွေးချယ်တည်ဆောက်တဲ့ အိမ်ထောင် ...တစ်ခုဟာ ထာဝရတည်တံ့နိုင်ပါ့မလား။ သူ့အလုပ် ကိုယ့်အလုပ်နဲ့ ...လုံးပမ်းနေတဲ့ သူတို့အိမ်က သာယာစိုပြေနိုင်မည် မထင်ပါ။ ဥစ္စာ...နေ မာန်၊ ပညာမာန်ဖြင့် ဝင့်ထည်နေသည့် ပပ၏စိတ်ဓာတ်က ...သူ တစ်ပါးကို အောက်ကျို့အားကိုးလိုစိတ် အလျဉ်းမရှိ။ ကျန်းမာ

ရေး ပိုချချာလာသည့် ဖေဖေ့ကို ဂရုတစိုက်ပြုစုဖို့ တာဝန်ကို ယူချင်ပါ့မလား။ နားလည်မှုနှင့်တည်ဆောက်ထားသည့် အိမ်ထောင်တစ်ခုကို တည်မြဲအောင် ရပ်တည်ထားနိုင်မေမယ့် သဘာဝအလျောက် ပျော်ရွှင်ကြည်နူးခွင့်တွေကို သူ ပိုင်ဆိုင်နိုင်လိမ့်မည်မထင်ပါချေ။ အိမ်မှာ ချက်ပြုတ်စီမံရန်ထက် ဆိုင်မှာ ငွေပေး၍ဝယ်စားလိုက်တာကိုသာ စိတ်ထက်သန်သည့် ပပနှင့် အိမ်ထမင်းဟင်းကိုသာ နှစ်ခြိုက်အားထားသည့် ဖေဖေတို့ ရေရှည်မှာ အတူနေနိုင်ပါ့မလား။ အတွေးတို့ဖြင့် ခေါင်းရှုပ်လာ၍ ထမင်းစားခြင်းကို ရပ်လိုက်တော့၏။

“တော်ပြီလား နေလ။ မင်းစားတာ နည်းလှချည်လား။ တော်ကြာ အန်ကယ်မလဲဘဲ မင်း လဲနေဦးမယ်”

“အသက်ရှင်နေသရွေ့ လူသားစက်ရုပ်တွေလို ငါ လှုပ်ရှားနေရဦးမှာပဲ အလတ်ရာ။ ကဲ . . . ငါ ကွန်ဒိုမီယံလေလံပွဲ နှစ်နာရီအမီ သွားလိုက်ဦးမယ်”

“အေး”

နေလ ထွက်သွားတော့ သူ ဝါလေးဘက်လှည့်ကာ ပြောပြလိုက်ပါ၏။



“နေလ ဖေဖေ ခုတလော သွေးပြန်တိုးနေတယ် ဝါလေး။ သွေးတိုးက ဆေးသောက်ရုံနဲ့ သက်သာတာ မဟုတ်ဘူး။ စားအသောက်လည်း ဆင်ခြင်နိုင်မှ တော်ရုံရှိတာ”

“သူ့အိမ်က အစားကို ထိန်းမကျွေးကြဘူးလားဟင်”

“ထမင်းချက်တွေလည်း တစ်ယောက်ပြီး တစ်ယောက် ပြောင်းနေတော့ လက်ကမမှန်ဘူးပေါ့။ နဂိုကတည်းက အန်ကယ် က အိမ်ထမင်းဟင်းပဲ အားထားစားတာ။ နေလ မေမေက အချက် အပြုတ် သိပ်တော်တယ်။ မော်လမြိုင်သူလေ။ အန်တီ နှလုံးနဲ့ ဆုံးသွားကတည်းက သူတို့အိမ်မှာ မီးဖိုချောင်ကိစ္စ တော်တော် ကသီသွားတာပဲ”

“ဆုံးသွားတာကြာပြီလားဟင်”

“အင်း . . . နေလ ဂျပန်က ပြန်လာခါနီးဆုံးတာဆိုတော့ တစ်နှစ်ကျော်ပြီပေါ့”

“ဘာဘ သနားပါတယ်”

“သူများ သွားမသနားနေနဲ့။ ဝါလေးကိုယ် ဝါလေးလည်း သနားဦး”

“ဝါလေးဖေဖေက ဝါလေး ငယ်ငယ်ကတည်းက ဆုံး

တာဆိုတော့ ဘာမှ သိပ်မသိလိုက်ဘူး ကိုကိုကျော်ရဲ့”

“ဟုတ်တာပေါ့။ ကိုယ့်မိဘတွေလည်း ကိုယ် ရှစ်တန်းတက်တဲ့နှစ်က ကားမှောက်ပြီး ဆုံးသွားတာ။ ကိုယ့်ဘကြီးကပဲကိုယ့်ကို စောင့်ရှောက်ခဲ့တော့ တော်သေးတယ်။ နေလက သူ့အမေကို သိပ်ချစ်ရှာတာ။ အဖေ့စကားထက် အမေ့စကားကို ပိုနားထောင်တယ်။ အမြဲတမ်း သားအမိနှစ်ယောက် တွတ်ထိုးနေခဲ့တာ။ ဂျပန်ကို သူသွားတော့ အန်တီက ကျန်းမာရေး ဒေါင်ဒေါင်မြည်ပဲ။ အန်ကယ်ကသာ ချူချာတာ။ အန်တီ ရုတ်တရက်ကြီး နှလုံးနဲ့ဆုံးသွားတော့ ကိုယ်တို့လည်း အရမ်းအံ့သြသွားတာပဲ။ နေလခမျာ သူ့အမေအလောင်းကိုတောင် မမီလိုက်ဘူး။ သူ ပြန်ရောက်လာတော့ သူ့အမေအုတ်ဂူမှာ ကလေးလိုပဲ သွားထိုင်ငိုနေခဲ့တာ။ တော်တော်ကြီး မိုးချုပ်မှ ချော့ခေါ်လာရတယ်။ နေလက အပြင်ပန်းကြည့်ရင် မာမယ်ထင်ရပေမယ့် တကယ်တမ်းကျတော့ စိတ်ပျော့တယ် ဝါလေးရဲ့”

“ကိုကိုကျော်ကရော ဘာထူးလို့လဲ”

“ကိုယ်က နေလထက်တော့ စိတ်မာပါတယ်ကွာ”

“သေချာလို့လား။ ကိုကိုကျော်သာ စိတ်နိုင်ရင် ဝါလေး



နဲ့ ဒီအခြေအနေအထိ ရောက်လာစရာ အကြောင်းမရှိပါဘူးနော်”

“ကြည့်စမ်း . . . လူကို အရည်ပျော်အောင် မျက်ရည်တွေကျတုန်းက ကျပြီးတော့။ ခုမှ ဘာစကားနာထိုးတာလဲ။ ဒီကောင်မလေးတော့ နာတော့မှာပဲ”

သူ ထရပ်ရန်ပြင်လိုက်တော့ ဝါလေးက ကြောက်လန့်တကြား တားဆီးလိုက်ပါ၏။

“ဟင် . . . ကိုကိုကျော်။ ရှုးခန်းထဲမှာနော်။ မလုပ်ပ်နဲ့”

သူ သဘောကျစွာ ရယ်မောလိုက်မိတော့သည်။

× × ×

အရင်ဆုံး ရွှေတိဂုံဘုရားဖူးပြီးမှ နှစ်ယောက်သား အလှူငွေ အတူထည့်ကြ၏။ ကုန်းတော်မှ ဆင်းလာပြီး တိရစ္ဆာန်ရုံအနှံ့ လည်ပတ်ကြသည်။ မိသားစုအလိုက် လာကြသည်ကို တွေ့တော့ ဝါလေးကို သူ လက်ညှိုးညွှန်ပြလိုက်ပါ၏။

"တွေ့လား ဝါလေး"

"ဟင် . . . ဘာကိုလဲ"

"ဟိုမှာ မိသားစုလေးလေ။ ဘယ်လောက် ပျော်စရာကောင်းလဲ"

"အင်း . . . ကလေးလေးက ချစ်စရာလေးနော်။ ဆံပင်ကောက်ကောက်လေးနဲ့ ဗိုလ်မရုပ်လေးနဲ့တူတယ်"

"ဝါလေးရော အဲဒီလိုကလေးမျိုး မလိုချင်ဘူးလား"

"အာ . . . ကိုကိုကျော်နော်။ ဘာတွေ လျှောက်ပြောနေတာလဲ"

"ဟုတ်တယ်လေ။ ကိုယ်တို့လည်း သိပ်မကြာခင် လက်ထပ်တော့မှာပဲဟာ။ ကြိုတွေးထားရတာပေါ့"

"ဟင် . . .အစောကြီးရှိသေးတဲ့ဟာကို။ မမမေက ဝါလေးကို ငယ်သေးလို့ အိမ်ထောင်ပြုစေချင်ပါ့မလား ကိုကိုကျော်ရဲ့"

"မရရအောင် ပြောမှာပေါ့ ဝါလေးရဲ့၊ တော်ကြာ ကိုယ့်ဆံပင်တွေဖြူမှ ယူတော့ ဒီအဘိုးကြီး ကောင်မလေးငယ်ငယ်လေးနဲ့ လက်ထပ်တယ်ဆိုပြီး အပြောခံနေရမှာပေါ့"

"လုပ်ပြီ . . . ပြောတော့မယ် မဟုတ်တာတွေ"

"ဟုတ်တယ် ဝါလေးရဲ့၊ ဒီတစ်ခေါက် ကိုယ်ပြန်ရောက်လာတော့ စီစဉ်ရမှာပဲ။ နို့မို့ ကိုယ် ဝါလေးကို စိတ်မချဘူးကွ"

"ပြန်ရောက်ရင်ဆိုတော့ ကိုကိုကျော်က ဘယ်ကိုသွားမှာမို့လဲ"

"ချောင်းသာကို သွားရမှာ။ နှစ်လ သုံးလလောက် ကြာမယ်"

"ဟင် . . . ဝါလေးကို မပြောဘဲ ငြိမ်နေတာပေါ့"



"မဟုတ်ပါဘူး ဝါလေးရဲ့၊ နေလက မနေ့ကမှ ပြောလို့ပါ"

"ဘယ်တော့ သွားရမှာလဲ"

"ဒီတစ်ပတ်ထဲမှာပဲ"

"ဟင် . . . အချိန်လည်း ဘာမှမရှိတော့ပါဘူး။ ဝါလေးတော့ လွမ်းနေရတော့မှာပဲ"

"လွမ်းဖို့ရော အချိန်ရလို့လားကွာ။ စာမေးပွဲဖြေဖို့ အနီးကပ်လည်း တက်ရမယ့်ဟာကို"

"မသိဘူးကွာ . . . လွမ်းတာက လွမ်းတာပဲ"

သူမ သူ့ရင်ခွင်မှာ မှီလိုက်တော့ သူ အလိုက်သင့်ဖက်ထားမိရင်း ဝါလေး၏ ဆံနွယ်တို့ကို ငုံ့နမ်းလိုက်မိ၏။ သွားရမှာ စိတ်မဖြောင့်လိုက်တာ ဝါလေးရယ်။ ခါတိုင်းလည်း ငွေကြေးကိစ္စနဲ့ ပတ်သက်ပြီး မန္တလေးတို့၊ ပုဂံတို့လည်း သူပဲ သွားခဲ့ရတာပါ။ ဒီတစ်ခါသွားရမှာတော့ စိတ်အရှုမ်း လေးရတာပဲ။ အင်းပေါ့လေ . . အခုမှ ချစ်စ ခင်စ ကြင်နာစပေမို့ သူ ဝါလေးကို ဘယ်ခွဲထားချင်ပါ့မလဲ။ ဝါလေးက မိန်းမသားမို့ ပိုစိုးတာပေါ့။

"ဒါဖြင့်လည်း ပြင်ဆင်စရာရှိတာ ပြင်ဖို့ ပြန်ရအောင်

ကိုကိုကျော်"

"ရုပ်ရှင်ကြည့်ဦးမှာဆို"

"မကြည့်တော့ပါဘူး . . . စိတ်မှ မပါတော့တာ"

"ဟောကြည့် . . . ဒါက စိတ်ကောက်တာလား"

"မကောက်ပါဘူး။ စိတ်မကောင်းဖြစ်မိတာတော့ အမှန်ပဲ။ ဝါလေးက ကိုကိုကျော်နဲ့ ဘယ်တုံးကများ ခွဲဖူးလို့လဲ။ ဟိုးအရင်ကတည်းက တနင်္ဂနွေဆို ဝါလေးတို့အိမ် ကိုကိုကျော် အမြဲရောက်နေတဲ့ဟာ။ ခု ကြည့်ပါဦး . . .သုံးလတောင် နည်းလား"

"ကြော် . . . ဝါလေးရယ်။ အတူတူနေရဖို့ ခဏတော့ဝေးရမှာ သည်းခံပေါ့။ ကိုယ် ပြန်လာတော့ ကိုယ့်အစီအစဉ်တွေအားလုံး ဝါလေးကို ပြောပြမယ်"

"အခု မသိရဘူးလား"

"ဟင့်အင်း . . . ပြန်လာမှ"

ဝါလေးက သူ့ကို မျက်စောင်းထိုးလိုက်ပါ၏။ သူ ပြုံးလိုက်ပြီး ထိုင်နေရာမှ ထရပ်ကာ ဝါလေးကို လက်ကမ်းပေးလိုက်သည်။ ဝါလေးက သူ့လက်ထဲ သူမ လက်ကလေးကို ထည့်ပေးကာ ထရပ်လိုက်ပါသည်။ တွဲလက်စ လက်ကလေးတွေ အမြဲ



ဖြုတ်တမ်း ရှိနေမှာကို ဝါလေး နားလည်ပါကွယ်။

သူ့တိုက်ခန်းကိုရောက်တော့ ဝါလေးက သူ ယူသွားမည့် အဝတ်အစားအချို့ကို လျှော်သင့်တာ လျှော်ပြီး၊ မီးပူတိုက်၍ သားရေသေတ္တာထဲ ထည့်ပေးပါသည်။ သူက တခြားတိုလီမိုလီပစ္စည်းများနှင့် စာရွက်စာတမ်းတို့ကို စုနေ၏။

"ဟိုရောက်ရင် ကျန်းမာရေးကို ဂရုစိုက်နော် ကိုကိုကျော်။ ကမ်းခြေမှာ လေညှင်းခံရင်း ကောင်မလေးတွေကို လျှောက်ကြည့်မနေနဲ့ဦး"

"ဟားဟား . . . ကိုယ့်မှာ ဒီကောင်မလေးရှိနေတာ တခြားကောင်မလေးတွေ လိုက်ကြည့်စရာ လိုလို့လား ဝါလေးရဲ့"

"ပြောလို့မရဘူးလေ။ ယောက်ျားဆိုတဲ့အမျိုးဟာ တစ်ချိုကွယ် တစ်မယ်မေ့တဲ့အမျိုးတဲ့"

"ဟုတ်လား . . . ဘယ်သူပြောတာလဲ"

"ဒီလိုပဲ သူများတွေ ပြောကြတာကိုး"

"ဟင်းဟင်း . . . သူများပြောတာလည်း လျှောက်ယုံလိုက်ဘာပဲ။ ကိုယ့်ကို လိုက်ပူမနေနဲ့။ ဝါလေးကိုယ် ဝါလေး ပူရမှာ"

"ဝါလေးက ဘာမှုစရာလို့လဲ"

"ပူစရာလိုတာပေါ့။ တော်ကြာ ကိုယ်မရှိတုန်း အလစ်
သုတ်တဲ့လူတွေရှိရင် ဘယ့်နှယ်လုပ်မလဲ။ အဲဒါမှ ကိုယ်ရင်ကျိုး
မှာ ကလေးမရဲ့"

"ကြည့် . . . ပြောပြန်ပြီ ပေါက်တတ်ကရ။ ဝါလေးမှာ
ကိုကိုကျော် တစ်ယောက်လုံးရှိနေတာ။ တခြားလူတွေအတွက်
နေရာမရှိပါဘူးနော်။ လာပြောတဲ့လူရှိရင်လည်း ကန်တော့ပါသေး
ရဲ့ရှင်လို့ ပြောလိုက်မှာပေါ့"

"အဲဒီလို စကားလေးတွေ တတ်လွန်းလို့ကို ကိုယ် စိတ်
မချတာ သိပြီလား"

သူ ရယ်လိုက်ပြီး ဝါလေးခေါင်းကို ဖွလိုက်တော့ ဝါလေး
က သူ့မ ဆံပင်တွေ ပွကျန်၍ ပွစိပွစိ ရေရွတ်လိုက်သည်။

"ကဲ . . . အားလုံးပြီးပြီ။ ဘာထည့်ဖို့ ကျန်သေးလဲ။ သေချာ
စဉ်းစားဦး။ တော်ကြာ ပိုအပ်တာတွေ ကျန်နေခဲ့ဦးမယ်။ ဝါလေး
မှာတာ မမေ့နဲ့နော်"

"ဘာကိုလဲဝါလေးရဲ့"

"ကမ်းခြေကိစ္စလေ"



"ဩော် . . . ဟင်းဟင်း . . . ကမ်းခြေမှာ လျှောက်ဖို့
အချိန်မရပါဘူး ဝါလေးရယ်။ ဟိုတယ်ကြီးတစ်ခုလုံး ဆေးသုတ်ဖို့၊
ပိုအပ်တာ ပြင်ဆင်ဖို့၊ Decoration ဆင်ဖို့၊ ဝန်ထမ်းတွေ ခန့်ဖို့၊
လုပ်စရာတွေ အများကြီးပဲ။ သေချာစီစဉ်ထားခဲ့ပြီးမှ ပြန်လာလို့
ရမှာ။ ဘာမှ အားချိန်မရဘူး"

"ပြောတာပဲ"

"ကိုယ့် Handphone ယူထားလိုက်ပါလား ဝါလေးရဲ့။
ဟိုကနေ ဖုန်းဆက်လိုက်မယ်လေ"

"မယူထားပါဘူး။ ကိုကိုကျော်က ပိုအသုံးလိုမယ့်ဟာ။
ဝါလေးလည်း ကျောင်းတက်ရ စာမေးပွဲဖြေရနဲ့ အားမှာမဟုတ်
ဘူး။ ပြန်လာမှပဲ အတိုးချပြီး စကားတွေပြောကြတာပေါ့"

"စကားပြောရုံပဲလား"

"ကြည့်ပါလား . . . ဘယ်လိုဖြစ်နေတာလဲ၊ ညနေစောင်း
နေပြီ ဝါလေးကို အိမ်ပြန်ပို့ပေး"

"အိမ်ပြန်မှာလား။ မသိပါဘူး။ ကိုယ်က တင်ခါတည်း
အပြီးလိုက်လာခဲ့တာ မှတ်နေတာ"

"ကိုကိုကျော်နော် . . . လိုက်စမနေနဲ့။ ဝါလေး ငိုလိုက်မှာ"

"ငိုရဲလို့လား"

"တော်ပြီ . . . ဘာမှ ဆက်မပြောတော့ဘူး"

သူမ ဖျတ်ခနဲ ထထွက်သွား၍ သူ အမြန်လိုက်ခဲ့ရ၏။ တိုက်အောက်ရှိဆိုင်မှ ရေခဲမုန့် ဝယ်ကျွေးတော့ စူပုတ်ပုတ်ဖြစ်နေ သည့် မျက်နှာလေး ပြုံးတော့သည်။

"ဝါလေး"

"ရှင်"

"ကိုယ် မရှိတုန်း အကူအညီလိုရင်ဖြစ်ဖြစ်၊ အခက်အခဲ ရှိရင်ဖြစ်ဖြစ် နေလဆီမှာ တောင်းပါ။ ကိုယ် မှာထားခဲ့တယ်"

"ရပါတယ် ကိုကိုကျော်။ ဝါလေးအတွက် ပူမနေပါနဲ့"

"ကိုယ် လိုရမယ်ရ ပြောတာပါ။ ဝါလေး နေလကို မပတ် သက်ချင်မှန်း ကိုယ် သိပါတယ်။ ဒါပေမဲ့ သူနဲ့အလိုက်သင့်လေး တော့ ဆက်ဆံပေးပါကွာ"

"ဝါလေး နားလည်ပါတယ်။ ဦးနေလနဲ့ စကားပြောရ တိုင်း ဝါလေးရင်ထဲမှာ တစ်မျိုးကြီးဖြစ်ဖြစ်သွားလို့ပါ။ ဝါလေးကို အထင်သေးတဲ့ အကြည့်တွေနဲ့ စိုက်ကြည့်တာကို ဝါလေး မခံနိုင် ဘူး။ ဝါလေးဘက်က ဝန်ထမ်းတာဝန်ကျေပွန်ရင် ပြီးတာပဲလို့ ယူ



ထားတာ။ ဖြစ်နိုင်ရင် သူနဲ့ မဆက်ဆံရတာ အကောင်းဆုံးပါပဲ ကိုကိုကျော်ရယ်"

"သူက အစစအရာရာ ဂုဏ်တွေ ဒြပ်တွေ ထည့်တွက် တတ်သူကိုး ဝါလေးရဲ့။ လူတွေရဲ့စိတ်ကို သူ သိပ်မဖတ်တတ်ဘူး။ ဒါကြောင့် ခည့်သည်တွေ ခည့်ခံရတိုင်း ကိုယ်အမြဲလိုက်ရတာ ပေါ့။ သူက သူ့အမေမှာခဲ့တဲ့စကားအတိုင်း သူ့ဘဝမှာ အမှား အယွင်းဖြစ်မှာကို သိပ်ကြောက်တာ။ ဒါကြောင့်မို့ နေရာတကာ အမြဲသတိထားပြီး လုပ်နေတော့ သူ့စိတ်နဲ့သူ စိတ်တိုင်းမကျဖြစ် ဖြစ်နေတာလေ။ ဘာပဲဖြစ်ဖြစ် ရေလိုက်ငါးလိုက်လေး ပြောပေး ပါကွာ။ ကိုယ်ပြန်လာတော့ ဝါလေးကို ဒီအလုပ်က ထွက်နိုင်း မှာပါ"

"ဒါဖြင့် ဘယ်မှာပြောင်းလုပ်ရမှာလဲ"

"အိမ်ရှင်မအလုပ် ရမှာပေါ့"

"ကြည့် . . . စချင်ဦး"

သူမက သူ့လက်မောင်းကို အသာထုလိုက်ရင်း ရယ် လိုက်ပါ၏။ ခြံရှေ့မှာ ကားရပ်ပေးတော့ ကားပေါ်မှ သူမ ဆင်းလိုက် သည်။

"အိမ်ထဲဝင်ဦးလေ"

"မဝင်တော့ပါဘူး။ တော်ကြာ မပြန်ချင်တော့ရင် ဘယ်
နယ်လုပ်မလဲ"

"ဟင်း . . . စကားတောင် မပြောရဲသလောက်ပဲနော်။
အရမ်း အူမြူးနေတယ်ပေါ့"

"ချစ်လွန်းလို့ပါကွာ"

သူ့စကားအဆုံးမှာကားမောင်းထွက်လိုက်တော့ ဝါလေး
က သူ့ကို လက်သီးဆုပ်ပြရင်း ကျန်ခဲ့တော့သည်။ ချစ်သူမျက်နှာ
လေး ပြုံးရွှင်နေလျှင် သူ ကျေနပ်လှပါပြီလေ။

သူမ ကိုကိုကျော်ပေးသည့် လက်ဆောင်ဘူးလေးကို
ဖွင့်လိုက်ပါသည်။ အပြာရောင် စာရွက်ခေါက်လေးကို ဖြန့်၍ ဖတ်
လိုက်၏။

"My Dear Sweet heart,

I shan't see anyone else I like better.

[ကိုယ့်အချစ် ချိုသဲလေး . . .

မင်းထက်ပိုပြီး နှစ်သက်ရမယ့် မိန်းကလေး
ကိုယ်တွေ့မှာ မဟုတ်ပါဘူး . . .]



သူမ တီးတိုးရယ်မောလိုက်ပြီး ဘူးလေးထဲကို ကြည့်
လိုက်တော့ စိန်တွေ စီထားသည့် ခြယ်နားကပ်တစ်ရံကို တွေ့
လိုက်ရလေသည်။ သူမ စိတ်ထဲ ထိပ်ခနဲဖြစ်သွားရင်း အံဆွဲထဲ
ထည့်ထားသည့် ဆွဲကြိုးဘူးလေးကို ထုတ်လိုက်ပါ၏။ သူမ လက်
ထဲမှာ တလက်လက် တောက်ပနေသည့် နားကပ်လေးနှင့် လော့
ကတ်လေးကို ယှဉ်ကြည့်ရင်း ရင်ထဲမှာ ဇဝေဇဝါအတွေးတွေ ပလုံ
စီနေတော့သည်။

× × ×

ကိုကိုကျော် ချောင်းသာကို ခရီးထွက်သွားတော့ သူမ ရင်ထဲဟာနေ၏။ အလုပ်ထဲ စိတ်နှစ်၍ လုပ်နေရသည်။ ညွှံသည်တွေ ကျလာသည့်ရက်ပိုင်းမို့ Housekeeping မှာ အလုပ်ရှုပ်နေရ၏။ တစ်ဦးနှင့်တစ်ဦး စကားပြောချိန်တောင် မရကြ။ တစ်ယောက်လျှင် တစ်ရက် (၈) ခန်း ရှင်းနေရာမှ (၁၂) ခန်း (၁၃) ခန်းအထိ ရှင်းပေးကြရသည်။ ကိုဇော်မျိုးနိုင်ဆို (၁၈) ခန်း အခန်း (၂၀) အထိ တာဝန်ယူရ၏။ Laundry မှ အစ်ကိုဖိုးကျော်ပင် Room attendent ပြောင်းလုပ်ရလေသည်။ သူမ နောက်တစ်ခန်း ကူးစဉ် ရှေ့အခန်းမှ ထွက်လာသည့် အစ်ကိုဖိုးကျော်က ပြုံး၍ ပြောလိုက်၏။

"ဟော့ . . . မောနေပြီလား။ ကြည့်ပါဦး . . . လေသံတောင်

မထွက်ဟော့ဘူး။ ဒီတစ်ပတ်တော့ ညတိုင်း OT ဆင်းရတော့မယ်"

"ဟင် . . . ဘယ်နစ်နာရီထိလဲ"

"၈ နဲ့ ၉ တစ်ခုခုပေါ့"

"ဟာ . . . ဝါလေး မိုးချုပ်ရင် တစ်ယောက်တည်း မပြန်ရဲဘူး"

"စကားတို့ မိန်းကလေးတွေကို မိုးချုပ်ထိ မဆင်းခိုင်းပါဘူး။ ကဲကဲ . . . အစ်ကို အခုမှ ၆ ခန်းပဲ ရှိသေးတယ်။ သွားပြီ"

"အစ်ကိုက တော်သေးတာပေါ့။ ဝါလေးက အခုမှ ၅ ခန်းပဲ ရှိသေးတဲ့ဟာ"

"လုပ်လုပ် မြန်မြန်လေး"

သူမ နောက်တစ်ခန်းသို့ အပြေးအလွှား ဝင်လိုက်ရ၏။ လာတည်းသည့် ဧည့်သည်တွေက ဂျာမန်နှင့် ဂျပန်လူမျိုးအများစုမို့ အခန်းများ သိပ်မရှုပ်ရဘဲ သန့်နေပါသည်။ ထရော်လီထဲမှ ရေသန့်နစ်ဘူး၊ သစ်သီးများနှင့် ကော်ဖီမစ်သုံးထုပ်ကို နောက်ဆုံးဖြည့်ထည့်လိုက်ပြီး ထွက်လာတော့ နေ့လယ် ၁၂ နာရီခွဲနေပေပြီ။ ထရော်လီကို နေသားတကျထားလိုက်ပြီး ထမင်းစားရန် ဆင်း



လာခဲ့၏။ ကိုကိုကျော်မရှိတော့ ထမင်းစားဆောင်မှာ စားရန် ဆုံးဖြတ်ပြီး လှမ်းလာစဉ် ဦးနေလက အခန်းတံခါးဖွင့်၍ လှမ်းခေါ်လိုက်လေသည်။

"စကားဝါ . . . ထမင်းစားစို့"

"ဝါလေး . . . မမနွယ်တို့နဲ့ပဲ သွားစားပါ့မယ် ဦးနေလ"

"မင်းကို အလတ်ဘာမှာခဲ့လဲ"

သူမ ဘာမှပြန်မပြောရဲတော့ပေ။ သူနှင့် စကားပြောရတိုင်း စိတ်ကျဉ်းကျပ်ရပါတယ်ဆိုနေမှ အခုတော့ တမင်စောင့်ခေါ်နေလေပြီ။ သူမ စိတ်ရှုပ်စွာဖြင့် အခန်းထဲ လိုက်ဝင်ခဲ့ရသည်။

"ထိုင် . . ."

သူက ထမင်းရေးထည့်ပေးပြီး ဟင်းများကို တစ်မျိုးပြီး တစ်မျိုး ထည့်ပေးနေပြန်၏။ သူမ ထမင်းပန်းကန်ထဲ၌ ဟင်းတွေက ထမင်းကိုပင် ဖုံးအုပ်လုနီးပါး ရှိနေပြီ။

"စား . . . ပြီးရင် ကိုယ်မင်းကို ပြောစရာရှိတယ်"

သူမ ထမင်းတစ်ဇွန်းကို ခပ်စားလိုက်ပါ၏။ သူက သူမ မျက်နှာကို စိုက်ကြည့်ရင်း ထမင်းကို စ၍စားလေသည်။

"ဒီတစ်ပတ်အတွင်းတော့ အပင်ပန်းခံပြီး လုပ်ပေးပါ။

ဧည့်သည် ပါးသွားတာနဲ့ ကိုယ် မင်းကို Receptiong ပြောင်းပေး
မယ်"

"ရှင် . . . အဟွတ် . . . အဟွတ်"

တအံ့တသြ ရေရွတ်ရင်း သူမ ထမင်းသည်းသွားသဖြင့်
သူက ရေသန့်ဘူးထဲမှ ရေကို ငှဲ၍ ကမ်းပေးကာ သောက်စေလျက်
သူမ ကျောကုန်းကို ထ၍ပုတ်ပေးပါ၏။ သူမ ကြက်သီးတွေ ဖြန်း
ခနဲ ထသွားရတော့သည်။

"ဖြည်းဖြည်းစားပါ စကားဝါ။ ကိုယ့်ကို မကြောက်ပါနဲ့၊
အရှင်းဆုံးပြောရရင် ကိုယ် မင်းကို စတွေ့ကတာစက . . ."

သူ စကားကို ဆက်မပြောဘဲ ရပ်ထားသဖြင့် သူမ စား
လက်စ ထမင်းကို ဆက်မစားရဲဘဲ သူ့ကို မော့ကြည့်လိုက်သည်။
သူ သက်ပြင်းတစ်ချက်ကို အရင်ချ၍ ဆက်ပြောလိုက်ပါ၏။

"ဟင်း . . . ကိုယ် တော်ရုံလူတွေကို အထင်မကြီးတတ်
ဘူး စကားဝါ။ ဒီလိုပဲ မင်းကို စမြင်တုန်းကလည်း ကိုယ် အမှုမဲ့
အမှတ်မဲ့ပဲရှိခဲ့တယ်။ ဒါပေမဲ့ . . . မင်းမှာ ကိုယ်မမြင်နိုင်တဲ့ emis-
sion နဲ့ attraction နှစ်မျိုးရှိနေတယ်။ ဒါကို ကိုယ်အစကမသိခဲ့
ဘူး။ ကိုယ်ပြောတာကို မင်း လက်ခံရဲ့လား"



"ဝါလေး နေအော်သလို နေတာပါ။ ပြောတတ်သလိုပဲ
ပြောတာပါဦးနေလ"

"ဟုတ်ပါတယ်။ ဒါကို ကိုယ်သိတယ်။ မင်းမျက်နှာလေး
မှာ ရိုးသားခြင်းဆိုတဲ့ အရောင်က ဖြာထွက်နေတယ်။ တကယ့်
simple ပဲ။ အဲဒီအရာတွေကပဲ သူတစ်ပါးကို ပြန်ပြီးစွဲဆောင်စေ
တာပေါ့"

သူမ ခေါင်းရှုပ်လာ၏။ အလုပ်များပါတယ်ဆိုမှ မဆိုင်
တာတွေ ဘာကိစ္စပြောနေတာလဲ မသိ။ ဦးနေလရေ . . .ဝါလေးက
သာမန်မိန်းကလေးတစ်ယောက်ပါ။ ရိုးရိုးနေ၊ ရိုးရိုးတွေး၊ ရိုးရိုးပဲ
ပြောတတ်ပါတယ်။ ဒီလိုမျိုး နက်နက်နဲနဲ တစ်ခါမှ မတွေးတတ်ခဲ့
ပါဘူး။

"မင်း စိတ်ရှုပ်နေပြီလား"

"ရှင် . . ."

သူမ ရင်ထဲမှာ ဒိန်းဂနဲဆောင့်ခုန်သွားရ၏။ ဘုရားရေ
သူမရင်ထဲ ဘာတွေဖြစ်နေလဲဆိုတာကိုပါ ဦးနေလ သိနေရပါ
ရောလား"

"ကိုယ်ပြောချင်တာ တခြားကိစ္စပါ။ ဆောရီး . . . မင်း

အလုပ်ပင်ပန်းရတဲ့ကြားက ကိုယ့်ကြောင့် စိတ်ရှုပ်နေရပြီ။ ထား
လိုက်ပါ . . . ညပြန်မှ ဆက်ပြောကြတာပေါ့"

"ဟို . . . ဝါလေး OT ဆင်းရမှာမို့"

"ကိုယ် ဒီနေ့ ည ၈ နာရီအထိ ရှိနေမှာပါ"

ဒုက္ခရေ . . . သူမ အကြီးအကျယ် မျက်နှာပျက်ရပါတော့
၏။ ဘာကို ရည်ရွယ်ပြီး ပြောချင်တာလဲ ဦးနေလရယ်။ ဝါလေးက
ဦးနေလရဲ့ ဝန်ထမ်းတစ်ဦးပါနော်။ ဒါကို ရှင် မေ့မထားပါနဲ့။

အဲဒီညနေပိုင်း သူမ အလုပ်ဆက်လုပ်တော့ လူရော
စိတ်ပါ ပင်ပန်းရတော့သည်။ ဖန်ခွက်ဆေးရင်း ကျကွဲ၏။ လူက
ကတုံကယင်။ လူနှင့်စိတ်မကပ်ဖြစ်နေရသည်က ထိတ်လန့်စိုးရိမ်
မှုတို့ကြောင့်ဆိုတာ သူမကိုယ် သူမ အသိဆုံး။ ကိုကိုကျော် . . .
ဝါလေး သူ့ကို မရင်ဆိုင်ချင်ဘူး။ ဝါလေး ဘာလုပ်ရမှာလဲ . . .

သူမ ယူနီဖောင်းပြန်လဲ၍ ထွက်လာတော့ သူက ရုံးခန်း
ဝမှာ အဆင်သင့်စောင့်နေပါ၏။ သူနှင့်အတူ ယှဉ်တွဲ၍ လျှောက်
လာရင်း ခြေလှမ်းတို့က မှားချင်ချင်။ ကားပေါ်တက်ကြပြီး မောင်း
ထွက်လာတော့ ညက နီယွန်မီးလုံးတို့၏ အလင်းရောင်ဖြင့် တစ်
မျိုးလေး လှနေ၏။ သူက ခလုတ်တစ်ခုကို နှိပ်လိုက်တော့ ကား



ခေါင်မိုးက အလိုအလျောက် လန်၍ပွင့်သွားပြီး အမိုးပွင့်ကားလေး
ထဲ လေတို့က တဖြူးဖြူးတိုက်ခတ်လာသည်။ သူမ မျက်လုံးလေး
ဖြူး၍ ဟာအံ့တကြဖြစ်နေမိ၏။

လေအဝှေ့မှာ လွင့်၏ သူ့ထံသို့ သူမဆံပင်တွေ လာရိုက်
ခတ်တော့ ရှမ်ပူနံ့သင်းပျံ့ပျံ့ကို ရှူရှိုက်လိုက်ရသည်။ သူမက
ဆံပင်တို့ကို စုသိမ်း၍ လက်ဖြင့် ဆုပ်ကိုင်ထားလိုက်တော့ သူ့ထံ
မှ ကြည်ကြည်နူးနူး ရယ်လိုက်သံကို ကြားလိုက်ရ၏။ ကြည့်ပါဦး
သူကဖြင့် စိတ်လွတ်ကိုယ်လွတ် ရယ်နေနိုင်သေးသည်။ သူမမှာ
ဖြင့် သူ ပြောလာမည့်စကားတို့ကို ဘာမှန်းမသိနိုင်ဘဲ ကြို၍ ရင်
မောနေရပြီ။

သူက ညဈေးတန်းလေးရှိရာ၌ ကားကို ရပ်လိုက်ပါ၏။
ထို့နောက် ကားပေါ်မှ ဆင်း၍ သူမဘက်မှ တံခါးပေါက်ကို ဖွင့်ပေး
ပြီး ဆင်းခိုင်းလေသည်။

"ခဏဆင်းပါဦး စကားဝါ . . . ကိုယ်တို့ ကြက်သား
ဆန်ပြုတ် ပူပူလေးနဲ့ ဆာတေး စားကြရအောင်"

"ဝါလေး . . ."

"ခဏလေးပါ . . . နာရီဝက်တောင် မကြာပါဘူး။ ပြီးရင်

အိမ်အထိ ကိုယ် လိုက်ပို့မှာပါ"

သူမ သက်မတစ်ချက်ကို မသိမသာချလိုက်ရင်း ကား ပေါ်မှ ဆင်းလိုက်၏။ သူက ဖျတ်ခနဲ သူမလက်ကို ဆုပ်ကိုင်လျက် သန့်ပြန့်နေသည့် ဈေးဆိုင်လေး၏အမိုးအောက်ထဲသို့ ဝင်ထိုင် လိုက်ပါသည်။

"ကြက်သားဆန်ပြုတ် နှစ်ပွဲပေးပါ။ ဆာတေးတစ်ပွဲရယ်၊ နောက် . . . အခေါက်ကင် တစ်ပွဲပေးပါ"

"ဟုတ်ကဲ့ . . . ခဏလေး စောင့်ပါနော်"

သူက စားပွဲပေါ် လက်တင်၍ မေးကိုထောက်ထားသည်။ သူမ ခြေဖျား လက်ဖျားတွေ ချက်ချင်း အေးစက်လာ၏။ ဆိုင်ရှင် လှမ်းပေးသော ဆန်ပြုတ်ပန်းကန်ကို သူ ယူလိုက်ပြီး ဇွန်းဖြင့် မွှေ နောက်ကာ အေးအောင်မှုတ်ပေးပြီးမှ သူမရှေ့မှာ ချပေးလိုက် သည်။ ထို့နောက် ပန်းကန်ပြားထဲမှ အခေါက်ကင်ကို တစ်ဖတ်ပြီး တစ်ဖတ် တူဖြင့်ယူ၍ လည့်ပေးနေပြန်၏။

"နွေးနွေးလေး စားပါ စကားဝါ။ ဆန်ပြုတ်ကုန်ရင် ဆာ တေးစားရင်း ပြန်ကြတာပေါ့"

သူမ ဆန်ပြုတ်ကို ခပ်မြန်မြန်လေး စားလိုက်ပါ၏။ သူ



င့် မရှေးမနှောင်း ကုန်သွားတော့ ကျသင့်ငွေ ရှင်းပေးပြီး ဆာတေး ကို အိတ်ဖြင့် ထည့်နိုင်းကာ ဆိုင်အောက်မှ ငုံ့၍ ထွက်လာခဲ့သည်။ မ်းလျှောက်ရင်း သူနှင့် လက်ချင်းထိမိသွားတော့ သူက တအံ့ ာသြဖြင့် သူမကို ငုံ့ကြည့်လိုက်ပါ၏။

"လက်ဖျားတွေ အေးစက်လို့ပါလား . . . မှန်း . . . နေ ကောင်းဘူးလား စကားဝါ"

သူ့လက်တစ်ဖက် မြှောက်တက်လာသဖြင့် သူမ ခေါင်း ကို ရှောင်လိုက်ပါသော်လည်း နဖူးပေါ်သို့ သူ့လက်ခုံက ရောက် လာ၏။ အို . . . ရှင် ဘယ်လိုလူလဲ ဦးနေလ။ သင့်မသင့် မခွေး တဲ လက်ရဲလှချည်လား . . . ဟာင်။

"ကိုယ်တော့ မပူပါဘူး . . . လာ . . . ကားပေါ်တက်။ လက်နွေးအောင် ကိုယ်လုပ်ပေးမယ်"

"ဟင့်အင်း . . .နေပါစေ . . . ရတယ်"

သူက ဟက်ခနဲ တစ်ချက်ရယ်ရင်း ကားပေါ်တက်ထိုင်၍ သူမ လက်ဝါးတစ်ဖက်ကို ဆုပ်ပေးလိုက်ပါသည်။ သူမ ဆောင့် ရုန်းလိုက်ပါသော်လည်း သူက လွှတ်မပေးချေ။ တစ်ဖက် နွေး သွားတော့ နောက်တစ်ဖက်ကို လှမ်းယူရန်ရွယ်စဉ် သူမ အာခေါင်

တွေ ခြောက်လာလျက် ငြင်းဆန်လိုက်ပါ၏။

"ဟင့်အင်း . . . ဝါလေး အိမ်ပြန်ချင်ပြီ"

"ပြန်ပို့မှာပါ။ မင်း ဘာကိုကြောက်နေတာလဲ စကားဝါ။ ကိုယ်က သိပ်ကြောက်စရာကောင်းနေလို့လား . . . ပြောပါဦး"

"မသိဘူး . . . ဝါလေး သိတာ အိမ်ပြန်ချင်တာပဲသိတယ်"

သူက ကားကို စက်နှိုး၍ မောင်းထွက်လိုက်၏. သူမက သူ့ဘက်ကို လုံးဝမကြည့်ဘဲ မျက်နှာကို အပြင်ဘက်သို့ လှည့်ထားလိုက်သည်။

"ကိုယ် မင်းနဲ့အခုလိုသွားရတာ စိတ်ချမ်းသာတယ် စကားဝါ။ ကိုယ် တစ်ခါမှမခံစားဖူးတဲ့ ကြည်နူးမှုမျိုးကို ခံစားရတာ သိပ်အရာသာရှိတာပဲ။ အဲဒီအတွက် မင်းကို ကိုယ် ကျေးဇူးတင်တယ်"

"ကျွန်မ . . . ဒေါက်တာပပဘို မဟုတ်ဘူး ဦးမင်းနေလရောင်"

"ဘာရယ်"

"ကျွ်"

ကားဘရိတ်ကို ဖျတ်ခနဲ နင်းလိုက်မိသည်။ ကျွန်မတို့



ဦးမင်းနေလရောင်တဲ့ . . . စိမ်းသက်လှချည်လား စကားဝါ . . .

"မင်း ဘယ်လိုပြောလိုက်တာလဲ စကားဝါ"

"ဦးနေလ ကြားပါတယ်"

"ကိုယ် မင်းနဲ့အတူရှိနေချိန်မှာ အဲဒီနာမည်ကို ရွတ်စရာမလိုဘူး"

"ကျွန်မကတော့ အသိပေးသင့်ရင် ပြောရမှာပဲ။ ဒေါက်တာ သိသွားရင် မကောင်းပါဘူး ဦးနေလ။ ဦးနေလ အသက်အရွယ်က စိတ်ကို အလိုလိုက်သင့်တဲ့ အရွယ်မှ မဟုတ်ဘဲ"

"ဟင်းဟင်း . . . ဟုတ်ပါတယ်။ ဒါပေမဲ့ တစ်ခါတလေလေးတော့ မွန်းကျပ်နေတဲ့စိတ်ကို ခဏဖြစ်ဖြစ် ထွက်ပေးချင်တာ သဘာဝကျပါတယ် စကားဝါ"

"ဒါဆိုလည်း တခြားနည်းလမ်းရှာပါလား ဦးနေလရယ်။ ကျွန်မကိုတော့ ဦးမတည်လိုက်ပါနဲ့။ ကိုကိုကျော်ဟာ ဦးနေလရဲ့ အချစ်ဆုံးသူငယ်ချင်းပါ။ ပြီးတော့ ကျွန်မဟာ ကိုကိုကျော့်ရဲ့ . . ."

"တော်ပြီ . . . ဆက်မပြောပါနဲ့။ ကိုယ်တောင်းပန်ပါတယ်။ ဆောရီး စကားဝါ။ ကိုယ် မှားသွားတာကို ခွင့်လွှတ်ပေးပါ။ မင်း . . . အလတ်ပေါ်မှာ နွေးနွေးထွေးထွေး ပြုမူဆက်ဆံတာတွေ

ကို မြင်ရတော့ ကိုယ် မေမေ့ကို အရမ်းသတိရသွားတာ အမှန်
မိခင်တစ်ယောက်ရဲ့ နွေးထွေးမှု ကြင်နာမှုမျိုးကို မင်းထံမှာ ကို
တွေ့လိုက်ရတော့ . . . ကိုယ် . . . ကိုယ် . . .”

သူ ကားမောင်းသည့် လက်ကိုင်ဒရွေပေါ် ခေါင်းတင်
မျက်လုံးအစုံကို မှိတ်ထားလိုက်၏။ လမ်းမီးရောင်အောက်မှ လ
ခနဲ ဖြစ်သွားသည့် ပါးပြင်ပေါ်မှ အရေများကြောင့် သူ ငိုနေပြီ
တာကို သူမ သိလိုက်ပါသည်။ ဘုရားရေ . . . သူမ ဘာလုပ်ရမလဲ
ခြေမကိုင်မိ လက်မကိုင်မိဖြင့် သူမ စိတ်လှုပ်ရှားလာ၏။

“ဦးနေလ . . . ဦးနေလ . . . သတိထားပါနော်”

သူ ငြိမ်နေရာမှ ခေါင်းပြန်ထောင်လိုက်ပြီး ကားကို စ
ပြန်နှိုး၍ မောင်းထွက်ခဲ့သည်။ မျက်နှာပေါ်မှ မျက်ရည်တို့
မသုတ်မိ။ ဘာစကားမှ မပြောတော့ဘဲ ကားကိုသာ ဂရုတစိုက်
မောင်းခဲ့၏။ ခြံရှေ့ရောက်တော့ ကားပေါ်မှ သူမအဆင်းမှာ သူ
မှ အသံခပ်တိုးတိုး ထွက်လာသည်။

“ဖေဖေက မင်းကို တစ်ရက်လောက် တွေ့ချင်နေတ
စကားပါ။ မင်း စာမေးပွဲဖြေဖို့ ခွင့်မယူခင် တစ်ရက်လောက် လ
တွေ့ပေးပါလို့ ကိုယ် တောင်းပန်ပါတယ်”



“ဟုတ်ကဲ့”

သူမ ကားတံခါးကို ပြန်ပိတ်အပေးမှာ သူက ကားထဲမှ ဆာတေးထုပ်ကို သူမထံ လှမ်းပေးလိုက်ပြီး ကားမောင်းထွက်သွားပါတော့သည်။ သူမ မျက်နှာကို ရုတ်တရက် စမ်းလိုက်မိတော့ ဘုရား . . .ဘုရား . . . သူမ မျက်ရည်တွေကျနေပါရောလား။

× × ×

"အဆုံး"

ဝေးခဲ့ပြီ . . .
ပြေးလို့လာမရ
ဆွေးမြေ့တဲ့ ကာလတွေမှာ
အဖြေရှာ ရင်မှာတအုံနွေးနွေး
ဟိုဝေးဝေး တစ်နေရာ
မှန်းရည်ကာ ငုတ်တုတ်
အလွမ်းစာချုပ်ချုပ်ခဲ့ပြီ . . .
ဟိုယခင် အတိတ်ဆီက
အရိပ်မှုန်မှုန်တွေကိုကြည့်
ရင်ကိုထိတဲ့ မြားချက်တွေ
ဝေဒနာတွေဖြစ်
မသေချာတဲ့ စာစ်မြစ်ထက်
တံလျှပ်ကိုမှ ရေထင်
ရွှေသမင်အငပိုက်မှားလေတော့
ပုံမှားရိုက်တဲ့ "အချစ်" မှာ
နှစ်မွန်းကာ ကျရှုံး
ငါ့နှလုံးသားလေး ခုံးခဲ့ပြီ . .

တိမ်ခိုးတိမ်ငွေ့တွေက တလူလူ လွင့်ပျံတက်နေဖ၏။ ငုံ့ကြည့်နေသည့် ချောက်ကမ်းပါးကြီးက နက်မှောင်နေသည်။ ဖိနပ်မပါဘဲ ရပ်နေသည့် ခြေဖျားများက နှင်းတို့ဖြင့် အေးခဲစိုစွတ်လျက်။ အေးစက်စက် ကျောက်တုံးပေါ်မှာ ရပ်နေသဖြင့် ခြေထောက်အစုံက ယိုင်လဲချင်ချင် . . . လေပြင်းတို့က တဝိုးဝိုး တိုက်ခတ်နေသဖြင့် သူမ၏ ဆံနွယ်များက ဟိုဒီယိမ်းထိုးနေကြသည်။ မျက်ရည်တို့ တွေတွေ စီးကျနေလျက် ချောက်ထဲကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေမိ၏။ ရင်ထဲမှ ရှိုက်သံတစ်ချက် ထွက်လာတော့ မျက်လုံးအစုံကို မှိတ်ချလိုက်သည်။ ဘာမှ ရှိမနေသည့် ဟေလဟာနယ်ထဲသို့ ခြေကို အလှမ်း အေးခနဲ ခံစားမှုနှင့်အတူ သူမ လွင့်ပျံကျသွား၏။ တလိမ့်လိမ့် ကျလာသည့် သူမကိုယ်ခန္ဓာလေးကို

လက်တစ်စုံက ဆီးပွေ့ယူလိုက်လေသည်။ မျက်လုံးများကို ဖွင့်
ကြည့်လိုက်တော့ ဦးနေလ၏ မျက်နှာ မြင်လိုက်၏။ အို . . . သူ
သူ့လက်ထဲမှ အတင်းရုန်းကန်၍ ဆင်းလိုက်တော့ သ ာ သူမခ
လေးကို တင်းကျပ်စွာ ဖက်ထားလေသည်။ သူမ အားကုန်ရုန်
လိုက်မိတော့ သူ့ထံမှ တိုးလျလျအသံ ထွက်ပေါ်လာ၏။

"ကလေး . . ."

သူမ မျက်လုံးကို ဖျတ်ခနဲ ဖွင့်လိုက်၏။ မျက်ဝန်းမှ မျက်
ရည်တို့က အဆက်မပြတ် စီးကျနေသည်။ ခေါင်းအုံးပေါ် မှောက်
ချလိုက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလိုက်ပါ၏။ အိပ်မက်တဲ့ . .
ဘာဖြစ်လို့ ဒီလိုအိပ်မက်တွေ ခဏ ခဏ မက်ရတာလဲ။ ရင်ထဲမှ
ရှိနေသည့် လူတစ်ယောက်ကိုတော့ အိပ်မက်ထဲ ရှာမတွေ့ဘ
သူမ အနီးမှာ သူမကို စိတ်ဒုက္ခပေးနေသည့် လူကိုမှ ဘာကြောင့်
အိပ်မက်ထဲ တွေ့တွေ့နေရတာလဲ။ ဒါ . . . ဖောက်ပြန်မှုတစ်ခုပဲ
ရုက်စရာကောင်းလိုက်တာ။ ကိုကိုကျော်သာ သိသွားရင် သူမကို
ဘယ်လောက်တောင်မှ အပြစ်တွေ တင်လိုက်မလဲ၊ နာရီမှ မနက်
၆ နာရီထိုးသံကို ကြားလိုက်ရ၏။

အိပ်ယာမှ လူးလဲထလိုက်ပြီး ခေါင်းလျှော်၍ ရေချိုး



လိုက်၏။ မှန်တင်ခုံရှေ့ သူမထိုင်လိုက်တော့ မှန်ထဲမှ ကြေကွဲနေ
သည့် မျက်နှာဖြင့် သူမကိုယ်သူမ ပြန်မြင်နေရသည်။ PH သုံးရက်
၍ သူမအလုပ်နားနေရ၏။ အဲဒီနောက် စာမေးပွဲဖြေရန် ခွင့် ရက်
ယူည် ဆက်ရမည်။ ကျောင်းဆယ်ရက် အနီးကပ်တက်ပြီး ဖြေရ
မည့် စာမေးပွဲအတွက် သူမ ရင်ပူနေရ၏။ ဖြေတောင် ဖြေနိုင်ပါ့
မလား။ လူက နုံးချိ၍ ဘာကိုမှ စိတ်မဝင်စား။

ကိုကိုကျော်သွားတာ တစ်လခွဲရှိပြီပေါ့။ အလုပ်ပြန်
မဆင်းရသေးခင် ကိုကိုကျော် ပြန်ရောက်လာလျှင် သိပ်ကောင်း
မှာပဲ။ ဝါလေး . . . Reception မှာလည်း မလုပ်ချင်တော့ဘူး ကိုကို
ကျော်။ ဖြစ်နိုင်ရင် ဦးနေလရဲ့အရိပ်က အမြန်ဆုံး လွတ်ချင်ပြီ။
ဝါလေး သူ့ကို ကြောက်တယ် . . . ဘာကြောင့်လဲလို့ ကျေးဇူးပြု၍
မမေးပါနဲ့။

"သမီးရေ . . . စတိုးဆိုင်က ဘိုဘိုလာပြောသွားတယ်။
ချောင်းသာက သမီးဖုန်းလာနေတယ်တဲ့"

"ဟာယ်"

သူမ အိမ်ပေါ်မှ ပြေးဆင်းကာ လမ်းကြားထိပ်ရှိ စတိုး
ဆိုင်သို့ ခပ်သုတ်သုတ် လျှောက်ခဲ့၏။ စတိုးဆိုင်ပိုင်ရှင် မယုက

ဆိုင်ဖွင့်၍ ပစ္စည်းများ ပြင်ဆင်နေရာမှ လှမ်းပြောလိုက်သည်။

"နောက်တစ်ခါ ပြန်ခေါ်လိမ့်မယ် ဝါလေး . . . ခဏ စောင့်"

"ဟုတ်ကဲ့ပါ မယု"

သူမ Show-case ရှေ့ရှိခုံမှာ ဝင်ထိုင်လိုက်၏။ တအောင့် အကြာမှာ ဖုန်းက ထပ်မြည်လာသည်။

"ဟယ်လို . . . ယုဝတီစတိုးဆိုင်ကပါရှင်။ ဪ . . . ဟုတ်ကဲ့ . . . ရောက်နေပါပြီ။ ခဏနော် . . . ရော့ ဝါလေး"

သူမ မယုလက်ထဲမှ ဖုန်းကို ယူလိုက်၏။ တစ်ဘက်မှ ကိုကိုကျော့်အသံကို ကြားလိုက်ရသည်။

"ဝါလေးလား . . . ကိုယ်ပါ"

"ကိုကိုကျော် ဝါလေး အရမ်းသတိရနေတာ"

"ကိုယ် သိတယ်။ အလုပ်မှာ အရမ်းပင်ပန်းနေတယ်ဆို"

"လုပ်တာက ဝါလေး လုပ်နိုင်ပါတယ်။ ဒါပေမဲ့ . . ."

"ဝါလေးကို နေလ Reception ပြောင်းပေးမလို့ဆို"

"ဟုတ်တယ် . . . ဒါပေမဲ့ ဝါလေး မလုပ်ချင်တော့ဘူး"

"ဘာဖြစ်လို့လဲ ဝါလေး။ ဘာပြဿနာရှိလို့လဲ။ ကိုယ်



ပြန်လာရင် ဝါလေးကို အလုပ်ထွက်ခိုင်းမှာပါ။ လောလောဆယ် မှုးလုပ်ထားနှင့်ပါကွာ။ စာမေးပွဲဖြေဖို့ ခွင့်ရပြီလား"

"ဟုတ်ကဲ့"

"အနီးကပ်တက်ပြီးရင် First Year ဖြေတုန်းကလိုပဲ အကြောဆေးသွားသွင်းနော် . . . ကြားလား"

"အင်းပါ"

"ကျန်းမာရေးလည်း ဂရုစိုက်ဦး။ အလုပ်ပင်ပန်းထား တော့ စာမေးပွဲခန်းထဲ လဲကျတာတွေ ဘာတွေဖြစ်နေဦးမယ်။ သတိထားဦး။ Reception ရောက်သွားရင် ဝါလေး သက်သာပါ ပြီ။ ဘာပြောချင်သေးလဲ"

"ကိုကိုကျော် ဘယ်တော့ ပြန်ရောက်မှာလဲဟင်"

"ကြာဦးမယ် ဝါလေးရဲ့။ ဒီမှာ Decoration ဆင်တာတော့ ပြီးနေပါပြီ။ ဝန်ထမ်းရွေးချယ်ပြီး ဖွင့်ပွဲလုပ်ဖို့ပဲ လိုတာ။ ဒါပြီးရင် ကိုယ် ပြန်လာလို့ရပြီ"

"ဘယ်လောက်ထိ ကြာဦးမှာလဲ ဟင်"

"တစ်လလောက်တော့ ရှိမှာပေါ့။ ဘာဖြစ်လို့လဲ ဝါလေး။ ဒီမှာ ကိုယ်စိတ်ပူနေပြီ . . . ဘာတွေဖြစ်နေလဲ"

သူမ မျက်ရည်ကို ကျိတ်သုတ်လိုက်၏။ ရှိုက်သံကို ကြိ
စား ဖြေဖျောက်ရင်း ဆက်ပြောလိုက်ပါသည်။

"ဘာမှ မဟုတ်ပါဘူး။ ဝါလေး ကိုကိုကျော့်ကို လွမ်းလ
ပါ။ ပြီးတော့ ဝါလေး အိပ်မက်တွေလည်း မကောင်းဘူး။ စိတ်ထဲမှ
ကိုကိုကျော့်ကိုပဲ မျှော်နေမိတာ"

"ဩော် . . . ဝါလေးရယ် ကိုယ် အမြန်ဆုံးပြန်လာမှာပါ
အခု ငိုနေတာလား။ ဘာဖြစ်တာလဲကွာ။ စာမေးပွဲဖြေဖို့ အားမွေ
ရမယ့်အချိန်မှာ အားငယ်စရာတွေ မစဉ်းစားရဘူးလေ။ ဒုက္ခပါပဲ
လိုတာရှိနေရင် နေလကို ပြောလို့ ကိုယ်မှာထားရဲ့သားနဲ့"

အမလေးနော် . . . အဲဒီလူကို ကြောက်လို့ပါဆိုမှ ကိုက
ကျော်က သူ့ဆီကို အတင်းပို့နေတော့တာပဲ။ စိတ်ညစ်လိုက်တာ
နော်။

"ကိုယ်မှာတာတွေ မမေ့နဲ့နော်။ ဝါလေး စာမေးပွဲပြီးမှ
ကိုယ် ဖုန်းထပ်ဆက်မယ်။ အခု ကိုယ်လည်း မအားဘူး။ ဒါဆို ဒါ
နော်။ ဝါလေးမှာ ဘာပြောစရာ ကျန်သေးလဲ"

"ဟင့်အင်း"

"ဒါဆို ကိုယ်ဖုန်းချလိုက်ပြီ။ ဘိုင့်ဘိုင် ဝါလေး . . . စာမေး



ပွဲ ကောင်းကောင်း ဖြေနိုင်ပါစေ"

"ဟုတ်ကဲ့ပါ ကိုကိုကျော်"

ပြောစရာတွေက ရင်ထဲမှာ အများကြီးပါပဲ ကိုကိုကျော်
ရယ်။ အခြေအမြစ်မရှိတဲ့ စကားတွေနဲ့ ကိုကိုကျော့်ရဲ့ အလုပ်ချိန်
တွေကို မဖြုန်းတီးစေချင်ပါဘူး။ ဝါလေးကြောင့် ကိုကိုကျော် စိတ်
မဆင်းရဲစေလိုတာ အမှန်ပါ။ သူမအိမ်ကို ပြန်ရောက်တော့ မေမေ
က စာအိတ်တစ်အိတ်နှင့် ဘူးတစ်ဘူးကို ကမ်းပေးလိုက်ပါ၏။

"သမီးအတွက် ကောင်လေးတစ်ယောက် လာပေး
သွားတာ . . ."

သူမ စာအိတ်ကို ဖောက်၍ ဖွင့်ဖတ်လိုက်တော့ ရည်
မျောမျော လက်ရေးစောင်းစောင်း ကို့ကို မြင်လိုက်ရလေသည်။

"စကားဝါ . . .

ကိုယ်နဲ့ ဒီည ပါတီပွဲတစ်ပွဲကို အတူ ငိုက်ခဲ့
ပေးပါ။ ပါတီလုပ်တဲ့လူက ကိုယ်နဲ့ရော အလတ်နဲ့ပါ ရင်းနှီးတဲ့
တ်ဆွေပေါ့။ အလတ်ကိုယ်စား မင်းကို လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါ
ယ်။ မင်းအတွက် ပွဲတက်ဝတ်စုံကို ကိုယ် ဝယ်ပေးလိုက်တယ်။

ကိုယ် ည ၈နာရီ အရောက်လာခေါ်မယ်။ မင်း အဆင်သင့်ပြင်ထာ
ပါ။

မင်းရဲ့နေလ

ဟင်း . . . စိတ်ကြီးနဲ့ ငါနဲ့ ညစ်လိုက်တာနော်။ မဆုံချ
တော့ပါဘူးလို့ဆုံးဖြတ်ထားကာမှ အတင်းကြီးကို လိုက်ပတ်သက်
နေတော့တာပဲ။ ဒီလိုပွဲမျိုးကို ဒေါက်တာ့ကို မခေါ်ဘဲ ဘာကြော
ဝါလေးကိုမှ ခေါ်ရတာလဲ ဦးနေလရယ်။

ည ၆ နာရီခွဲကျော်ကျော်မှာ ရေချိုးလိုက်၏။ ပါတီပွဲ
တစ်ခါမှ မတက်ဘူး၍ ဘယ်လိုပြင်ဆင်ရမယ်မှန်း သူမ မသိ
မျက်နှာကို အောက်ခံ မိတ်ကပ်ပါးပါးလေးလူးကာ Cream Puff
မသိမသာလေး ဖို့လိုက်သည်။ Brush နုနုလေးဖြင့် အပေါ်
အသာပြန်ပွတ်လိုက်တော့ မျက်နှာလေးက ဖုံဖုံလေးဖြစ်သွားက
ရုတ်တရက် ကြည့်လိုက်ပါက ဘာမှလိမ်းထားပုံ မရသလိုလေ
ဖြစ်သွား၏။ မျက်ခုံးကို brush ဖြင့် ပွတ်လိုက်ကာ နှုတ်ခမ်းကို ပန်
ရောင်ဖျော့ဖျော့လေး ဆိုးလျက် Tissue Paper ဖြင့် ပြန်ကပ်က
ဖယ်လိုက်သည်။ ဆံပင်ကို ခပ်မြင့်မြင့် စည်းနှောင်ကာ ကျစ်ဆံမြ



တစ်ချောင်းတည်း ကျစ်ကာ ချထားလိုက်၏။

အဝတ်အစား ဝတ်ရန် ပါဆယ်ဘူးကို ဖွင့်လိုက်တော့
ဲရောင် ဂါဝန်ရှည်နှင့် တစ်လက်မခွဲ ဒေါက် လေဒီရှူးအနက်ရောင်
လေးကို မြင်လိုက်၏။ ဖိနပ်ကို စွပ်ကြည့်တော့ အနေတော်ဖြစ်နေ
လေသည်။ အင်္ကျီကို ဝတ်လိုက်စဉ် လည်ပင်းအနည်းငယ် ကျယ်
နေပြီး၊ လက်ပြတ်ကိုယ်ကျပ်အရှည်ဖြစ်နေတော့၏။ အမလေး . .
ကွဲ . . . ဒီပုံစံသာ ဝတ်သွားရင်တော့ သူမ ဘယ်လိုမှ နေတတ်
ာ မဟုတ်။ သူမ ခေါင်းကို ခါယမ်းလျက် အင်္ကျီပြန်လဲလိုက်ပြီး
န်တင်ခုံရှေ့မှာ စိတ်ပျက်စွာ ထိုင်ချလိုက်ပါသည်။

"သမီးရေ . . . အဆင်သင့်ဖြစ်ပြီလား။ ဒီမှာ မောင်နေလ
ရောက်နေပြီ"

ဟာ . . . ဒုက္ခပါပဲ။ သူမ ဘာလုပ်ရမှန်းမသိသဖြင့် အိမ်
နေ လောက်စ်အင်္ကျီနှင့်ပင် အိမ်ရှေ့ထွက်ခဲ့တော့သည်။

"ဦးနေလ . . ."

"အဝတ်အစား မလဲသေးဘူးလား"

"ဟို . . . တခြားဥစ္စာ ဝတ်လို့မရဘူးလားဟင်"

"ဘာဖြစ်လို့လဲ စကားဝါရဲ့၊ အင်္ကျီက ဒီလောက်မရိုင်းပါ

ဘူး။ မင်းအသက်ငယ်ငယ်လေး ရှိသေးတဲ့ဟာ။ သွား . . . မြန်မြန် ဝတ်လာခဲ့။ ဒီမှာ ကိုယ် ရတနာဘူးယူလာတယ်။ မင်းကို ဆင်ပေး ရဦးမှာ . . . လုပ် . . . မြန်မြန်လေး"

သူမ အခန်းထဲ တစ်ခေါက်ပြန်ဝင်လျက် အင်္ကျီကို ဝတ် လိုက်ရ၏။ ဖြူဝင်းသော အသားရောင်က ခဲရောင်အင်္ကျီကြောင့် ပိုပြီး ထင်းနေသည်။ အုပ်လုံးသိမ်းထားသည့် ဆံပင်တို့ကို ဘီးဖြင့် အသာပြန်သပ်တင်၍ ထွက်လာခဲ့၏။ မေမေက သူမကို တအံ့ တသြဖြင့် ငေးကြည့်နေသည်။

"လာ . . . ဒီမှာ ခဏထိုင်"

သူမ ခုံမှာဝင်ထိုင်လိုက်တော့ သူက ကိုကိုကျော် ပေး ထားသည့် နာရီကို ဖြုတ်ကာ ကျောက်ရောင်စုံစီထားသည့် နာရီ ကို ဝတ်ပေး၏။ တစ်ဘက်မှာ စိန်လက်ပတ်ကြိုးကို ဆင်သည်။ ဘယ်ညာ လက်သူကြွယ်များ၌ စိန်လက်စွပ်ဆင်တူ တစ်ကွင်းစီ ဝတ်ပေး၏။ ထိုင်ရာမှ ထလျက် သူမနောက်ကျောမှနေ၍ စိန် ဘယက် တစ်ကုံးကို ဆင်ပေးလိုက်တော့ သူမ ရင်တွင်းမှာ တအံ့ နွေးနွေး၊ ဘူးထဲမှာ ကျန်နေသည့် စိန်ပွင့်ကလေးများစီထားသည့် ရွှေကြိုးမျှင်မျှင်ကို ယူ၍ သူမ စည်းထားသည့် ခေါင်းစည်းကြိုး



အပေါ်မှ ပတ်ကာ ကျစ်ဆံမြီးတစ်လျှောက် လိမ်၍ ယူလိုက်ပြီး အဆုံးနေရာရောက်မှ တစ်ခေါက်ထပ်ပတ်လိုက်သည်။ သူမ အခန်းထဲမှ ယူလာသည့် လေဒီရှူးကို ကောက်ဝတ်ပေးလိုက် သဖြင့် သူမ မျက်နှာ ဖျင်းခနဲ ပူနွေးသွား၏။

"ဦးနေလ . . . ကန်တော့ . . . ကန်တော့ . . . ဝါလေးတော့ ငရဲကြီးတော့မှာပဲ"

"ဘာမှမဖြစ်ပါဘူး။ ကိုယ်လုပ်စရာကျန်သေးလို့ပါ"

သူက ဘူးထဲမှာ နောက်ဆုံးကျန်ရှိနေသည့် FootChain ကိုယူ၍ သူမ၏ ဘယ်ဘက်ခြေကျင်းဝတ်မှာ ဝတ်ပေးပြီး မပြုတ် ကျအောင် ချိတ်ကို သေချာချိတ်ပေးလိုက်သည်။

"ကဲ . . . ပြီးပြီ . . . သွားကြစို့။ အန်တီ ပါတီက ည ၁၁ နာရီလောက်မှ ပြီးမှာမို့ နည်းနည်း ညဉ့်နက်မှာ စိတ်မပူပါနဲ့။ ကျွန်တော် ပြန်ပို့ပါ့မယ်။ ခုပွဲက အလတ်မရှိတော့ အလတ်ကိုယ် တား မကောဝါကို တက်ခိုင်းရတာပါ။ လုပ်ငန်းရှင်တွေနဲ့ တွေ့ရမှာမို့ ကြာမှာပါ အန်တီ"

"ရပါတယ် သားရယ်"

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"အေးအေး"

"သမီး သွားမယ် မေမေ။ မိအေးကို ခဏခေါ်အိပ်ထား နှင့်နော်။ သမီးပြန်ရောက်ရင် နှိုးပါ့မယ်"

ခြံရှေ့ထွက်လာတော့ ဦးနေလ စီးလာသည့် ကားက မာစီးဒီး ခဲပုပ်ရောင်ဖြစ်နေလေ၏။ ရှေ့ခန်းမှာ ဝင်ထိုင်စေ၍ မောင်း ထွက်လာကာ အင်းယားလမ်းရှိ ခြံကျယ်ကြီးတစ်ခုထဲသို့ ဝင် ရောက်၍ ရပ်လိုက်ပါသည်။ သူက ကားပေါ်မှ အရင်ဆင်း၍ သူမ ဘက်မှ တံခါးကို ဖွင့်ပေးလိုက်၏။ ကားပေါ်မှ ဆင်းလိုက်စဉ် စီး နေကျ မဟုတ်သည့် လေဒီရှူးကြောင့် သူမ ယိုင်သွားတော့ သူမ လက်မောင်းကို သူကိုင်၍ ထိန်းပေးလိုက်စဉ်မှာ ဖျတ်ခနဲ အလင်း ရောင်လက်သွားသည်။ သူမ မော့ကြည့်လိုက်စဉ် သူက သူမ ညာလက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်၏။ Cameraman က နောက် ထပ် တစ်ပုံ ထပ်ရိုက်လိုက်ပြန်သည်။

"ဟိုင်း . . . ဦးနေလရောင် . . . လာတာနောက်ကျရတဲ့ အကြောင်းကို မြင်ရုံနဲ့ ကျုပ် သိလိုက်ပါပြီဗျာ"

"ဆောရီးပါ ဦးဒယ်နီရယ်။ ဆယ့်ငါးမိနစ်တည်းပါဗျာ"

"ဟုတ်ပါပြီ . . . ကျုပ်က ခင်ဗျားကို အပြစ်မတင်ပါဘူး



။ လာ . . . ဒီဘက်ဝိုင်းတွေမှာ လူရှင်းပါတယ်"

သူ သူမကိုခေါ်၍ စားပွဲဝိုင်းလွတ်တစ်လုံးမှာ ဝင်ထိုင် ိုက်သည်။ ရောင်စုံမီးလုံးများအောက်မှာ အရောင်အသွေး စုံ င်လှသည့် အထက်တန်းလွှာ အသိုင်းအဝိုင်းကို လက်တွေ့ကြုံ စဉ် သူမမျက်နှာမှာ ပူနွေးလျက် ပန်းရောင်သန်းနေတော့၏။

"ဟော . . . ကိုနေလရောင် အမြဲနှစ်ယောက်တွဲတွေ့နေ ကျ လူပြောင်းသွားပါလား။ ဘယ်မှာလဲ ကိုကျော့ဇင်လတ်"

"သူ ချောင်းသာရောက်နေတယ် ကိုအောင်သန့်။ ဒါ သူ့ညီမပေါ့"

"ဩ . . . ဟုတ်လား။ သူ့ညီမလေးက ငယ်ငယ်ချော ချောလေးကိုး.. နာမည် ဘယ်လိုခေါ်ပါသလဲ . . ."

သူမ ရုတ်တရက် ဘာမှမပြောရဲဘဲ သူ့မျက်နှာကို မော့ ကြည့်လိုက်တော့ သူက တစ်ချက် ပြုံးလိုက်ပါသည်။

"စကားဝါ တဲ့"

"လှတယ်။ နာမည်ရော လူရော လိုက်ဖက်ပါတယ်ဗျာ။ ဗ် . . . လာလေ ကိုနေလရောင်။ ဟိုမှာ ဝိုင်းစနေပြီ။ ငါးပုလင်း တောင် ကျော်နေပြီဗျာ။ မိန်းမတွေတော့ ဟိုဘက်က ဝိုင်းမှာ ထုံးစံ

အတိုင်း စိန်ရွှေရတနာတွေ ဈေးပြောရင်း မိုးမွှန်နေကြတာပေါ့"

"နေပါစေတော့ဗျာ . . . ကျွန်တော် မသောက်တော့ပါဘူး"

"ဟာ . . . ဘယ်လိုဖြစ်တာလဲဗျ။ ခါတိုင်းလို နှစ်ပက် သုံးပက်တော့ စတီအဖြစ် သောက်မှပေါ့"

"မလုပ်ပါနဲ့ . . . ကျွန်တော် အစာအိမ်ပြန်ရောင်နေလို့ ရှောင်တာပါ"

"ဩော် . . . ဩော် . . . ဒါဖြင့် သွားပြီဗျို့။ ဘူဖေးတော့ စားသွားဦးနော်။ ကျွန်တော့်ကို ခွင့်ပြုပါဦး"

သူမ သွက်ပြင်းကို မသိမသာလေးချလိုက်မိသည်။ ကျေးဇူးတင်ပါတယ် ဦးနေလ။ ရှင်သာ မူးနေရင် ရှင်မောင်းတဲ့ ကားကို ဝါလေး စီးရဲမှာ မဟုတ်ဘူးရှင့်။

"မိတ်ဆွေအားလုံးခင်ဗျာ . . . လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် စားသောက်ကြပါ။ ကျွန်တော်တို့ရဲ့ ပါတီအုံနာက ည ၁၀ နာရီတိတိမှာ ထူးခြားတဲ့ အစီအစဉ်လေးတစ်ခု စီစဉ်ထားပါတယ်။ ပြောလိုက်ရင် ပေါ့သွားမှာစိုးလို့ ကျွန်တော် ဒီလောက်ပဲ ပြောပါရစေခင်ဗျာ"



"ဟာ . . . တို့လိုတန်းလန်း လုပ်ထားပြန်ပြီ . . . ဒီလူတော့"

ရယ်သံတွေ ခပ်အုပ်အုပ်ထွက်လာပြီး လူအချို့ ဟိုဒီ ကူး၍ အစားအသောက်များ ယူကာ စားနေကြပါသည်။

"ဘူဖေး စားရအောင် စကားဝါ . . . လာ"

သူမ သူ့နောက်မှ အသာထလိုက်လာရသည်။ တစ်နေရာအရောက်တွင် သူက ကြွေပန်းကန်ပြားကြီး နှစ်ချပ်ကို ယူလိုက်ပြီး သူမထံ တစ်ချပ်ပေးလိုက်၏။ ခေါက်ဆွဲကြော် အနည်းငယ်စီ ခပ်ထည့်လိုက်သည်။

"ပုစွန်ထုပ် စားမှာလား"

"အကြီးကြီးပဲ . . . ဝါလေး ကုန်မှာ မဟုတ်ဘူး"

"ဒါဖြင့် တစ်ကောင်ပဲ ကိုယ်ယူလိုက်မယ်။ တစ်ယောက် တစ်ဝက်စီ စားတာပေါ့ . . . နော် . . . ကြက်ပေါင်ကြော်ရော"

"သေးသေးပဲ ထည့်ပေးပါ"

"ငါးပေါင်းရော"

"နည်းနည်းပဲ"

"ဒီမှာ အခေါက်ကင် ရှိသေးတယ်"

"များနေပြီ ဦးနေလရဲ့ . . ."

"ယူပါ . . . ကုန်သလောက် စားပေါ့"

သူက တစ်မျိုးစီကို နည်းနည်းစီ ထည့်ပေးလိုက်ပါသော်လည်း ခဏလေးအတွင်း ပန်းကန်ပြားက အမောက်ကြီး ဖြစ်သွားတော့သည်။

"လာ . . . ခုံမှာပြန်ထိုင်။ ကိုယ် Juice တစ်ခုခု သွားယူပေးမယ် . . . ခဏစောင့်ဦး"

သူမခုံမှာ ထိုင်စောင့်စဉ် သူက Juice နှစ်ဘူးနှင့် ဖန်ခွက်နှစ်လုံးကိုင်ကာ ပြန်ရောက်လာ၏။ ဘူးအဖုံးကို ဖွင့်၍ ဖန်ခွက်ထဲ ထည့်ပေးပြီး သူမကို လှမ်းပေးလိုက်ပါသည်။

"Juice အရင်နည်းနည်း သောက်လိုက် စကားဝါ။ ပြီးရင် စားတော့။ နို့မို့ လေခဲနေလိမ့်မယ်"

သူက ပန်းကန်ထဲမှ ပုစွန်ထုပ်ကို တစ်ဝက်ဖဲ့၍ သူမ ပန်းကန်ထဲသို့ ထည့်ပေးလိုက်ပါ၏။ သူမ ပန်းကန်ထဲမှ ဟင်းတို့ကို နည်းနည်းစီ ဖြည်းဖြည်း စားလိုက်ပါသည်။ ခပ်လှမ်းလှမ်းဆီမှ ရယ်မောသံ ပြင်းခုန်သံတို့ကို ကြားနေရ၏။ သူမတို့ စားသောက်အပြီး တအောင့်အကြာမှာတော့ စတိတ်ပေါ်သို့ စောစောက တက်ပြောသွားသည့် လူပင် ပြန်တက်လာသည်။



"မင်္ဂလာ ညချမ်းပါခင်ဗျာ။ ဒီနေ့ ဒီရက် ဒီညဟာ ဦးဒယ်နီရယ်နဲ့ ဒေါ်နန်ဒီစိုးတို့ရဲ့ နှစ်သုံးဆယ်ပြည့် မင်္ဂလာပွဲဖြစ်ပါတယ်။ ကြွရောက်လာတဲ့ ဆွေမျိုးမိတ်သင်္ဂဟများကို ပျော်စေချင်တဲ့ အနေနဲ့ အစီအစဉ်လေး စတင်ပါတော့မယ်။ အရင်ဆုံး ကျွန်တော်တို့ မဲလ်ပ်ပေ့ါ ပထမဆုံးဝေပေးမှာပါ။ အဲ့ဒီမှာ အတူကျတဲ့ စုံတွဲချင်း တွဲထိုင်ရမှာ ဖြစ်ပါတယ် ခင်ဗျာ။ နောက်တော့ ဒီအပေါ်မှာ မဲလိပ်ထပ်နှိုက်ရပါမယ်။ အဲ့ဒီ မဲလိပ်ထဲကအတိုင်း လုကနာဆောင်ရွက်ရမှာပါ။ ကဲ . . . စပါပြီ . . . မဲလိပ်တွေ စဝေပါတော့"

ကောင်လေးတစ်သိုက်က အမျိုးသားသက်သက် အမျိုးသမီး သက်သက် မဲလိပ်များ လိုက်လံဝေငှပေးလိုက်ပါ၏။ မဲလိပ်များ ဝေငှအပြီးမှာ ခုနလူထံမှ အသံထွက်လာပြန်သည်။

"ကဲ . . . မဲလိပ်စဖွင့်လို့ ရပါပြီ။ နေရာပြောင်းထိုင်ဖို့ ပြင်ကြပါ။ အမျိုးသားများက အမျိုးသမီးများရှိရာ ခုံကို ရွှေ့ထိုင်ပေးကြပါလို့ မေတ္တာရပ်ခံပါတယ်ခင်ဗျာ။ ပထမဦး မဲအမည်ကတော့ ဦးရွှေရိုးနဲ့ ဒေါ်မိုးပါ ခင်ဗျ"

တဟိဟိနှင့် အသံတွေ ကျိတ်ထွက်လာ၏။ သူမ မဲလိပ်ကို မဖွင့်သေးဘဲ ပြုံးကြည့်နေမိသည်။

"ဦးရွှေရိုး ဘယ်မှာပါလဲ"

"ငါ ဒီမှာဟေ့"

"ဟား . . . ဟား . . . ဟား . . . ဟား"

"ဒေါ်မိုးက လက်ထောင်ပြလိုက်ပါ။ ဟုတ်ပြီ . . . ဦးရွှေရိုး အဲဒီကို သွားထိုင်ပါ။ ဒုတိယမဲက ကိန္နရီနဲ့ ကိန္နရာပါ"

စုံတွဲတွေ တစ်တွဲပြီး တစ်တွဲ ပြောင်းထိုင်လိုက်ကြ၏။ ကျသည့်မဲထဲမှာ မင်းသားနာမည်ဖြစ်ပေမယ့် လူက ဝဝလုံးလုံး ဖြစ်နေသူက ဖြစ်နေသဖြင့် တအုန်းအုန်း ရယ်နေရသည်။

"ဟုတ်ကဲ့ခင်ဗျာ . . . နောက်ဆုံးစုံတွဲကတော့ ပဋိကွယားနဲ့ ရွှေအိမ်စည် ဖြစ်ပါတယ်။ ဘယ်သူတွေပါလဲခင်ဗျာ"

"ကိုယ် ပဋိကွယားပဲ စကားဝါ။ မင်း ရွှေအိမ်စည်လား"

"အဟင်း . . . ဟုတ်တယ်"

"ပဋိကွယားနဲ့ ရွှေအိမ်စည် စုံတွဲ မတ်တတ်ရပ်ပြပါ ခင်ဗျာ"

သူနှင့်သူမ မတ်တတ်ရပ်လိုက်တော့ လက်ခုပ်သံတွေ တဖြောင်းဖြောင်း ထွက်လာ၏။

"ကျေးဇူးတင်ပါတယ်။ မဲနိုက်ဖို့ စုံကွဲကို ထပ်ရွေးပေးပါ



မယ်။ ကဲ . . . ရှင်မွေ့လွန်းနဲ့ မင်းနန္ဒာပါ . . . ရှေ့ကို ကြွပါ"

ဝဖိုင့်ဖိုင့် စုံတွဲ ထွက်လာသဖြင့် တဟားဟား အော်ရယ်နေကြ၏။ ကြေညာသူက မဲလိပ်ခြင်းတစ်ခုကို အရင်ဆုံး ကမ်းပေးလိုက်ပါ၏။ အမျိုးသားကြီးက နှိုက်လိုက်ပြီး ထိုသူထံ ကမ်းပေးပါသည်။

"သင်တို့နှစ်ဦး၏ မကောင်းသော အကျင့်ကိုယ်စီကို ပြောပြပါတဲ့"

"ဟိုက်"

"ဟား . . . ဟား . . . ဟား . . ."

"နာပြီဟေ့"

လူဝကြီးက ဣန္ဒြေဆည်လိုက်ပြီး လည်ချောင်း ရှင်းလိုက်ပါသည်။

"အဟမ်း . . . အဟမ်း . . . ကျွန်တော့်ရဲ့ မကောင်းတဲ့ အကျင့်ကတော့ လကုန်ရင် ရတဲ့လစာကို မိန်းမကို အကုန် ပြန်မအပ်ချင်တာပါပဲ"

"မှန်လိုက်လေကွာ"

"ကျွန်မရဲ့ မကောင်းတဲ့အကျင့်ကတော့ ကိုယ့်

ယောက်ျားကို တခြားမိန်းမတွေနဲ့ သဝန်တိုတတ်တာပါပဲရှင်"

ရယ်သံတွေ အကျယ်ကြီးထွက်လာပြန်သည်။ ကြေညာ
သူက အမျိုးသမီးကြီးထံ မဲခြင်းတစ်ခုကို ကမ်းပေးလိုက်ပါ၏။
အမျိုးသမီးက မဲလိပ်ကို နှိုက်၍ ပေးလိုက်ပါသည်။

"မေတ္တာလက်ဆောင် ဒေါ်လာ ၂၀၀ ကို ဒီစုံတွဲရရှိသွား
ပါတယ်ခင်ဗျာ။ ဟိုစားပွဲမှာ သွားထုတ်ပါ။ ဝေယူပါနော် . . . ရန်
မဖြစ်ပါနဲ့"

တစ်တွဲပြီး တစ်တွဲ ပြီးသွားသည့်နောက်မှာတော့ သူ
တို့အလှည့်ကျရောက်လာပါတော့၏။ ရုတ်တရက် သူမ လက်ဖျား
တွေ အေးစက်လာတော့သည်။

"ပဋိက္ခယားနဲ့ ရွှေအိမ်စည် . . . ဒီကိုကြွပါ"

သူ . . . ရွေးလိုက်သည့်မဲလိပ်ကို လှမ်းပေးလိုက်ပါ၏။

"သင်တို့နှစ်ဦး၏ မကြိုက်မနှစ်သက်ဆုံးအရာကို ပြော
ပြပါတဲ့"

"ကျွန်တော်က ကိုယ့်ကိုယ်ကို လိမ်ညာမိတဲ့အဖြစ်ကို
မကြိုက်ပါဘူး"

"ကျွန်မက အတ္တကို ရှေ့တန်းတင်ဟဲ့သူကို မနှစ်သက်



ဘူး"

"မရွှေအိမ်စည် . . . မဲနှိုက်ပါခင်ဗျာ"

သူမ မဲလိပ်တစ်လိပ်ကို နှိုက်ယူလိုက်ပါ၏။ ထိုလူက
မ ကမ်းပေးသည့်မဲလိပ်ကို ဖွင့်ဖတ်ရင်း တအံ့တဩ ရေရွတ်
က်ပါသည်။

"ဟာ . . . Very Lucky ပဲ။ စိန်ဆံထိုး လက်ဆောင်ပါ
ဗျာ"

သူက ဆံထိုးကိုယူ၍ သူမ ရှိရာကို ပြန်လျှောက်လာပြီး
မ ဦးခေါင်းထက်မှာ အသာထိုးစိုက်လိုက်တော့ လက်ခုပ်သံ
တွေ ဆူဆူညံညံ ပေါ်ထွက်လာသလို ဓာတ်ပုံလည်း ဖျတ်ခနဲ ရိုက်
က်ပြန်ပါသည်။

ပါတီပွဲမှ ပြန်ခဲ့တော့ တော်တော်အေးနေပြီမို့ ကားပေါ်
က်မီ သူက သူမကို ဝတ်ထားသည့် ကုတ်ကိုချွတ်၍ ခြုံပေး
က်ပါ၏။ ခြံရှေ့မှာ ကားရပ်ပေးတော့ သူမက ကုတ်အင်္ကျီကို ပြန်
တ်၍ သူ့ထံကမ်းပေးလိုက်ပြီး ပြောလိုက်ပါသည်။

"ရတနာပစ္စည်းတွေ"

"နောက်မှ ယူမယ် စကားဝါ။ ညဉ့်နက်နေပြီ။ ကိုယ်သွား

မယ်"

သူ မောင်းထွက်သွားသည့် ကားနောက်မြီးလေးကို ငေး

ကြည့်နေရင်း သူမ ရပ်ကျန်နေခဲ့တော့သည်။

× × ×



Love that is true can pass over wealth and dignity.

မှန်မြတ်မှန်ကန်တဲ့ ချစ်ခြင်းမေတ္တာဟာ ငွေကြေးနဲ့ ဂုဏ်ပကာသနကို ကျော်လွှားနိုင်ပါတယ်။

အခန်းနံရံပေါ်မှာ ရှိနေသည့် ပုံကြီးချိတ်ထားသည်။ ဓာတ်ပုံတို့ကို တစိမ့်စိမ့်ငေးကြည့်နေမိသည်။ ကားပေါ်မှ ဆင်းလာ၍ ယိုင်သွားသဖြင့် သူမ လက်မောင်းကို လှမ်းထိန်းပေးစဉ် သူမက သူ့ကို မော့ကြည့်လိုက်ပုံ၊ ညာလက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်တော့ သူမ မျက်လွှာအသာချလိုက်ပုံ၊ ပါတီပွဲမှာ ဘူဖေးထည့်ပေးနေပုံ၊ စိန်စံထိုးတပ်ပေးစဉ် သူ့ကိုမော့ကြည့်နေသည့် တလက်လက်ပျောက်ပနေသော မျက်ဝန်းလေးများ၊ ပါတီပွဲအပြန် ကားနားမှာ သူမကို ကုတ်အင်္ကျီ လွှမ်းခြုံပေးနေသည့်ပုံတို့ကို သဘောတကျငေးနေမိ၏။ ကျေးဇူးတင်ပါတယ် ဦးဒယ်နီရယ်။ လျှပ်တစ်ပြက်ရိုက်ပေးလိုက်ပေမယ့် အလှဓာတ်ပုံရိုက်ရင်တောင်မှ ဒီလောက်အဆင်ပြေမည် မထင်ပေ။

စုတင်ပေါ် ထိုင်ချရင်း ခေါင်းအုံးနံဘေး မလျှော့ဘဲ ထား အိပ်သည့် ကုတ်အဖြူကို ဘယ်နှစ်ကြိမ်မှန်းမသိ ယူ၍ မွှေးကြူမိ ပြန်၏။ သနပ်ခါးနံ့နှင့် ကိုယ်သင်းနံ့လေးရောနေသည့် မွှေးရနံ့ လေးကို ရှူရှိုက်မိသည့် တစ်ခဏ၊ ကြည်ကြည်နူးနူးလေး ပြုံးလိုက် မိပြန်သည်။ ကိုယ်တော့ ရူးနေပြီ ကလေးရယ်။ ကိုယ့်ရင်ထဲက ချစ်ခြင်းတွေကို မင်း သိအောင် ကိုယ် ဘယ်လိုပြောရမလဲ။ မင်းနဲ့ ကိုယ့်ကြားမှာ တံတိုင်းတွေ အထပ်ထပ် ကာရံထားလေတော့ အဲဒီ အရာတွေကို ကိုယ်ဘယ်လိုနည်းနဲ့ ဖြိုခွင်းဖျက်ဆီးပစ်ရမလဲ ကွယ်။

"အချစ်ဆိုတာ တားဆီးလို့ မရနိုင်ဘူးဆိုတဲ့ စကားကို ဖေဖေ ထောက်ခံလိုက်ရပြီပေါ့။ ဟုတ်လား . . . သား"

သူ အလန့်တကြား လှည့်ကြည့်လိုက်တော့ ဖေဖေက အခန်းဝမှ အထဲသို့ ဝင်လာလေသည်။

"ကျွန်တော် . . . သူ့ကို သိပ်ချစ်မိနေပြီ ဖေဖေ။ သူနဲ့ အတူနေ၊ အတူသွား၊ အတူစားရတဲ့ ကြည်နူးမှုတွေကို ကျွန်တော် ဘာနဲ့မှ မလဲနိုင်ဘူး။ သူနဲ့ပတ်သက်ပြီး မက်နေခဲ့တဲ့ အိပ်မက်တွေ ထဲမှာ ကျွန်တော် ပျော်မွေ့နေပါပြီ ဖေဖေ။ ကျွန်တော် ဘာဆက်



ပ်ရမှာလဲ"

"ဖေဖေက သားကို ဦးနှောက်နဲ့ရှင်သန်နေတဲ့သူလို့ င်ထားခဲ့တာ။ အခုတော့ ဖေဖေ့သားက နှလုံးသားနဲ့ ရှင်သန် င်နေတော့တာကိုး။ ခက်လိုက်တာ သားရယ်။ ပပနဲ့ကိစ္စကို သား ယ်လိုဖျက်မှာလဲ။ သားတို့ချင်းလည်း ရင်းနှီးပြီးသား။ ဖေဖေ ည်း ဒေါက်တာဖေယျာဘိုနဲ့ အစစအရာရာ ဆွေးနွေးတိုင်ပင် ီးသား ဖြစ်နေပြီ"

"ကျွန်တော် ဘာကိုမှ မစဉ်းစားမဆုံးဖြတ်ချင်တော့ဘူး ဖေ။ မေမေ ပြောဆိုဆုံးမခဲ့ဖူးသလို ဘဝမှာ ခြေလှမ်းမမှားရ အောင် ကိုယ့်ကိုယ်ကို အတတ်နိုင်ဆုံး ထိန်းမတ်လျှောက်လှမ်း နေခဲ့ပေမယ့် မထင်မှတ်ဘဲ ရင်ထဲမှာ ရှင်သန်ပေါက်ဖွားလာတဲ့ ချစ်ခြင်းမေတ္တာကို ကျွန်တော် ဥပေက္ခာပြုလို့ မရနိုင်တော့ပါဘူး။ ခြေအနေအရ ပပကိုလက်တွဲဖို့ ဆုံးဖြတ်ထားသမျှဟာ တဖြည်း ည်းနဲ့ ကွယ်ပျောက်ကာနီးနေပြီ။ လက်ထပ်ပြီးမှ စိတ်သဘော င်း မတိုက်ဆိုင်ကြလို့ ပဋိပက္ခတွေဖြစ်ပြီး မသာယာတဲ့ အိမ် ထောင်မျိုး ထူထောင်လိုက်မိမှာကို ကျွန်တော် စိုးရိမ်တွေဝေနေမိ ဖေဖေ။ အချစ်ဆိုတာ သူ့အလိုလို ရှင်သန်ပေါက်ဖွားတတ်တာ

ကို ကျွန်တော်အစက မယုံကြည်ခဲ့ဘူး။ ဦးနောက်က ဘယ်လို
အချက်ပေး တားဆီးနေပေမယ့် ကျွန်တော့်နှလုံးသားကို ကျွ
တော် လွန်ဆန်လို့ မရတော့တာ ကျွန်တော် . . . ကျွန်တော် . .

သူ . . . လက်ဝါးထဲ မျက်နှာအပ်ကာ ငြိမ်သက်သွားတော

ဖေဖေက သူ့ရှေ့မှာရပ်၍ သူ့ခေါင်းကို ရင်ခွင်ထဲထည့်ပြီး ဆံပ
တွေကို အသာအယာ သပ်တင်ပေးလျက် နှစ်သိမ့်ပေးလေ၏
စကားဝါ . . . ကြာရင် ကိုယ်တော့ ရင်ကွဲပြီး သေဖို့ပဲရှိတော့တ
ပါလား ကလေးရယ်။

"သားကို ဖေဖေ နားလည်ပါတယ်။ သူ့ကို ရွေးချယ်
ဆုံးဖြတ်ရင် သား ကျော်လွှားရမယ့်အရာတွေက အများကြီးနော်
ပထမ ပပ၊ ဒုတိယ သားကျော်ဇင်၊ တတိယ သားပတ်ဝန်းကျ
အသိုင်းအဝိုင်း။ သား စနစ်တကျနဲ့ တည်ဆောက်လာခဲ့တဲ့ ဘ
တစ်ခုလုံးကို ဒီကလေးမ လက်ထဲ အပ်ဝံ့သလား။ သားဘက်က
ပေးဆပ်ရမယ့် အရင်းအနှီးက မညီမျှလွန်းဘူးနော်။ ဒါကို သာ
သိပါဦး"

"ကျွန်တော် သိနေပါတယ် ဖေဖေ။ ကျွန်တော် သူ့ကို
ချစ်တဲ့အချစ်တွေဟာ ချစ်ခြင်းသက်သက်ပါပဲ။ သူ့ဘဝလေးက



မြှင့်တင်ပေးချင်စိတ် ဖြစ်လာတဲ့နောက်ပိုင်းမှာ သူ ဖြစ်ချင်တဲ့
အရာမှန်သမျှကို အစစ အရာရာ ဖြည့်ဆည်းပေးချင်ခဲ့တယ်။ သူ
ဆီက ကျွန်တော့်ကို ပြန်ချစ်မယ့် ချစ်ခြင်းတစ်ခုကလွဲရင် ဘာကိုမှ
ကျွန်တော် မလိုချင်ပါဘူး"

"သူနဲ့ သားကျော်ဇင်တို့ရဲ့ ပတ်သက်မှုကို သား သိထား
တာပဲ။ ဘာဖြစ်လို့ တယူသန်စိတ်တွေ ဝင်နေရတာလဲ သားရယ်"

သူ မချိပြုံးတစ်ချက်ပြုံးလိုက်၏။ သေချာရဲ့လား စကားဝါ
မင်း အလတ်ကို ရွေးချယ်ခဲ့တာ အချစ်ဆိုတဲ့အရာပါခဲ့လို့လား။
ခင်မင်အားကိုးတဲ့ သံယောဇဉ်တစ်ခုနဲ့ ခေါင်းညိတ်ခဲ့တဲ့ မင်းထံမှာ
ကိုယ့်ကို ချစ်နေတဲ့အရိပ်တွေ မင်း မျက်ဝန်းမှာ ပေါ်လွင်နေတာ
ကိုယ့်နှလုံးသားနဲ့ ဖတ်တတ်နေခဲ့ပါပြီ။ ဩော် . . . ကလေးရယ်
ငယ်သူ့ရဲ့နှလုံးသားမှာ ဘာမှ ရေရေရာရာ မသိဘဲ အနေနီးစပ်ရုံ
လေးနဲ့ အချစ်လို့ မင်းထင်မှတ်ထားတာတွေ တစ်နေ့မှာ မှားယွင်း
နေတာကို မင်း သိသွားခဲ့ရင် မင်း နောင်တရမှာကို ကိုယ် စိုးရိမ်
ပါတယ်။

"ကျွန်တော် သူ့မျက်ဝန်းထဲမှာ အဖြေရှာတွေ့ခဲ့ပြီ
ဖေဖေ။ သူ . . . ကျွန်တော့်ကို ရင်ထဲကနေ ပြန်ချစ်နေပါပြီ။ ဒါပေမဲ့

သူ့မှာ အလတ်ရှိနေတော့ သူ တွေဝေနေတယ်။ သူ့ရင်ထဲ ကျွန်တော်ရှိနေတာကိုတောင် သူကိုယ်သူ ပြန်မသိသေးဘူး ဖေဖေ။ ကျွန်တော် . . . ကျွန်တော့်ရဲ့အိပ်မက်တွေကို ဟစ်ထစ်ချ ယုံကြည်လိုက်ပါပြီ။ ကျွန်တော့်ဘဝရဲ့ ဖူးစာရှင်ဟာ စကားဝါပါပဲ ဖေဖေ။ သူနဲ့ ပတ်သက်လာရင် ဖြစ်လာသမျှ ကြုံလာသမျှ အန္တရာယ် အခက်အခဲအားလုံးကို ရင်ဆိုင်အနိုင်ယူဖို့ ရဲရဲကြီး ဆုံးဖြတ်ချက်ချလိုက်ပါပြီ"

ဖေဖေရော သူပါ သူ့မနှင့်သူ တွဲရိုက်ထားသည့် ဓာတ်ပုံတို့ကို ရပ်၍ငေးကြည့်နေခဲ့၏။ အခန်းက တိတ်ဆိတ်ငြိမ်သက်နေသည်။ ဖေဖေက သူ့ကို ပြန်မော့ကြည့်နေသည့် သူ့မျက်ဝန်းတောက်တောက်လေးကဲ့ လက်ညှိုးဖြင့် အသာပွတ်လိုက်ရင်း ခေါင်းညိတ်လိုက်ပါ၏။

"ကောင်းပြီသား . . . ဖေဖေတို့ ရင်ဆိုင်ကြတာပေါ့။ အနည်းဆုံးတော့ ဖေဖေ့အသိုင်းအဝိုင်းမှာ သားကြောင့် ဂုဏ်သိက္ခာကျရုံအပြင် တခြား ဘာရှိတော့မှာလဲ"

"ဖေဖေ"

"ဒါကို သားထည့်မတွက်ခဲ့တာ ဖေဖေ မအံ့သြတော့ပါ



ဘူး။ အချစ်ဟာ စိတ်ကို အမှောင်ဖုံးစေတယ်တဲ့။ အဲဒီစကား မှန်နေသားပဲဇော်"

"ဖေဖေရယ် . . ."

သူ ခုတင်ပေါ် ပြန်ထိုင်ချလိုက်ရင်း မျက်ရည်တို့ စီးကျလာခဲ့သည်။ ဖေဖေက သူ့ပခုံးကို နှစ်ချက်မျှပုတ်လိုက်ပြီး အခန်းအပြင်သို့ ထွက်ခွာသွားတော့၏။

စကားဝါ . . . မင်းအပေါ် ကိုယ်ချစ်ရတဲ့ ချစ်ခြင်းတွေအတွက် အရာရာကို စွန့်လွှတ်ဥပေက္ခာပြုရမှာ မတွန့်မဆုတ်ပါပဲလား။ ကိုယ်တစ်သက်လုံး မြဲမြဲစွဲ ဆုပ်ကိုင်ခဲ့တဲ့ အတ္တတစ်ခုကို မင်းကြောင့် မင်းအတွက် မင်းရှေ့မှာ ချနင်းလိုက်ဖို့ ကိုယ် ဆုံးဖြတ်ရပြီ စကားဝါ . . . လောကမှာ ကိုယ့်လောက် ကံဆိုးတဲ့သူ ရှိပါဦးမလားကွယ်။

မင်းကို စတွေ့ကတည်းက မပတ်သက်မိအောင် ကိုယ်ခပ်ကင်းကင်းနေခဲ့တယ်။ ဘယ်သူစိမ်းမိန်းကလေးတစ်ယောက်ကိုမှ ရဲရဲမကြည့်ခဲ့ အထိအတွေ့ လုံးဝမရှိခဲ့တဲ့ ကိုယ့်ရင်ခွင်မှာ မင်းကို အရင်းဦးဆုံး ထွေးပွေ့မိခဲ့တာပါ။ ကိုယ့်အကျႌအိတ်ကပ်မှာ ချိတ်ခဲ့ဖူးတဲ့ စပယ်ပန်းကလေးက ကိုယ့်အတွက် အိပ်မက်ပေါင်း

များစွာ ဖန်တီးပေးခဲ့တာ အမှန်ပါ။

စကားဝါ . . . အလတ်ကို မင်းကြည့်တဲ့အကြည့်ကွေ
ရှိုးရှင်းမှုတွေကို ကိုယ်သိနေတယ်။ ကိုယ့်ကို ဖျတ်ခနဲကြည့်လိုက်
တိုင်း မင်း မျက်ဝန်းတွေစိုလဲ့နေတာကို ကိုယ်မြင်နေခဲ့တယ်
ကိုယ့်ကို ရှောင်ဖယ်ချင်နေတဲ့ မင်းရဲ့သိစိတ်တွေနဲ့ အိပ်မက်တွေ
ထဲ ဆုံခွင့်ပေးခဲ့တဲ့ မင်းရဲ့မသိစိတ်တွေကို အာရုံနဲ့ ကိုယ် သိနေခဲ့
ပါတယ်။

ကိုယ်နဲ့ဆုံလိုက်တိုင်း ခြေလှမ်းတွေ မှားတတ်တဲ့ မင်း၊
စကားတွေ အဆင်ပြေပြေ ပြောမထွက်တဲ့ မင်း၊ အကြည့်တွေ
ရှောင်ဖယ်ချင်တဲ့မင်း၊ ခြေဖျား လက်ဖျားတွေ အေးစက်လာတဲ့
အထိ အထိတ်တလန့် ရှိနေခဲ့တဲ့ မင်းဟာ ကိုယ့်အပေါ် ပြန်ချစ်နေ
တာကလွဲရင် တခြားဘာရှိဦးမှာလဲ။

ဖွင့်မပြောရဲခဲ့တဲ့ တွေဝေတုံ့ဆိုင်းမှုနောက်မှာ အတ္တကို
ရှေ့တန်းတင်ချင်တဲ့ ကိုယ်၊ ထွက်ပေါက်တွေ ပိတ်လှောင်မိနေရင်း
မျက်ရည်ကျခဲ့မိတုန်းက ပျာယာခတ်နေတဲ့ မင်းရဲ့အမူအရာတွေ
ကို ကိုယ် သိနေခဲ့ပါတယ်။

ကံကြမ္မာက ကိုယ်နဲ့မင်းကို ဆုံဆည်းခွင့်ပေးခဲ့တာပါ



ကားဝါ။ ဒီလိုမျိုးသာမဟုတ်ခဲ့ရင် ကိုယ့်အသက်အန္တရာယ်နဲ့ ကြုံ
စဉ်က ကိုယ့်အနားကို မင်း ဘယ်လိုရောက်လာခဲ့မှာလဲ။ ဒါကိုမှ
ကိုယ်လက်မခံရင် ကိုယ်နဲ့မင်း ဝေးကြရုံပဲရှိမှာပေါ့။

အချစ်ကြောင့် လူတွေ ရူးသွပ်ကြတယ်။ အချစ်ကြောင့်
 လူတွေမိုက်မဲကြတယ်။ အဲဒီအထဲမှာ ကိုယ်ရှေ့ဆုံးက ပါတော့
ယ် ကလေးရယ်။ မွန်မြတ်မှန်ကန်တဲ့ ချစ်ခြင်းမေတ္တာက ငွေ
ကြေးနဲ့ ဂုဏ်ပကာသနကို ကျော်လွှားနိုင်ပါတယ်။ ဒါကို ကိုယ်
လက်ခံပြီးတဲ့နောက်မှာ မင်းကို ရဲရဲကြီးလက်တွဲရုံကလွဲရင် တခြား
ဘာမှရှိမနေတော့ပါဘူး စကားဝါ။ ကိုယ့်နှလုံးသားရဲ့ ပန်းတစ်ပွင့်။
ကိုယ် သိပ်ချစ်ရတဲ့ ကလေးရယ်။

× × ×

ရဟာနာပစ္စည်းများကို ဘူးထဲ သေသေချာချာ စီထည့်၏။ တစ်ခုပြီး တစ်ခု ထည့်အပြီးမှာ နောက်ဆုံး၌ စိန်ဆံထိုးလေးကို တင်လိုက်ပြီး သေတ္တာလေးကို ပိတ်လိုက်ပါသည်။ အပေါ်မှ ဖဲကြိုးအဝါရောင်လေးကို ချည်ထားလိုက်သဖြင့် Polish တင်ထားသည့် ဘူးလေးထက်မှာ အတော်လိုက်ဖက်သွား၏။ ရေမိုးချိုး သနပ်ခါးလိမ်းအပြီး အဝါနုရောင် ဘလောက်စ်နှင့် 'ရေညှိရောင်လုံချည်ကို တွဲဝတ်၍ အဖြူရောင် ဖိနပ်အပါးလေးစီးရန် ပြင်ဆင်ပြီး အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

"သွားတော့မလား သမီး"

"ဟုတ်ကဲ့ မေမေ။ ဦးနေလ မရှိလည်း ဘဘကို ပေးခဲ့လို့ဖြစ်ပါတယ်။ သမီးမနက်ဖြန် အနီးကပ် စတက်ရပြီဆိုတော့ ရက်

၂၀ လောက် ခွင့်ယူထားရတာ။ တော်ကြာ ဒါတွေ ပြန်မပို့ရင် သမီးတို့ဆီမှာ ပျောက်သွားရင် မကောင်းဘူး မေမေရဲ့"

"အေးအေး . . . အိတ်ထဲ သေချာထည့်ဘာယ်ရဲ့လား။ ဘာကားနဲ့ သွားမှာလဲ"

"Taxi နဲ့ပဲ သွားမယ်မေမေ။ မြန်မြန်သွား မြန်မြန် ပြန်လာခဲ့မှာပါ။ သမီး သွားပြီနော် . . ."

သူမ လမ်းထိပ်ကို လျှောက်လာခဲ့ပြီး Taxi ငှားစီးလျက် ရွှေတောင်ကြားလမ်းသို့ လာခဲ့လေ၏။ သစ်ပင်တို့ အုံ့ဆိုင်းနေသည့် ခြံဝင်းရှေ့မှာ ကားကို ရပ်ခိုင်း၍ ဆင်းလိုက်သည်။ ခြံစောင့် ဦးလေးကြီးကို ဘဘအမည်ပြော၍ ခြံထဲဝင်လာခဲ့၏။ ကြီးမား လှပလွန်းသည့် တိုက်အိမ်ဖြူဖြူကြီးရှေ့ လှေကားသုံးထစ်မှာ ဒခသာ ရပ်ကာ လူခေါ် bell ကို နှိပ်လိုက်ပါသည်။

"ကလင်"

အခတွင်းဘက်မှ မိန်းမဝဝကြီး ထွက်လာ၍ သူမကို မေးလိုက်ပါ၏။

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲဟွယ်"

"ဘဘ ဦးနေရောင်နဲ့ပါရှင်"



"ဪ . . . ဆရာကြီးရှိပါတယ်။ အထဲကိုဝင်ပါ။ ဒီမှာ ဧကထိုင်စောင့်နော်။ ဒေါ်ဒေါ် သွားခေါ်ပေးပါ့မယ်"

အဒေါ်ကြီး လှေကားမှ တစ်ဆင့် အပေါ်ထပ်သို့ တက်သွားတော့ ထိုင်ခုံမှာ ထိုင်နေလျက်က ဧည့်ခန်းဝန်းကျင်တစ်ဝိုက် သူမ ငေးမောနေမိ၏။ ဦးနေလ ငယ်စဉ်မှ ယခုအရွယ်ထိ အရွယ် အသီးသီး ရိုက်ထားသည့် ဓာတ်ပုံများ အဆုံးမှာ သူ့ဖေဖေနှင့် မေမေ ဓာတ်ပုံကြီးကို တွေ့ရသည်။ ဟိုဘက်တစ်ခြမ်းမှာတော့ သူ့ မေမေရဲ့ ဓာတ်ပုံကြီးကို တွေ့ရသည်။ ဟိုဘက်တစ်ခြမ်းမှာတော့ သူ့မေမေရဲ့ ရင်ခွင်ထဲဝင်ပြီး သားအမိနှစ်ဦး ကြည်နူးစွာ ရယ်မော နေသည့် ပန်းချီကားကြီးကို မြင်နေရ၏။ ဪ . . . မိခင်ကို သိပ် ချစ်တဲ့သားတစ်ယောက်ရဲ့ ရင်တွင်းခံစားချက်တွေကို သူမ လက် တွေ့သိခဲ့ပြီးပြီပဲ။ ရုပ်ခန္ဓ ခြေသံကြောင့် သူမ ထရပ်လိုက်တော့ ဘဘက သူမရှေ့မှာ ရောက်နေလေပြီ။

"သမီးကို ဘဘ တွေ့ချင်နေတာ ကြာပြီ"

"ဟုတ်ကဲ့ပါ ဘဘ။ သမီး ဦးနေလရဲ့ပစ္စည်းတွေ လာပြန် ပို့ပေးတာပါ"

"ခဏ သမီး။ ဘဘတို့ စာကြည့်ခန်းထဲ သွားပြောကြ

တာပေါ့ . . . လာ . . .''

သူမ ဘဘနောက်မှ လိုက်လာခဲ့၏။ မတူညီတဲ့ ကွာဟ
မှု အဆင့်အတန်းတွေက သူမကို စတင်ခြောက်လှန့်နေလေပြီ
ဇီးညိုမြရောင် မှန်များ ကာထားသည့် မှန်လုံခန်းထဲသို့ ရောက်လာ
သည်။ Aircon လွှတ်ထားသဖြင့် အေးစိမ့်မှုကို ချက်ချင်းရလိုက်
သည်။ မဟော်ဂနီရောင်ဆိုဖာများထက် ညွှန်ပြ၍ ဘဘက သူမ
ကို ထိုင်ခိုင်းလိုက်ပါ၏။

''ထိုင်ပါ သမီး''

သူမ ထိုင်လိုက်ပြီး အိတ်ထဲမှ ရတနာဘူးကို ယူ၍ ဘဘ
ထံ တရိုတသေ ကမ်းပေးလိုက်ပါသည်။

''ဦးနေလရဲ့ ရတနာပစ္စည်းပါ။ ပစ္စည်းစုံ မစုံသေချာ ပြန်
စစ်ကြည့်ပါ ဘဘ''

''ရပါတယ်။ အဲဒါ ခဏထားလိုက်ပါ။ ဘဘတို့ ပြောစရာ
ရှိတာကို ပြောကြတာပေါ့ . . . ဟုတ်လား . . .''

သူမ ဘူးလေးကို မှန်စားပွဲပေါ် အသာတင်လိုက်ပြီး
ခေါင်းညိတ်ပြလိုက်ပါ၏။ ဘဘက မျက်မှန်ကို ချွတ်၍ ပိတ်ဖြင့်
သုတ်ကာ ပြန်တပ်လိုက်သည်။



''သမီးကို ဘဘ စမြင်ကတည်းက ဘဘရဲ့ သမီးအရင်း
လေးလို့ သဘောထားခဲ့တယ်''

''ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ဘဘ''

''သမီး . . . သားရဲ့ကိစ္စတွေ သိထားပြီးသား ဖြစ်နေမှာပါ။
ဟုတ်တယ်မှတ်လား။ သားနဲ့ ဒေါက်တာပပဘိုကို လက်ထပ်ပေးဖို့
စီစဉ်ထားတာကိုလေ''

''ရှင် . . . အဲဒါ . . . အဲဒါ သမီးနဲ့ဘယ်လိုပတ်သက်နေလို့
ပါလဲ ဘဘ''

''ပတ်သက်ပါပြီကော သမီးရယ်။ အခု ဘဘရဲ့သားက
ပပကို လက်ထပ်ဖို့ ငြင်းဆန်နေပြီ။ အကြောင်းရင်း စစ်လိုက်တော့
သား စိတ်ဝင်စားနေတဲ့ မိန်းကလေးက သမီးဖြစ်နေတယ်ကွယ့်''

''ရှင်''

''ဟုတ်တယ် . . . သမီးစဉ်းစားကြည့်ပါ။ ဘယ်မိဘမဆို
ကိုယ့်သားသမီးကို ဆင်စီးပြီး မြင်းရံတာပဲ လိုချင်တာပေါ့။ သမီး
အပေါ် သားစိတ်ပြောင်းသွားတာ သမီးကိုရော သားကိုပါ ဘဘ
အပြစ်မတင်ပါဘူး။ ဒါ . . . ဖြစ်တတ်တဲ့ သဘာဝပါ။ သားက သူ့
အသိုင်းအဝိုင်းထဲမှာ လက်ညှိုးထောင် ခေါင်းညိတ်တဲ့ မိန်းကလေး

တွေနဲ့ပဲ ကြုံတွေ့ဖူးတော့ သမီးက သူ့အတွက် အထူးအဆန်း ဖြစ်
ပြီး ကွဲပြားနေတယ်လေ။ အရောင်အသွေး စုံလင်လှပတဲ့ တော်ဝင်
ပန်းတွေရဲ့ကြားမှာ ရန့်လေးသင်းတဲ့ စံပယ်ပွင့်လေးကိုမှ သူ စိတ်
ဝင်စားသွားခဲ့တာ။ တကယ်တော့ ဒါဟာ စိတ်လှည့်စားမှုတစ်ခုပါ
ပဲ။ ပပန့်ကိစ္စမှာ သူ့ကိုယ်တိုင်ရော ဘဘတို့ လူကြီးတွေပါ ထပ်တူ
ကျ ရွေးချယ်ခဲ့ပြီးသားပါ။ သမီးနဲ့ပတ်သက်လာရင် အစစအရာရာ
စွန့်လွှတ်ရမှာကို သိနေလို့ သူ တွေဝေနေပြီ သမီးရယ်။ သမီးဘက်
ကတော့ သမီးဘဝလေး မြင့်မားလာမှာ မှန်ပေမယ့် ဘဘသား
ဘက်ကတော့ အနတ်လက္ခဏာတွေချည်းပဲ။ သားရဲ့အရည်
အချင်း၊ သားရဲ့အသိုင်းအဝိုင်း၊ သားရဲ့ဂုဏ်သိက္ခာ စတာတွေကို
သမီးကြောင့် သူ စွန့်လွှတ်ရမယ့် အရင်းအနှီးက မများလွန်းဘူး
လား သမီးရယ်"

သူမမျက်ဝန်းမှ မျက်ရည်တို့ ပေါက်ခနဲ ကြွေကျလာ၏
ဘဘကို တအံ့တဩဖြင့် ငေးကြည့်နေမိသည်။

"သားမေမေ့ရှိစဉ်က သားကို စိတ်အလိုလိုက်ပြီး လမ်
မှား မရွေးမိစေဖို့ အတန်တန် ဆုံးမခဲ့ပါလျက်နဲ့ အခုကျမှ ..."

"ဘဘ ... သမီးမှာ ... သမီးမှာ ... ကိုကိုကျော် ...



"ဘဘသိပါတယ်။ သမီးနဲ့သားကျော်ဇင်အကြောင်းကို ဘဘ အစကတည်းက သိပြီးသားပါ။ ဒီတော့ ကလေးရယ် ဘဘ လိုရင်းကို ပြောရရင် သမီး သားနဲ့အဝေးဆုံးမှာ နေပေးပါ။ သမီး ရှိနေရင် သားက ပပကို ယူဖို့ တုံ့ဆိုင်းနေမှာပဲ။ သမီးနဲ့သားကျော်ဇင်အတွက် ဘဘ လက်ဖွဲ့ကောင်းကောင်း ချီးမြှင့်မှာပါ"

ဘဘက စာအုပ်ဘီရိုအောက်အံဆွဲကို သော့ဖွင့်၍ ငွေတစ်ထပ်ကြီးကို ယူလျက် ရတနာသေတ္တာလေးအနားမှာ စုပုံလိုက်ပါသည်။

"ဒါက အကြိုလက်ဖွဲ့ဆိုပါတော့။ ဒီငွေတွေနဲ့ လောလောဆယ် သမီးလက်ရှိနေတဲ့နေရာကနေ သားလိုက်ရှာလို့ မရတဲ့ တစ်နေရာကို ရွှေ့ပြောင်းပေးပါ။ ရတနာဘူးကိုလည်း သမီးပဲ ယူသွားပါ။ သမီးနဲ့ သားကျော်ဇင်လက်ထပ်တဲ့နေ့မှာ ဘဘ သီးသန့် ထပ်ပြီး လက်ဖွဲ့ဦးမှာပါ။ သားအပေါ်မှာ ထားရှိတဲ့ ဇခင်တစ်ယောက်ရဲ့ ရျစ်ခြင်းနဲ့ အတ္တကို သမီးကိုယ်ချင်းစာပေးရင် ..."

"သမီး ... မယူပါရစေနဲ့"

သူမ ရှိုက်သံတစ်ချက်ထွက်ရင်း အားယူ၍ ထရပ်လိုက်ပါ၏။ မျက်ရည်တို့ကတော့ အဆက်မပြတ် ကြွေကျလျက် ...

"ဘဘကို သမီး ကတိပေးပါတယ်။ စိတ်ချပါ။ ဘဘ အသက်ရှင်နေတဲ့ကာလပတ်လုံး သမီးမျက်နှာကို ဘယ်တော့မှ မတွေ့မြင်စေရပါဘူး။ သမီးဘဝမှာ ဒီနေ့အထိ ကိုယ့်ခြေထောက် ပေါ် ကိုယ်ရပ်တည်နေခဲ့တာပါ။ ကိုယ့်လုပ်အားခနဲ့ရတဲ့ ငွေကြေး ကိုသာ သမီးတန်ဖိုးထားပါတယ်။ အနူလက်နဲ့ ရွှေခွက်နိုက်ဖို့ဆို တာ သမီး တစ်ခါမှ မမက်ခဲ့ဘူးတဲ့အိပ်မက်တစ်ခုပါပဲ။ သမီးရဲ့ အသက်အရွယ်ဟာ စိတ်ကိုအလိုလိုက်တဲ့ ရူးမိုက်တဲ့အရွယ်လေး ဆိုပေမယ့်။ ဒီလို မိုက်မဲတဲ့လုပ်ရပ်မျိုးကို ပြုမူတဲ့အထိ သမီး ဦးနှောက်က မပျက်ယွင်းသေးပါဘူး။ ဘဘတို့သားအဖရဲ့ စေတနာတွေ၊ ကျေးဇူးတွေကို သမီး အမြဲအမှတ်ရနေမှာပါ။ ဘဘ ကို သမီးကန်တော့ခဲ့ပါတယ်။ သမီးကို ပြန်ခွင့်ပြုပါဦး"

မတ်တတ်ရပ်နေသည့် ဘဘရှေ့မှာ သူမ ရှိသေကိုင်း ရှိုင်းစွာဖြင့် ရှိခိုးဦးချလိုက်ပါ၏။ ဦးသုံးကြိမ်ချအပြီး မတ်တတ်ရပ် လိုက်စဉ် ယိုင်ခနဲဖြစ်သွားသည့် ဘဘကို တွေ့လိုက်ရသည်။

"ဘဘ . . . ဘဘ . . . ဘာဖြစ်လို့လဲဟင်"

"မူးတယ်"

သူ ဘဘကို ဖေးကူ၍ နစ်ယောက်ထိုင်ဆိုဖာပေါ် အသာ



လှဲတင်လိုက်ပြီး အခန်းတံခါးဖွင့်ကာ အော်ပြောလိုက်ပါသည်။

"ဒေါ်ဒေါ်ရေ . . . ဘဘ မူးလဲသွားလို့ ဆရာဝန်ဆီ ဖုန်း ခေါ်ပေးပါရှင်။ မြန်မြန်လေးပါ။ ဘဘကို အိပ်ခန်းထဲခေါ်ဖို့ ခြံစောင့် ဦးလေးကြီးကို ခေါ်ပေးကြပါဦး"

သူမ စားပွဲပေါ်မှ ငွေတစ်ထပ်ကြီးနှင့် ရတနာဘူးကို အံဆွဲထဲသို့ ပြန်ထည့်လိုက်ပြီး သော့ခတ်လိုက်ပါသည်။ ဘဘ၏ အင်္ကျီအိတ်ကပ်ထဲသို့ သော့ကို အသာထည့်လိုက်ပြီး ဘဘခေါင်း ကို ယပ်ခတ်ပေးလိုက်၏။

ခြံစောင့်ဦးလေးကြီး ရောက်လာတော့ ဘဘကို အပေါ် ထပ် အိပ်ခန်းဆီ ရွှေ့ပေး၏။ သူမ သံပုရာရည်ချဉ်ချဉ်လေး တစ် ခွက် ဖျော်ကိုင်းကာ ဘဘကို သောက်စေပြီး အစေ့ကိုပါ ဝါးစားစေ လျက် မိန်းခိုင်းစဉ် ဆရာဝန်ရောက်လာလေသည်။

"အိုး . . . တော်တော် သွေးဆောင့်တိုးသွားတာပဲ။ ဦး နှောက်သွေးကြော မပြတ်တာ ကံကောင်း။ အန်ကယ် လဲကျ တော့ နံဘေးမှာ ဘယ်သူရှိနေလဲ"

"ကျွန်မ ရှိနေတာပါ။ ဘဘ ခေါင်းမဆောင့်မိအောင် အသာထိန်းပေးပြီး အခု သံပုရာရည် တိုက်ထားပါတယ် ဆရာ"

"တော်သေးတာပေါ့ . . . တကယ်သတိရှိတဲ့ ကလေးမပဲ။ ခေါင်းသာ ဆောင့်မိသွားရင် တစ်ခါတည်း ကိစ္စပြတ်မှာ၊ သံပုရာရည်ကြောင့် သွေးတိုးလည်း တော်တော်ကျသွားတယ်"

ဆရာဝန်က လိုအပ်သည်တို့ကို ဆက်လက်ဆောင်ရွက်ပေးစဉ်မှာ သူမ အောက်ထပ်သို့ အသာဆင်းခဲ့၏။ ဧည့်ခန်းထဲရှိ ဖုန်းတွင် ဖုန်းနံပါတ်တို့ကို အသာနှိပ်လိုက်ပါသည်။

"ဟယ်လို . . . မင်းနေလပါ"

"ဦးနေလ . . . ဝါလေးပါ"

"စကားဝါ . . . မင်းကိုယ့်အိမ် ရောက်နေတယ် . . . ဟုတ်လား"

အိမ်မှ ဖုန်းနံပါတ်ပေါ်နေသဖြင့် တအံ့တသြ မေးလိုက်မိသည်။ သူမ မျက်ရည်တို့ ထပ်ကျလာပြန်၏။

"အိမ်ကို ခဏလောက်ပြန်လာလို့ ရမလားဟင်"

"ဘာဖြစ်လို့လဲ စကားဝါ"

"ဘာဘ မူးလဲလို့ပါ။ စိုးရိမ်စရာတော့ မရှိတော့ပါဘူး"

"ကိုယ် အခုပဲလာခဲ့မယ်။ မင်း စောင့်နေဦးနော်"

ဘယ်ဖြစ်မှာလဲ ဦးနေလရယ်။ ဝါလေးက ဒီအိမ်မှာ တစ်



မိနစ် တစ်စက္ကန့်လေးတောင် နေသင့်တဲ့လူမှ မဟုတ်တာ။ ဒီဘဝဒီမျှသာပါပဲ ဦးနေလရယ်။ ဝါလေးရဲ့မျက်နှာကို ဦးနေလ ဘယ်တော့မှ မမြင်ရတော့ပါဘူး။ ဒါ အသေအချာပါပဲ။

× × ×

အိမ်ရှေ့ကားထိုးရပ်လိုက်ပြီး အိမ်ပေါ် ပြေးတက်လာတော့ ဖေဖေ့အိပ်ခန်းထဲမှာ ဆရာဝန်နှင့် အိမ်မှ အလုပ်သမားများသာ ရှိနေ၏။

"စကားဝါကော"

"ပြန်သွားပြီ ကိုနေလ။ သူရှိနေလို့ ခင်ဗျားအဖေ မသေတာ။ သိပ်ကံကောင်းတယ်ဗျာ။ အခု အန်ကယ်သက်သာနေပါပြီ။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဆရာဝန်ကို ခြံစောင့်ဦးမြ ပြန်လိုက်ပို့ပြီး ထမင်းချက်ဒေါ်လုံးနှင့်တူမဖြစ်သူ ရွှေဝါပါ အခန်းထဲမှ ထွက်သွားပါတော့သည်။ သူ ဖေဖေ့ခုတင်ဘေးရှိခုံမှာ ဝင်ထိုင်လိုက်ပြီး ဖေဖေ့လက်

ကို အသာဆုပ်ကိုင်ထားလိုက်ပါ၏။ ဖေဖေ ကျွန်တော့်ကြောင့် စိတ်ဆင်းရဲနေရရင် ကျွန်တော် စကားဝ့ါကို စွန့်လွှတ်လိုက်ပါ တော့မယ် ဖေဖေရယ်။

ည ၆ နာရီမှာ ဖေဖေ့မျက်ဝန်းများ မှိတ်ထားရာမှ ပွင့်လာလေ၏။ ရီဝေဝေ အကြည့်တို့နှင့် သူ့ထံသို့ လှည့်ကြည့်လာလေသည်။

"သား"

"ဖေဖေ . . . သတိရလာပြီလား။ ခေါင်းထဲမှာ မူးနေသေးလားဟင်"

"ဟင့်အင်း . . . သားကို ဖေဖေ ပြောစရာရှိတယ်"

"နေကောင်းမှ ပြောပါဖေဖေရယ် . . . နော်"

ဖေဖေက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပါ၏။ မျက်ဝန်းမှ မျက်ရည်တစ်ပေါက် စီးကျလာသည်။

"ဖေဖေ"

"ဖေဖေ . . . မှားသွားပြီ . . . ဖေဖေ့ကို ခွင့်လွှတ်ပါ"

"ဖေဖေ . . . ဖေဖေ ဘာတွေပြောနေတာလဲ။ သားကို တောင်းပန်စရာ မလိုပါဘူး ဖေဖေ။ ဖေဖေ့ ကျန်းမာရေးကိုသာ



ဂရုစိုက်ပါ။ ဖေဖေနေကောင်းမှ . . ."

"ဖေဖေ သေသွားရင် စိတ်မဖြောင့်မဖြစ်ပါရစေနဲ့ သားရယ်။ ဖေဖေလေ . . . သမီးလေးကို သားနဲ့သဘောမတူဘူးလို့ ပြောလိုက်မိတယ်"

"မျာ . . . ဖေဖေရယ်။ သားတို့ချင်း ခုချိန်ထိ ရိုးရိုးသားသားပါ ဖေဖေ။ ရှေ့တစ်လှမ်းတိုးဖို့ သား ဘာမှ ဆုံးဖြတ်ရသေးတာ မဟုတ်ဘူး။ ဖေဖေ့အတွက် ဖေဖေ့ရဲ့ဂုဏ်သိက္ခာအတွက် သားရဲ့ နှလုံးသားကို ဥပေက္ခာပြုဖို့ သား အားမွေးနေတာပါ ဖေရေယ်"

"စိတ်နှလုံး သိပ်ဖြူစင်တဲ့ကလေးကို မတန်တဆ ဝေဒနာတွေ ဖေဖေ ပေးလိုက်မိပြီ။ သူ့ကို သွားတောင်းပန်ပေးပါ။ ဖေဖေ အနူးအညွတ် တောင်းပန်ပါတယ်ဆိုတာကို ပြောပေးပါ။ သား . . . အခုချက်ချင်းသွားပါ သားရယ်။ သူ့ကို အခုနေရာမှာ မနေတော့ဖို့ ဖေဖေ ပြောလိုက်မိတယ်။ သူ . . . သူ . . . ရှိမှ ရှိပါတော့မလား မသိဘူး။ သွားရှာပါဦး သားရယ်"

"စိတ်အေးအေးထားပါ ဖေဖေ။ သား သူ့ကို ဒီကို ပါအောင် ခေါ်လာပေးပါ့မယ်။ ဖေဖေ စောင့်နေပါနော်"

သူ ကားပေါ်တက်မောင်း၍ သူမ ရှိရာဆီထွက်လာခဲ့

သည်။ ခြံရှေ့ကားရပ်လိုက်တော့ အိမ်ခန်းအားလုံး မီးမှိတ်နေကြ
လေပြီ။ သူ သူမအခန်းလှေကားပေါ်တက်၍ တံခါးခေါက်လိုက်စဉ်
တံခါးမှာ သော့ခလောက် ခတ်လျက်သား။ အမေ ဆို့သွားလျက်
သူ လှည့်ဆင်းလိုက်တော့ နံဘေးအခန်းမှ ကောင်လေးက သူ့ရှေ့
မှာ လာရပ်၏။

"ဦးက မမဝါရဲ့ အလုပ်ရှင်နော်"

"ဟုတ်ပါတယ်။ စကားဝါတို့ ဘယ်သွားလဲ"

"မမဝါတို့ ဒီကနေ အပြီးပြောင်းသွားပြီး ဦးရယ်"

"လိပ်စာ . . .လိပ်စာ ပေးခဲ့သလားဟင်"

"ဟင့်အင်း . . . ဦးအတွက် စာအိတ်တစ်အိတ်တော့ ပေးသွားခဲ့ပါတယ်။ ဦး . . . ခဏနော် . . . ကျွန်တော် သွားယူလိုက်ဦးမယ်"

ခဏအကြာမှာ စာအိတ်ရှည်တစ်ခုကို ကောင်လေးက သူ့ထံ ယူလာပေးသည်။ သူ ယူ၍ ဖောက်ဖတ်လိုက်တော့ တစ်စောင်က အလုပ်နှုတ်ထွက်စာဖြစ်နေပြီး တစ်စောင်ကတော့ သူ့အတွက် ရေးထားသည့်စာ ဖြစ်နေလေ၏။



"ဦးမင်းနေလရောင် . . .

ကျွန်မ ဒီစာကို ရင်နဲ့ရင်းပြီး ရေးပေးခဲ့ပါတယ်။ အရင်ဦးဆုံး သိစေချင်တာကတော့ ကျွန်မကို အလုပ်က နှုတ်ထွက်ခွင့်ပြုဖို့ပါ။

ဦးမင်းနေလ . . . လောကမှာ လူမှန်ရင် သူ့အဆင့်အတန်းနဲ့ သူ၊ သူ့နေရာနဲ့သူ တန်ဖိုးတော့ ရှိနေစမြဲပါ။ ငွေရှိမှ ချမ်းသာမှ၊ ပညာတွေတတ်မှ ဂုဏ်ရှိတာ မဟုတ်ပါဘူး။ သဇင်ပန်းမှာလည်း သူ့ဂုဏ် သူ့အလှနဲ့ တင့်တယ်သလို၊ စံပယ်ပန်းလေးမှာလည်း သူ့ရနံ့နဲ့သူ တန်ဖိုးရှိနေတာပါပဲ။ ကျွန်မဘဝက ရိုးရှင်းပါတယ်။ ဆင်းရဲတယ်၊ ငွေမရှိဘူး၊ ပညာကလည်း မတောက်တခေါက်လေး တတ်တာပါ။ ဒါပေမဲ့ ကျွန်မက ဘယ်အရာကိုမဆို ငွေကြေးတွေ၊ ဂုဏ်သိက္ခာတွေနဲ့ မတိုင်းတာ မဆုံဖြတ်ဘူး။ ရိုးရိုးတွေး၊ ရိုးရိုးသာ ဆုံးဖြတ်ပြီး လုပ်ဆောင်ခဲ့တာချည်းပါပဲ။ ဦးမင်းနေလတို့သာ အရာရာကို ဂုဏ်သိက္ခာကျဆင်းမှာ စိုးရိမ်စိတ်တစ်ခုနဲ့ ထည့်တွက်တတ်ပေမယ့် ကျွန်မကတော့ ဘဝကို လက်တွေ့ကျကျပဲ မြင်တတ် လုပ်တတ်တယ်။ ဦးမင်းနေလတို့လို ငွေဥစ္စာ မချမ်းသာပေမယ့် ကျွန်မမှာ ကိုယ်ကျင့်တရားနဲ့ ဘနတော့

ချမ်းသာပါတယ်ရှင်။ ကျွန်မရဲ့ ကိုယ်ကျင့်တရားနဲ့ မာနကိုတော
ဘယ်နည်းနဲ့မှ အပွန်းအပဲ့ မခံနိုင်ပါဘူး။ ဖြစ်ပျက်ခဲ့သမျှ ကိစ္စရ
တွေအားလုံးမှာ ကျွန်မဘက်က ဘယ်လိုဖြားယောင်းမှုမျိုးမှ
မနေဘဲ ပကာတိ သန့်ရှင်းခဲ့တာကို ကျွန်မ လိပ်ပြာသန့်ပါတယ်
ကျွန်မ ဘယ်သူ့ကိုမှ အပြစ်မတင်ရက်ပါဘူး။ ကံကြမ္မာကိုသာ ပုံ
လိုက်ပါတော့မယ်။

ကျွန်မရဲ့စာထဲမှာ ရိုင်းပြစော်ကားတာမျိုးပါခဲ့ရင် ခွင့်
လွှတ်ပေးပါလို့ အနူးအညွတ်တောင်းပန်ခဲ့ပါတယ်ရှင် . . .

အညတရပန်းကလေ

စကားဝါ . . .

သူ မျက်လုံးအစုံကို မှိတ်ချလိုက်တော့ ပါးပြင်ပေါ်မှာ
နွေးသွားတော့သည်။ ခြေလှမ်းတို့ကို အားယူလှမ်း၍ ကားပေ
တက်ကာ အိမ်သို့ပြန်လာခဲ့၏။ ဖေဖေ့အခန်းထဲ အရောက်မှာ
ရှေ့နေကြီး ဦးသိန်းမောင်က စာချုပ်တစ်ခုကို ရေးသားနေ၏
ဖေဖေက လှဲနေလျက်ကပင် စာချုပ်မှာ လက်မှတ်ထိုးပေးလိုက်
ပါသည်။ သူ့ကို မြင်သွားတော့ ဖေဖေ့မျက်ဝန်းမှာ မှုန်မှိုင်းသွာ



လေ၏။

"ပါမလာဘူးလား . . . သား"

"သူတို့ အပြီးထွက်သွားကြပြီ ဖေဖေ"

"ဘာ"

ဖေဖေ့လက်ထဲမှ ဘောပင်လေး ခုတင်အောက်သို့ ပြုတ်ကျသွားတော့၏။ ဦးသိန်းမောင်က ဖေဖေ့လက်ကောက်ဝတ်ကို ကိုင်၍ စမ်းလိုက်ပါသည်။

"မောင်နေလ . . . မင်းဖေဖေ ဆုံးပြီ"

"ဗျာ . . . ဖေဖေ . . . ဖေဖေ"

သူ ဖေဖေ့ကိုယ်ခန္ဓာကို ဖက်ရင်း ကျိတ်ငိုလိုက်မိတော့၏။ ဦးသိန်းမောင်က စာချုပ်ကို မှိုင်ထဲ သေချာထည့်ကာ သူ့ကို ကမ်းပေးလိုက်ပါသည်။

"အန်ကယ့်ကို သူမသေခင် အရေးတကြီး စာချုပ်တစ်ခု လုပ်ပေးပါဆိုလို့ ညဘွင်းချင်း ရောက်လာခဲ့ရတာပါ မောင်နေလ။ မင်းရဲ့ဖေဖေက စကားဝါဆိုတဲ့ ကလေးမလေးကို သူပိုင်ဆိုင်တဲ့ အတွင်းပစ္စည်းတွေရယ်၊ ဘဏ်က ငွေ သိန်း ၅၀၀ ကို လွှဲပေးခဲ့ပါ တယ်၊ ဒီအိမ်နဲ့ခြံရယ်၊ ကုမ္ပဏီလုပ်ငန်းရှယ်ရာတွေကိုတော့ မင်း

ကို ပေးခဲ့တယ်။ ဟိုတယ်တွေက မင်းကို လွှဲပြီးသားမို့ အန်ကယ် စာချုပ်ထဲ ထည့်မရေးပါဘူး။ သဘောတူကြောင်း လက်မှတ် အရင်ထိုးပါ။ သားမှာ လုပ်စရာတွေ ရှိနေသေးတယ်လေ"

သူ မျက်ရည်စက်လက်နှင့် လက်မှတ်ကို အနိုင်နိုင်ထိုး ပေးလိုက်ရသည်။ ခြော် . . . ဖေဖေရယ် . . . စကားဝါ့ကို တောင် ပန်ခွင့်မရလို့ စိတ်ထိခိုက်ပြီး အသက်ပါ ဆုံးရှုံးခဲ့ရသတဲ့လား။ ဖေဖေ့ဆန္ဒကို မဖြည့်ပေးနိုင်ခဲ့တဲ့ သား . . . ကျွန်တော့်ကို ခွင့် လွှတ်ပေးပါ ဖေဖေရယ်။

× × ×



ဦးနေရောင်

အသက် (၆၅) နှစ်

(၁၇.၁၀.၂၀၀၄) ရက်နေ့တွင် ကွယ်လွန်သည်။

"ဘုရားရေ . . . မေမေ . . . ဘဘ ဦးနေရောင်ဆုံးသွား ပြီတဲ့။ သတင်းစာထဲမှာ ပါလာတယ် . . . ဟင် . . . ဒီမှာလည်း သတင်းတစ်ခုပါလား"

စကားဝါ . . .

ရောက်ရှိရာနေရာမှ အမြန်ဆုံးဆက်သွယ်ပါ။

ဦးသိန်းမောင် (တရားရုံးချုပ်ရှေ့နေ)

ဦးမင်းနေလရောင်

"ဘာတွေလဲ သမီးရယ်"

"ဘဘ ဆုံးသွားပြီ မေမေရဲ့က။ ပြီးတော့ သမီးကို ခေါ်နေ
တဲ့သတင်းလည်း ပါလာတယ်"

"ဖြစ်မှဖြစ်ရလေ . . . သမီးသွားမှာလား"

သတင်းစာကိုင်ထားရင်း သူမ ငိုင်သွားရ၏။ မဖြစ်ပါဘူး
သူမ ဘယ်လိုမျက်နှာမျိုးဖြင့် သူ့ကို ရင်ဆိုင်ရမှာလဲ။ ဝေးလက်စ
ဝေးဝေးနေတာပဲ ကောင်းပါတယ်လေ။

"မသွားတော့ပါဘူး မေမေ။ ပြီးခဲ့တာတွေလည်း ပြီးပါ
တော့။ သမီး စာမေးပွဲ မနက်ဖြန်ပြီးရင် အလုပ်ရှာရဦးမှာ"

"အေးလေ . . .ကောင်းပါတယ်။ ကဲကဲ . . .နောက်ဆုံ
ဘာသာကို သေချာကျက်ပါဦး သမီးရယ်။ အလုပ်ကိစ္စ လျှော
မစဉ်းစားနဲ့။ မေမေတို့ သားအမိနှစ်ယောက် ခြိုးခြံချွေတာပြီး စ
လို့ရနေတာပဲ"

"ဟုတ်ကဲ့ပါ မေမေ"

သူမ ကျောင်းစာအုပ်များယူ၍ ခြံထဲရှိ သရက်ပင်
အောက် ခုံတန်းဆီ လှမ်းလာခဲ့သည်။ ခုံတန်းလေးပေါ် ထိုင်
လိုက်ပြီး အပင်ပေါ်မော့ကြည့်လိုက်တော့ သရက်သီးတွေ ပြွ



နေအောင် သီးနေ၏။ အပင်တွေ အုပ်ဆိုင်းလျက် ခြံဝင်းလေးက
သာသာယာယာရှိပါသည်။ နေဖြစ်ရုံ ဆောက်ထားသည့် ဝါးတဲ
ကလေးကို လှမ်းကြည့်လိုက်၏။ မေမေက ကွပ်ပျစ်ပေါ်မှာ ထိုင်
လျက် သူမအတွက် သိုးမွေးအနွေးထည်လေး ထိုးနေသည်။

အခုချိန်ဆို ဦးနေက ဝမ်းနည်းအားငယ်နေမှာပေါ့နော်။
ဒါပေမဲ့ ဦးနေလဘေးမှာ နှစ်သိမ့်ပေးမယ့် ဂုဏ်သရေရှိလူ[illegible]တွ
ရှိနေမှာပါ။ ပြီးတော့ ဒေါက်တာပပဘိုလည်း ရှိနေမှာ သေချာ
ပါတယ်။ သူမမှာသာ သူနဲ့မပတ်သက်ချင်တော့လို့ ဘဝမှာ
သံယောဇဉ်အရှိဆုံး ကိုကိုကျော့ကိုပါ ရှောင်ပုန်းပြေးထွက်ခဲ့ရ
တာလေ။ ကိုကိုကျော့ကိုတောင် မတွေ့ရဲတော့တဲ့အထိ သူမရဲ့
အဖြစ်အပျက်က ဆိုးရွားခဲ့တာကိုး။

ငယ်စဉ်ကတည်းက လက်တွဲပေါင်းသင်းလာခဲ့သည့်
သူငယ်ချင်းနှစ်ဦးကို သူမကြောင့် စိတ်ဝမ်းမကွဲစေလိုပါ။ ဘဘ
ပြောခဲ့သလို သူမလိုမိန်းကလေးမျိုးကို ယူလိုက်ရ၍ ကိုကိုကျော့
ဘက်က အနတ်လက္ခဏာနှင့် နစ်နာမှုတွေ တသီကြီး မရစေလို
တာ အမှန်ပါ။ ဘယ်လောက်ပဲ သံယောဇဉ်ကြိုး ခိုင်မြဲနေပါစေ
ဂုဏ်ပကာသနဆိုတဲ့ ဓားထက်ထက်က သူမနှင့် ကိုကိုကျော့ကြား

မှာ ပြုတ်တောက်စေခဲ့လေပြီ။ မျှော်လင့်ချက်တွေ မွေ့ပိုက်ပြီး ပြန်လာမည့် ကိုကိုကျော့်ကို သူမ ရေးပေးခဲ့သည့်စာကြောင့် ရင်အမောဆို့စေခဲ့လျှင်ဖြင့် . . .

မျက်ရည်ပေါက်က ဗလာစာအုပ်ပေါ်သို့ ကျသွားတော့သည်။ အစကတည်းက မတွေ့ခဲ့ကြရင် ကောင်းမှာပဲနော်။ ပထမ ကိုကိုနဲ့ ပတ်သက်ပြီး ကိုကိုကျော့်ကို မဆုံတွေ့ခဲ့ရင်၊ ဒုတိယ ကိုကိုကျော်နဲ့ ပတ်သက်ပြီး ဦးနေလနဲ့ မဆုံဆည်းမိရင် ဒီလို ပြဿနာတွေ ဖြစ်လာစရာအကြောင်းမရှိနိုင်ပါဘူး။

စိတ်လက်ပေါ့ပါးပြီး ရယ်မော ပျော်ရွှင်နေရမယ့် အသက်အရွယ်မှာ ဝေဒနာတနင့်တပိုးကြီးနှင့် ကြေကွဲခံစားနေရတာတွေကို ဘယ်သူ့ကိုမှ မသိစေချင်ပါဘူး။ ဘဝမှာ ဘယ်သူစိမ်းယောက်ျားကိုမှ မခင်မင် မရင်းနှီးစေဖို့၊ သံယောဇဉ်မတွယ်မိစေဖို့ သင်ခန်းစာက နောင်တများစွာနှင့်အတူ သူမကို ပေးခဲ့ပါလေပြီ။

ဩော် . . . ငယ်ရွယ်သူလေးရဲ့ဘဝမှာ စိတ်လှုပ်ရှားရင်ခုန်မှုင့်ကိုတောင် ကံကြမ္မာက အခွင့်မပေးခဲ့လေပြီ။ ခဲမှန်ဖူးတဲ့ စာသူငယ်လေးလို အရာရာကို ကြောက်ရွံ့ထိတ်လန့်စိတ်တွေနဲ့



ရှေ့ဆက်ရမည့် လမ်းခရီးကို ရင့်ကျက်တည်ငြိမ်စွာ လျှောက်လှမ်းနိုင်ဖို့ သူမ ပြင်ဆင်ရတော့မည်။ သတိရနေပမယ့် မေ့နိုင်အောင် ကြိုးစားရဦးမည်။ လွမ်းနေပေမယ့်လည်း နာကြည်းနိုင်အောင် အတတ်နိုင်ဆုံး ဖြေဆည်ရမည်လေ။

သူမတို့ငှားနေခဲ့သည့် အိမ်ရှင်ဦးလေးကြီး၏ အကူအညီဖြင့် ကျုံမော်ဘီခြံလေးမှာ လာငှားနေဖြစ်ခဲ့တာကို ကျေးဇူးတင်ဝမ်းသာလှပါပြီ။ မေမေ့ကို ကောင်းကောင်းမွန်မွန် ချမ်းချမ်းသာသာထားနိုင်ဖို့၊ ကျေးမွေးပြုစုနိုင်ဖို့ ရှိသမျှ ခွန်အားတွေကို စုစည်းလျက် သူမရုန်းကန်လှုပ်ရှားရဦးမည်။ ကိုကိုရေ . . . ငယ်ငယ်ရွယ်ရွယ်လေးနဲ့ အသည်းကွဲနေတဲ့ ညီမလေးကို ကိုကို မမြင်တွေ့နိုင်တော့ပေမယ့် ကိုကို့ကို ညီမလေး သတိရတမ်းတနေလျက်ပါ ကိုကိုရယ်။

ညနေ လေးနာရီရှိပြီမို့ မီးဖိုဆောင်လေးထဲမှာ ချက်ပြုတ်ဖို့ ပြင်ဆင်ရင်း မီးမွှေးကာ ထမင်းအိုးတည်လိုက်၏။ ခြံထဲရှိ ချဉ်ပေါင်ရွက်လေးများ ခူးကာ မွှေလျက် ဆီတစ်ပေါက်နှစ်ပေါက်နှင့် ကြက်သွန်နီပါးပါးလှီးခတ်ကာ ဟင်းချိုချက်လိုက်သည်။ မနက်က ကြော်ထားသည့် ငါးကြော်ကို ပဲငံပြာရည်လေးဖြင့် ကြက်သွန်နီ

အကွင်းလေးတွေ လှီးကာ ပြန်နှပ်၏။ စိမ်းစားငါးပိကို မီးဖုတ်၍ ငရုပ်သီးစိမ်း၊ ကြက်သွန်နီဖုတ်ပြီး ငါးပိထောင်းထောင်းအပြီး စားပွဲဝိုင်းအပုလေးမှာပြင်ဆင်၍ အုပ်ဆောင်းအုပ်ထားကာ ခြံအနောက်ဘက် ထွက်လာခဲ့သည်။

ရေတွင်းမှ ရေကြည်တို့ကို ငင်၍ စည်ပိုင်းလေးထဲ ထည့်ပြည့်ပြီး မေမေ့ကို ရေချိုးစေပါသည်။ သနပ်ခါးကို ကျောက်ပျဉ်ထက် ခပ်ပျစ်ပျစ်လေး သွေးပေးထားပြီးမှ အပင်တွေ ရေလောင်းရန် ထွက်ခဲ့၏။ ရေထမ်းတံပိုးဖြင့် ရေပုံးနှစ်ပုံးကို ထမ်း၍ တစ်ခြံလုံးရှိ သီးပင်စားပင် ပန်းပင်တို့ကို ရေလောင်းလိုက်၏။ နောက်မှ စင်ကလေးတစ်ခုဆောက်ပြီး တိုင်ကီတင် ရေပိုက်ဝယ်ကာ ရေဖြန်းနိုင်ဖို့ ပြင်ဆင်ရဦးမည်။

ခြံရှေ့ကွက်လပ်မှာ စိန်ခြယ်၊ သပြေတို့ကို အစင်းလိုက်စိုက်ထား၏။ စံပယ်ရုံနှင့် ဆိတ်ဖလူးရုံက ဖွေးနေအောင် ပွင့်နေပေပြီ။ ဪ . . . တစ်သက်လုံး ပျော်ချင်လျှင် သစ်ပင်စိုက်လို့ ဆိုရိုးရှိခဲ့သည် မဟုတ်ပါလား။ သူမ တစ်သက်လုံး ပျော်ချင်ပါသည်လေ။

အပင်တွေ ရေလောင်းအပြီး ရေချိုးကာ မေမေနှင့်အတူ



ထမင်းစား၏။ မေမေ ဘုရားရှိခိုး ပုတီးစိပ်နေစဉ် သူမ သိမ်းဆည်းစရာရှိသည်တို့ကို သိမ်း၍ သရက်ပင်အောက်သို့ ထွက်ခဲ့ပြန်၏။

ညဘက် လမင်းက ထိန်ထိန်သာနေပါသည်။ သက်ပြင်းငွေ့ငွေ့ကလေနှင့်အတူပါသွား၏။ နားထဲမှာ ကိုကိုကျော်နှင့်အတူ Dreams မှာ ဆိုခဲ့သည့် သီချင်းသံကို ကြားယောင်နေမိသည်။ အတူတူရှေ့ဆက်ဖို့ လက်မတွဲဝံ့တာ ကိုကိုကျော် နားလည်ပေးပါကွယ်။ နောင်တစ်ချိန်မှာ ကိုကိုကျော်နဲ့ ဦးမင်းနေလကို အိမ်ထောင်ဖက်ကိုယ်စီနဲ့ သာယာပျော်ရွှင်နေတာကို ဝါလေး မြင်ချင်ပါတယ်။ လမင်းကြီးသာ စကားပြောတတ်ခဲ့ရင် ဝါလေးရဲ့ရင်ဖွင့်သံတွေကို ကိုကိုကျော် သိအောင် ပြောပြမှာပါလေ။

× × ×

Love is not a thing to ask for, but itself appears automatically.

ချစ်ခြင်းမေတ္တာဆိုတာ တောင်းခံလို့ရတာ မဟုတ်ဘူး . . .
သူ့အလိုလို ဖြစ်တည်လာတာပါ . . .

အန်ကာယ်ဦးနေရောင် ကွယ်လွန်တာကို ဖုန်းဖြင့်သာ အသိပေးလျက် သူ့ကို ပြန်မလာခိုင်းသဖြင့် အလုပ်အားလုံး ပြီးဆုံးမှသာ ရန်ကုန်ကို သူ ပြန်ရောက်ခဲ့၏။ တိုက်ခန်းမှာ ပစ္စည်းတွေထားခဲ့ပြီး ဝါလေးရှိရာ အိမ်ခန်းလေးဆီ မျှော်လင့်ချက်တွေ တပွေ့ကြီး သယ်လျက် အပြေးအလွှားရောက်ခဲ့တော့ ညနေစောင်းနေလေပြီ။ အိမ်ခန်းလေးပေါ် တက်လိုက်တော့ ဒေါ်လေးနှင့်ဝါလေးကို မတွေ့ရဘဲ အခြားအိမ်ငှားများကိုသာ မြင်လိုက်ရသဖြင့် သူ ထူပူအံ့ဩသွားရတော့သည်။ ရုတ်တရက် သူ့အနောက်ဘက်မှ အသံတစ်ခုကို ကြားလိုက်ရ၏။

"ဟာ . . . အစ်ကိုကျော် ပြန်လာပြီ"

"ဖိုးတာ . . . ဓါလေးတို့ရော"

"ပြောင်းသွားပြီ အစ်ကို။ အစ်ကို့ကို မမဝါ စာအိတ်တစ်ခုနဲ့ ဘူးတစ်ဘူးပေးခဲ့တယ်။ ခဏလေးစောင့်နော်။ ကျွန်တော် သွားယူပေးမယ်"

ဘာပြဿနာတွေဖြစ်လို့ အိမ်ပြောင်းသွားတာပါလိမ့်။ ဖဝေဖဝါ အတွေးတို့ဖြင့် ဖိုးတာ ယူလာပေးသည့် စာအိတ်ကို ချက်ချင်း ဖောက်ဖတ်လိုက်ပါသည်။

"ကိုကိုကျော် . . .

ဝါလေး နှုတ်ဆက်ခဲ့ပါတယ်။ ဘာတွေ ဘယ်လိုဖြစ်ခဲ့သလဲဆိုတာ ကိုကိုကျော့်ကို ဝါလေး မရှင်းပြတတ်တော့ပါဘူး။ သေချာတာတစ်ခုကတော့ ဝါလေး ကိုကိုကျော်နဲ့ အဝေးဆုံးကို ထွက်ပြေးသွားပြီဆိုတာပါပဲ။

ဝါလေးကို မေ့လိုက်ပါတော့။ ဒီလိုပြောလို့ ဝါလေးရဲ့ အသည်း မာလှချည်လားလို့ ကိုကိုကျော် မထင်လိုက်ပါနဲ့။ ဝါလေး ရင်နဲ့အမျှ ခံစားနေရတာပါ။ ဝါလေးအနားမှာ ကိုကိုကျော် ရှိမနေတော့ တစ်နေ့ ပြန်လာနိုးနဲ့ ဝါလေး မျှော်လင့်နေမိတာပါ။ ဒါပေမဲ့ ကိုကိုကျော်ရယ် ကံကြမ္မာက ဝါလေးနဲ့ ကိုကိုကျော့်ကို အဆုံးဆုံးကို ပို့ပေးပြီး ခွဲလိုက်ပါပြီ။ ဖြစ်ပျက်ခဲ့သမျှအကြောင်းအရာတွေကို



ကိုကိုကျော် တစ်နည်းနည်းနဲ့ သိသွားခဲ့ရင် ဘယ်သူ့ကိုမှ အပြစ်မဖို့ပါနဲ့။ ဝါလေးရဲ့ အပြစ်လို့ပဲ ယူဆလိုက်ပါနော်။

ဦးမင်းနေလနဲ့ ကိုကိုကျော့်ကို အမြဲထာဝရ အခင်အမင်မပျက် လက်တွဲနေတာကိုပဲ ဝါလေး ကြည်ချင်ပါတယ်။ ဝါလေးကို ခွင့်လွှတ်ပါ။

ကိုကိုကျော့်ရဲ့ကာကဲ့ချိန်က

ဝါလေး . . ."

ရင်ထဲမှာ ဟာခနဲဖြစ်သွားရ၏။ ဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲ။ သူ ဘာကိုမှ မစဉ်းစားတတ်တော့။ ခါးကြားမှာ ညှပ်ထားသည့် Handphone မှ ခေါ်သံမြည်လာ၏။

"တူတူ . . . တူတူ"

"ဟယ်လို . . . အလတ်လား"

"အေး . . . ဟုတ်တယ် ပပ"

"နင် ရန်ကုန်ပြန်ရောက်နေပြီ မဟုတ်လား။ ငါ နင့်ကို ပြောစရာတွေရှိနေတယ်။ ငါ့အိမ်ကို လာခဲ့ပါ"

"အခုလား . . ."

"အေး . . . အခုပဲ"

"ဒါဆို ငါလာပြီ"

သူ ကားပေါ်တက်၍ မောင်းထွက်လာခဲ့၏။ ရင်တွင်း နွမ်း
လျမှုတို့နှင့် တမြေ့မြေ့လောင်ကျွမ်းနေသည့် အလွမ်းမီးတောက်
ကို ဘယ်လိုငြိမ်းသတ်နိုင်မှာလဲ ဝါလေးရယ်။ ခြေရာလေးတောင်
ရှာမတွေ့တော့အောင် ပုန်းကွယ်ခဲ့ပြီလား။ ရင်ထဲမှာ ပဟေဠိတွေ
နှင့် ရှုပ်ထွေးနေစဲ။

ကားကို ဧမိုင်လမ်းချိုးအတွင်း ချိုးချလိုက်၏။ တစ်ထပ်
တိုက် ဖြူလေးရှေ့မှာ ကားရပ်လိုက်တော့ တိုက်ရှေ့မှာ ပပက
အဆင်သင့် ရပ်စောင့်နေသည်။ သူ့ကိုမြင်တော့ ခပ်နွမ်းနွမ်း အပြုံး
ဖြင့် ကြိုလိုက်ပါ၏။

"လာ . . . အလတ်"

"ပပ . . . ဘာတွေဖြစ်ကုန်တာလဲဟာ။ ငါ ဘာမှနားမလည်
နိုင်တော့ဘူး။ အခု ဝါလေး မရှိတော့ဘူး။ ဝါလေး . . . ငါ့ဘဝထဲက
နေ အပြီးအပိုင်ထွက်သွားပြီကွာ"

ထိုင်ခုံမှာ ထိုင်ချသည်အထိ ပပ ဘာတစ်ခွန်းမှ ထပ်
မပြောဘဲ ငြိမ်သက်နေ၏။ သူ မျက်နှာပြင်ကို ပွတ်သပ်ရင်း စိတ်ကို



လျှော့ချလိုက်တော့ ပပက စို့ဝဲတက်လာသည့် မျက်ရည်တို့ကို
မျက်တောင်တဖျပ်ဖျပ် ခတ်လျက် မျက်နှာကို ပင့်မော့ထားလိုက်
ရသည်။ လက်သီးကို ကျစ်ကျစ်ဆုပ်၍ အံတင်းတင်းကျိတ်ထား
လိုက်သည့် ပပ၏မာန်တင်းပုံကို သူ ငေးကြည့်နေမိ၏။

"အလတ် . . . နင် စိတ်ခိုင်ခိုင်ထားပါ။ ငါပြောမယ် . . .
အခုဆိုရင် နင်နဲ့ငါဟာ ဘဝတူတွေ ဖြစ်သွားခဲ့ပါပြီ"

"ဘဝတူတွေ . . . ဘာကိုဆိုလိုတာလဲ ပပ။ ငါ နားမရှင်း
ဘူး"

ပပမျက်နှာမှာ မဲ့ပြုံးတစ်ခု ဖြစ်တည်၏။ မျက်လုံးများဆီ
မှ မာနရောင် တလက်လက်တောက်ပလာသည်။

"ကိုယ့် အခင်တွယ်ရဆုံးသူ ကိုယ့်အပေါ် သစ္စာဖောက်
တာကို နင် ဘယ်လိုခေါင်းစဉ်တပ်မလဲ"

"ဘာလဲကွာ . . ."

"ဟုတ်တယ် . . . နင့်အပေါ်မှာ စကားဝါ သစ္စာဖောက်
သလို၊ ငါ့ကိုလည်း ကိုနေ . . ."

"မဖြစ်နိုင်တာ . . . ပပ . . . နင် စိတ်ရောကောင်းရဲ့လား။
ဒါ မဖြစ်နိုင်တဲ့ကိစ္စကြီးပါဟာ"

"အေး . . . နင် မယုံဘူး မဟုတ်လား။ ငါက မိန်းမသားပါ
အလတ်ရဲ့ ပိုဆိုးတာပေါ့။ နင် စဉ်းစားကြည့်ပါ။ ကိုနေဟာ ငါ အမြ
စံပြနေရာမှာထားခဲ့တဲ့ ယောကျ်ားတစ်ယောက်ပါ။ တည်ကြည်
တာ၊ ဖြောင့်မတ်တာ၊ မှန်ကန် [illegible] ချက်ကို ချနိုင်တာ။ အဲဒါ
တွေကစလို့ ကျန်တာတွေ နင် သိပြီးသားပါ အလတ်ရယ်။ အဲဒီလို
လူတစ်ယောက်က ငါ့ကို ဒီလိုလုပ်ရစ်မျိုး လုပ်လိမ့်မယ်လို့ ငါ
ထင်မထားဘူး။ မိဘချင်း စေ့စပ်ပေးထားတယ်ဆိုပေမယ့် ငါတို့
နှစ်ယောက် နားလည်မှုတွေနဲ့ ထူထောင်မယ့် အိမ်ထောင်ရေးမှာ
ငယ်သံပေါက်ဇဉ်လေးနဲ့ ငါ့အပေါ် တစ်နေ့ သူချစ်လာမှာပဲလို့ မျှော်
လင့်ထားခဲ့တာ။ အဲဒီမျှော်လင့်ချက်တွေ ပျက်စီးခဲ့ပြီ အလတ်ရယ်။
တကယ့်ကို ပျောက်ဆုံးခဲ့တာပါ"

ပပ ရှိုက်ကြီးတငင် ငိုချလိုက်ပါ၏။ သူ စကားတစ်ခွန်းမှ
မပြောမိဘဲ အငေးသား ကြည့်နေမိသည်။ ဘာတွေလဲ . . . ဘာတွေ
လဲ ပပရယ်။

"ငါက တရားဝင်မဟုတ်သေးတဲ့သူဆိုပေမယ့် ငါ
ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ လူသိရှင်ကြားဖြစ်နေတဲ့အဆင့်
ပါ။ ငါ သိပ်ရှက်တယ်။ ဆရာဝန်အသိုင်းအဝိုင်းမှာ တစ်နေ့နေ့ ငါ



တို့ လက်တွဲမှာလို့ တစ်ထစ်ချ ယုံကြည်ထားခဲ့ကြတာလေ။ အခု
တော့ အဲဒါတွေအားလုံး သဲထဲရေသွန်ဖြစ်ခဲ့ရပြီ"

"ပပ . . . ငါ . . ."

"အလတ် . . . နင်နဲ့စကားဝါက နှလုံးသားချင်း ပေးပြီး
ချစ်နေကြတဲ့သူတွေမို့ နင် ငါ့ထက်ပိုပြီး ရင်ကွဲမှာကို ငါ ကိုယ်ချင်း
စာပါတယ် သူငယ်ချင်းရယ်။ ခုချိန်မှာ ငါတို့ ဘာမှလုပ်လို့မရနိုင်တော့
ဘူး။ အရာရာအားလုံး ပြီးဆုံးသွားပါပြီဟာ"

"မယုံဘူး . . . ငါမယုံဘူး ပပ။ ဝါလေး . . . ဝါလေး ဒီ
လောက်သစ္စာမမဲ့ဘူး။ ပြီးတော့ . . . နေလ . . . နေလကလည်း
ငါတို့နှစ်ယောက်အကြောင်းကို အတွင်းသိ အစင်းသိပါဟာ။ မဖြစ်
နိုင်ဘူး . . . မဖြစ်နိုင်ပါဘူး ပပရာ"

"အေး . . . ငါသိတယ်။ နင် ဒီလိုပဲပြောမယ်ဆိုတာ ငါ
သိနေလို့ ခိုင်လုံတဲ့ သက်သေနဲ့ ငါ ပြမယ် . . . စောင့်"

ပပက ဖျတ်ခနဲထရပ်ကာ ဘီရိုအံဆွဲထဲမှ စက္ကူအိတ်
တစ်ခုကို ယူလာပြီး သူ့ရှေ့မှာ ထုတ်၍ ဖြန့်ချပြလိုက်ပါ၏။ ဘုရား
ဘုရား . . . နေလနှင့် ဝါလေးတို့ တွဲရိုက်ထားသည့် ဓာတ်ပုံတွေ
ပါလား။ သူ လက်တွေ တဆတ်ဆတ် တုန်လျက် ပုံတွေကို တစ်ပုံ

ချင်း ကိုင်ကြည့်နေမိ၏။

"နင် မြင်ပြီမဟုတ်လား။ သူတို့ နှုတ်က ဖွင့်မပြောကြပေ
မယ့် တစ်ယောက်ကိုတစ်ယောက် ကြည့်နေတဲ့အကြည့်တွေ
တင် သိသာနိုင်ပါတယ်။ ရှင်းရှင်း ပြောရရင် ကိုနေ့ဖေဖေ ဆုံးသွ
ရတာလည်း နင့်စကားဝါနဲ့ ပတ်သက်ခဲ့တာပဲ။ သူဟာ ငါတ
သူငယ်ချင်းသုံးယောက်ကြားမှာ မွေ့ရုံတင်မကဘူး အန်ကယ
ဦးမနရောင်ရဲ့ အသက်ကိုပါ ဆုံးစေခဲ့တာကို နင် ယုံလိုက်ပါ"

"မဖြစ်နိုင်ဘူး . . . မဖြစ်နိုင်ဘူး ပပ။ ဝါလေးက အခုမှ
နှစ်သာသာ ကလေးအရွယ်လေးပါ။ သူ ဒီလောက်မရိုင်းပါဘူ
ဒီအကြောင်းတွေဟာ နေလကြောင့်ဖြစ်တာ သေချာတယ်။ နေ
သာ မဖြားယောင်းခဲ့ရင် ဒီကိစ္စတွေ ဖြစ်လာစရာအကြောင်း မ
ဘူး။ နေလသာ တရားခံဖြစ်မှာ . . . ငါ သွားရှင်းမယ်"

သူ ဝုန်းခနဲ ထရပ်လိုက်ပြီး ဓာတ်ပုံများကို သိမ်းကျုံး
လိုက်၏။ တိုက်ရှေ့ရပ်ထားသည့် ကားပေါ် တံခါးဖွင့်တက်စဉ်
နောက်ပါးမှ လိုက်၍ပြောလိုက်ပါသည်။

"နင်တစ်ဖက်သတ် မဆုံးဖြတ်မိပါစေနဲ့ အလတ်။ လ
ခုပ်ဆိုတာ နှစ်ဖက်တီးမှ မြည်တာကို နင် သတိရပါ"



"တောက်"

သူ တရကြမ်း ကားကို မောင်းထွက်လာခဲ့၏။ ရွှေတောင်ကြားလမ်းကို ရောက်တော့ မှောင်ရီပျိုးစအချိန် ဖြစ်နေလေပြီ။ ခြံဝမှာ ကားဟွန်းကို အကျယ်ကြီးတီးလိုက်၍ ဦးမြက တံခါးကို ကမန်းကတန်း ဖွင့်ပေးလေသည်။ အဖြူရောင်နှစ်ထပ်တိုက်ရှေ့ ကားရပ်လိုက်ပြီး အိမ်ရှေ့ဘာဂျာတံခါးကို တဂျိုင်းဂျိုင်း ထုလိုက်သည်။

"နေလ . . . နေလ . . . မင်း ဘယ်မှာလဲ။ ငါလာပြီလေ နေလ"

ညအမှောင်မှာ သူ့အသံက ဟိန်း၍ထွက်လာ၏။ နောက်ဖေးမှ ရွှေဝါပြေးထွက်လာပြီး သူ့ကို မျက်လုံးပြူး၍ ကြည့်နေသည်။

"ဘာလုပ်နေတာလဲ။ တံခါးဖွင့်လေ . . . ဘယ်မှာလဲ နေလ"

"စာ . . . စာကြည့်ခန်းထဲမှာပါ"

"ဖွင့် . . . မြန်မြန်"

"ဟုတ် . . . ဟုတ်ကဲ့"

ကတုန်ကယင်ဖြင့် သော့ဖွင့်ပေးလိုက်သည့် ဘာဂျာ

တံခါးကို ဘေးနှစ်ဖက် တွန်းဖွင့်လိုက်ပြီး၊ စာကြည့်ခန်းဆီ ဦးတည်
လျှောက်လှမ်းခဲ့၏။ စေ့ထားသည့် အခန်းတံခါးကို ခပ်ကြမ်းကြမ်း
တွန်းဖွင့်ဝင်လိုက်တော့ ပြတင်းဝမှာ သူ့ကို ကျောပေး၍ ရပ်နေ
သည့် နေလကိုမြင်နေရသည်။ သူ နေလဆီသွား၍ ပခုံးကို ဆွဲ
လှည့်လိုက်ပြီး မျက်နှာကို လက်သီးဖြင့် အားကုန်ထိုးချလိုက်ပါ၏
တစ်ချက် . . . နှစ်ချက် . . . သုံးချက် . . .

"ဝုန်း"

အခန်းထောင့်မှာ ဇွတ်ခနဲ လဲကျသွားရင်း နေလနှာခေါင်း
နှင့် နှုတ်ခမ်းတို့မှ သွေးတို့ ဖြာဆင်းလာ၏။ လက်ခုံဖြင့် သွေးတို့
ကို သုတ်ရင်း အလတ်မျက်နှာကို မော့ကြည့်လိုက်သည်။

"အလတ် . . . ငါ . . ."

"ဘာမှ ရှင်းမပြနဲ့။ မင်းပြောတာ ဘာတစ်ခုမှ ငါ မယုံ
တော့ဘူး။ သစ္စာဖောက်ကောင် . . . မင်းကြောင့် ငါရော ဝါလေ
ရော၊ ပပဝါ အသည်းတွေကွဲကုန်ပြီ။ အဲဒါ မင်းကြောင့် . . . မင်
စည်းမစောင့်လို့ ဖြစ်လာရတဲ့အကျိုးဆက်တွေလေ။ လူယုံသတ်
လို့ သေတယ်ဆိုတာ ငါမှ အစစ်ပဲ။ ငါ သိပ်ချစ်ရတဲ့သူငယ်ချင်းက
ငါ့နောက်ကျောကို ဓားနဲ့ထိုးလိမ့်မယ်လို့ ငါ လုံးဝမယုံရဲတာ . .



မင်း . . . မင်းမို့ လုပ်ရက်တယ် နေလရာ။ မင်းမို့ လုပ်ရက်တယ်ကွာ"

"အလတ် . . . မင်း အထင်မှားနေတာပါ။ ငါ . . . ရှင်းပြ"

"ဘာရှင်းပြမှာလဲ။ ဒီထက်ခိုင်လုံတဲ့ သက်သေပြရဦးမှာ
လား။ ဟင်း . . . ဒီမှာကြည့် . . . မင်းမြှူဆွယ်ဖြားယောင်းနေတဲ့
အရှက်မရှိတဲ့ ဓာတ်ပုံတွေ။ အဲဒီမှာ ကြည့်"

လက်ထဲမှ ဓာတ်ပုံတစ်ထပ်ကို နေလထံ ပစ်ပေါက်လိုက်၏။ စကားဝါနှင့် တွဲရိုက်ထားသည့် ဓာတ်ပုံတို့က လွင့်စင်လျက် နေရာအနှံ့ ပြန့်ကြဲကုန်သည်။ ဩော် . . . ကလေးရယ် . . .

"အလတ် . . . ထိုင်ပါဦး သူငယ်ချင်းရာ။ ငါ့စကားတွေကို သည်းခံပြီး နားထောင်ပေးပါ။ ငါ ပြောပြီးရင် မင်း ငါ့ကိုသတ်ပစ်ချင်လည်း သတ်လိုက်ပါ . . . ငါ အသေခံဝံ့ပါတယ်"

"ဝါလေး . . . ဝါလေး မရှိတော့ဘူးကွ။ ငါ့ရင်ခွင်ထဲကနေ အဝေးဆုံးကို လွင့်သွားရပြီ။ အဲဒါ . . . မင်း . . . မင်းကြောင့်"

အလတ် ထိုင်ခုံမှာ ထိုင်ချလိုက်ပြီး မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်ပါသည်။ ကိုယ့်ရင်တွေ ကွဲကုန်ပါပြီ ဝါလေးရယ်။ ကိုယ် ဘယ်လိုဖြေဆည်ရမှာလဲ။ ကိုယ် ခံစားနေရတာတွေကို မင်း သိအောင် ဘယ်လိုပြောပြရမလဲကွယ်။

"ငါ . . . စကားဝါ့ကို တကယ်ချစ်ခဲ့တာ ဝန်ခံပါတယ်"

သူ ဆတ်ခနဲ ထရပ်လိုက်ပြီး ရှေ့မှာ လာရပ်သည့် နေလကို တွန်းချလိုက်သဖြင့် နေလ ဆိုဖာခုံပေါ် လဲကျသွားပြန်သည်။

"တောက် . . . မျက်နှာပြောင်တဲ့ကောင်။ ငါ မင်းကို စိတ်ရော လူပါ ကူညီပေးခဲ့တာ ငါ့နှလုံးသားကို လုယူဖို့မဟုတ်ဘူးကွ။ မင်းလိုကောင်နဲ့ သူငယ်ချင်းဖြစ်ရတာ ငါ နစ်နာတယ်။ ဒီမှာ . . . ငါ့မျက်နှာကို သေချာကြည့်။ ငါ...ငါ့ချစ်သူအတွက် အစီအစဉ်တွေဆွဲထားတာ အားလုံးအဆင်သင့်ဖြစ်နေပြီ။ ဝါလေးအတွက် ... ဝါလေးအတွက် ငါ Dreams ကော်ဖီဆိုင်လေးဖွင့်ထားပြီးပြီ။ ငါ ပြန်လာတာနဲ့ ငါတို့နှစ်ယောက် လက်ထပ်ပြီး သာယာတဲ့ အိမ် ထောင်တစ်ခုကို ထူထောင်ဖို့ ပြင်ဆင်ထားတာ။ ခုတော့ . . . မင်းကြောင့် အကုန်ပျက်စီးကုန်ပြီကွ။ မင်းဟာ ငါ့အတွက် ငြိုဟ် ဆိုး၊ နတ်ဆိုးပဲ . . . နေလ . . . မင်းကွာ . . ."

သူ နံရံကို လက်သီးဖြင့် အခါခါ ထိုးချလိုက်သဖြင့် လက် ခုံမှ သွေးတွေဖြာထွက်လာတော့သည်။ နေလက သူ့လက်ကို ဖမ်းယူလိုက်လေ၏။

"အလတ် . . . မင်းလုပ်ချင်ရင် ငါ့ကို ကြိုက်သလိုလုပ်



ပါကွာ။ ငါ့ကို အသေသာသတ်လိုက်ပါတော့ . . . ဟုတ်ပါတယ်။ ငါမှားတာ . . . ငါမိုက်မဲခဲ့တာပါ။ ဒါပေမဲ့ ငါ ဒီနေ့အထိ စကားဝါ့ကို တစ်ခါမှ ဖွင့်မပြောရသေးပါဘူး။ ဘယ်တော့မှလဲ ဖွင့်ပြောဖြစ်မှာ မဟုတ်ပါဘူး။ အဲဒါသေချာပါတယ်"

"တောက် . . . ဒါကြောင့် ဝါလေးပြောတာကိုး။ ဦးနေလဆီမှာ မလုပ်ချင်တော့ဘူးတဲ့။ သူ့အန္တရာယ်ကို သူ ကြိုမြင်ရဲ့သားနဲ့ ကာကွယ်မပေးနိုင်ခဲ့တဲ့ ငါ . . . ငါ အသုံးမကျဘူးကွာ"

သူ့နံရံကို မျက်နှာအပ်ကာ ငိုချလိုက်ပါ၏။ ေ ႃလထံမှ တုန်ရီအက်ကွဲသည့်အသံ ထွက်ပေါ်လာပြန်သည်။

"ဘဝမှာ အမှားအယွင်းမရှိအောင် စနစ်တကျ သတိနဲ့ ရပ်တည်ရှင်သန်ခဲ့တဲ့ လူတစ်ယောက်ကို အချစ်ဆိုတဲ့အရာက အနိုင်ယူသွားခဲ့တာပါ အလတ်ရာ။ အချစ်ဆိုတာကို ငါ အယုံအကြည်မရှိခဲ့ပါဘူး။ စကားဝါနဲ့ပတ်သက်ပြီး မင်းနစ်နာမှာစိုးရိမ်လို့ ငါ တားဆီးခဲ့ဖူးပါတယ်။ ဒါပေမဲ့ . . . ဒါပေမဲ့ . . . အဲဒီအချိန်ကစပြီး စကားဝါဟာ ငါ့ရင်ထဲကို တဖြည်းဖြည်း ရောက်လာတာပါ။ ငါ ဆင်ခြင်ပါတယ် အလတ်ရယ်။ ငါ့စိတ်ကို ငါ အတတ်နိုင်ဆုံး ချုန်းအုပ်ထိန်းချုပ်ပေမယ့် ငါ မနိုင်ခဲ့ဘူး။ ငါ့ရင်ထဲကအကြောင်း

တွေကို ဖေဖေ သိသွားတော့ ငါ့ကို တားဆီးဆုံးမတယ်။ ငါ ဖေဖေ
စကားကို နားထောင်ပါတယ်။ မင်းနဲ့စကားဝါတို့ အပြန်အလှ
ထားရှိတဲ့ ချစ်ခြင်းတွေကို သိနေခဲ့လို့ ဘယ်သောအခါမှ ဖွင့်မပြော
ဖြစ်ဖို့ ငါ ဆုံးဖြတ်ခဲ့တာပါ။ အချစ်ဆိုတာ ခက်သားလား အလတ်
သူ့အလိုလို ဖြစ်တည်လာတဲ့ ချစ်ခြင်းတွေနဲ့ ချစ်သူကို ပိုင်ဆိုင်ခွ
မရဘဲ အရိပ်တကြည့်ကြည့် ကြည့်နေရရုံလေးနဲ့ ငါ ကျေနပ်နေ
တာပါ။ သူ့အတွက်ဆို ဘာကိုပဲပေးဆပ်ရ ပေးဆပ်ရ ငါပေး
အသင့်ပါပဲ။ ခံစားချက်ကို ဦးစားပေး မိုက်မဲချင်နေတဲ့ ငါ့ကို ဖေဖေ
ဆုံးမလို့မရမှန်းသိတော့ စကားဝါနဲ့ဆုံတွေ့ခဲ့တယ်။ ငါနဲ့မပတ်
သက်ဖို့ တားခဲ့တယ်။ ငါနဲ့အဝေးဆုံးမှာနေဖို့ အမိန့်ချခဲ့တယ်။ သာ
အပေါ်မှာထားရှိတဲ့ အကျွတွေနဲ့ စကားဝါ့ကို ဟောဒီအိမ်ဆွဲထဲက
ငွေတွေရယ်၊ ဟောဒီရတနာတွေရယ် ပေးပြီး ပြောခဲ့တာပါကွာ
အေး . . . စကားဝါဟာ မင်းအပေါ်မှာ သိပ်ကို သစ္စာရှိတဲ့မိန်းကလေ
တစ်ယောက်ပါ။ သူ့သိက္ခာကို အပွန်းအပဲ့မခံပါဘူး။ ငါနဲ့ ဘယ
တော့မှ မပတ်သက်စေရပါဘူးလို့ ကတိပေးပြီး ဒီအရာတွေအ
လုံးကို ထားခဲ့ပါတယ်။ သူ့ကို နစ်နာစေတဲ့စကားတွေနဲ့ ပြော
တဲ့ ဖေဖေ့ကို ဦးသုံးကြိမ်ချပေးတဲ့အထိ သူ့ရဲ့မွန်မြတ်တဲ့ စိတ်န



ကို သိစေခဲ့ပါတယ်။ အဲဒီမှာ ဖေဖေ ရင်ကွဲခဲ့ရတာပဲ။ သူ ဒီလောက်
ခံစားနေရတဲ့ကြားက ဖေဖေ့ကို ပြုစုပေးခဲ့တယ်။ ငါ့ဆီကို ဖုန်းခေါ်
ပေးခဲ့ပါသေးတယ်။ မင်း စဉ်းစားကြည့်ပါအလတ် . . . ဒီကိစ္စတွေ
ငါ ဘာမှမသိခဲ့ပါဘူး။ ငါတို့ရဲ့ ပြဿနာကို ဖေဖေပဲ အသိဆုံးပါ။
ဖေဖေ မဆုံးခင် ငါ့ကို အားလုံးရှင်းပြသွားခဲ့ပါတယ်။ စကားဝါ့ကို
တောင်းပန်ပေးပါလို့ တဖွဖွမှာခဲ့ပေမယ့် အဲဒီအခွင့်အရေးကို ငါ
မရတော့ဘူး။ စကားဝါ ပြန်ပါမလာဘဲ ငါ ပြန်ရောက်ခဲ့တော့
နောက်ကြောင်းမအေးတဲ့ မျက်နှာနဲ့ ဖေဖေ နှလုံးရပ်ပြီး ဆုံးခဲ့
တယ်။ ကဲ . . . အဓိကက ဘယ်သူအပြစ်လဲ။ ဒီကိစ္စတွေဟာ ဖေဖေ့
ကြောင့် ဖြစ်လာခဲ့တာ မှန်ပေမယ့် ရေသောက်မြစ်က ငါက စခဲ့
တာလေ။ ဖေဖေ့ကို ငါ အပြစ်မတင်ရက်ဘူး။ ဖေဖေ့နောက်ဆုံး
ဆန္ဒကို ဖြည့်ဆည်းပေးဖို့ ငါ စကားဝါ့ကို နေ့ခန့်ညည ရှာနေခဲ့တာ
ခုချိန်ထိပဲ။ သတင်းစာထဲကနေ ဆင့်ခေါ်နေတာလည်း ဒီရက်
အထိပဲ။ ဖေဖေ သူ့အတွက် စာချုပ်စာတမ်းနဲ့ ထားပေးခဲ့တာတွေ၊
အနူးအညွတ် တောင်းပန်ခဲ့တာတွေကို ဒီနေ့အထိ ငါ ဘာမှ လုပ်
ခွင့် ပြောခွင့် မရသေးဘူး။ ငါ တကယ့်ကိုကြေကွဲခံစားနေရတာ
ပါ။ ငါ့ထက် . . . ငါ့ထက် ပိုပြီးနစ်နစ်နဲနဲခံစားနေရမယ့် ကလေးရဲ့

နှလုံးသားကို . . . ငါ . . .”

“ဝါလေးဟာ အင်မတန်စိတ်ထားဖြူစင်တဲ့ မိန်းကလေး
ပါ။ သူ့အပေါ် အမြင်မကြည်လင်ပေမယ့် မင်းကို အသက်မဆုံးရှုံး
အောင် အချိန်မီ ဆေးခန်းကိုတောင် ပို့ပေးခဲ့တာပါကွာ”

“ငါ သိပါတယ် . . . ငါ သိခဲ့ပါတယ်။ အဲ့ဒီနေ့ကစပြီး ဝါ
သူ့ကို ချစ်နေပြီဆိုတာ သေချာခဲ့တာပါ။ ဒါကို သိရဲ့သားနဲ့ ဖေဖေ
ဘာကြောင့်လုပ်ခဲ့သလိုဆိုတာ ငါ နားမလည်နိုင်တော့ပါဘူး”

အခန်းထဲမှာ တိတ်ဆိတ်ငြိမ်သက်သွားတော့သည်
နေလနှင့် သူ မျက်နှာချင်းဆိုင်ထိုင်နေစဉ် နေလက လက်ထဲမှ
ဆုပ်ကိုင်ထားသည့် ဆံထိုးလေးကို လက်ဝါးထဲမှာ ဖြန့်ကြည့်
ရင်း မျက်ရည်တွေကျ ကျနေ၏။ ဩော် . . . မိန်းကလေးတ
ယောက်ကိုမှ ပြိုင်ချစ်ခဲ့တဲ့ ချစ်ခြင်းတွေဟာ မပိုသာတော
မလျော့ပါဘူးဆိုတာကို ယုံကြည်လိုက်ရပါတော့သည်။

“ငါ . . . မင်းကို တောင်းပန်ပါတယ် နေလ။ မင်း ငါ့
ပြန်ထိုးချင် ထိုးလိုက်ပါ”

“မလုပ်ပါနဲ့ အလတ်ရာ။ ငါ့အပြစ်က ဒီထက်မက ကြ
တာပါကွာ။ ငါ . . . ငါလေ . . . ကလေးကို အိပ်မက်တွေထဲ



မကြာခဏ ဆုံဆည်းခွင့်ရခဲ့တာ ကြာပါပြီ။ အပြင်မှာ လူချင်းတွေ့
နေပေမယ့် ဖွင့်ပြောခွင့်မရှိခဲ့လို့ အိပ်မက်တွေထဲမှာပဲ ငါ ပျော်ရွှင်
ခွင့်ရနေခဲ့တာ။ ငါ့ခံစားချက်တွေကို ဘယ်သူ့ကိုမှ ဖွင့်မပြောဘဲ
တစ်ယောက်တည်း မျိုသိပ်ပြီး ဖုံးကွယ်ထားရတာတွေကို ငါက
လွဲလို့ ဘယ်သူမှ မသိနိုင်ပါဘူးကွာ”

“ငါတို့ ဝါလေးကို မတွေ့တွေ့အောင် ရှာကြမယ် နေလ။
တကယ်လို့ တွေ့ခဲ့ရင် ဝါလေးဆုံးဖြတ်တာကိုပဲ ငါတို့ လက်ခံမယ်။
အဲဒီအခါ တစ်ယောက်က ကျေကျေနပ်နပ်နဲ့ နောက်ဆုတ်ပေး
ရမယ်။ ဒါကို မင်းသဘောတူပါ နေလ”

“အလတ် . . . မင်းနဲ့စကားဝါက တရားဝင်ချစ်သူတွေပါ။
ငါ . . . မင်းတို့နှစ်ယောက်ကြားကို ဘယ်တော့မှ မဝင်တော့ပါဘူး။
ငါ . . . ငါ . . . နောက်ဆုတ်ပေးမှာပါ”

“မင်း ထင်ထားသလား နေလ။ ဝါလေး ငါ့ကို ခေါင်းညိတ်
ခဲ့တာ ယုံကြည်အားကိုးလိုစိတ်တစ်ခုတည်းနဲ့ပါပဲ။ ဒီနေ့အထိ ငါ့
ကို ချစ်ပါတယ်လို့ သူ တစ်ခါမှ မပြောခဲ့ဖူးဘူး။ ဝါလေးရင်ထဲမှာ
ဘယ်သူရှိနေသလဲဆိုတာကို သိအောင် လုပ်ရမယ်။ အဲဒါ အရေး
ကြီးဆုံးပဲ”

"အလတ် . . . ငါ . . ."

သူ ထိုင်နေရာမှ ထရပ်လိုက်ပြီး သူငယ်ချင်းဖြစ်သူကို တင်းကျပ်စွာ ပွေ့ဖက်လိုက်သည်။ ဩော် . . . နေလခများ အဖေကလည်း ကွယ်လွန်၊ ချစ်သူကလည်း ပျောက်ဆုံး၊ ဒီကြားထဲ သူက ဒေါသမွှန်ထူပြီး ကိုယ်ထိလက်ရောက် ထိုးကျိတ်တာတွေကိုလည်း ကျိတ်မှိတ်သည်းခံနေရရှာတာလေ။

"အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးဝဲ့ နေလရဲ့။ တို့နှစ်ယောက် စစ်တိုက်ပြီးမှ ဝါလေးကို လုကြကာမှ မဟုတ်ဘဲ။ တရားသောနည်းလမ်းနဲ့ ဆုံးဖြတ်ကြမှာပါ။ အဓိကက ဝါလေး ဆုံးဖြတ်ချက် မှန်ကန်ဖို့ပါပဲ။ ဒီနေရာမှာ သူ့ရင်ထဲက အစစ်အမှန်ကို ငါတို့ သေချာသိဖို့လိုတယ်။ သူ ဆုံးဖြတ်ချက် မှားယွင်းပြီး တစ်သက်လုံး နောင်တတွေရနေမှာကို မလိုလားဘူး။ ကံကြမ္မာက ဝါလေးနဲ့ ငါတို့ကို တစ်ချိန်မှာတော့ ပြန်ဆုံဆည်းခွင့်ပေးမှာပါကွာ။ သေသောသူ ကြာရင်မေ့၊ ပျောက်သောသူ ရှာရင်တွေ့တဲ့။ လောလောဆယ်သူ အပုန်းကောင်းတုန်း လုံအောင်ပုန်းနေပါစေ။ ဘယ်အချိန်ထိသူ ပုန်းနိုင်မှာတဲ့လဲ။ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါကွာ"

"ငါ . . . ငါ . . . ဝမ်းသာလိုက်တာ အလတ်ရာ . . .



တကယ်ပါ"

သူငယ်ချင်းနှစ်ဦး တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ပွေ့ဖိုက်ထားမိကြ၏။ မြဲမြံစွာ ဆုပ်ကိုင်ထားသည့် လက်တို့ဟာ ဘယ်တော့မှ ဖြုတ်ပစ်မှာ မဟုတ်ဘူးဆိုတာ ဝါလေး တစ်နေ့ သိလာမှာပါလေ။

× × ×

သဲပြေပန်းခက်လေးများကို ယပ်တောင်လေးသဖွယ် ကားကားလေးဖြစ်အောင် စည်းလိုက်၏။ နီးကြောမျှင်မျှင်လေး များမှာ စပယ်ပွင့်တွေကို တစ်ပွင့်ချင်း စိတ်ရှည်လက်ရှည် သီကာ သပြေရွက်များကြားမှာ အလှပဆုံးဖြစ်အောင် ညှပ်ထည့်လိုက် တော့ အစိမ်းအရွက်ခံမှာ ဖွေးဖွေးဖြူနေသည့် ပန်းစည်းလေး တစ်ခု ဖြစ်သွားပါသည်။ ပန်းစည်းကို ရေပုံးထဲ အသာထည့် ထောင်ထားလိုက်ပြီး လုံချည်အနက်ပြောင်နှင့် ရှပ်အင်္ကျီလက် ရှည်အနက်ကွက်ကျားကို ဝတ်လိုက်၏။ သနပ်ခါးပါးကွက်ကို ခပ် ထူထူကြီး လိမ်းလိုက်တော့ မျက်နှာမှာ သနပ်ခါးထူလဗျစ်နှင့် ကောက်စိုက်သမပုံစံလေး ဖြစ်သွားတော့သည်။ ကျစ်ဆံမြီးတစ် ချောင်းတည်း ကျစ်ထားသည့် ဆံပင်ကို ခွေလိပ်၍ ဆံညှပ်ဖြင့်

ခေါက်တင်ကာ နီးကြောခမောက်ကားကားကို မေးကြိုးသိုင်း၍ ဆောင်းလိုက်ပါသည်။ ညကတည်းက ရေးထားသည့် ကတ်ထူပြားကို ပန်းစည်းကြားမှာ ညှပ်လိုက်ပြီး အကြမ်းစီး ညှပ်ဖိနပ်ကို ဝတ်လိုက်၏။

"မေမေ ... သမီး အပြင်ခဏသွားဦးမယ်နော်။ ပြန်လာမှ ပန်းတွေလိုက်ပို့ပါ့မယ်"

"ဟဲ့ ... သမီးရယ် ... တော်ကြာဈေးနောက်ကျနေဦးမယ်"

"ဈေးက ဖောက်သည်တွေကို ညကတည်းက ပို့ပြီးပါပြီ မေမေရဲ့။ ဒီမနက်က ရပ်ကွက်ထဲက အိမ်တွေကို လိုက်ပို့ဖို့ပဲ ကျန်တာပါ။ နေမထွက်ခင် သမီးပြန်ရောက်မှာပါ မေမေ။ ကားနဲ့ အသွားအပြန် ဘာမှ မကြာပါဘူး"

"အပြင်မှာ အလင်းမှုန်နေတုန်း သမီးရယ်"

"ကားသမားတွေက သမီးကို သိပါတယ် မေမေရဲ့။ စိတ်မပူပါနဲ့။ သမီးသွားပြီနော်"

"အေး ... အေး"

သူမ လမ်းထိပ်ဘက် ခပ်သုတ်သုတ်လေး ထွက်လာ



တော့ လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာ ထိုင်သောက်နေသည့် ဦးလေးထွန်းကို တွေ့လိုက်ရ၏။

"ဟဲ့ ... မိဝါ ... စောလှချည်လား"

"ဝါလေး ခရေပင်လမ်းခွဲသွားမလို့ ဦးလေးထွန်းရဲ့။ ကားထွက်တော့မှာလား"

"အေး ... ငါ့ကား ကုန်ပြည့်နေပြီဟ။ ထွက်တော့မှာပေါ့။ ညည်းက အဲဒီကို ဘာသွားလုပ်မှာတုံး"

"ဝါလေးရဲ့ ဘဘအုတ်ဂူကို သွားကန်တော့မလို့ပါ ဦးလေးထွန်းရဲ့။ နေမထွက်မီ ဒီကို အမြန်ပြန်လာရမှာ။ ပန်းတွေပို့ဖို့ ကျန်သေးတယ်"

"အေး ... ငါ မင်္ဂလာဒုံဈေးပြီးရင် မြောက်ဥက္ကလာဈေးပို့ရမှာ။ လမ်းကြုံတာပဲ။ အပြန်တောင် ညည်းကို ဝင်ခေါ်လို့ရတယ်။ ကဲ ... ကဲ ... ငါတို့သွားကြစို့။ ဟေ့ ... ဖိုးစိန် မြန်မြန်ဟေ့။ လာ သမီး ... ရှေ့ခန်းကပဲ ထိုင်လိုက်ခဲ့"

"ဟုတ်ကဲ့ပါ ဦးလေးထွန်း"

နှင်းမှုန်မှုန်အောက်မှာ ကားလေး မောင်းထွက်လာခဲ့၏။

မင်္ဂလာဒုံဈေး တအောင့်ရပ်ပြီး ခရေပင်လမ်းခွဲသို့ ချိုးခဲ့လျက်

သုသာန်ရှေ့မှာ ကားရပ်သွား၏။ သူမ ကားပေါ်မှ ဆင်းလိုက်ပါသည်။

"အပြန် ငါ့ကားပဲ စောင့်စီးနော် မိဝါ။ သိပ်မကြာဘူး။ တအောင့်ပဲ ငါ ပြန်ရောက်မှာ"

"ဟုတ်ကဲ့"

ကားလေး မောင်းထွက်သွားတော့ သုသာန်ထဲသို့ သူမ ဝင်လာခဲ့၏။ လူအချို့ဂူတွေကို လှည်းကျင်းနေသည်ကို တွေ့ရသည်။ သူမ ခမောက်ကို ရှေ့ဘက်ခပ်ငိုက်ငိုက် စောင်းပြီး ဂူအသစ်များရှိရာဘက် လျှောက်ခဲ့၏။ နှင်းတို့က တဖွဲဖွဲကျလာလေသည်။

ဦးနေရောင်

အသက် (၆၅) နှစ်

(၁၇.၁၀.၂၀၀၄) ရက်တွင် ကွယ်လွန်သည်။

ဖေဖေ ကောင်းရာသုဂတိလားပါစေ။

အဖြူရောင် အုတ်ဂူရှေ့မှာ သူမ ခဏရပ်ကြည့်နေမိ၏။ အင်္ကျီအိတ်ကပ်ထဲမှ ချွေးသုတ်ပဝါလေးကို နှိုက်ယူ၍ အုတ်ဂူပေါ်



တင်နေသည့် ဖုန်မှုန့်များနှင့် နှင်းမှုန်စက်တို့ကို သုတ်သင် ဖယ်ရှားလိုက်ပါသည်။ ပန်းစည်းလေးကို ခေါင်းရင်းနေရာ၌ အသာထောင်တင်လိုက်၏။ ဖယောင်းတိုင် သုံးတိုင်နှင့် အမွှေးတိုင် သုံးတိုင်ကို ခြေရင်းမှာ အစီအရီ မီးထွန်းညှိလိုက်ပါသည်။ အုတ်ဂူပတ်လည်၌ ကြွေကျနေသည့် သစ်ရွက်ခြောက်များကို တစ်ရွက်ချင်း ကောက်၍ ဖယ်ကာ သန့်ရှင်းစေလိုက်၏။ အုတ်ဂူခြေရင်းမှာ ကျိုးနွံစွာထိုင်၍ ဦးသုံးကြိမ်ချလျက် ကန်တော့လိုက်ပါသည်။

"သမီးကို ခွင့်လွှတ်ပေးပါ ဘဘရယ်။ သမီးကြောင့် ဘဘ ဆုံးပါးခဲ့ရတာမို့ သမီး ရင်ထဲမှာ ဝမ်းနည်းကြေကွဲရပါတယ်။ နောင်ဘဝဆက်တိုင်း ဆက်တိုင်း ဒီလိုဝေဒနာမျိုး ဒီလိုသေခြင်းမျိုးက ကင်းဝေးပြီး မြင့်မြတ်သော ဘုံဘဝမှာ ကိုယ်စိတ်နှစ်ပါးချမ်းသာစွာနဲ့ ရှင်သန်ရပ်တည်နိုင်ပါစေလို့ သမီး ဆုတောင်းပေးပါတယ်"

သူမ ထိုင်နေရာမှ အသာထရပ်လိုက်ပါ၏။ အုတ်ဂူဖြူဖြူကို ခဏမျှ စိုက်ကြည့်လိုက်ပြီး သချိုင်းထဲမှ တစ်လှမ်းချင်းထွက်လာခဲ့ပါသည်။ သချိုင်းဝမှာ ခဏရပ်စောင့်စဉ် ဦးလေးထွန်းကား ရောက်လာ၍ သူမ ရှေ့ခန်းမှာ ဝင်ထိုင်လိုက်ပါ၏။

သုသာန်ရှေ့မှာ ကားနှစ်စင်း ပြိုင်တူရပ်သွားပါ၏။ ကား
ပေါ်မှ လူငယ်တစ်ဦးစီဆင်းကာ သချိုင်းထဲ ဝင်လာခဲ့သည်။ အုတ်ဂူ
ခြေရင်းမှာ ထွန်းညှိထားသည့် ဖယောင်းတိုင်နှင့် အမွှေးတိုင်တို့
က အငွေ့တလူလူ၊ အုတ်ဂူပေါ်တင်ထားသည့် ပန်းစည်းမှ စံပယ်
ပန်းတို့၏ ရနံ့က ဝန်းကျင်တစ်ဝိုက် ပျံ့နှံ့မွှေးကြိုင်လျက်။ သူတို့
နှစ်ဦးစလုံး ပန်းစည်းရှိရာဆီ ပြိုင်တူလှမ်းလာခဲ့ကြသည်။

"ဘဘ . . .

မြင့်မြတ်သော ဘုံဘဝမှာ ပျော်ရွှင်နိုင်ပါစေ။

သမီး စကားဝါ . . ."

"ဝါလေး . . . ဝါလေး . . . လာသွားတာပါလား"

နေလ လက်ထဲမှာကိုင်ထားသည့် ပန်းခြင်းကို ဂူပေါ်
တင်လိုက်ရင်း ရင်နင့်အောင် ခံစားလိုက်ရသည်။ ဂူဘေးမှာ ဒူး
ထောက်ထိုင်ချလျက် ဂူကို ခေါင်းမှီထားရင်း မျက်ရည်ကျလာ
တော့၏။ ဩော် . . . ကလေးရယ် မင်းအပေါ်မှာ မကောင်းခဲ့တဲ့
ဖေဖေ့ကို မမေ့နိုင်သေးဘဲ အမှတ်တရရှိနေပြီး စေတနာတွေ
ထားနေတုန်းပါလားကွယ်။

သူ လက်ထဲမှ နှင်းဆီပန်းစည်းကို ဝါလေးပန်းစည်းဘေး



မှာ ယှဉ်လျက် ချထားလိုက်ပါသည်။ အနီရဲရဲ နှင်းဆီတို့နှင့်အပြိုင်
ဖွေးဖွေးဖြူနေသည့် စံပယ်ပန်းတို့၏ ရနံ့က ဖုံးလွှမ်းလျက်။ ဩော်
ဝါလေးရယ် . . . ကိုယ့်ကိုတော့ မေ့ပစ်မယ်ဆိုပြီး အနက်ကယ့်ကို
မင်း မမေ့နိုင်တာ ဘာကြောင့်များလဲကွယ်။

"သူ . . . ဒီရန်ကုန်မှာပဲ ရှိနေတာ အမှန်ပေါ့"

"ဟုတ်တယ် နေလ . . . ငါတို့မကြာခင် ပြန်ဆုံတွေ့ကြ
မှာပါ။ မင်း သိပ်စိုးရိမ်မနေပါနဲ့"

နေလက ဖေဖေ့အုတ်ဂူကို ကန်တော့လိုက်ပါသည်။
နှင်းမှုံတို့နှင့်အပြိုင် အမြင်တွေ မှုန်ဝါးနေတော့သည်။

"မြန်ကြစို့ နေလ။ မင်း အအိပ်အစားမှန်အောင် ဂရု
စိုက်ဦးမှဖြစ်မှာ။ လူက တဖြည်းဖြည်းကျနေပြီ။ အစာအိမ်ဆေးတွေ
ရော မှန်မှန်သောက်ရဲ့လား"

"မြန်မြန်သေ မြန်မြန်အေးတာပေါ့ အလတ်ရယ် . . .ငါ
အသက်ရှင်နေလို့လည်း ဘာမှထူးလာတော့မှာမှ မဟုတ်ဘဲ။
ဒါပေမဲ့ . . . ငါ မသေမီလေးတော့ ကလေးရဲ့မျက်နှာလေးကို ခဏ
လေးဖြစ်ဖြစ် မြင်တွေ့သွားချင်ပါတယ်။ ကလေးရဲ့နုနယ်တဲ့ လက်
ဖဝါးလေးကိုဆုပ်ကိုင်ပြီး ငါအသက်ထွက်ချင်ပါတယ်။ ငါ့အတွ

တွေ သိပ်ကြီးနေပြီလား။ ဘယ်တော့မှ ဆုံဆည်းခွင့် မရတော့
တဲ့အဆုံးမှာ အဲဒီအခွင့်အရေးလေးကိုတော့ ငါရချင်ပါတယ်"

သူ နေလကို လက်မောင်းမှ ဆွဲထူလိုက်ပါ၏။
အားပျော့သော အနေအထားဖြင့် နေလ အသာတကြည် ထရပ်
လိုက်ပါသည်။ နေလ . . . သူငယ်ချင်းဖြစ်သူ၏ ပခုံးထက်မှာ မှီ၍
မျက်ရည်ကျလာပြန်၏။ ယောကျ်ားဆိုတာ မျက်ရည်မကျရဘူး
တဲ့။ ဒါပေမဲ့ ငါ ငိုပါရစေ အလက်ရယ် . . . အရှုံးသမားတစ်ယောက်
အနေနဲ့ မဓသခင် တဝကြီး ငိုကြွေးသွားပါရစေ။

အလတ် နေလပခုံးကို အသာပွတ်သပ်လိုက်ပြီး ဖက်၍
ခေါ်လာခဲ့ပါ၏။ နေလကို ကားတံခါးဖွင့်ပေး၍ တက်စေပြီးမှ
သူ့ကားပေါ် သူတက်ခဲ့သည်။ နေလကားရှေ့မှ မောင်းထွက်ပြီးမှ
သူကအနောက်မှ ခပ်ဖြည်းဖြည်းမောင်း၍ လိုက်ခဲ့၏။ ဒီပုံစံအတိုင်း
ဆိုပါက နေလကော့ လုံးပါးပါးတော့မည်။ သူ့ Hand Phone ကို
ဖွင့်လိုက်၏။

"တူတူ . . . တူတူ"

"ဟယ်လို . . . အလတ်လား"

"ဟုတ်တယ် ပပ . . . နင် အားလား"



"အေး . . . ငါ ဒီနေ့ Off မို့ အခုမှ အိပ်ရာထတယ်"

"နင် . . . နေလကို ခွင့်လွှတ်နိုင်ပြီလား"

"နင်တောင်မှ နားလည်ပေးနိုင်တာ။ ငါက အနေသာ
ကြီးပါဟယ် . . . ငါတို့ တွေ သူငယ်ချင်းတွေပါပဲ"

"နေလ အခြေအနေ မမှန်ဘူးဟာ။ အဲဒါ နင်လာခဲ့ဦး။
ငါသူ့ကိုအိမ်အထိ ပြန်လိုက်ပို့ရဦးမယ်"

ပပ့ထံမှ သက်ပြင်းချသံသဲ့သဲ့ကို ကြားလိုက်ရ၏။

"အေးလေ . . . ငါ အခုပဲလာခဲ့မယ်။ ဒါပဲမဟုဂ်လား"

"အေး"

သူ ဖုန်းပိတ်လိုက်ပြီး နေလကားနောက်မှ တစိုက်မတ်
မတ် လိုက်လာခဲ့ပါ၏။ နေလက ခြံထဲ ကားထိုးရပ်ကာ ဒယိမ်း
ဒယိုင်ဖြင့် အိပ်ခန်းရှိရာ အပေါ်ထပ်သို့ ဆက်တက်သွားသဖြင့်
သူ့ အနောက်မှ လိုက်တက်လာခဲ့သည်။ ခုတင်ပေါ် ကန့်လန့်လှဲ
ချလိုက်ပြီး မျက်လုံးကို မှိတ်ထားလိုက်၏။ နေလ အခန်းထဲသို့
အဝင် နံရံမှာကပ်ထားသည့် နံရံကပ်ပုံများကို သူ တအံ့တဩ
မြင်လိုက်ရသည်။ ဩော် . . . နေလရယ် . . . မင်း ဝါလေးအပေါ်
မှာ အတော့်ကို ချစ်ရှာတာပါလား။ မျက်စိမှိတ်ထားလျက်မှ နေလ

ကျုံးအော်လိုက်၏။

"ရွှေဝါ . . . ရွှေဝါ"

"ရှင် . . . အစ်ကိုကြီး"

"ဘီရိုထဲက ပုလင်းနဲ့ဖန်ခွက် ယူလာခဲ့"

"မယူခဲ့နဲ့ ရွှေဝါ . . . နောက်ဖေးမှာ လုပ်စရာရှိတာသွားလုပ်"

"ဟုတ် . . . ဟုတ်ကဲ့ . . . အစ်ကို"

"ရွှေဝါ...နင် ငါ့အလုပ်သမားလား...သူ့အလုပ်သမားလား"

"ဟို . . . အစ်ကို . . . အစ်ကိုကြီး အလုပ်သမားပါ"

ခုတင်ပေါ်မှ ပေါက်ခနဲထထိုင်၍ အော်လိုက်တော့ သူပြုံးလိုက်မိသည်။ တော်တော် ခေါင်းမာတဲ့ ကောင်ပါလား။

"အေး . . . အဲဒါဆို ငါခိုင်းတာလုပ်"

"နင် ယူလာရင် အဲဒီပုလင်းနဲ့ နင့်ခေါင်းကို ငါရိုက်ခွဲမှာနော်။ မလုပ်ရဲဘူးမထင်နဲ့ . . . နင် ငါ့အကြောင်းသိတယ် မဟုတ်လား ရွှေဝါ"

"ဟုတ်ကဲ့"



"ဒါဆို သွားတော့"

"ဟေ့ကောင် အလတ် . . . မင်းဘာဖြစ်လို့ ငါ့ကို နှောင့်ယှက်နေတာလဲကွ"

"ငါ နှောင့်ယှက်တာ မဟုတ်ဘူး . . . ထိန်းမတ်နေတာ။ ဖအေမရှိတာနဲ့ မင်းက လုပ်ချင်ရာလုပ် ဖြစ်ချင်ရာ ဖြစ်နေလို့ရမလား။ အခုဆို ငါ့မှာ ဟိုတယ်မှာပဲ အချိန်ကုန်နေတယ်။ ကော်ဖီဆိုင်နဲ့ ဝပ်ရှော့ကိုတောင် တစ်လတစ်ခါတောင် အနိုင်နိုင်သွားနေရတယ်။ ချောင်းသာကရော၊ မန္တလေးကရော၊ ပုဂံက ဟိုတယ်ကိစ္စတွေပါ အကုန်ဖုန်းနဲ့ရှင်းနေရတာ ဘယ်နှစ်လရှိနေပြီလဲ။ မင်း ဒီအတိုင်း နေချင်သလိုနေနေတာ ဘယ်တော့ရပ်မှာလဲ"

"မသိဘူး . . . ဘာမှ လာမပြောနဲ့ . . . မင်း မကျေနပ်ရင် ငါ့ဆီ မလာနဲ့ပေါ့ကွ။ နားအေးပါးအေးနေချင်တာ လိုက်မရှုပ်နဲ့။ မင်း ဘာမှမလုပ်ချင်ရင် ပစ်ထားလိုက် . . . ဟိုတယ်တွေလည်း အကုန်ပြန်ရောင်းလိုက်တော့မယ် . . . အေးရော"

"ပြီးစလွယ် မပြောနဲ့ကွ . . . မင်း လုပ်ချင်သလို လုပ်လိုက်ရင် ဝန်ထမ်းတွေ အကုန်ဒုက္ခရောက်ကုန်မှာဇပါ့။ ဦးနှောက်ထဲ ဘာမှမရှိဘူး . . . စိတ်ထင်ရာတွေ လျှောက်လုပ် လျှောက်ပြော"

"ဟာ . . . နားညည်းတယ်ကွာ . . . အရက် ဘယ်မှာလဲ ရွှေဝါ"

"မသောက်ရဘူး . . . ဒါပဲ"

"ငါ့ဟာငါသောက်တော့ ဘာဖြစ်လဲကွာ . . . မင်းပိုက်ဆံ နဲ့ ဝယ်ထားတာမဟုတ်ဘူး ဟော့ကောင် . . . မင်းထွက်သွား . . . ငါနဲ့ မပတ်သက်နဲ့တော့ . . . ငါသေလည်း မင်း မလာနဲ့ . . . မင်း သေလည်း ငါမလာဘူးကွ . . . သွားတော့"

"အဲဒါ . . . မင်း . . . ဝါလေးစကားနားထောင်တာလား"

နေလ ငူငိုင်ငိုင်ကြီး ထိုင်ချလိုက်ပြီး နံရံထက်ရှိ ပုံတို့ကို အငေးသား စိုက်ကြည့်နေ၏။ သူက မတ်တတ်ရပ်လျက် လက် ပိုက်ကာ နေလကို အသာကြည့်နေပါသည်။

"ဝါလေးက မင်းနဲ့ငါ့ကို ဘယ်တော့မှ စိတ်ဝမ်းမကွဲရဘူး၊ လက်တွဲမဖြုတ်ရဘူးလို့ မှာထားတာလေ . . . မင်း မေ့လိုက်ပြီလား မင်း ဝါလေးကိုချစ်တာ ဘာချစ်တာလဲ"

"အဲဒီလို မပြောပါနဲ့ကွာ . . . ငါ . . . ကလေးကို အသက် လောက်ချစ်တာ . . . ငါ့အသက်ထက်တောင် ပိုပြီးချစ်တာ . . . မင်း မသိနိုင်ပါဘူး"



နေလ ခေါင်းကိုငုံ့ကာ ဒူးပေါ်လက်ထောက်လျက် လက်ဝါးထဲသို့ မျက်နှာအပ်ကာ ငြိမ်ကျသွားပါ၏။

"အေး . . . အဲဒါကြောင့် မင်းအသက်ကို မြန်မြန် တို အောင် လုပ်နေတာပေါ့ . . . ဟုတ်လား . . . မင်းလုပ်နေတာ ဝါလေးကို သတ်သလိုဖြစ်နေတာ မင်း မစဉ်းစားမိဘူးလား နေလ ရဲ့"

"အလတ် . . . ငါ . . . ငါ"

အခန်းဝမှာ အတန်ကြာရပ်ကြည့်နေရင်း ပပ စိတ် မရှည်တော့ သင်းတို့နှစ်ယောက်ပြောစကားက ဒီနေ့ ပြီးနိုင်ပါ့ မလား။

"ဟဲ့ . . . ငါ ရောက်နေတာကြာပြီ . . . နင်တို့ ရင်ဖွင့်ပွဲက ဒီနေ့အဖို့ ပြီးဦးမှာလား"

အာမေဋိတ်သံပြိုင်တူဖြင့် နှစ်ဦးသား အခန်းဝသို့ လှည့် ကြည့်လိုက်ကြသည်။ ပပက ခပ်သွက်သွက်ခြေလှမ်းဖြင့် အခန်း တွင်းဝင်လာရင်း နေလရှေ့ရှိခုံမှာ ဝင်ထိုင်လိုက်ပါ၏။

"အမလေး . . . ဒါနေလတဲ့လား . . . ဘုရားစူးရပါစေရဲ့ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးတွေနဲ့ ချဉ်စုပ်စုပ် ညှင်းသိုးသိုးပုံစံက

ငါတို့နေလတဲ့လား အလတ်ရယ် . . . ဟင် . . . ငါ စံပြုသတ်မှတ်ထားတဲ့ နေလက ဒီပုံစံဖြစ်နေပါရောလား . . . အံ့ရောဟယ်"

"အေး . . . အဲဒါ နင့် အမြင်ပဲ ပပရေ . . . ဒီကောင် အရက်စွဲနေပြီ။ အခုလည်း ပုလင်းယူခိုင်းနေတာ မရလို့ ဂျစ်နေလေရဲ့"

"အဓိပ္ပာယ် မရှိတာ"

နေလက ပပထံမှ မျက်နှာလွှဲလိုက်ပြီး သူ့ကို ဂျစ်ကန်ကန် ကြည့်လိုက်သဖြင့် သူ သဘောတကျ ရယ်လိုက်မိသည်။ တကယ့်ကောင် . . . ကိုယ်လုပ်နေတာ အသက်အရွယ်နဲ့မလိုက် ကလေးဆိုးကြီးပုံစံဖြစ်နေတာတောင် ရှက်ရကောင်းမှန်း မသိ။

"မင်း . . . ပပကို ခေါ်လိုက်တာလား"

"ဒါပေါ့ . . . ပြေးကြည့်မှ ဒီသူငယ်ချင်းသုံးယောက်ပဲ ရှိတာ။ သူမသိဘဲ ငါ ဘာမှမလုပ်ဘူး။ ဒါမှ သွေးသောက်မောင်နှမပီသမှာပေါ့"

"အေးလေ . . . ဟုတ်တာပဲ"

"ကျွတ် . . . ရှုပ်လိုက်တာကွာ"

"အမယ် . . . ငါ့ကိုများ ရှုပ်လိုက်တာတဲ့။ ရှုပ်သင့်ရင် ရှုပ်ရမှာပေါ့ နေလရဲ့။ နင် ဖြစ်ချင်တိုင်း ဖြစ်နေတာ ငါက လက်ပိုက်



ကြည့်နေရမှာလား။ မဖြစ်ဘူး . . . မဖြစ်ဘူး . . . နင့်ကို ဒီအတိုင်း လွှတ်ထားလို့ကို မဖြစ်ဘူး။ မျက်စိ ဒေါက်ထောက်ကြည့်နေမှကို ဖြစ်မယ်"

"ဒါပေါ့ . . . ထောက်ခံတယ်"

"မလိုချင်ဘူးကွာ။ နင်ကလည်း နင့်ဟာနင် ဆေးကုတာ ကုပါလား။ ဘာဖြစ်လို့ ဒီကိုလာရတာလဲ။ စိတ်ညစ်လိုက်တာ"

"သူကပဲပြောရတယ်ရှိသေး။ နင့်ကိုဆေးလာကုတာပေါ့ဟဲ့"

"ငါ နေကောင်းတယ်"

"နေကောင်းပေမယ့် အရက်သမားဖြစ်နေတာ ကောင်းမလား"

"ဟေ့ကောင် အလတ် . . . မင်းကိစ္စ မင်းကြည့်ရှင်း။ ငါ အရက်သမားမဟုတ်ဘူးကွ"

"ဟွန်း . . . ဒီလောက်နံဟောင်နေကာတောင် ငြင်းဖွန်သေးတယ်။ အလတ် . . . ငါ ဖဆေးတွေပေးခဲ့မယ်။ နင် မှန်မှန်တိုက်နိုင်း။ မှတ်လောက် သားလောက်အောင် အရက်ပြန်သောက်တာနဲ့ တစ်ခါတည်း ကိစ္စချောမယ့်ဆေးပဲ ပေးခဲ့မယ်"

"ကောင်းတယ်"

"မသိဘူးကွာ . . . အတိုက်အဖောက်ညီနေကျသေး"

နေလ အိပ်ရာထက်မှာ မှောက်ခုံကြီး အိပ်ချလိုက်ပါ၏။ ပပက သူ့ကို မျက်စိတစ်ဖက်မှိတ်ပြလိုက်ပြီး စားပွဲပေါ်မှာ ဆေးများကို ကင်ပေးလေသည်။

"ဒါက မနက်ဆေးတွဲ၊ ဒါက နေ့လယ်၊ ဒါက ည။ သုံးရက်စာပေးခဲ့မယ်။ အားရှိတာ စားနိုင်း။ နင် ကိုယ်တိုင်မတိုက်ရင် သူ ဆေးသောက်မှာ မဟုတ်ဘူးနော် အလတ်။ လွှင့်ပစ်မှာ . . . အိမ်မှာ သူကြောက်ရမယ့်လူ ဘယ်သူမှ ရှိတာ မဟုတ်ဘူး"

"စိတ်ချ . . . ငါ သူ့အနားမှာ နေ့ရော ညရောရှိနေမှာ။ အလုပ်သွားလည်း ကားတစ်စီးတည်းနဲ့ပဲ သွားမှာ။ ပြန်လည်း အတူတူပဲ။ စားလည်း အတူတူ၊ အိပ်ရင်လည်း တစ်ခုတင်တည်း အိပ်မှာ"

"ဟာ . . . ငါ တစ်ယောက်တည်းပဲ အိပ်တတ်တယ်။ မင်း လာအိပ်ဖို့ မလိုဘူးကွ"

"မရဘူး . . . အလတ် နင် အိပ်သာအိပ်"

"အေး . . . တစ်ယောက်တည်းပဲ အိပ်တတ်ရင် ဘာလို့ မိန်းမယူချင်သေးလဲ။ ပြောပါဦးကွ နေလရ"



"မင်းရှိနေရင် . . . ငါ အိပ်မက်ထဲမှာ ကလေးနဲ့ဘယ်တွေ့လို့ရတော့မှာလဲ . . . မရဘူး . . . မအိပ်နဲ့ကွာ"

"အမလေး . . . ကြိုက်မရက်၊ ငိုက်မရက်ဆိုတာ အစစ်ပဲ။ ငါ ပြန်မယ် အလတ်ရေ။ သူ ထမင်းတစ်နေ့ ဘယ်နှစ်ပန်းကန်စားလဲဆိုတာ ငါ့ကိုညတိုင်းဖုန်းဆက်ပော့ . . . သွားပြီ"

"သွား . . . မြန်မြန်သွားလေ ကောင်းလေပဲ"

"ကဲ . . . အဲဒါကောင်းဦး"

ပပက နေလ နားရွက်ကို လိမ်ဆွဲလိုက်ပြီးမှ ပြန်သွားတော့၏။ နေလ နားရွက်ကို ပွတ်ရင်း ပါးစပ်မှ ပွစိပွစိရေရွတ်နေတော့သည်။

"တော်တော်ကောင်းတဲ့ကောင်တွေ။ ငါ့ဟာငါ အေးအေးနေနေတာ လာအနိုင်ကျင့်နေကြတယ် . . . မကောင်းတဲ့ဟာတွေ"

သူ နေလခုတင်ပေါ်တက်ထိုင်ရင်း ဟက်ဟက်ပက်ပက်ရယ်မောနေတော့သည်။ ဪ . . . နေလ . . . နေလ . . . တစ်သက်လုံးထိန်းသိမ်းလာခဲ့တဲ့ မာန်မာနတွေ၊ ဂုဏ်သိက္ခာတွေဟာ ဝါလေးနဲ့ ဆုံလိုက်မိတာနဲ့ တစ်ခါတည်း ရှာန်လျှောသလို ပျောက်ကုန်ပါရောလား။ ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရယ် . . .

ခုတင်ပေါ်မှာ နှစ်ယောက်သား ပက်လက်လှန်၍ လဲလျောင်းနေ၏။ မျက်နှာကျက်ဖြူဖြူကို ငေးနေလျက် သူမမျက်နှာလေးကို ကိုယ်စီ မြင်ယောင်နေမိသည်။ နာရီမှ (၁၂) နာရီထိုးသံကို ကြားရသော်လည်း ယခုချိန်ထိ အိပ်ချင်စိတ်တို့ မရှိသေး။ သူသက်ပြင်းတစ်ချက်ကို ခပ်တိုးတိုးရှူလိုက်ပါ၏။

"ငါ . . . ဝါလေးကို စတွေ့တော့ သူ့အသက် (၁၃) နှစ်ပဲ ရှိသေးတယ်။ အိမ်ရှေ့ကွင်းပြင်လေးမှာ ဖိုးတာတို့ မိအေးတို့နဲ့ အတူဆော့နေတာပေါ့။ အဲဒီနေ့က သူ ဂါဝန်စိမ်းပြာလေး ဝတ်ထားတယ်။ ကျစ်ဆံမြီး နှစ်ဖက်ကျစ်ထားတယ်။ ကစားရင်း ချွေးတွေထွက်နေတာတောင်မှ သူ့သနပ်ခါးပါးကွက်လေးက ကွက်တိကွက်ကျားလေး ရှိနေတုန်းပဲ။ မျက်လုံးလေးတွေက အပျော်တွေ

ကြောင့် တလက်လက် တောက်ပနေတာ သိပ်အပြစ်ကင်း
ကလေးလေးပါပဲ"

"ဟုတ်တယ် . . . မနက်မိုးလင်းက မိုးချုပ်အထိ
မျက်နှာမှာ သနပ်ခါး မပျက်ဘူး။ အသားတကယ်အေး
မိန်းကလေးပါ"

သူတို့ ပြိုင်တူပြုံးလိုက်မိကြသည်။ မျက်စိထဲမှာ ကွ
ကွင်းကွက်ကွက် ပေါ်လာသည့်နှယ် အတွေးလွန်နေကြလေ

"သူ ရှစ်တန်းနှစ်မှာ ငါ သူ့ကို ဝိုင်းကျူရှင် အပ်ပေး
တယ်။ လိုအပ်တဲ့ စာရွက်စာတမ်းနဲ့ စာအုပ်တွေ ဝယ်ပေးရုံက
လို့ တခြား ဘာအပိုပစ္စည်းကိုမှ ငါ မဝယ်ပေးခဲ့ဘူး။ သူက လူသ
ငယ်ပေမယ့် မာနကတော့ တော်တော်ကြီးတယ်"

"အင်း . . . သူ့မျက်ဝန်းထဲမှာ မာနအရိပ်ရောင်တွေကို
အမြဲ မြင်ခဲ့ရတာပဲ။ အထူးသဖြင့် ငါ သူ့ကို စိုက်ကြည့်လိုက်မိတို
ခပ် ၁င်းတင်း ပြန်ကြည့်တတ်တဲ့ မျက်လုံးတွေကို ငါ မမေ့ဘူး

"ဒီလိုနဲ့ . . . ကိုးတန်းရောက် ဆယ်တန်းပါ ငါ ကျူရှင် ဆ
ထားပေးခဲ့တယ်။ သူ ဆယ်တန်းကအောင်တော့ သူ့ကို ဂုဏ်ပြု
အနေနဲ့ ငါ နာရီလေးတစ်လုံး ဝယ်ပေးခဲ့တာကိုတော့ သူ လက်



တယ်။ အဲဒီအထိ ငါ ရိုးရိုးသားသားစိတ်ပဲ ရှိခဲ့တာပါ"

"ငါ တွေ့ဖူးတယ်။ ပါတီတက်တဲ့နေ့က အဲဒီနာရီလေးကို
ငါ ဖြုတ်လိုက်တော့ သူ မျက်ရည်ဝဲသွားတာပဲ။ သူ အဲဒီနာရီလေး
ကို တော်တော် နှစ်သက်ပုံရတာ"

"ငါ သူ့ကို ဖွင့်ပြောဖို့ အခါခါ တွေးမိခဲ့တယ်။ အကြိမ်
ကြိမ် ကြိုးစားခဲ့ပေမယ့် ပြောမထွက်ခဲ့ဘူး။ ငါ ပေးခဲ့ဖူးပ ့အကူ
အညီတွေအပေါ် အခွင့်အရေးယူတဲ့သူလို့ သူ ယူဆသွားမှာ ငါ
အစိုးရိမ်ဆုံးပဲ။ သူ First Year ဖြေပြီး နှစ်လလောက်မှာ သူ့အစ်ကို
အအတက်ပေါက်ပြီးဆုံးတာပဲ။ သေခါနီးမှာ ညီမလေးကို စိတ်မချ
လက်မချနဲ့ ငါ့လက်ထဲ အပ်ပေးသွားတဲ့အထိ ငါ အခွင့်အရေးရခဲ့
တာပါ။ ဒါပေမဲ့ . . . ငါ သူ့ကို အနိုင်ကျင့်သလိုဖြစ်မှာကို ငါ သိပ်
ကြောက်တယ်။ သူ ငါ့အပေါ် အထင်လွဲမှာကို ငါအကြောက်ဆုံးပဲ"

"ဟုတ်တာပေါ့"

"မင်း Accident ဖြစ်တဲ့နေ့မှာ သူ သူ့အစ်ကိုအတွက်
ဘုရားမှာ ပန်းရေချမ်းဆီမီး ကပ်လှူပူဇော်ပြီး ပြန်ခဲ့တာပဲ။ လမ်း
လျှောက်ပြီး အလုပ်ကိုအလာမှာ မင်းကားကို သူ့တွေ့ခဲ့တာပေါ့။
Taxi တစ်စီးကို အကူအညီတောင်းပြီး မင်းကို ဆေးခန်းရောက်

အောင် ပို့ပေးခဲ့တာပဲ။ အဲဒီအခိုက်မှာ သူ့ခေါင်းက စံပယ်ကုံးလေး ကားပေါ်မှာ ကျကျန်ခဲ့တာပေါ့"

"ငါ သူ့ကို စဆုံခဲ့တာ မင်းဆီ Form လာတင်တဲ့နေ့က ပါ။ Form တင်ပြီးအပြန် ဝင်းရှေ့မှာ ငါ့ကားနဲ့ တိုက်မိမလိုဖြစ်ပြီး သူ လဲကျသွားတာပေါ့။ ငါ သူ့ကိုပွေ့ချီလိုက်တော့ သူ သတိ ချက်ချင်းရသွားတယ်။ ငါ့ကို ချပေးခိုင်းပြီး မျက်နှာရဲရဲနဲ့ ငါ့ရှေ့က ထွက်သွားခဲ့တယ်။ ငါ့အကျီအိတ်ကပ်ထဲက ဘောပင်မှာ သူ့စံပယ် ကုံးလေး ငြိကျန်နေခဲ့တယ်။ အဲဒီညကစပြီး စံပယ်ပန်းရနံ့တွေနဲ့ အတူ သူ့ကို အိပ်မက်တွေထဲမှာ စတွေ့ခဲ့တာပဲ"

သူတို့ ခဏမျှ အသံတိတ်သွားရသည်။ အိပ်ချင်စိတ် ပျောက်နေပြီး မျက်ဝန်းတို့က ငေးကြောင်ကြည့်လျက်သား။ အသက်ရှူသံတို့က တိတ်ဆိတ်သည့် ညဥ့်ယံမှာ တိုးသဲ့သဲ့ကြား နေရ၏။

"သူဟာ စိတ်သဘောထား သိပ်ဖြူစင်လွန်းတဲ့ မိန်း ကလေးပါ။ သူ့ကြောင့် သူတစ်ပါး စိတ်ထိခိုက်မှာ၊ စိတ်ဆင်းရဲရမှာ ကို သိပ်ကြောက်တတ်တယ်။ မင်းကို ဆေးခန်းပို့ကူညီတာ မင်းကို မပြောဖို့ ငါ့ကို သူပိတ်တယ်။ ငါ အဲဒီတုန်းက မင်းအပေါ် သူ မရိုး



သားတာကို မတွေးခဲ့မိဘူး။ အခုမှ ငါ စဥ်းစားမိတာ။ မင်းနဲ့ပတ် သက်လာရင် သူ့စိတ်ထဲမှာ အလိုလို ကြောက်ရွံ့ထိတ်လန့်နေ တာ။ မင်းနဲ့မတွေ့အောင် ရှောင်ရှားနေတာဟာ မရိုးသားခြင်းရဲ့ အစပဲ"

"အင်း . . . သူ့စိတ်ထားလေး ဖြူစင်တာကို သူ့ကို ဖေဖေ ကားနဲ့တိုက်မိတဲ့နေ့က ငါ စသိခဲ့တာပါ။ အမှုလုပ်ရင် ရနိုင်ပါလျက် နဲ့ သူ ဘာအမှုမှ မလုပ်ဘဲ ဖေဖေ့ကို ကျေအေးပေးခဲ့တယ်။ အဲဒီ နေ့က ဒေါက်တာဝေယံက ငါ့ကို ဆေးခန်းပို့ပေးတဲ့ မိန်ကလေး ဟာ သူလို့ ဖွင့်ပြောလိုက်တာပဲ။ အဲဒီနေ့မှာ သူ့ကို ငါ အရမ်းချစ် နေပြီဆိုတာ သိလိုက်ရတာပေါ့"

"ဟင်းဟင်း . . . တိုက်တိုက်ဆိုင်ဆိုင်ပဲ။ အဲဒီနေ့ညနေ ငါ သူ့ဆီကို အသွားမှာ အဖြေရခဲ့တာပဲ နေလရဲ့၊ ငါတို့ ချစ်သူ ဖြစ် သွားတာ မထင်မှတ်တဲ့အကြောင်းတွေနဲ့ပါ။ သူ့ဆီက ချစ်ပါတယ် ဆိုတဲ့ အဖြေစကားမကြားရဘဲ ချစ်သူဖြစ်ခွင့် ငါ ရခဲ့တာလေ။ ပြန် စဥ်းစားကြည့်လိုက်ရင် တစ်မျိုးကြီးပဲကွာ။ အဲဒီတုန်းကတော့ ငါ သိပ်ပျော်ခဲ့တာပေါ့"

"ပထ သူ့ကိုဆုံတဲ့နေ့မှာ ငါ သူ့ကို ဘယ်လောက်ချစ်

တယ်ဆိုတာ ပပ ရိပ်မိသွားတယ်။ ငါ မင်းကို သဝန်တွေတိုပြီး မနာလိုဖြစ်ခဲ့တာ အမှန်ပဲ”

“တကယ်တမ်းပြောရရင် အဲဒီအချိန်ထိ သူ ဘာမှမသိသေးပါဘူး။ Dreams မှာ ကော်ဖီသောက်မှ ငါ သူ့ကိုဖွင့်ပြောဖြစ်တာ။ ဒါပေမဲ့ . . . သူ ငါလိုချင်တဲ့အဖြေကို ပြန်မပေးခဲ့ဘူး”

“ငါသိတယ်။ အဲ့ဒီနေ့က မင်းနောက်ကခုံမှာ ငါ ရှိနေတယ်။ သူ့နှုတ်က ထွက်လာတဲ့စကားကြောင့် ငါ တော်တော်ပျော်သွားတာ။ မင်းမျက်နှာ ပျက်သွားတာကို မြင်ပြီး ငါ ကျိတ်ရယ်ခဲ့မိတယ်။ အမှန်က မင်းနဲ့ သူ့ကို မတန်ဘူးဆိုပြီး ငါ သူ့ကို ရှုံ့ချနေမိခဲ့တာပါ။ သူက ချို့တဲ့လွန်းတဲ့အလှကလေ”

“အဲဒီနေ့က သူ့ Birthday ပေါ့။ ကျောင်းသာမသွားမီရက်က ငါ သူ့ကို စိန်နားကပ်တစ်ရံ လက်ဆောင်ပေးခဲ့တယ်”

“ဟား ဟား ဟား . . . မင်းနားကပ်မပေးခင်ကတည်းက ငါ့ရဲ့ Birthday Cake က သူ့အိမ်ရောက်နေပြီ။ အဲဒီညက ငါ သူ့ကို စိန်လော့ကတ်လေးပါတဲ့ ဆွဲကြိုးလေး ပေးခဲ့တာပဲ။ ဒါပေမဲ့ . . . ငါ ပေးတာလို့ သူ ထင်မှာမဟုတ်ပါဘူး”

“မထင်နဲ့ . . . သူ ရိပ်မိတယ်။ မင်းဘက်က မရိုးသား



တာတွေကို သူ မသိစိတ်နဲ့မြင်တယ်ကွ။ မင်းဆီမှာ သူ အလုပ်မလုပ်ချင်တော့ဘူးလို့ ငါ ကျောင်းသာကနေ ဖုန်းဆက်တုန်း ဖွင့်ပြောတယ်”

“ဒါဖြင့် ငါပေးတဲ့ဆွဲကြိုးလေးရော၊ မင်းပေးတဲ့ နားကပ်လေးပါ သူ သိမ်းထားမှာပေါ့နော်”

“ထင်လား . . . ငါ ကျောင်းသာက ပြန်ရောက်တဲ့နေ့မှာ စာတစ်စောင်နဲ့ အဲဒီနှစ်ခုစလုံးကို ဘူးတစ်ဘူးထဲထည့်ပြီး ငါ့ကို ပြန်ပေးခဲ့တယ်ကွ”

သက်ပြင်းကိုယ်စီချလိုက်ကြပြန်၏။ နေလက နံရံဘက် ပုံများကပ်ထားရာဆီ ခေါင်းလှည့်လိုက်ပါသည်။

“ပါတီတက်တဲ့နေ့က သူ့ကို ငါကိုယ်တိုင် ရတနာတွေ ဆင်ပေးခဲ့တယ်။ ခေါင်းကနေ ခြေဖျားအထိ ငါ ဆင်ပေးတုန်း ငါ့ရဲ့ ရင်ခုန်သံတွေကို ငါ ပြန်ကြားနေရတာ အမှန်ပဲ။ အဲဒီအချိန်ထိ ငါ သူ့ကို ဘာတစ်ခုမှ မပြောဖြစ်ပါဘူး။ အဲဒီပွဲမှာ သူနဲ့ငါ စိန်ဆံထိုး ဆုလက်ဆောင် တွဲဘက်ရခဲ့တာပေါ့။ အဲဒီဆံထိုးကိုလည်း ဖေဖေ့ဆီကို ရတနာဘူးပြန်လာပေးတဲ့နေ့က ဘူးထဲရောထည့်ပြီး ပေးခဲ့တယ်။ ဟုတ်တယ် . . . သူဟာ သိပ်မာနကြီးတဲ့မိန်းကလေးပါ။

ပြီးတော့ မင်း ချောင်သာကနေ ဖုန်းမဆက်ခင်က ဖြစ်မယ်ထင်တယ်။ သူတို့ OT တွေဆင်းပြီး ပင်ပန်းကြတုန်းကလေ။ ညဟက် ငါ ပြန်ပို့ပေးရင်း သူ့ကို ဖွင့်ပြောမိတော့မလိုဖြစ်ခဲ့တယ်။ သူဟာ သိပ်ကို ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးပါ။ ငါ့ကို ဖွင့်ပြောလို့မရအောင် ပိတ်ပြောလိုက်တာ အရမ်းအံ့သြဖို့ ကောင်းတယ်။ ငါ အဲဒီညက သူ့ရှေ့မှာ မျက်ရည်ကျမိခဲ့တယ်။ ငါ မျက်ရည်ကျတာကို မြင်တော့ သူ ဘာလုပ်ရမှန်းမသိ ပျာယာခတ်သွားတဲ့ပုံစံလေးကို ငါ မှတ်မိတယ်။ အဲ့ဒီညက သူ့ရင်ထဲမှာ ငါရှိနေတယ်ဆိုတာကို ငါ ရိပ်မိတာပဲ အလတ်။ ငါ တွေးတာ တရားမျှတမှုရှိရဲ့လား ဟင်"

"ရှိပါတယ် . . . ရှိတာပေါ့။ သူ့ရင်ထဲမှာ မင်းရှိနေလို့ သူ မျက်စိမှတ်ပြီး ငါ့အနားကို ရောက်လာတာလေ။ သူ ငါ့ကို တကယ် မှ မချစ်တာဘဲ"

"ဟုတ်လို့လား။ သူမင်းကိုချစ်မှာပါ။ မင်းဒီလိုမပြောပါနဲ့"

"ဟား ဟား ဟား ဟား . . . ဇလာင်းကြေးတောင် ထပ်လိုက်ချင်ပါရဲ့ နေလရာ။ ကဲ . . . ဘယ်လိုလဲ . . . လောင်းမလား။ သူ ဘယ်သူ့ကို ချစ်သလဲဆိုတာလေ"

"ဘာကြေးလဲ"



"သူ မရွေးချယ်တဲ့လူက ဘယ်တော့မှ အိမ်ထောင်မပြုဘဲ သူ မွေးလာတဲ့ကလေးတွေကို ဝိုင်းထိန်းပေးရမယ်။ ဘယ့်နှယ်လဲ . . . လောင်းရဲလား"

"ဟာ . . . သူကဖြင့် ဘယ်နေရာရောက်နေလဲ သိတာမဟုတ်ဘူး။ ငါတို့ဘက်က အသေအချာလောင်းနေတာကိုး။ သူက ငါတို့နှစ်ယောက်စလုံးကို တစ်ယောက်မှ မရွေးဘဲ တခြားလူတစ်ယောက်ကို ရွေးသွားရင်ရောကွာ. . ."

"အဲဒီတော့လည်း ကံပေါ့ကွာ"

သူတို့ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြ၏။ နာရီမှ (၂)နာရီထိုးသံ ကြားလိုက်ရသည်။ အိပ်ဆေးရှိန်ကြောင့် နေလ မျက်စိတို့ မှေးစင်းလာပြီး ခဏအကြာ အိပ်မောကျသွားတော့၏။ သူ နေလကို ခြေရင်းမှာ ခေါက်တင်ထားသည့် စောင်ထူထူကို လွှမ်းခြုံပေးလိုက်ပြီး၊ လသာဆောင်ဘက် ထွက်ခဲ့သည်။ နှင်းတွေ ကျနေပြီ ဝါလေးရယ်။ နှင်းစက်တွေကို ချစ်တက်တဲ့ ဝါလေး တစ်ယောက် နှင်းမှုန်တွေကြားမှာ နာကျင်တဲ့ဒဏ်ရာတွေနဲ့ တိတ်တိတ်လေး ကျိတ်ငိုနေမလား။ ဘယ်ဆီများ ရောက်နေလဲ ဝါလေးရယ် . . .။

သူငယ်ချင်းဖြစ်သူက အသွားအိမ်သွားရန် အတင်းခေါ်သဖြင့် duty ဆင်းသည်နှင့် နှစ်ဦးသား မော်ဘီဘက်ထွက်လာခဲ့၏။ Night duty ဆင်းတိုင်း အိပ်ရေးပျက်သည်မို့ အိမ်မှ ကားကို မယူခဲ့ဘဲ ထုံးစံအတိုင်း Taxi ကိုသာ ငှားစီးခဲ့ကြသည်။ သစ်ပင်ရိပ်တို့ စိမ်းစိုနေသည့်မြင်ကွင်းတို့ကို ဝေးလာရင်း ပြတင်းမှ လေတိုးမှုတို့ကြောင့် နောက်ကျိနေသည့် ဦးခေါင်းက ကြည်လင်သွားရဲသည်။

မင်္ဂလာဒုံဈေးကျော်ကျော်မှာ ကုန်တွေတင်လာသည့်ကားရော ခရီးသည်တင်လာသည့် ကားတွေရော ရှုပ်ယှက်ခတ်နေ၏။ ထိုကားများကို ဖြည်းဖြည်းကျော်တက်၍ မောင်းလာခဲ့သည်။ မော်ဘီနားမရောက်ခင်မှာ နောက်မှကျော်တက်ရန် လမ်း

တောင်းနေသည့် ဆယ်ဘီးကားကြီးကြောင့် ပပတို့စီးလာသည့် Taxi က ညာဘက်လမ်းဘေးကို အနည်းငယ် ဆင်းအပေးမှာ ရှေ့၌ ပုံမှန်နင်းနေသည့် စက်ဘီးတစ်စီး၏အနောက်ကို ချိတ်မိတော့သည်။

"ဟယ် . . ."

Taxi က ခပ်လှမ်းလှမ်းနားမှာ ရပ်လိုက်ပြီး ဒရိုင်ဘာရော ပပနှင့် မာလာပါ ကားပေါ်မှ အပြေးဆင်းလာခဲ့၏။ စက်ဘီးရော လူပါ လမ်းဘေးမှာ လဲကျနေသည်။ စက်ဘီးပိသွားသဖြင့် သူမ ခြေသလုံးမှာ ပွန်း၍ သွေးစို့သွားရသည်။ လုံချည်အနားစလည်း တစ်ထွာခန့် ပြဲသွားလေ၏။ ကျသည့်အရှိန်ကြောင့် ချက်ချင်း မထနိုင်ဘဲ နာကျင်သည့်နေရာကို အသာဖိကိုင်ထားလိုက်ရသည်။

"ဘာဖြစ်သွားသေးလဲ ကလေးမ။ ဆယ်ဘီးကား လမ်းတောင်းလို့ ဖယ်ပေးရင်း နောက်က ချိတ်မိသွားရတာပါ"

"ဘာဖြစ်သွားလဲဟင်။ မမတို့ ဆရာဝန်တွေပါ။ ဆေးခန်းမသွားဘဲ အိမ်ရောက်မှ ကုပေးလည်း ဖြစ်ပါတယ်။ ဆေးပစ္စည်းလည်း အစုံပါပါတယ်ကွယ်"

ဆရာဝန်တွေဟုဆိုသဖြင့် သူမ ထိတ်ခနဲဖြစ်သွားပြီး



မော့ကြည့်လိုက်မိ၏။ ဘုရားရေ . . . ဒေါက်တာပပဘို့ ဖြစ်နေပါရောလား။

"ဟယ် . . . ဝါလေး . . . ဝါလေးပါလား။ ဝမ်းသာလိုက်တာ။ မမတို့ သူငယ်ချင်းသုံးယောက်စလုံး ဝါလေးကို လိုက်ရှာနေကြတာ ကြာပြီ ဝါလေးရဲ့။ ကြည့်ပါဦး . . . တွေ့မယ့်တွေ့တော့လည်း သွေးထွက်သံယိုနဲ့။ ထလို့ရရဲ့လား။ ကြိုးစား ထကြည့်ပါဦး"

သူမ ထရပ်လိုက်ပါ၏။ ခြေထောက်က ထောက်လို့မရဘဲ နာကျင်နေသည်။ ဒေါက်တာပပနှင့် အတူပါလာသည့် ဆရာဝန်မမကပါ ဝင်တွဲပေးသဖြင့် ဒရိုင်ဘာဦးလေးကြီးက စက်ဘီးကို ထောင်လိုက်ပါ၏။

"ရပါတယ် မမ"

"ဟယ် . . . ဘာရရမှာလဲ။ ဒီလောက် ခြေထော့နင်းနေတာ။ လာ . . . မမတို့ လိုက်ပို့မယ်။ ဦးလေးရေ . . . ကားနောက်ဖုံးမှာပဲ စက်ဘီးကို ရသလိုဆည့်လိုက်ပါတော့။ ကျွန်မတို့ သူ့အိမ်အထိ ပို့ပြီးမှ မော်ဘီကို ဆက်သွားတော့မယ်။ ကြာချင်လည်း ကြာပါစေတော့။ ကားခ ကျသလောက်အကုန် ရှင်းပေးမှာပါ . . . နော် . . ."

"ရပါတယ်ကွယ်။ ဦးလေးကြောင့် ကလေးမလေး နာသွားရတာ။ ပို့ပေးဖို့တာဝန် ဦးလေးမှာရှိပါတယ်။ ကားခကို ယူနေကျထက် ပိုမယူပါဘူး"

"ဩော် . . . ဦးလေးကလည်း နာရီနဲ့ဆီဖိုးနဲ့ ကုန်ကျသလောက်တော့ ယူပါရှင်"

"မမ . . . ဝါလေး . . .ဝါလေး စက်ဘီးတွန်းသွားလို့ ဖြစ်ပါတယ်။ ဝါလေး အိမ်က ရောက်တော့မှာပါ"

"အိမ်အထိလိုက်ပို့ပေးပါ့မယ် ဝါလေးရဲ့ . . . ဘယ့်နယ်"

"ဟင့်အင်း . . . မမ လိုက်မပို့ပါနဲ့နော်"

"ဘာဖြစ်လို့လဲ ဝါလေးရဲ့။ မမက ဝါလေးကို ဘာလုပ်မှာစိုးလို့လဲ . . . ပြောပါဦး"

"ဝါလေးအိမ်ကို မမကို မသိစေချင်လို့ပါ"

"ဟောတော် . . . ဖြစ်ရလေ . . . ဘာဖြစ်လို့လဲ ဝါလေးရယ်"

"ဟို . . . ဟိုလေ . . . ကိုကိုကျော်နဲ့ ဦးနေလတို့ မသိစေချင်လို့ပါ မမရယ်။ ဝါလေး တောင်းပန်ပါတယ်။ လိုက်မပို့ကြပါနဲ့နော်"



"ဝါလေး မသိစေချင်ရင် မပြောပါဘူး ဝါလေးရယ်။ အိမ်အထိတော့ ပြန်ပို့ပေးပါရစေ။ ဒီလောက်အနာတရဖြစ်သွားတာ ဘယ်လိုလုပ် မျက်နှာလွှဲ ခဲပစ်လုပ်ရက်မှာလဲ။ မမ ကတိပေးတယ်။ သူတို့နှစ်ယောက်စလုံးကို မပြောဘူး စိတ်ချ"

"တကယ်နော် . . . မမ ကတိတည်ပါနော်"

"ဩော် . . . တကယ် မပြောဘူး။ ဒီမှာ မာလာ့ရှေ့သက်သေ။ လာ . . . ကားပေါ်တက်"

သူမ ကားပေါ်တက်ပြီး ကားကို မောင်းထွက်ကာ လမ်းရိုးသို့ ကားကို ချိုးနိုင်းလိုက်ပါသည်။ ခြံဝင်းလေးရှေ့တွင် ကားကို ရပ်နိုင်းကာ ကားပေါ်မှ ဆင်းလိုက်ပါ၏။

"မေမေ . . . မေမေရေ . . . ဒီမှာ ဧည့်သည်တွေပါလာတယ်"

"ဟဲ့ . . . သမီး ဘာတွေဖြစ်လာပြန်တာတုံး"

"သမီးတို့စီးလာတဲ့ Taxi နဲ့ ချိတ်မိတာပါ အန်တီ။ ဘာမှတော့ မဖြစ်ပါဘူး။ ခြေထောက်နာသွားရုံပါပဲ။ သမီးတို့ ဆေးလိမ်းပေးမှာပါ"

"သမီးရယ် . . . မသေကောင်း မပျောက်ကောင်း။ ဒါ

ကြောင့် လိုင်းကားနဲ့သွားလို့ ပြောတာ မရဘူး။ စက်ဘီးစီးတာ
အန္တရာယ်ရှိပါတယ်ဆိုမှ . . . ခု ဖြစ်ပြီ မဟုတ်လား"

"သမီးကို နောက်မှဆူပါ မေမေရယ်။ ဧည့်သည်တွေကို
အထဲခေါ်ပါ။ ဦးလေးကြီးလည်း ခဏ ဝင်ထိုင်ပါဦးနော်"

"အေးအေး . . . သမီးလေး"

"ထိုင်ကြပါကွယ်"

မေမေက ကွပ်ပျစ်မှာ ဖျာခင်း၍ ထိုင်ခိုင်းပြီး နောက်ဖေ
ဘက်ဝင်ကာ ရေနွေးအိုး သွားပြင်နေပါ၏။ ဒေါက်တာပပဘိုက
လက်ထဲမှာ ပါလာသည့် ဆေးသေတ္တာလေးထဲမှ အရက်ပြန်နှင့်
ဂွမ်းကို ထုတ်၍ သူမခြေထောက်ကို သုတ်ပေး၏။ စပ်လိုက်တာ
နော်။ သူမ တွန့်ခနဲဖြစ်သွား၏။ ဒေါက်တာမာလာက ဆေးပုလင်
ထုတ်ပေးလိုက်တော့ ဒေါက်တာပပက ဂွမ်းဖြင့် သူမ ခြေထောက်
အနာကို သေချာဆေးထည့်ပေးလိုက်ပါသည်။

"ဆောင်းဟွင်းမို့ အနာရင်းတတ်တယ်။ အညှော်မ
အောင်နေနော်"

"သုံးဆောင်ကြပါဦး . . . ခြံထွက်သီးနှံလေးတွေပ
လက်ဖက်သုပ်လည်း စားကြပါနော်"



"အားနာစရာကြီး အန်တီရယ်"

"မေမေ . . . ဒါ . . . ဒေါက်တာပပဘိုတဲ့ . . . ဦးနေလ
ရဲ့ . . ."

"သူငယ်ချင်းပါ အန်တီ။ နေလရော၊ အလတ်ပါ ပပနဲ့
ငယ်သူငယ်ချင်းတွေပါ"

"ဪ . . ."

ရေနွေးသောက်နေရာမှ အမြန်ပြောလိုက်သဖြင့် သူမ
ဒေါက်တာပပကို မျက်လုံးဝိုင်းလေးတွေဖြင့် ငေးကြည့်နေမိ၏။
ဦးနေလနဲ့ ဒေါက်တာတို့ လက်မထပ်ဖြစ်ကြသေးဘူးပေါ့။ ဘာ
ဖြစ်လို့လဲ ဦးနေလရယ်။

"အပြန်ကျရင် ခြံထွက်သီးနှံလေးတွေ လက်ဆောင်ပေး
လိုက်ပါရစေနော်။ ဒေါ်လေးတို့မှာ ဒါပဲ လက်ဆောင်ပေးစရာရှိတာ
မို့ပါ"

"အားနာစရာကြီး အန်တီရယ် . . . မလုပ်ပါနဲ့"

"တန်ဖိုးမရှိလို့ မယူချင်တာလားကွယ်"

"မဟုတ်ပါဘူး။ တကယ် အားနာတာပါ။ နည်းနည်းပါးပါး
တော့ ယူပါမယ် အန်တီ။ ပပက နာနတ်သီးကြိုက်တယ်"

"ဒါဆို ဒေါ်လေး ခူးပေးလိုက်ပါ့မယ်ကွယ်။ ခဏစောင့်ပါ နော်"

ဝါလေးမေမေ အိမ်နောက်ဘက် ဆင်းသွားတော့ ပပက ခြံထဲကို ဟိုဒီလှည့်ကြည့်နေပါ၏။

"ခြံလေးက သာယာလိုက်တာဟယ်။ Picnic ထွက်ရင် သိပ်ပျော်စရာကောင်းမှာပဲ"

"မမတို့လာချင်ရင် လာခဲ့ပါ။ ဝါလေး ဖိတ်ခေါ်ပါတယ်"

"တကယ်လား . . . ဝါလေးရဲ့"

"ဟို . . . ဦးနေလနဲ့ ကိုကိုကျော်တို့တော့ မပါဘူးပေါ့"

"ဟင်း . . ."

မမထံမှ သက်ပြင်းချသံ ခပ်ကျယ်ကျယ်ကို ကြားလိုက်ရသည်။ သူမ မျက်နှာငယ်လေးဖြင့် ကွပ်ပျစ်ပေါ်မှ ဆင်းလိုက်၏။

"ခြံထဲကြည့်ချင်ရင် လိုက်ခဲ့ပါ မမရဲ့ . . . လာ . . ."

ခြံလေးထဲ လှည့်ပတ်ကြည့်ကြ၏။ မာလာ့ဘွားဘွား အိမ်အတွက် ဘုရားပန်းကပ်ရန် တောင်းဝယ်တော့ ဝါလေးက ပိုက်ဆံမယူဘဲ စိန်ခြယ်နှင့် သပြေခက်များကို တော်တော်များများ ခူးပေးလိုက်ပါသည်။ အိမ်အနောက်ဘက် သီးပင်စားပင်တွေဆီ



လျှောက်ခဲ့တော့ ရေတွင်းလေးနှင့် စင်ပေါ်တင်ထားသည့် ရေစည်ပိုင်းနှင့် ခွေထားသည့် ပိုက်တို့ကို မြင်လိုက်ရသည်။

"တွင်းရေ ဘယ်သူငင်သလဲ ဝါလေး"

"ဝါလေးပါ မမ"

"ဒါဖြင့် ရေလောင်းတော့ရော"

"ဝါလေးပါပဲ"

"ဟင် . . . ပန်းပို့တော့လည်း ဝါလေး၊ မီးဖိုချောင်ဝင်တော့လည်း ဝါလေးပဲ . . . ဒီလိုလား"

"ဟုတ်ကဲ့"

"ပင်ပန်းလိုက်တာကွယ်"

"မပင်ပန်းပါဘူး မမရယ်။ ဝါလေးတို့က ဘဝသမားတွေပဲဟာ။ ဒီလောက် ဒုက္ခကတော့ မမူလောက်ပါဘူး။ ခံနိုင်ရည် ရှိပါတယ်"

အိမ်ပြန်လက်ဆောင်အဖြစ် နာနတ်သီး၊ သရက်သီး၊ ခရမ်းသီး၊ ရုံးသပတီသီး၊ ပဲသီး၊ ခရမ်းချဉ်သီး၊ ကျွဲကောသီး စသည့် သစ်သီးဝလံများကို အိတ်နှစ်လုံးစီဖြင့် ဒေါက်တာနှစ်ယောက်ကိုရော ဦးလေးကြီးကိုပါ ထည့်ပေးလိုက်ပါသည်။ ကားထွက်ခါနီး

ခပ်တိုးတိုး ထပ်မှာလိုက်သည့် ဝါလေးစကားကြောင့် ပပ သက်ပြင်းကိုသာ ချလိုက်ရတော့၏။

"မမ . . . ကတိထည့်ပါနော်။ ဝါလေး ရှုံနိုးတောင်းပန်ပါတယ်"

ဩော် . . . ဝါလေးရယ် . . .

× × ×



လက်ပတ်နာရီမှ ၆ နာရီ Alum သံကြောင့် သူ ဖျတ်ခနဲ အိပ်ရာက နိုးသွားရ၏။ နံဘေးမှာ အိပ်ဖေမာကျနေသည့် နေလကို လှုပ်နှိုးလိုက်ရသည်။

"နေလ . . . နေလ . . . ဟော့ကောင် . . . ထဟော့။ ဟိုတယ် သွားရမယ် . . . ရေချိုးကြစို့"

"ဟာ . . . အိပ်လို့ကောင်းနေတာကို။ နောက်ကျမှ သွားကော့ ဘာဖြစ်လဲ အလတ်ရာ"

"မရဘူးလေကွာ။ ဒီနေ့ Meeting ၈ နာရီရှိတာလေ။ ကိုယ့်ဘက်က Ready ဖြစ်နေမှပေါ့ . . . ထ . . . ထ . . ."

"ကျွတ် . . . ခွေးကောင် . . . ငါ ဟိုရောက်ရင် အိပ်မှာပဲ"

"အေး . . . Meeting ပြီးရင် နားနေခန်းမှာ စိတ်ကြိုက်

အိပ်လာ။ ရေချိုးခန်းဝင်မယ်"

သူ နေလလက်ကိုဆွဲ၍ ရေချိုးခန်းထဲ ဝင်ခဲ့တော့ နေလ သူ့ကို အော်ပါလေတော့သည်။

"ဟာ . . . မင်း အရင်ဝင်ချင်ဝင်ပေါ့။ ဘာလို့ အတူတူ ချိုးရမှာလဲ။ ငါ မချိုးတတ်ဘူး။ ငါ အရင်ချိုးရင် မင်း အပြင်ထွက် ပေး . . . ဝွပဲ . . ."

"လုပ်မနေနဲ့ ဟေ့ကောင် . . . နှစ်ယောက်ချိုးလို့ ဘာဖြစ် မှာလဲ။ မြန်မြန်ပြီးဖို့ အရေးကြီးတယ်။ ပြီးရင် Dreams မှာ Breakfast ဝင်စားပြီးမှ သွားမှာ။ ကြီးကျယ်မနေနဲ့။ မိန်းမရရင် မိန်းမနဲ့ အတူ ရေချိုးပြီး ဆပ်ပြာတိုက် ဂျီးတွန်းပေးမယ့်ကောင်ကများ။ ရှက်နေရသေး"

"အဲဒါတော့ နောင်ခါလာ နောင်ခါရေးပေါ့ကွ။ မရဘူး။ မင်း ထွက်ပေး"

"ဟေ့အေး . . ."

"အလတ် . . . မင်းနော် . . . မညစ်နဲ့"

"စကားများတယ်ကွာ"

သူက ရေပန်းကိုဖွင့်ချလိုက်ပြီး ရေပန်းအောက်ကို နှစ်



ယောက်ပူးဝင်ရပ်ကာ နေလအဝတ်အစားတွေကို အတင်းချွတ် လိုက်၏။ နေလ တွန့်လိမ်ကောက်ကွေးလျက် အော်နေပါတော့ သည်။ ဆပ်ပြာတိုက် ရေချိုးပြီး အပြင်ထွက်လာတော့ အဝတ်လဲ ကြ၏။ သူက နေလတ်ဝတ်စုံထဲမှ ရှပ်အဖြူနှင့် ဘောင်းဘီအညို ကို ယူဝတ်လိုက်ပါ၏။ နှစ်ယောက်စလုံး Size တူသည်မို့ ဘာမှ ပြဿနာမရှိ။ နေလက မှန်ရှေ့မှာ ဂျယ်လ်လိမ်း၍ ခေါင်းဖြီးနေ သည်။

"မြန်မြန်ဟေ့ . . . မှန်ပေါက်တော့မယ်"

"မင်းကလည်း . . ."

နေလ ဗိုက်ထဲမှ စစ်ခနဲ တစ်ချက်အောင့်သွား၏။ မျက် နှာတစ်ချက် ရှုံ့လိုက်ပြီး၊ ခုတင်ပေါ် အသာထိုင်လိုက်သည်။ သူက မှန်ရှေ့မှာ ဘီးဖြင့် တစ်ချက် နှစ်ချက် ဖြီးလိုက်ပြီး မှန်ထဲမှ နေလ မျက်နှာရှုံ့၍ ဗိုက်ကို နှိပ်နေသည်ကို မြင်သွား၏။

"နေလ . . . ဘာဖြစ်လဲ . . . နေလ"

ချွေးစီးတွေပျံလာပြီး နေလ အမြင်တွေ မှုန်ဝါးလာ၏။ ဗိုက်အောင့်တာက ပိုစိပ်လာသည်။

"နေလ . . ."

"အလတ် . . . ငါ ဗိုက်အောင့် . . . အား . . ."

"ဟာ . . . ဆေးခန်းသွားမှပေါ့ . . . ထ . . . ရလား . . ."

နေလ ခုတင်မှ အသာထလိုက်၏။ လူက ကုန်းကုန်းကြီး ဖြစ်သွားသည်။ အား . . . အောင့်လိုက်တာ။ အလတ်က သူ့ကို ဖေးကူ၍ လှေကားမှ ဖြည်းဖြည်းချင်း ဆင်းလိုက်၏။ ကားနောက်ခန်းမှာ အသာလှဲနေနိုင်းပြီး ကားကို အမြန်မောင်းထွက်လာခဲ့သည်။ လက်မှ Handphone ကို ဖွင့်လိုက်ပါ၏။

"အလတ်လား . . . ပြော"

"ပပ . . . နင် အခုဘယ်မှာလဲ"

"ဆေးခန်းမှာလေ"

"အေး . . . နေလ ဗိုက်အောင့်လို့ ငါ အခုဆေးခန်းကို လာနေပြီ။ အဆင်သင့်လုပ်ထား . . . အရေးကြီးတယ် . . ."

"ဟယ် . . . အေး အေး . . ."

ဆေးခန်းရှေ့ရောက်သည်နှင့် လူနာတင် လှည်းပေါ်သို့ နေလကို ရွှေ့တင်ရင်း Operation ခန်းထဲ တစ်ခါတည်း မောင်းသွားတော့သည်။

"Operaticn လုပ်ရမယ်။ အူအတက် ပေါက်တာပဲ။ သူ



မနက်က ဘာစားထားလဲ"

"ဘာမှ မစားရသေးဘူး"

"ကောင်းတယ် . . . Drip သွင်းပြီး ခွဲရုံပဲ။ ခဏစောင့် . . . ငါ သွေးအခြေအနေ ဇိတ်ချရအောင် စောင့်ကြည့်ဦးမယ်။ ပြီးရင် နင့်ကို ပြောစရာရှိတယ်"

ပပက ခွဲပေးမည့်ဆရာဝန်ထံ အခြေအနေသွားပြောပြီး သူ့အနီးမှာ လာပြန်ထိုင်နေ၏။ နှုတ်မှလည်း ဘုရားစာတွေ အကုန်ရွတ်ဆိုနေသည်။ တစ်နာရီခန့်အကြာ ခွဲစိတ်ခန်းမှ ဆရာဝန်နှင့် နာ့စ်များ ထွက်လာ၏။ သူတို့ထံ လက်မထောင်ပြလိုက်သဖြင့် သူ သက်ပြင်းကို ခပ်လေးလေး ချရှိုက်ရသည်။ တော်ပါသေးရဲ့ . . .။

နေလကို Special Room ရှိ ခုတင်ပေါ်ပြောင်းတင်လိုက်၏။ သတိမရနိုင်မသေး။ သူနှင့်ပပ ခုတင်ဘေးမှာ ထိုင်စောင့်ကြည့်နေမိသည်။

"ငါ . . . ဝါလေးနေတဲ့နေရာကို ရောက်ခဲ့ပြီးပြီ အလတ်"

"ဘာ . . . ဘာပြောလိုက်တယ်"

"ဟုတ်တယ် . . . ဝါလေး မော်ဘီဘက်မှာ ပြောင်းနေတာ တော်တော်ကြာနေပြီ။ ငါ မထင်မှတ်ဘဲ ဟိုတစ်နေ့ကမှ သိ

ခဲ့ရတာ။ သူ ငါ့ကိုမြင်တော့ အထိတ်တလန့်နဲ့ပဲ။ ငါ သူ့အိမ်အထိ ရောက်ခဲ့တယ်။ သူက ငါ့ကို ကတိသေချာတောင်းပြီးမှ ပေါ်သွားတာပါ"

"ဘာကတိလဲ ပပ"

"နင်တို့နှစ်ယောက်ကို လုံးဝမသိပါစေနဲ့တဲ့"

"ဟာ . . . ရမလား"

"အေး . . . နင်တို့နဲ့ဆုံမှာ သူ အရမ်းစိုးရိမ်နေတယ်။ သူ တော်တော်အားငယ်နေတာ အလတ်ရဲ့။ ရှိသမျှ ခွန်အားလေးနဲ့ ဘဝကို ရုန်းကန်နေရရှာတာ။ သူ အရမ်းကိုပင်ပန်းလွန်းပါတယ်။ အရင်ကထက်ပိုပြီး ရင့်ကျက်သွားတာတော့ အမှန်ပဲ။ ဒါပေမဲ့ . . . နင်တို့နဲ့ပတ်သက်ပြီး ယှူပ်ရှားနေတဲ့ သူ့စိတ်ကတော့ အရင်အတိုင်းပဲ"

"ဝါလေး သနားပါတယ် ပပရယ်"

"အခုနေအချိန် နေလအနားမှာ သူ့ကိုရှိစေချင်တယ်။ အဲဒါ ငါ့စေတနာအမှန်ပါ အလတ်။ ပြီးတော့ . . . နင်နဲ့နေလအပေါ်မှာ သူ ဘယ်သူ့ကိုပိုချစ်သလဲ၊ ပိုခင်တွယ်သလဲဆိုတာကို အဆုံးအဖြတ်ပေးရာလည်း ကျမယ်။ ဒီတော့ . . .ငါ သူ့ကို ပေးထားတဲ့



ကတိကို ဖျက်လိုက်ပြီ။ သူ စိတ်ဆိုးပြီး ရန်တွေ့လည်း ခံရုံပဲ။ အရေးကြီးတာက ငါတို့သူငယ်ချင်း နေလကို စိတ်ချမ်းသာစေချင်တယ်။ ဒီလိုပြောလို့ နင့်ကို ငါ စိတ်မဆင်းရဲစေချင်ပါဘူး"

"ငါ နားလည်ပါတယ် ပပ"

"နင် . . . သူ့ဆီကို သွားပါ။ သူ့ကိုပြောပြီး ဆွေးနွေးပါ။ နင့်ကို သူ လက်ခံရင် နင်ဒီလိုမလာနဲ့တော့။ ဒါမှမဟုတ်ရင်တော့"

"ငါ သဘောပေါက်ပါတယ် ပပ။ ဒါဟာ တရားနည်းလမ်းကျတဲ့ အဆုံးအဖြတ်ဖြစ်စေရပါမယ်။ ငါ . . . အခုပဲ သွားမယ်။ လိပ်စာသာ ပြောလိုက်"

"မှော်ဘီ ( . . . ) လမ်း၊ ( . . . )မှာ"

"ငါ သွားပြီ ပပ။ နေလကို ငါ စိတ်ချမယ်"

"အေး"

သူ ဆေးခန်းပေါ်မှ အပြေးဆင်းလာခဲ့လေသည်။

× × ×

ဘုရားပန်းအိုးများ ဆေးကြောနေရာမှ ပန်းများထည့်အပြီး မယူစဉ်မှာ လက်ကချော်၍ ကျကွဲပါလေ၏။

"ခွမ်း . . ."

"ဘုရား . . ."

"ဟဲ့ . . . သမီး . . . ဘာဖြစ်တာလဲ"

"ဘုရားပန်းအိုး ကွဲသွားတာပါ မေမေ"

"နိမိတ်မကောင်းလိုက်တာ သမီးရယ်။ ကဲကဲ . . . ဇမေမေ ဈေးဝယ်ရင်း ပန်းအိုးအသစ်တစ်လုံး ဝယ်လာခဲ့မယ်။ အကွဲအစတွေ သေချာရှင်းထား။ ရှုဦးမယ်နော်"

"ဟုတ်ကဲ့ပါ မေမေ"

မေမေက ဈေးခြင်းယူ၍ထွက်သွားတော့သည်။ သူမ

တခြားပန်းအိုးတွေကို ဘုရားစင်ပေါ် တင်လိုက်ပြီး၊ ပန်းအိုးအကွဲစများ ဘေးမှာ ထိုင်ရင်း မျက်ရည်တို့ စီးကျလာ၏။ ဘယ်သူ ဘာဖြစ်တာလဲ။ ရင်တွေပူလိုက်တာနော်။ အို . . . ဖွ . . . လွဲပါစေ ဖယ်ပါစေ။ ဘာမှ မဖြစ်လောက်ပါဘူးလေ။

ပန်းအိုးအကွဲအစများကို လင်ဗန်းထဲသို့ တစ်စချင်း ကောက်ထည့်နေမိ၏။ ဗန်းကိုယူ၍ သွားလွှင့်ပစ်ရန် ထလိုက်စဉ် နောက်ဖေးဓပါက်တံခါးဝမှာ ရပ်လာသည့် လူရိပ်ကြောင့် ကြည့်လိုက်မိသည်။ ဘုရားရေ . . . ကိုကိုကျော် . . . ကိုကိုကျော်ပါလား။

"ဝါလေး . . ."

"ကိုကိုကျော်"

သူမ လင်ဗန်းကို ပုံးပေါ်အသာတင်လိုက်ပြီး ကိုကိုကျော့် အနီးသို့ လျှောက်ခဲ့ပါသည်။ ကိုကိုကျော်က သူမ၏လက်ဖျားလေးကို အသာဆုပ်ကိုင်လိုက်ပါ၏။

"ကိုယ်တို့ ဝါလေးကို နေရာအနှံ့ရှာနေခဲ့တာ ကြာပါပြီ။ အပုန်းကောင်းလိုက်တာ လွန်ပါရော ဝါလေးရယ်"

"မမ ပြောလိုက်တာပေါ့ . . . ဟုတ်လား"

"အင်း . . . ဒါပေမဲ့ မပြောမဖြစ်တဲ့အကြောင်းတစ်ခု



ကြောင့် သူ ဖွင့်ပြောလိုက်ရတာပါ။ ပပကို စိတ်မဆိုးပါနဲ့ ဝါလေးရယ်"

"အိမ်ရှေ့မှာ ထိုင်ရအောင်နော်"

ဩော် . . . ဝါလေးရယ် အရင်လို ကိုယ့်ရင်ခွင်ထဲဝင်ပြီး အလွမ်းမျက်ရည်တွေ မကျတော့ပါလား။ စိမ်းကားလှချည်လား။ တည်ငြိမ်သွားလှချည်လားကွယ်။

ကွပ်ပျစ်ပေါ်မှာ ထိုင်လိုက်တော့ ဝါလေးက ကျုံ့ကျုံ့လေး ထိုင်ပြီး မျက်လွှာကို အသာချထားလိုက်ပါသည်။

"အခု . . . ဝါလေးမှာ ချစ်သူရှိနေပြီလား"

"ရှင်"

"ကိုယ် မေးတာ ရှင်းရှင်းလေးပါ ဝါလေးရယ်။ အခုလက်ရှိ ဝါလေးမှာ ချစ်သူရှိနေပြီလား။ ကိုယ်ကလွဲရင်ပေါ့"

သူမ မျက်ရည်တို့ ဝဲလာပြီး ခေါင်းကို ခါယမ်းလိုက်ပါ၏။ သူ သက်ပြင်းငွေ့ငွေ့ကို ချလိုက်ပြီး၊ ဆက်ပြောလိုက်ပါသည်။

"အိမ်ထောင်ပြုဖို့ရော အစီအစဉ်ရှိရဲ့လား"

ဘာတွေမေးနေတာလဲ ကိုကိုကျော်ရယ်။ အချစ်ဆိုတာ ဝ ားအတွက် အိပ်မက်မက်ရုံ စိတ်ကူးယဉ်ရုံပဲ ကောင်းတဲ့အရာ

တစ်ခုဆိုတာ ဝါလေး လက်တွေ့ကြုံခဲ့ရပြီပဲ။ ဒါကို ကိုကိုကျော် သိထားရဲ့သားနဲ့။ သူမ ခေါင်းကို ထပ်မံခါပြလိုက်လေ၏။

"ကိုယ်တို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ကို တော့ ဝါလေး ရွေးချယ်မှဖြစ်လိမ့်မယ်"

"ဟင့်အင်း ... ဝါလေး ဘယ်သူ့ကိုမှ မရွေးဘူး။ ဘယ်သူ့ ကိုမှ ဘယ်ယောကျ်ားကိုမှ လက်မထပ်နိုင်ဘူး"

"သေချာစဉ်းစားပါ ဝါလေး။ ဝါလေး တစ်သက်လုံး ဒီ အတိုင်းနေသွားလို့ မဖြစ်ဘူး။ ဝါလေးရဲ့ဘဝကို ထီးလိုအုပ်ပေးမယ့် နွေးထွေးလုံခြုံစေမယ့် ရင်ခွင်တစ်ခုတော့ ဝါလေး မဖြစ်မနေခိုလှုံ ရမှာပဲ။ တဇွတ်ထိုးစိတ်နဲ့ခေါင်းမမာပါနဲ့"

"ကိုကိုကျော် ... ဝါလေးကို မေ့ပစ်လိုက်ဖို့ ဝါလေးပြော ခဲ့ပြီးပါပြီ။ ဝါလေးကို သနားရင် ပြန်ပါတော့ရှင်။ ဝါလေး ... တောင်းပန်ပါတယ်"

"မနှင်ပါနဲ့ ဝါလေးရယ်။ ကိုယ်သွားမှာပါ။ ဝါလေးဘဝ ပင်ပန်းဆင်းရဲလွန်းတာကို မမြင်ရက်တဲ့ အစ်ကိုတစ်ယောက် အနေနဲ့ အကြံပေးခွင့် ဆွေးနွေးတိုင်ပင်ခွင့်တောင် မပေးချင်တော့ ဘူးလား"



သူမ လက်ခုံဖြင့် မျက်ရည်တို့ကို သုတ်ပစ်လိုက်ပါ၏။ မဖြစ်သေးပါဘူး။ သူမ ပျော့ညံ့နေရင် ကိုကိုကျော်က တစ်ဆင့်ပြီး တစ်ဆင့် ဘက်လာပေတော့မည်။

"ကိုကိုကျော် ... ဝါလေးပြောမယ်။ ဝါလေး ကိုကိုကျော် ကိုရော ဦးနေလကိုပါ ဘယ်တော့မှ လက်မထပ်ဘူးလို့ ဆုံးဖြတ် ထားတယ်။ ဝါလေးကြောင့် ကိုကိုကျော်တို့နှစ်ယောက်ဂ်ု စိတ် ဝမ်းမကွဲစေချင်ဘူး။ ဝါလေးရဲ့စေတနာကို အသိအမှတ်ပြုရင် နောင်ကို ဝါလေးဆီ ဘယ်တော့မှမလာပါနဲ့တော့။ ဆက်ပြီး ပတ် သက်နေမယ်ဆိုရင် ဒီထက်ဝေးတဲ့တစ်နေရာကို ဝါလေး လွင့်ရဦး မယ်။ ဝါလေးအတွက် ကမ္ဘာကြီးက ဒီအရမ်းကို ကျဉ်းမြောင်းလွန်း ပါတယ်"

သူ ဝါလေးမျက်နှာကို အချိန်တော်တော်ကြာအောင် ငေးကြည့်နေမိသည်။ မျက်တောင်လေးများ တဖျပ်ဖျပ်ခတ်ရင်း မျက်ရည်သိမ်းဆည်းနေပုံလေးက သနားစရာကောင်းလွန်းနေပါ ၏။ ဒါပေမဲ့ ဝါလေးရယ် ကိုယ် ပြတ်ပြတ်သားသား မသိရရင် မဖြစ် လို့ပါ။ ဒါကို နားလည်ပေးပါကွယ်။

"ကိုယ့်ကို လက်မထပ်ဘူးဆိုတာ သေချာလား"

"ဟုတ်ကဲ့ . . ."

"ဒါဖြင့် . . . နေလကိုရော"

"အတူတူပါပဲ"

အသံလေးက တိုး၍ တိမ်ဝင်သွား၏။ သူ ကွပ်ပျစ်ပေါ်မှ ခပ်ဖြည်းဖြည်း ဆင်း၍ရပ်လိုက်သည်။

"ကောင်းပြီလေ။ ဒီသတင်းကို ဆေးခန်းမှာနောက်ဆုံး အချိန်ကို စောင့်နေတဲ့နေလကို ကိုယ်ပြောပေးလိုက်ပါ့မယ်"

"ရှင်"

သူမမျက်လုံးလေးများ ဝိုင်းစက်သွားရ၏။ ကိုကိုကျော့်ကို အကြောင်သားငေးကြည့်နေမိသည်။ ဘုရား . . . ဘုရား . . . ဦးနေလရဲ့နောက်ဆုံးအချိန်တဲ့။ နောက်ဆုံးအချိန် ဆိုပါလား။

"ကိုကိုကျော် . . ."

"ဟုတ်တယ် . . . သူ မင်းအစ်ကိုလိုမျိုးဝေဒနာတွေနဲ့ ဆေးခန်းကို ပို့ပေးလိုက်ရတာ။ သေမလား၊ ရှင်မလား ကိုယ် ဘာမှ မသိသေးဘူး။ မင်းဆီက အဖြူအမည်း သဲကွဲအောင် ကိုယ် လာမေးတာပါ။ မင်း ကိုယ့်ကို ငြင်းလိမ့်မယ်လို့ ကိုယ် မျှော်လင့်ထားပြီး သားပါ ဝါလေးရယ်။ ကိုယ် သိပ်သံယောဇဉ်ရှိတဲ့ သူငယ်ချင်းရဲ့



နောက်ဆုံးအချိန်မှာ သူ ဝမ်းသာသွားပါစေတော့ဆိုပြီး . . ."

သူ့စကားမဆုံးခင်မှာ သူမ ရှုံးပွဲချငိုကြွေးလိုက်ပါတော့၏။ အိပ်မက်ထဲမှာ ကိုယ့်ကိုယ်ကို သတ်သေခဲ့ဘူးတဲ့ သူမကို ကယ်တင်ပေးခဲ့တဲ့ ဦးနေလကို အပြင်မှာ သူမကယ်ပေးခွင့် မရနိုင်တော့ဘူးလား။ ကံကြမ္မာရယ် ဘယ်လိုများ ဖန်[illegible]ပေးလိုက်ရတာတဲ့လဲ။

"မင်း . . . လိုက်တွေ့ပေးနိုင်မလား"

"ဟင့်အင်း . . . မလိုက်တော့ပါဘူး"

"ကိုယ်ပြန်သွားတော့မှ မင်း တဝကြီးထပ်ငိုနေမယ်ပေါ့။ အိပ်မက်တွေ ပြန်တက်းတပြီး လွမ်းဆွတ်နေမယ်ဆိုပါတော့"

"ကိုကိုကျော် . . . ဝါလေး တောင်းပန်ပါတယ်။ ဝါလေး ဝါလေး လက်ထပ်ခွင့်ပေးခဲ့တာ ကိုကိုကျော့်ကိုပါ။ သူ့ကို . . . သူ့ကို မ . . . ဟုတ် . . . ဘူး"

"သေချာလို့လား ဝါလေးရဲ့။ တကယ်လို့ ကိုယ်နဲ့လက်ထပ်ပြီးပြီပဲထားလိုက်ပါတော့။ ကိုယ့်ရင်ခွင်ထဲကနေပြီး တခြား ယောက်ျားတစ်ယောက်ကို မသိစိတ်ထဲက တမ်းတနေတာမျိုး ကိုယ် မလိုချင်ဘူး"

"ဝါလေး . . . ကိုကိုကျော့်ကို သံယောဇဉ်ရှိခဲ့တာပါ"

"မှန်တယ်လေ။ အဲဒါ ချစ်တာမှမဟုတ်တာဘဲ ဝါလေး ရဲ့။ မင်း ကိုယ့်ကို ဘယ်တုံးကမှ မချစ်ခဲ့ဘူး။ ချစ်ပါတယ်လို့လည်း တစ်ခါမှ ဖွင့်မပြောခဲ့ဘူး။ မင်းရင်ထဲမှာ တကယ်ရှိနေတာ နေလ ပါ"

"မဟုတ်ဘူး . . . မဟုတ်ဘူး"

"မငြင်းပါနဲ့ ဝါလေး။ ကိုယ် သိတယ်။ ကိုယ်သိခဲ့ပါတယ်။ မင်းရဲ့ ရင်ခုန်သံတွေကို မြန်စေခဲ့တာ နေလကြောင့်ပါ။ နေလ မင်းကို အထင်သေးတာတွေ၊ ဂရုတစိုက်ရှိခဲ့တာတွေက အစပျိုး ပြီး မင်းရင်ထဲကို နေလ ဝင်လာခဲ့တာပါ။ နေလနဲ့က ပိုပြီးအဆင့် အတန်း ဝေးကွာလွန်းတော့ မင်း နောက်ဆုတ်ခဲ့တယ်။ အောင်နိုင် အပ်ပေးခဲ့တဲ့စကားအခံကလည်းရှိ၊ ငယ်သံယောဇဉ်ကလည်း ရှိ ပြီးသားဆိုတော့ မင်း ကိုယ့်ကို အလေးသာပေးခဲ့တာပါ။ မင်း ဆုံး ဖြတ်ချက်မှားလို့ မဖြစ်ဘူး ဝါလေး။ မင်း အန်ကယ်ဦးနေရောင်ကို ပေးခဲ့တဲ့ ကတိကို မေ့လိုက်ပါ။ အန်ကယ်ဟာ သားကိုချစ်တဲ့အတွ တစ်ခုတည်းနဲ့ မင်းကို နစ်နာစေခဲ့တယ်။ နာကျင်စေခဲ့တယ် ဒါပေမဲ့ မင်းရဲ့သိတတ်နားလည်မှုကို သိသွားခဲ့ရပြီး နောင်တတွေ



အသက်ဆုံးရှုံးခဲ့ရတာပါ။ မသေခင်မှာ မင်းကို တဖွဖွတောင်းပန် သွားခဲ့ရင်း မင်းကို ပေးစရာရှိတာတွေကို ရှေ့နေနဲ့လွှဲပေးခဲ့တယ်။ နေလ မင်းကို တွေ့ချင်နေတာ သူ့အဖေရဲ့တောင်းပန်စကားတွေ ကို ကိုယ်စား ပြောချင်လို့ပါ။ နေလရဲ့ နောက်ဆုံးအချိန်လေးမှာ"

"ဝါလေး . . . ဘာပစ္စည်းကိုမှ မမဂ်မောပါဘူ ... လား ကြောင့် ဘဘဆုံးပါးသွားတာလို့ တွေးမိနေပြီး ဖြေမဆည်နိုင် အောင်ဖြစ်နေခဲ့ရတာပါ။ ဦးနေလတို့ သားအဖအပေါ် ဝါလေး ဘယ်တုံးကမှ စိတ်မခုခဲ့ပါဘူး။ ဒါကို ဦးနေလ ယုံစေချင်ပါတယ်"

"ဒါပေမဲ့ . . . နေလကြားချင်နေတာ အဲဒီစကားမဟုတ် ဘူးဆိုတာကို ဝါလေး သိထားပါ"

သူမ မျက်နှာဖြန်းခနဲ ရဲတက်သွားတော့ သူ ခပ်အက် အက် ရယ်မောလိုက်မိသည်။ ဪ . . . ဝါလေးရယ်။ နေလနဲ့ ပတ်သက်လာတိုင်း မင်းအမူအရာပျက်ပျက်သွားတာ အစုန်ပါပဲ လား။ သူ ဝါလေးအနားမှာ ရပ်လိုက်ပြီး ခေါင်းလေးကို အသာပုတ် လိုက်ပါသည်။

"ကိုယ် . . . ဝါလေးကို တစ်သက်လုံး ညီမလေးတစ် ယောက်လို ချစ်သွားလို့ရပါတယ်။ ဒါပေမဲ့ . . . ကိုယ့်သူငယ်ချင်း

ကိုတော့ . . .”

“ဝါလေး . . . ဝါလေး . . . လိုက်ခဲ့ပါ့မယ်”

“ဩော် . . . ဝါလေးရယ်”

မေမေ ပြန်ရောက်လာတော့ အကျိုးအကြောင်းပြောပြ ပြီး ကိုကိုကျော်နှင့်အတူ လိုက်ခဲ့ပါတော့သည်။ ဘုရား . . .ဘုရား ဦးနေလအသက်ကို ဝါလေး မှီပါရစေရှင်။

× × ×



No one can destroy the strength of devotion that is realy great.

မွန်မြတ်မှန်ကန်တဲ့ အချစ်ရဲ့စွမ်းအားကို မည်သူတစ်ဦးတစ်ယောက် ကမျှ မဖျက်ဆီးနိုင်ပေ။

ဆေးခန်းအတွင်းသို့ ဝင်ဝင်လာချင်း လှည်းပေါ်မှာ အဝတ်ဖြူအုပ်၍ သယ်လာသည့်အလောင်းတစ်ခုကြောင့် လမ်းလျှောက်နေရာမှ ရပ်သွား၏။ ကိုကိုကျော့်ရှပ်အင်္ကျီကို နောက်ကျောမှ ဆုပ်ကိုင်လိုက်သဖြင့် သူမကို လှည့်ကြည့်လာသည်။

"ကိုကိုကျော်"

"လာခဲ့လေ ဝါလေးရဲ့"

ကိုကိုကျော်က သူမလက်ဝါးလေးကို ဆုပ်ကိုင်လိုက်ပြီး အပေါ်ထပ်ဆီသို့ ခေါ်လာခဲ့သည်။ စိုးရိမ်စိတ်တို့ဖြင့် ရင်ထဲမှာ တဒိတ်ဒိတ် ခုန်ပေါက်လာပြီး လက်ဖျားတို့ ချက်ချင်းအေးစက်လာ၏။ လှမ်းနေသည့် ခြေလှမ်းတို့က ယိုင်လဲကျချင်ချင်။

မျက်စိကို ဖြည်းညင်းစွာဖွင့်လိုက်စဉ် မျက်နှာကြက်

ဖြူဖြူကို တွေ့ရ၏။ နံဘေးမှာ ဂျူတီကုတ်ဖြင့် တိုင်နေသည့် ပပက သူ့ကို ပြုံးပြလိုက်ပါသည်။

"နေလ . . . နေရတာ သက်သာရဲ့လား။ Operation Ok ပါတယ်"

"အင်း . . . အလတ်ရော"

"နင့်အတွက် ဆေးသွားယူနေတယ်"

အခန်းတံခါးကို အသာတွန်းဖွင့်၍ ရပ်လိုက်၏။ ကိုကို ကျော့နောက်ပါးမှာ သူမ ကွယ်၍ရပ်နေလိုက်ပါသည်။ စကားပြောနေရာမှ အခန်းဝကို ပပ လှည့်ကြည့်လိုက်၏။ မတ်တတ်ရပ်နေသည့် အလတ်ကို မြင်လိုက်ရသည်။

"ဟော . . . နင့်အတွက် ဆေးပါလာပြီ နေလ"

သူ ဇဝေဇဝါဖြင့် အလာဘ်ကို လှမ်းအကြည့် အလတ်၏ လက်ထဲမှာ ဆုပ်ကိုင်ထားသည့် လက်သွယ်သွယ်ဖြူဖြူလေးကြောင့် ရင်ထဲမှာ ဒိတ်ခနဲဆောင့်မှန်သွား၏။ အဲဒီနောက် အလတ်နောက်ကျောမှ မဝံ့မရဲ ချောင်းကြည့်လိုက်ပါသည့် မျက်ဝန်းလေးတစ်စုံ။ အို . . . ကလေးရယ် . . . မင်းကိုယ့်ဆီကို တကယ်လိုက်လာခဲ့ပြီပေါ့။



"ကဲ . . . ကျားကိုးစီး စားမကုန်တဲ့ခန္ဓာကိုယ်ကြီးနဲ့ နင်မသေနိုင်တော့ပါဘူးနော်။ ငါရော အလတ်ရော နင့်အပေါ် တာဝန်ကျေတယ်။ အဲဒီကျေးဇူးကို နင် မသေခင်အထိ ပြန်ဆပ်တောင်မှ မကုန်ဘူးမှတ်။ ငါပြောတာ နင် သဘောပေါက်ရဲ့လား"

သူ ကြည်ကြည်နူးနူးလေး ပြုံးလိုက်မိပါသည်။ အလတ်က သူမကို ဆွဲခေါ်လာပြီး သူ့လက်ဝါးထဲသို့ သူမ၏လက်နုနုလေးကို ထည့်ပေးလိုက်ပါ၏။ သူမ ရှက်လန့်တကြားဖြင့် လက်ကို ပြန်ရုတ်လိုက်ပါသော်လည်း သူက မလွတ်အောင် အတင်းဆုပ်ထားလိုက်ပါသည်။

"ကဲ . . . လူမမာတောင့်တနေတဲ့ အမဲခြောက်ယူလာပေးပြီးပြီ။ ဒီအမဲခြောက်က စားလို့ ဝါးလို့မရဘူး။ မင်းပြောချင်တဲ့ စကားတွေ အကုန်သာ ဖွင့်ပြောတော့။ ဝါလေးကလည်း နေလ စိတ်ချမ်းသာအောင် ပြန်ပြောရမှာနော်။ ဆေးခန်းထဲမှာ ဂရုဂျောင်ကျမနေနဲ့။ လူနာတစ်ခုခု ထပ်ဖြစ်ရင် အမှုပိုကြီးသွားလိမ့်မယ်။ ငါတို့ သွားစို့လေ ပပ။ လူဆိုတာ အလိုက်သိရတယ်ဟ"

"အမလေး . . . မိချောင်းသားရယ်။ ဒီလောက်တော့ ငါ သိပါတယ်ဟဲ့။ နေဦး . . . နေလရေ အခုပဲ ခွဲစိတ်ပြီးလို့ သတိရခါစ

ရှိသေးတာ။ နင် စကားတွေ အရမ်းပြောလို့မဖြစ်ဘူး . . . သိလား"

"မသိဘူးဟာ . . . အတော်ရှုပ်တဲ့ ဆရာဝန်မပဲ"

"အေး . . . ငါတို့ဆက်ပြီး ရှုပ်နေဦးမှာပဲ။ နင့်ကို တစ်သက်လုံး နိုင်ကွက်ကို ငါတို့ရသွားတာလေ။ ဟင်းဟင်း . . . ကဲ မမတို့သွားပြီ ဝါလေး"

"ဟုတ်ကဲ့ပါ မမ"

ကျော်ဇင်လတ်နှင့် ပပ အပြင်သို့ထွက်ခဲ့တော့ အခန်းထဲဝင်ရန် ပြင်လိုက်သည့် နာ့စ်မလေးကို တားဆီးလိုက်ရပါသည်။ နေလနှင့် ဝါလေးတို့ကို အနှောင့်အယှက် မဖြစ်မစေလိုပါလေ။

"ဖေဖေက စကားဝါ့ကို အနူးအညွတ် တောင်းပန်သွားခဲ့ပါတယ်။ ဖေဖေ့ကို ခွင့်လွှတ်ပေးပါ"

သူမ ခေါင်းကို အသာညိတ်ပြလိုက်ပါသည်။ ကြည့်ပါဦး၊ နွတ်ခမ်းမွေး၊ ပါးမြိုင်းမွေးမရေးရေးတွေ ပေါက်နေပြီး ပိန်ကျသွားတဲ့ သူဟာ သူမရဲ့အိပ်မက်တွေထဲက အရှင်သခင်တဲ့လား။ ဝါလေးကြောင့် ဒီလောက်ခံစားနေရလိမ့်မယ်လို့ ထင်မထားခဲ့တာ အမှန်ပါ ဦးနေလရယ်။

"ပြီးတော့ . . . ဖေဖေက စကားဝါ့အတွက် အတွင်းပစ္စည်း



တွေ့ရယ်၊ နောက် ဘဏ်မှာအပ်ခဲ့တဲ့ သိန်း ၅၀၀ ရယ်ကို စာချုပ်စာတမ်းနဲ့ တရားဝင်လွှဲပေးသွားခဲ့တယ်။ အဲဒါတွေကို ရှေ့နေဦးသိန်းမောင်ဆီမှာ စကားဝါ လက်မှတ်ထိုးပြီး လက်ခံရမယ်နော်"

သူမ မျက်လွှာပင့်ကြည့်လိုက်ပါ၏။ သူမကို တစိမ့်စိမ့်ကြည့်နေသည့် သူ့မျက်ဝန်းတွေကို ရင်မဆိုင်ရဲဘဲ အကြည့်ကို သူမ လက်ဆီသို့ ပြန်လွှဲလိုက်ပါသည်။

"အဲဒါတွေ ဝါလေး မလိုချင်ပါဘူး"

"မလိုချင်လို့ မရဘူး စကားဝါရဲ့၊ ဒါက စာချုပ်နဲ့ တရားဝင်လွှဲခဲ့တာလေ။ မင်း ငြင်းလို့မရဘူး"

"ဝါလေး . . . အဲဒါတွေကို မမက်မောလို့ပါ ဦးနေလရယ်"

သူ ဖြိန့်ဖြိန့်ကြီးပြုံးလိုက်မိပါသည်။ ဒီအချိန်ထိ သူ့ကို သူမ စိမ်းစိမ်းကားကားကြီး ခေါ်နေတုန်းပါလား။

"စကားဝါ"

"ရှင်"

"ကိုယ် . . . မင်းကို ပြောစရာတွေ အများကြီးရှိနေကယ်"

သူ ထထိုင်ရန်ပြင်လိုက်တော့ သူမက သူ့ကို ထူမတ်ပေးလိုက်ပြီး နောက်ကျောမှ ခေါင်းအုံးများ ခုပေးလိုက်ပါသည်။

"ကိုယ် . . . မင်းကို စတွေ့ကတည်းက မင်းကိုယ့်ရင်ခွင်ထဲမှာ ရောက်နေခဲ့တာပါ။ မင်း ကျန်ခဲ့တဲ့ စံပယ်ကုံးလေးက ကိုယ့်ကို လှပတဲ့အိပ်မက်များစွာကို ဖန်ဆင်းပေးခဲ့တယ်။ အဲဒီအချိန်ကစပြီး ကိုယ့်ရင်ထဲမှာ အချစ်ဆိုတာ ဝင်ရောက်ခိုအောင်းရှင်သန်နေခဲ့တာလေ။ ဒါပေမဲ့ အဲဒါကို ကိုယ်မသိခဲ့ဘူး။ ဘဝချင်း အဆင့်ကွာဟမှုတွေကို သိမြင်ထားလို့ မင်းကို ကိုယ် ဥပေက္ခာပြုနိုင်အောင် အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ဧရခဲ့ပါဘူး"

သူ့ စကားကို ခဏရပ်လိုက်ပါ၏။ သူမ မျက်ဝန်းမှာ မျက်ရည်စတို့ စတင်ခိုအောင်းလာခဲ့လေပြီ။ ဦးနေလရယ် . . . ဝါလေးလည်း ဦးနေလကို အိပ်မက်ပေါင်းများစွာမှာ ဆုံဆည်းခဲ့တာ ကြာခဲ့ပါပြီလေ။

"ကိုယ် ဆင်ခြင်ရမယ်ဆိုတာ နားလည်ပါတယ်။ ဒါပေမဲ့ စကားဝါရယ်။ မင်းနဲ့ပတ်သက်လာရင် မင်းအကြည့်လေးတွေ၊ မင်းအသံချိုချိုလေးတွေကအစ မင်းရဲ့လှုပ်ရှားမှုတိုင်းမှာ ကိုယ် ပျော်ဝင်ခဲ့တာ အမှန်ပါ။ ဒါတွေကို မင်းယုံကြည်ပေးမှာလား။ ကိုယ်မက်ခဲ့တဲ့အိပ်မက်တွေဟာ မင်းနဲ့ကိုယ်ရဲ့ အနာဂတ်အတွက် လမ်းပြပုံရိပ်တွေလို့ ကိုယ် ယူဆခဲ့တာလေ။ ကိုယ်တို့အပြင်မှာသာ



သူစိမ်းဆန်ဆန် ပြောနေကြပေမယ့် အိပ်မက်တွေထဲမှာတော့ အမှန်တကယ် ရင်းနှီးနေခဲ့တာ မင်း သိမှာပါ"

သူမ မျက်နှာလေးရဲသွားရ၏။ အိပ်မက်ထဲမှာ သူမကို ထွေးပွေ့ခဲ့သည့် လူတစ်ယောက်ရဲ့မျက်နှာကို သူမ ဘယ်လိုခံစားမှုမျိုးနဲ့ ကြည့်ရမှာတဲ့တုံး။

"မင်းနဲ့ကိုယ် . . . အိပ်မက်တွေထဲမှာ ဒီလိုနာမ်စားမျိုး သုံးစွဲကြတာ မဟုတ်ဘူးဆိုတာ မင်း သိတယ် မဟုတ်လား"

သူမ ထိုင်ခုံမှာ ထိုင်နေလျက်က မတ်တတ်ရပ်လိုက်မိသည်။ သူက သူမလက်ကို ဖျတ်ခနဲ ဆွဲယူလိုက်ပြီး သူမကိုယ်လုံးလေးကို တင်းကျပ်စွာ ဖက်ထားလိုက်တော့သည်။ အို . . . ဘယ်လို လူမဟာပါလိမ့်။ သူမ ထူပူရှက်အမ်းမှုတို့နှင့် ရုန်းကန်လိုက်ပါသော်လည်း သူ့ထံမှ ရုန်းထွက်၍မရပေ။

"ကိုယ် . . . မင်းကို သိပ်ချစ်နေတယ် ကလေးရယ်။ ကိုယ့်ရင်ထဲက နက်ရှိုင်းတဲ့ချစ်ခြင်းတွေကို မင်း ယုံကြည်အောင် ကိုယ် ဘယ်လိုပြောရမလဲ"

"ဦး . . . ဦးနေလ . . . ဝါလေး . . ."

"ကိုယ့်ကို အိပ်မက်ထဲကအတိုင်း မခေါ်သေးဘူးလား။

ကလေးရင်ထဲမှာ ကိုယ့်ကို ပြန်ချစ်နေတာကို ဝန်မခံရဲသေးဘူ
လား . . . ဟင် . . . ပြောပါဦး"

သူမနားတွေ အရူလာရင်း ဘာကိုမှ မသိနိုင်တော့
တတွတ်တွတ်ပြောနေသည့် သူ့စကားသံတို့က မကြားတစ်ချက်
ကြားတစ်ချက်။ လူက လေထဲမှာ လွင့်မျောနေသလို အသည်းထဲ
မှာ တလှပ်လှပ်။ အို . . . ဒီလိုခံစားမှုမျိုး သူမ တစ်ခါမှ ခံစားခဲ့ဖူ
တာမှ မဟုတ်တာပဲ။ ဒါ အချစ်လား . . . ဒါဆိုရင် သူမလည်း သူ့ကို
ချစ်နေခဲ့တာ သေချာပြီပေါ့။

"ကလေး . . ."

သူက သူမနှင့်ပါးချင်းကပ်၍ တီးတိုးခေါ်လိုက်ပါ၏
ကိုယ်စီခုန်နေသည့် လျှင်မြန်လွန်းသော ရင်ခုန်သံတို့ကို အတိုင်
သားပြန်ကြားနေရသည်။ သူမ မျက်စိအစုံကို မှိတ်ချလိုက်တော
မျက်ဝန်းမှ မျက်ရည်တို့ စီးကျသွားတော့၏။ သြော် . . . ဝမ်းနည်း
တော့လည်း မျက်ရည်ကျရ၊ ဝမ်းသာတော့လည်း မျက်ရည်ကျပြ
ကြီပေါ့။

"ဝါလေး . . . ဝါလေး . . . ကိုကြီးကို ချစ်နေခဲ့တာ ကြာ
ပါပြီ"



"အို . . . ကလေးရယ်"

တငြိမ့်ငြိမ့်ဖြင့် နွေးထွေးနေသည့် ခံစားမှုတို့ဖြင့် သူနှင့်
သူမ ကြည်နူးစွာပြုံးလိုက်မိကြ၏။ သြော် . . . ချစ်သူတို့အပြုံးက
လောကကို အလှပန်းတွေပွင့်စေခဲ့တာ အမှန်ပင်ဖြစ်တော့သည်။

မမသဒ္ဒါမောင်

လေးစားလျက်

မမသဒ္ဒါမောင်

31st July 2007
AM 10:30